http://www.dhammadownload.com



ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
ဗုဒ္ဓယဉ်ကျေးမှု အဓိဋ္ဌာန်တွင်



ကိုရင်ဘဝ
တစ်လေတာ အစွဲ့အကြံ်

သာသနာနှစ်- ၂၅၅၈ မြန်မာနှစ်- ၁၃၇၆ ခရစ်နှစ်- ၂၀၁၅

http://www.dhammadownload.com

ပဏ္ဍိတာရာမ

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင်

ကို့ရင်ဘဝ

တစ်လတာ အတွေ့.အကြုံ

သာမဏေကျော်

ဓမ္မဒါန

သာသနာနှစ်-၂၅၅၁ မြန်မာနှစ်-၁၃၆၉ ခရစ်နှစ်-၂၀၀၈

http://www.dhammadownload.com

စာမူဆွဲပြုချက်အမှတ် - ၃၂၀၁၁၅၀၂၀၈
မျက်နှာဖုံးဆွဲပြုချက် - ၃၂၀၁၂၀၀၂၀၈

■

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်

■

အုပ်ရေ
၃၀၀၀

■

ထုတ်ဝေခြင်း
မတ်လ၊ ၂၀၀၈

■

မျက်နှာဖုံးဒီဇိုင်း
ဗကျိုလင်းဝဏ္ဏ

■

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်ကြည်ပြာသွယ် ယာယီ (၅၅၁၅)
ဝင်းတိုးအောင် ပုံနှိပ်တိုက်
အမှတ်(၁၈၁)၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ပဏ္ဍိတာရာမ
ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်-၈၀(က)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၁၃၁၄၄၈၊ ၇၀၁၁၂၅။

http://www.dhammadownload.com

ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက်

အမှာစာ

အနာဂတ် မြန်မာလူငယ်လူရွယ်များသည် ဘာသာရေး နှံ့မျက်သား, ဗိုက်ပူနံကား, ဘာသာရေးလူပိန်လေးများ မဖြစ်ဖို့ရန် ဗုဒ္ဓသာသနာဝင် လူကြီး မိဘဆရာတိုင်းမှာ တာဝန်ရှိပါသည်၊ အနာဂတ် သာသနာရေးအတွက် အမြော်အမြင်ကြီးမားလှသော ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ သဝါဒါစရိယ ဆရာတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ (ရန်ကုန်)တွင် ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ခဲ့သည်မှာ (၁၇) ကြိမ်တိုင် ရှိခဲ့ပါပြီ။

ယခု ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသော ဤစာအုပ်ပါ အကြောင်း အရာတို့သည် (၂) ကြိမ်မြောက် ဖွင့်လှစ်ခဲ့သော ဗုဒ္ဓယဉ်ကျေးမှုသင်တန်း၏ အတွေ့အကြုံများကို ရေးသားထားခြင်း ဖြစ်ပါသည်၊ ထိုစဉ်က ရုပ်ပိုင်းဆိုင်ရာ အဆောက်အဦ နေရာထိုင်ခင်းတို့မှာ ယခု အခြေအနေကဲ့သို့ မပြည့်စုံသေးသော်လည်း ဗုဒ္ဓယဉ်ကျေးမှု အငွေ့ဓာတ်, အလှေ့ဓာတ်, အတွေ့ဓာတ်တွေကို ကိုယ်တိုင် ခံစားရရှိသွားကြသော သင်တန်းသား သင်တန်းသူလေးတို့၏ ခံစားချက် အတွေ့အကြုံလေးများကို တောကြိုတောင်ကြားပါမကျန် မြန်မာပြည် အနှံ့က လူငယ်လူရွယ်တို့အား လုံး သိရှိ၍ သူတို့၏ နှလုံးသား၌ ဗုဒ္ဓယဉ်ကျေးမှု ပန်းရနံ့တွေ သင်းပျံ့ကြိုင်လှိုင်စေရန် ရည်ရွယ်ကာ ဤစာအုပ်ကို ပြန်လည် ပုံနှိပ်ရပါသည်။

သာမဏေကျော်

ပြာသိုလပြည့်ကျော် (၃)ရက်၊ ၁၃၆၉-ခု၊

၂၅-၁-၂၀၀၈။

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	စိတ်ကူးဖြင့် ကြည်နူးရသော ကိုရင်ဘဝ	၁
၂။	အားမလိုအားမရဖြင့်သာ	၂
၃။	လမ်းညွှန်ဆိုင်းဘုတ်များ	၃
၄။	ရိပ်သာတွင်းမှ အဦးဆုံး နူတ်ဆက်နေကြသည်	၃
၅။	ကိုရင်မဝတ်ခင် ကြိုတင်၍	၄
၆။	ကိုရင်ဝတ်မည့် ထိုနေ့မှာ	၅
၇။	နေပူပေမယ့် သူတို့ရင်တွေ အေးနေသည်	၇
၈။	သင်္ကန်းကပ် သင်္ကန်းတောင်းနှင့် ပတ်သက်၍	၈
၉။	မြန်မာလိုတောင် ဆိုကောင်းသတဲ့	၈
၁၀။	ကိုရင်ဖြစ်ချိန်	၉
၁၁။	အဘွားဆန္ဒ ပြည့်ဝလေပြီ	၁၀
၁၂။	ကြားဖူးသည်နှင့် မတူပါ	၁၁
၁၃။	ဆရာတော်ကြီးကို ကန်တော့ကြမည်	၁၂
၁၄။	ဆရာတော်ကြီး ကွယ်လာပြီ	၁၂
၁၅။	ကန်တော့ပြီး ဥပဇ္ဈာယ်ယူကြသည်	၁၃
၁၆။	နူတ်ဆက်သြဝါဒစကား	၁၄
၁၇။	သာသနာမှ မိဆင်နှင့် နို့ထိန်းများ	၁၄
၁၈။	မျိုးဆက်သစ်ကောင်းတစ်ခု ဖြစ်လာအောင်	၁၅
၁၉။	နက်ဖြန်အတွက် မှာကြားချက်	၁၅
၂၀။	ဘဝကလည်းအသစ် နေရာကလည်းအသစ်မို့	၁၆
၂၁။	ဟောင်းပေမယ့် ကောင်းပါသည်	၁၇
၂၂။	ခေါင်းထဲက ရီဝေဝေ	၁၈
၂၃။	ဘုရားဝတ်ပြုရာသို့ (၄) နာရီအရောက်	၁၈
၂၄။	အသံညီညီညာညာဖြင့်	၁၉

http://www.dhammadownload.com

(ဃ) မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅။	နံနက်ချိန်ခါ ကုသိုလ်အဖြာဖြာ	၁၉
၂၆။	ကြက်သီးတဖြန်းဖြန်း ထမိသည်	၂၁
၂၇။	ဆွမ်းစားသွားစဉ်	၂၁
၂၈။	ဆွမ်းမစားခင်	၂၂
၂၉။	ဆွမ်းစားရာတွင်	၂၃
၃၀။	ဆွမ်းစားပြီးလျှင်	၂၄
၃၁။	သန့်ရှင်းလျှင် စိတ်ကြည်လင်	၂၄
၃၂။	သင်းပိုင်ဝတ်နည်း	၂၅
၃၃။	လက်တွေ့ လေ့ကျင့်ကြ	၂၆
၃၄။	ဧကသီရန်းနည်း	၂၇
၃၅။	နေရာထိုင်ခင်းနည်း, ခေါက်နည်း, ပခုံးပေါ်တင်နည်း	၂၈
၃၆။	ကန်တော့နည်း	၂၈
၃၇။	ရေချိုးသောအခါ	၃၀
၃၈။	နေ့ဆွမ်းစားသွားရန် တန်းစီစဉ်	၃၀
၃၉။	သပိတ်ကိုယ်စီဖြင့် ဆွမ်းခံကြ	၃၁
၄၀။	နေ့ဆွမ်းစားပွဲဝိုင်းတွင်	၃၂
၄၁။	နေ့ဆွမ်းဝိုင်းဝယ် လိုက်နာဖွယ်	၃၃
၄၂။	ကျေးဇူးရှင်တို့ကို အလွန်ပင်ကျေးဇူးတင်	၃၃
၄၃။	သပိတ်အတွက် စည်းကမ်းချက်	၃၄
၄၄။	အချိန်မဖြုန်းလို၍	၃၅
၄၅။	ကလေးကောင်းတစ်ယောက် ဖြစ်လာဖို့ရာ	၃၅
၄၆။	သင်ခန်းစာမှာ အကျော်အမော်ဆရာတော်တို့၏ အဆုံးအမ အစုံပါ	၃၆
၄၇။	ကလေးနှင့် ဘာသာရေး	၃၇
၄၈။	မှတ်တမ်းတင် ဇီဒီယို ရိုက်ကြသည်	၃၇
၄၉။	ပျက်အစဉ် ပြင်ခဏ	၃၈
၅၀။	အစီအစဉ် (၂/၃/၄)	၃၉

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၁။	နှစ်ဖက်လှ ဦးကျော်လွင်၏ ဝမ်းမြောက်စကား	၃၉
၅၂။	အပြောလည်း ကောင်းသကိုး	၄၂
၅၃။	မမေ့နိုင်စရာ ဥပမာလေးဖြင့်	၄၂
၅၄။	ပစ်တိုင်းထောင်ဘဝ တည်ဆောက်ကြ	၄၄
၅၅။	ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း	၄၆
၅၆။	ဤသင်တန်း၏ ရည်ရွယ်ချက်	၄၇
၅၇။	မွန်, ကောင်း, တော်	၄၈
၅၈။	နှစ်သိမ့်ဆု (ခွဲဆု)	၄၉
၅၉။	နားရက်များနှင့် စာဖြေရက်များ	၅၀
၆၀။	ညနေမှာ ဖျော်ရည်ကပ်ကြသည်	၅၀
၆၁။	စာသင်ချိန်နှင့် နေရာ	၅၁
၆၂။	လမ်းဆုံးမရောက် လက်မမြှောက်ဖို့	၅၂
၆၃။	ဘွဲ့ပေးပုံ	၅၃
၆၄။	အတန်းခွဲပုံ	၅၄
၆၅။	လက်ကန်တော့တင်နည်း	၅၅
၆၆။	စာသင်ဆောင်သို့ အသွား	၅၆
၆၇။	စာသင်ဆောင်တွင် စာသင်စဉ်	၅၇
၆၈။	မြန်မာစာ သင်္ကေတများ	၅၇
၆၉။	သင်တန်းပြဆရာ	၅၈
၇၀။	တက်ကြွရွှင်မြူး ကြည်နူးဖွယ်	၅၈
၇၁။	ရေကို သုံးပါ၊ မဖြုန်းပါနှင့်	၆၀
၇၂။	အကျည်းတန်သင်တန်း မဖြစ်ရလေအောင်	၆၀
၇၃။	ဩကာသကန်တော့ခန်းမ မှတ်သားဖွယ်များ	၆၁
၇၄။	ဗုဒ္ဓယဉ်ကျေးမှုတို့၏ ဆွဲဆောင်အား	၆၂
၇၅။	ခန္ဓကဝတ်လာ ယဉ်ကျေးမှုအဖြာဖြာ	၆၂
၇၆။	ပရိယတ်–ပထမပိုင်းဝယ် လေ့လာဖွယ်များ	၆၃
၇၇။	ဒုတိယပိုင်းတွင် ပါဝင်သည်များ	၆၄

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၈။	တတိယပိုင်းမှာ သင်ယူစရာ	၆၄
၇၉။	မျက်ခြည်ပြတ်မခံသော ဆရာတော်	၆၅
၈၀။	လူငယ်ပေမယ့် အသိမငယ်ဖို့	၆၅
၈၁။	ပတ်ဝန်းကျင်မှ ယူရမည့်အတု	၆၆
၈၂။	အားလပ်ချိန်လေးမှာ	၆၈
၈၃။	သန့်ရှင်းဆိတ်ငြိမ် ရှိရမည်	၆၉
၈၄။	ကူညီဖော်ခန့်ခြင်း	၇၁
၈၅။	အချိန်ကို တန်ဖိုးရှိရှိ အသုံးချစေချင်	၇၂
၈၆။	တစ်ပါးတလေ လူထွက်လေ၏	၇၃
၈၇။	တစ်နေ့တာ စက်ယန္တရား	၇၃
၈၈။	နောက်တစ်နေ့အတွက် စာမကျက်လျှင်	၇၄
၈၉။	ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းပါ	၇၅
၉၀။	အားကောင်းတဲ့ ခံတပ်	၇၅
၉၁။	တိုက်တွန်းချင်တာလေးတွေ	၇၆
၉၂။	မုန်းလို့မဟုတ် ချစ်လို့	၇၇
၉၃။	ဒဏ်ပေးစနစ်ဖြင့် ဆုံးမခြင်း	၇၉
၉၄။	မွေးပြီး ပစ်ထားရင် တာဝန်မကျဘူး	၈၀
၉၅။	နိုက္ကြာဓနွယ်ဝင်တွေ ဖြစ်ပါစေ	၈၂
၉၆။	ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးဆိုရင် မရိုးသားဘူး	၈၃
၉၇။	မြန်မာနဲ့သာသနာ မနာရအောင်	၈၄
၉၈။	ဆွမ်းခံကြွစဉ် ယဉ်ကျေးမှု	၈၅
၉၉။	ဆွမ်းခံကြွစဉ် မြင်ကွင်း	၈၆
၁၀၀။	တစ်ကိုယ်ရေ သန့်ရှင်းရေး	၈၇
၁၀၁။	ဝမ်းနည်းဝမ်းသာဖြစ်တဲ့ ဒကာကြီးဦးသန်းမြင့်	၈၈
၁၀၂။	စာဖြေကြပြီ	၉၀
၁၀၃။	ပုစ္ဆာအတွက် ကြိုတင်၍	၉၂
၁၀၄။	အောင်စာရင်းကြေညာ	၉၂

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၅။	ညှိုးငယ်တဲ့ မျက်နှာလေးတွေနဲ့	၉၃
၁၀၆။	ဆေးပညာရှင်များ၏ ကုသိုလ်	၉၄
၁၀၇။	သွားအကြောင်း သိကောင်းစရာ	၉၅
၁၀၈။	အကွပ်မရှိတဲ့ကြွမ်း ပရမ်းပတာ	၉၇
၁၀၉။	ဆရာချစ်မြတ်နိုးသည့် တပည့်	၉၈
၁၁၀။	သနားလို့	၉၉
၁၁၁။	နှမ်းခိုးစားသည့် မင်းသား	၁၀၀
၁၁၂။	ရွာကိုလွမ်းသော ဥုံးနန္ဒ	၁၀၂
၁၁၃။	ပြည်ပမှ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများ	၁၀၄
၁၁၄။	လူထွက်ချင်သူများနှင့် ဆရာတော်ကြီးစကား	၁၀၆
၁၁၅။	တီဗွီဂိမ်းလိုချင်လို့ ရှိုးလိုက်တဲ့ကိုရင်လေး	၁၀၇
၁၁၆။	သာမဏေမွန်လောင်းလျာ	၁၀၈
၁၁၇။	ဘက်စုံချွန် သိက္ခာရှင်မွန်နှင့် သာမဏေမွန်များ	၁၀၈
၁၁၈။	လိုက်နာရမည့် အခြားစည်းကမ်းများ	၁၁၀
၁၁၉။	ကြောင်ပုစွန်စား ကြွတ်ကြွတ်ဝါးသို့	၁၁၁
၁၂၀။	မှတ်သားထားအပ်သော အမှားများ	၁၁၁
၁၂၁။	အကြီးတန်းမှ သင်ခန်းစာ	၁၁၂
၁၂၂။	သူကကြိုက်တဲ့ ကဗျာလေး(၂)ပုဒ်	၁၁၃
၁၂၃။	ရွှေသုဝဏ်၏လက်ရာ	၁၁၄
၁၂၄။	ကိုရင်၏အားနည်းချက်	၁၁၅
၁၂၅။	ဗုဒ္ဓသာသနာအတွက် အင်အားများ	၁၁၆
၁၂၆။	စွယ်စုံဆရာမြတ်များ	၁၁၇
၁၂၇။	ကျောက်သွေးဆရာသွေးနိုင်မှ ကျောက်ဆစ်ဆရာထုနိုင်မှ	၁၁၉
၁၂၈။	ပွဲပြီးကာနီးမှ ရသည့်အကြံ	၁၂၂
၁၂၉။	လေညာဆန်၍ မွေးပျံ့နေသည်	၁၂၂

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃၀။	ပြည်ပမှလာ၍ တက်ရောက်နေကြသည်	၁၂၃
၁၃၁။	ကိုရင် စတင်ဖြစ်ပေါ်လာချိန်	၁၂၄
၁၃၂။	သူတို့၏ လက်ရာလေးများ	၁၂၆
၁၃၃။	စည်းကမ်းရှိစေ သာမဏော	၁၂၇
၁၃၄။	မေ့မရတဲ့ ဝတ်ပြုချိန်	၁၂၈
၁၃၅။	မမေ့ရက်နိုင်	၁၃၀
၁၃၆။	အားရလေးစားစရာ ဟောပြောချက်အဖြာဖြာ	၁၃၁
၁၃၇။	ဘာသာရေး တက္ကသိုလ်ကြီးလို့ပဲ သတ်မှတ်မိပါတယ်	၁၃၂
၁၃၈။	ဒီလိုသင်တန်းမျိုးတွေကို များများလေ့လာဖို့ လိုအပ်ပါတယ်	၁၃၃
၁၃၉။	ရေအိုင် (၄)မျိုးနဲ့တူတဲ့ လူ (၄)မျိုး	၁၃၅
၁၄၀။	ဒီဗုဒ္ဓယဉ်ကျေးမှုတွေကို ထပ်ဆင့်ပွားစေချင်ပါတယ်	၁၃၆
၁၄၁။	ဆရာသမားကောင်းတွေနဲ့ မတွေ့ဆုံခဲ့လို့	၁၃၇
၁၄၂။	လူငယ်တွေက လူကြီးလူကောင်းတွေဖြစ်လာဖို့	၁၃၉
၁၄၃။	နောက်ထပ် အထူးတန်းတစ်တန်း တိုးပေးစေချင်	၁၄၀
၁၄၄။	ကံမကုန်ရင် ပြန်ဆုံချင်ပါသေးတယ်	၁၄၀
၁၄၅။	အရမ်းကို ကြည်နူးမိပါတယ်	၁၄၂
၁၄၆။	နောက်လိုက်တွေ ဖြစ်မနေသင့်တော့ဘူး	၁၄၃
၁၄၇။	ဆရာတော်ကြီး ဆုံးမခဲ့တာလေးတွေ	၁၄၃
၁၄၈။	ခေါင်းတုံးသာ အဖတ်မတင်စေချင်	၁၄၄
၁၄၉။	ဝမ်းသာသလို ဝမ်းနည်းသလို	၁၄၆
၁၅၀။	ဆွမ်းဆင်ခြင်ပုံ လက်ဖက်လေးကို ဖတ်ရတဲ့အခါကျမှ	၁၄၇
၁၅၁။	တပည့်တော်မရဲ့ စိတ်ထဲမှာ စွဲသွားပါတယ်	၁၄၇
၁၅၂။	ပွဲပြီးမီးသေ မဖြစ်စေနဲ့	၁၄၈
၁၅၃။	ခါးစည်းတစ်လွှာပုံပြင်	၁၄၉
၁၅၄။	ဆရာတွေ အလုပ်ရှုပ်နေကြသည်	၁၅၂

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၅၅။	အသည်းတထိတ်ထိတ် ရင်တဖိုဖို	၁၅၃
၁၅၆။	သင်တန်းသား‌တို့၏ အမေးများနှင့် ဆရာတော်ကြီး၏ အဖြေများ	၁၅၄
၁၅၇။	သီလရှင်သာသနာ ဘယ်အချိန်က ဘယ်ဒေသမှာ စတင်ဖြစ်ပေါ်လာပါသလဲ	၁၅၅
၁၅၈။	ဓားကိုင်ထားသော အင်္ဂုလိမာလအား ဘုရားကတော့ ဘာ့ကြောင့်တရားဟောပါသလဲ	၁၅၆
၁၅၉။	(၁၀)ပါးသီလထဲမှ နောက်(၅)ပါးကို စောင့်ထိန်းက ရမည့်ကောင်းကျိုးနှင့် မစောင့်ထိန်းက ရမည့်ဆိုးကျိုး တို့ကား ဘာတွေပါလဲ	၁၅၇
၁၆၀။	ဗုဒ္ဓရုပ်ပွားတော် ဦးခေါင်းတော်ပေါ်က အဖုလေးဟာ သျှောင်ထုံးပါလား, ဆံတော်ပါလား	၁၅၉
၁၆၁။	ရဖို့မလွယ်တဲ့ အခွင့်အရေး	၁၆၀
၁၆၂။	ဆုနှင်းသဘင်နေ့	၁၆၂
၁၆၃။	ဆုနှင်းသဘင် အဆောင်ရှေ့တွင်	၁၆၃
၁၆၄။	အဆောင်တွင်းမှ သာသနာ့ ဥယျာဉ်မှူးများ	၁၆၃
၁၆၅။	ဆုနှင်းသဘင် အစီအစဉ်	၁၆၄
၁၆၆။	မြည်ဟီန်းလှသည့် အဓိဋ္ဌာန်အသံ	၁၆၅
၁၆၇။	လိုရာခရီးသို့ ရောက်အောင်	၁၆၆
၁၆၈။	ဆုရသူများနှင့် ဆုများ	၁၆၇
၁၆၉။	လိုက်နာဖွယ်ရာ အဆုံးအမအဖြာဖြာ	၁၆၈
၁၇၀။	အထုပ်ကိုယ်စီဖြင့် လာလမ်းဆီသို့	၁၇၁
၁၇၁။	မှာတမ်းစကားဖြင့် နှုတ်ဆက်ခြင်း	၁၇၃

❑❑❑

http://www.dhammadownload.com

စကားဦး

ပြောပြချင်နေသည်မှာ ကြာပြီဖြစ်၏၊ သို့သော် ပြောခွင့်မသာခဲ့၊ အမှန်ဆို ရသော် မိမိပြောပြလိုသည့် ရင်တွင်းမှဆန္ဒတွေကို ဆန္ဒအတိုင်း ပြောပြနိုင်သည့် စွမ်းရည် မိမိမှာမရှိခဲ့၊ "သြော်...မိမိဆန္ဒတွေ ဘယ်အချိန်တော့မှား ပြည့်ဝလေမလဲ"ဟု ဆန္ဒပြည့်မယ့် ရက်ကို စောင့်စားနေခဲ့ရသည်မှာ (၇)နှစ် ပြည့်လုနီးနီး ရှိခဲ့ပေါ့။

ပြောပြချင်နေသည့် ဆန္ဒတွေမှာ "နွေရာသီ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း"နှင့် ဆက်စပ်နေသည့် အကြောင်းအရာတွေ ဖြစ်ပါ၏၊ သားရတနာ, သမီးရတနာလေးများ၏ မိခင် ဖခင် ရတနာရှင်များကိုရော လူ့ယဉ်ကျေးမှု, လူ့အဆင့်အတန်းကို မိမိတို့ကိုယ်တိုင် မြှင့်တင်လိုသည့် စိတ်ဆန္ဒတွေ ရှိနေကြသော လူငယ်, လူရွယ်များကိုပါ ဤသင်တန်း ဖွင့်ရခြင်းရဲ့ ရည်ရွယ်ချက်တွေ, တက်ရောက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးတွေကို ပြောပြချင်နေခဲ့၏၊ သင်တန်းတက်ရောက်ဖူးသူ သာမဏော, သိက္ခာရှင်တို့၏ အတွေ့အကြုံမျိုးစုံနှင့် ရင်တွင်းခံစားချက်များကိုလဲ ပူးတွဲတင်ပြလို၏၊ သို့သော် မိမိဆန္ဒတွေ ဘာဆိုဘာမှ အထမမြောက်ခဲ့။

ထိုသို့ဖြစ်နေချိန်မှာ ရန်ကုန်မြို့ ပဇ္ဇိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ "သာမဏေကျော်" ထံမှ စာတစ်စောင် ရောက်ရှိလာပါ၏။

ဥုးဇင်းဘုရား...

နေကောင်းတယ် မဟုတ်လား၊ ကျောင်းသစ်မှာ တရားဟော, တရားပြ, စာသင်, စာဖတ်နဲ့ အလုပ်တွေ မအားလပ်အောင်ဘဲ ရှိနေသလား ဘုရား၊ ဥုးဇင်းဆီကစာတွေအရ ဥုးဇင်းဆီက အခြေအနေလေးတွေ သိတန်သလောက် သိရပါတယ်။

http://www.dhammadownload.com

(၄) စကားဦး

တပည့်တော် “ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် ကိုရင်ဘဝ တစ်လတာ အတွေ့အကြုံ” ဆိုတဲ့ စာအုပ်လေး ထုတ်ပါမယ်၊ သင်တန်းနဲ့ ပတ်သက်တဲ့ သိဖွယ်ရာတွေကို အတတ်နိုင်ဆုံး ပြည့်စုံအောင် တင်ပြထားပါတယ်၊ ဖတ်ချင်ဖွယ်လဲ ဖြစ်အောင် ပေါ့၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာရဲ့ သာသနာရေးဆိုင်ရာ လုပ်ငန်းတွေကို အများလူတွေ ကြည့်ညိုခွင့်လဲ ရစေလိုပြီး မှတ်တမ်းလဲ ကျန်ရစ်စေလိုပါတယ်။

ဒီသင်တန်းရဲ့ ပြည်ပရောက် အတွင်းရေးမှူး (၂)ပါးဖြစ်တဲ့ ဉူးဇင်းနဲ့ ဉူးအာသဘာစာရရဲ့ မိတ်ဆက်စာလွှာ (နိဒါန်း)ကို လိုလားပါတယ်၊ ဉူးအာသဘာစာရကတော့ ကြိုးစားပေးပါမယ်တဲ့၊ စာမူကိုတော့ ဉူးအာသဘာစာရထံမှ တစ်ဆင့် ဦးဇင်းထံ ပို့ပါလိမ့်မယ်။

ဉူးဇင်း ကျန်းမာချမ်းသာစွာဖြင့်
သာသနာအကျိုး သယ်ပိုးနိုင်ပါစေ။
(၅-၈-၉၂)

ဤစာရောက်ပြီး နှစ်လလောက်အကြာ (၃-၁၀-၉၂) မှာ နီပေါလ်နိုင်ငံ အရှင်အာသဘာစာရထံမှ သာမဏေကျော်ရဲ့စာမူ ရောက်ရှိလာပါတယ်၊ သာမဏေကျော်ရဲ့ စာပေအရေးအသားကို သိထားနှင့်ပြီးသားမို့ ပါဆယ်ထုပ်မိမိလက်ထဲ ရောက်ရောက်ချင်းပဲ စာမူကို အစအဆုံး ဖတ်ကြည့်တယ်၊ အရေးအသားဘက်မှာရော အတွေးအခေါ်ပိုင်းမှာပါ “သာမဏေကျော်” ဆိုတဲ့ နာမည်နဲ့ လိုက်ဖက်ညီလှပါတယ်။

သင်တန်းနဲ့ ပတ်သက်သမျှ အတွေ့အကြုံမျိုးစုံ, သာမဏေ, သိက္ခာရှင်တို့ရဲ့ စရိုက်, ဝါသနာ, အမူအရာမျိုးစုံတို့ကို ရသစုံအောင် တင်ပြထား၏၊ စာရှုသူများ၏ စိတ်ဖြစ်စဉ်ကို သူပြောလိုသည့် မြင်ကွင်းဆီရောက်အောင် အရောင်အသွေး အမျိုးမျိုးဖြင့် ထင်ရှားပေါ်လွင်အောင် ရေးသားနိုင်စွမ်း ရှိ၏၊ မိမိပြောပြလိုသည့် ဆန္ဒတွေ, အကြောင်းအရာတွေထက်တောင် သူရေးသားထားသည် အကြောင်းအရာတွေက ပို၍ စုံလင်နေပါ၏၊ မိမိဆန္ဒတွေ ပြည့်ပြီ၊ (၇)နှစ်လုံးလုံး စောင့်စားခဲ့ရသည့် မိမိပြောပြချင်နေသည့် အကြောင်းအရာ

http://www.dhammadownload.com

တွေကို "ကိုရင်ဘဝ တစ်လတာ အတွေ့အကြုံ" စာအုပ်၌ ရေးသား တင်ပြထားပါ၏၊ အခုတော့ ပြောခွင့်လဲ သာပါပြီ၊ ဆန္ဒတွေလဲ ပြည့်ဝပါပြီ။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပြည်တွင်း ပြည်ပ
တိုးတက်စည်ပင် ပြန့်ပွားပါစေ။

အရှင်ဓမ္မပိယ
တထာဂတ မက်ဒီတေးရှင်းစင်တာ
ဆန်ဟိုစေ့းမြို့၊ ကာလီဖိုးနီးယားပြည်နယ်
အမေရိကန်နိုင်ငံ။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် ပဏ္ဍိတာရာမ
ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး

http://www.dhammadownload.com

အမှာလွှာ

အရှင် (ဤအမှာလွှာကိုရေးသူ)သည် ၁၉၉၂-ခု၊ ဧပြီလ (၁၈)ရက် နေ့တွင် အမိမြန်မာပြည်သို့ ရောက်ခဲ့သည်၊ ပြည်ပတွင် (၄)နှစ်တာ သာသနာရေးကိစ္စများ ဆောင်ရွက်ပြီးနောက် ပထမဆုံးအကြိမ် အမိမြေသို့ ပြန်လည် ရောက်လာခြင်းဖြစ်၍ အထူးကြည်နူးမိသည်၊ ရန်ကုန်ရောက်သည်နှင့် ကျေးဇူးတော်ရှင် ဩဝါဒါစရိယဆရာတော်ဘုရား အရှင်ပဏ္ဍိတာဘိဝံသကို ဖူးမြော်ကန်တော့ပြီး ဆရာတော်ဘုရား၏ ဩဝါဒကိုခံယူကာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ နေထိုင်ခဲ့သည်။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ တည်ထောင်ခဲ့သည်မှာ (၂)နှစ်ပင် မပြည့်တတ်သေးပေ၊ သို့သော် တိုးတက်မှု အရှိန်အဟုန်ကား ဒီရေအလား မြန်ဆန်လွန်းလှသည်၊ ခံ့ညားထည်ဝါသည့် မဟာရံ တံတိုင်း ပရိဝုဏ်နှင့် ကျောင်းဆောင်အတော်များများ တည်ဆောက်ပြီးဖြစ်နေသည်ကို တွေ့ရသည်၊ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းဆောင်များမှာ ယာယီမျှဖြစ်ပြီး မကြာမီတွင် သုံးထပ်တိုက် အဆောက်အဦကြီးသုံးခုနှင့် နာယက တိုက်ကျောင်းဆောင်များ ဖြစ်ပေါ်လာတော့မည့်အကြောင်း ဆရာတော်ဘုရား၏ မိန့်ကြားချက်အရ သိရ၍ အထူးဝမ်းသာ ကြည်နူးမိပါသည်။

အရှင် ရောက်နေချိန်တွင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ ပြည်တွင်းယောဂီ (၁၅၀)ကျော်နှင့် နိုင်ငံပေါင်းစုံမှ ပြည်ပယောဂီ(၃၀)ခန့် ဝိပဿနာတရားစခန်း ဝင်ရောက် ရှုမှတ်နေကြသည်ကို တွေ့ရသည်၊ မြန်မာနှစ်သစ်ကူးသင်္ကြန်ရက်ပိုင်းက ယောဂီ(၅၀၀)အထိ လာရောက် တရားဝင်ကြ၍ နေရာအခက်အခဲရှိခဲ့ရာ ယာယီတည်းခိုဆောင်နှင့် မဏ္ဍပ်များပင် ထိုးပေးခဲ့ရကြောင်း

http://www.dhammadownload.com

(တ) အမှာလွှာ

သီရင်၏၊ ယင်းအပြင် နွေရာသီ "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း" တွင် ရှင်သာမဏေနှင့် သီကျွန်ရှင် (၃၀၀)ကျော် ပါဝင်တက်ရောက် သင်ယူကြ၍ သူတို့လေးတွေအတွက်လည်း သီးသန့်တဲကျောင်းကြီးများ ဆောက်လုပ်၍ နေရာချထားရကြောင်း သိရပါသည်။

ဩဝါဒါစရိယ ဆရာတော်ဘုရားသည် ရိပ်သာတွင်းရှိ အဆောင်များသို့ မကြာခဏ လှည့်လည်ကြည့်ရှု စစ်ဆေးလေ့ရှိသည်၊ တစ်နေ့တွင် ဆရာတော်ဘုရားက "ဥုံးအာသဘာစာရ... ရိပ်သာတည်ဆောက်မှု အခြေအနေတွေ ကြည့်ပြီးပြီလား"ဟု မေးရာ "တချို့နေရာလောက်ပဲ ရောက်ပါသေးတယ် ဘုရား"ဟု လျှောက်ထားတော့ "သည်လိုဆို လိုက်ခဲ့"လို့ အမိန့်ရှိတာနှင့် ဆရာတော်ဘုရား၏ နောက်တော်ပါးမှ လိုက်ပါခဲ့ရပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ ရုံးခန်း, ပြည်တွင်းအမျိုးသမီး ယောဂီဆောင်, ဆွမ်းစားကျောင်းဆောင်, ပြည်ပအမျိုးသမီး ယောဂီဆောင်, ဆေးပေးခန်းနှင့် ကားဂိုဒေါင်, နာယကဆရာတော်များ, ဝန်ဆောင် ရဟန်းတော်များ, သာမဏေနှင့် အမျိုးသားယောဂီများအတွက် ဆောက်လုပ်ထားသည့် ယာယီ ကမ္မဋ္ဌာန်းတဲကျောင်းလေးများ, ပြည်ပအမျိုးသား ယောဂီဆောင်, ယာယီသိမ်ကျောင်းဆောင် စသည့် နေရာများသို့ လှည့်လည် စစ်ဆေးတော်မူပါသည်။

သာထွန်းအောင် (၂)ထပ်တိုက်ကျောင်း အပေါ်ထပ်တွင် ဆရာတော်ဘုရားနှင့် ဝန်ဆောင်သံဃာအချို့ သီတင်းသုံးတော်မူသည်၊ မကျဉ်းမကျယ် ခန်းမတစ်ခုတွင် သံဃာတော်နှင့် အမျိုးသားယောဂီများ စုပေါင်း တရားရှုမှတ်ရာဌာနအဖြစ် သတ်မှတ်ထားသည်၊ ယင်းတိုက်ကျောင်း အောက်ထပ်တွင်မူ နာယက ကျောက်တန်းဆရာတော် သီတင်းသုံးသည့် အခန်း, စက်ခန်းတို့ ရှိ၏၊ အပေါ်ထပ်နည်းတူ ခန်းမတစ်ခု ပါရှိရာ အမျိုးသမီးယောဂီများ စုပေါင်း တရားရှုမှတ်ကြရ၏၊ တိုက်ကျောင်း၏ တိုးချဲ့ဆောင်တွင် ဗုဒ္ဓစာပေကို လေ့လာလျက်ရှိသော ပြည်တွင်းပြည်ပမှ သီကျွန်ရှင်များ နေထိုင်ကြသည်။

ရန်ကုန်မြို့တော် မြူနီစီပယ်မှ ဖြန့်ဖြူးသည့် ရေပိုက်နှင့် အဝိစိတွင်း (၂)ခုမှ သောက်သုံးရေများ အလျှံပယ် ရရှိနေပေပြီ၊ စနစ်တကျ တည်ဆောက်

http://www.dhammadownload.com

ထားသော ကုဋီနှင့် ရေချိုးခန်းကလည်း သပ်ရပ်သန့်ရှင်းမှု ရှိသည်၊ ဆွမ်းစားကျောင်းဆောင်ကို ဓမ္မာရုံအဖြစ် ပူးတွဲအသုံးပြုနေဆဲဖြစ်သည်၊ ဆွမ်းစားကျောင်းတာဝန်ခံ ဒကာမကြီး ဒေါ်သန်းမေကလည်း အတွေ့.အကြုံရှိထားသူဖြစ်၍ ဆရာတော်ဘုရားဏ၏ စိတ်တိုင်းကျ စီမံခန့်ခွဲပေးထားသည်မှာ ဆွမ်းကွမ်းကိစ္စများ အစစပြည့်စုံနေသည်ကို တွေ့.မြင်ခဲ့ရပါသည်။

အရှင်သည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် အချိန်ကြာကြာ မနေနိုင်ခဲ့ပါ၊ ဆရာတော်ဘုရားထံ ခွင့်ပန်ပြီး မြေလတ်ပိုင်းရှိ အသက် (၈၀) ကျော် မယ်တော်ကြီးနှင့်တွေ့.ရန် ခရီးဆက်ခဲ့ရပါသည်၊ မယ်တော်ကြီး အလွမ်းပြေ တစ်လခွဲခန့် နေပြီး ရန်ကုန်သို့ ပြန်ခဲ့.ရ၏၊ ထို့နောက် ပဲခူး သာသနာ့မဏ္ဍိုင် ဆရာတော်ဘုရားများကို ဖူးမြော်ရန်နှင့် ပဲခူးရှိ ရဟန်းမယ်တော်များကို တွေ့ဆုံနှုတ်ဆက်ရန် ထွက်ခဲ့ရပြန်ပါသည်၊ သို့.အတွက် မြန်မာပြည်တွင် နေထိုင်ခွင့်ရှိသည့် (၂)လ ဆိုသော အချိန်သည် အိပ်မက်ပမာ ဖြစ်ခဲ့ရ၏။

ပဲခူးမှပြန်အရောက် အရှင် ပြည်ပသို့ ပြန်လည်ခရီးထွက်ကာနီး ရက်ပိုင်း အလို၌ လက်ထဲတွင် စာမူတစ်ခုပို့က်ပြီး ဥုးဓမ္မိကာဘိဝံသသည် အရှင်နေသည့် အခန်းထဲသို့ ဝင်လာပါသည်၊ သူက "ဥုးအာသဘာစာရဘုရား... ဒီစာမူကို ဖတ်ပြီး အရှင်ဘုရားအနေနဲ့ အမှာစာ ရေးပေးစေ ချင်ပါတယ် ဘုရား"ဟု ဆိုလာပါသည်၊ စာမူမျက်နှာဖုံးကို ကြည့်လိုက်တော့ "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းတွင်းကိုရင်ဘဝ တစ်လတာအတွေ့အကြုံ" ဟူ၍ ဖြစ်သည်၊ လက်နှိပ်စက်ဖြင့် ရိုက်ထားပြီး စာမူမှာ လျှောက်လွှာစာရွက် စာမျက်နှာ (၁၀၀) ကျော် ရှိ၏၊ ပြန်ကာနီး ရက်ပိုင်းသာ လိုတော့၍ ခရီးအတွက် ပြင်ဆင်ဖွယ် ကိစ္စများကလည်း ရှိနေသည်၊ စာမူကို ဖတ်ဖို့ အချိန်မပေးနိုင်တော့ပါ။

သူ့ဘွဲ့.က "ဥုးဓမ္မိကာဘိဝံသ"၊ သူ့.ကလောင်နာမည်က "သာမဏေကျော်"၊ သူသည် အရှင်နှင့် လုပ်ဖော်ကိုင်ဘက်, ဆရာတူတပည့်, ရိုးသားပြီး စိတ်ကောင်းရှိသူဖြစ်သည်၊ သူနှင့်အရှင် မဟာစည် သာသနာ့ရိပ်သာကြီးတွင် (၅)နှစ်ခန့် အတူနေထိုင်ခဲ့.ဖူးသည်၊ ထိုစဉ်က ကျေးဇူးရှင် ဩဝါဒါစရိယ

http://www.dhammadownload.com

(၁) အမှာလွှာ

ဆရာတော်အရှင်ပဏ္ဍိတာဘိဝံသက ဥုံးဓမ္မိကာဘိဝံသနှင့် အရှင်တို့ကို "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း" ၏ အတွင်းရေးမှူးများအဖြစ် တာဝန်ပေးတော်မူ၍ တွဲဖက် ဆောင်ရွက်ခဲ့ရသည်၊ ထိုအချိန်က ဥုံးဓမ္မိကာဘိဝံသမှာ ယခုလို စာအုပ်ရေးခြင်း, ဆောင်းပါးရေးခြင်းများ မရှိသေးပါ၊ သူ့ကို စာတော်သူ, သဘောထားကောင်းသူ, ကိစ္စတစ်ခု ဆောင်ရွက်ရာတွင် သွက်လက်ဖြတ်လပ်မှုရှိပြီး စေ့စပ်သေချာသူ, ဇွဲရှိပြီး သည်းခံတတ်သူ မိတ်ဆွေရဟန်းတစ်ပါးအဖြစ် ရင်းရင်းနှီးနှီး သိကျွမ်းထားခဲ့သူဖြစ်သည်၊ အရှင်နှင့်သူ (၄)နှစ်တာ ခွဲခွာပြီး ယခုလို ပြန်လည်တွေ့ဆုံရချိန်တွင် ဥုံးဓမ္မိကာဘိဝံသသည် "သာမဏ္ဍောကျော်" အမည်ဖြင့် စာအုပ်များရေးသားခြင်း, လစဉ်ထုတ် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးခြင်း စသည့် သာသနာပြုလုပ်ငန်းများနှင့် ညြဝါဒါစရိယဆရာတော်ဘုရား၏ လက်ရုံးသဖွယ် ရွှေဇေတာင်ကုန်းသာသနာ့ရိပ်သာတွင် နေထိုင်ကာ နှစ်စဉ်ကျင်းပသည့် "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း" ၏ အတွင်းရေးမှူးအဖြစ် ကြီးကြပ်တာဝန်ယူ ဆောင်ရွက်နေသည်ကို အထူးဝမ်းသာ ဂုဏ်ယူမိပါသည်။

သို့နှင့် အရှင်က သူ့ကို "ဥုံးဓမ္မိကဘုရား... ယခု လောလောဆယ်တော့ တပည့်တော် ပြည်ပကိုပြန်ဖို့ ရက်နီးကပ်နေပြီ၊ စာမူကို ဖတ်ရှုဖို့ အချိန်မရသေးပါ၊ တပည့်တော်လည်း ဒီသင်တန်းမှာ ဥုံးဇင်းနှင့်အဝှ ပူးတွဲဆောင်ရွက်ခဲ့ဖူးတာဖြစ်တော့ အနာဂတ်သာသနာတော်အတွက် လူငယ်တွေကို ပြုစုပျိုးထောင်ပေးရာမှာ ဒီလိုသင်တန်းနဲ့ပတ်သက်သည့် စာအုပ်မျိုးဟာ အခြေခံကျပြီး သိပ်လိုအပ်တယ်လို့ ယူဆတယ်၊ ဒီစာအုပ်မှာ တပည့်တော် အမှာစာရေးချင်တဲ့ ဆန္ဒရှိပါတယ်၊ ဖြစ်နိုင်ရင် နိဒါန်းကို ပို့လိုက်ပါလားဘုရား" လို့ ပြောတော့ သူက "ဒါဖြင့် ကောင်းပါပြီ၊ ပို့လိုက်ပါမည်ဘုရား"ဟု ကတိပြုပါသည်၊ အရှင် နိဒါန်းနိုင်ငံသို့ ပြန်ရောက်ပြီး (၂)လခန့် အကြာတွင် စာမူကို လူကြုံနှင့်ပို့လိုက်၍ အချိန်ယူပြီး စေ့စေ့စပ်စပ် ဖတ်ရှုခွင့်ရရှိခဲ့ပါသည်။

"သာမဏ္ဍောကျော်"က သူ့စာအုပ်မှာ ခံစားချက်အပြည့်ဖြင့် ရေးသားထားသည်ကို စာအုပ်၏ မျက်နှာဖုံးစာတန်း နာမည်ပေးထားခြင်းက သက်သေထူနေပါသည်၊ "ကိုရင်ဘဝ တစ်လတာအတွေ့အကြုံ" ဆိုသည့်အတိုင်း

http://www.dhammadownload.com

အမှာလွှာ (၀)

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင် နှစ်စဉ် နွေရာသီ ရောက်တိုင်း ကျောင်းသူကျောင်းသား ကလေးငယ်များအတွက် တစ်လတာ "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း" ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ထိုသင်တန်းသို့ တက်ရောက်ခွင့်ရရှိသော ကိုရင်ငယ်လေးတစ်ပါးက တစ်လတာ လှုပ်ရှားမှုများနှင့် သူ့အတွေ့အကြုံကို အခြေခံပြီး မြန်မာဗုဒ္ဓသာသနာဝင် ကလေးငယ်များအတွက် "တစ်သက်တာ လိုက်နာကျင့်ဆောင်ဖွယ် အပြည့်အစုံ" ကိုပါ ဖော်ညွှန်းထားသောကြောင့် ဖြစ်၏။

ဗုဒ္ဓသာသနာဝင် မြန်မာမိသားစုများ၏ ရင်သွေးငယ်များသည် ဤလို သင်တန်းမျိုးတွင် သုံးလေးကြိမ် တက်ရောက်သင်ကြားထားပါက ဗုဒ္ဓအဆုံးအမဖြစ်သော သာသနာတော်၏ အနှစ်သာရများကို အခြေခံကျကျ သင်ယူဆည်းပူးပြီး ဖြစ်သွားပါမည်။

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း၏ သင်တန်းကာလသည် တစ်လတာမျှဖြစ်သည်၊ ဤမျှတိုတောင်းလှသော တစ်လအချိန်အတွင်း၀ယ် ရှင်သာမဏေနှင့် သိက္ခာရှင်တို့၏ သန္တာန်၌ ကိန်း၀ပ်တည်ရှိသွားသော သာသနာ့အနှစ်သာရများကား တန်ဖိုးဖြတ်၍ မရနိုင်ပါ။

ကလေးသူငယ်များသည် အနာဂတ်၏ အသီးအပွင့်များဖြစ်သည်၊ ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို လေ့လာကြည့်ပါက ကလေးသူငယ်များကို မည်မျှအထိ တန်ဖိုးထားပြီး တလေးတစား ဆက်ဆံပုံ, နေရာပေးမြှောက်စားပုံများကို အကျွန်ုပ်တို့ တွေ့မြင်နိုင်သည်၊ မျိုးဆက်သစ်ကောင်းတစ်ခု ပေါ်ပေါက်လာချိန်တွင် နိုင်ငံနှင့် အမျိုးဘာသာ သာသနာ့ယဉ်ကျေးမှုတို့ပါ ထိပ်တန်းသို့ ရောက်ရှိလာပေမည်၊ ကလေးသူငယ်များကို "ဥမမည် စာမမြောက် မလောက်လေး မလောက်စား" သဘောမထားသင့်ပေ၊ အသိဉာဏ်နုနယ်သည့် ကလေးအရွယ်တွင် လူကြီးမိဘ ဆရာသမားများက အချိုးတကျ ပုံစံချပြီး အရေးတယူ ဆုံးမသင်ပြပေးနိုင်ပါလျှင် လူကောင်းသူကောင်းလေးတွေ ဖြစ်လာကြပါမည်။

ဤသင်တန်းသို့ တက်ရောက်သင်ယူကြသော ရှင်သာမဏေနှင့် သိက္ခာရှင်အားလုံးသည် စည်းကမ်းသေ၀ပ်ရေးကို အထူးအလေးပေး လိုက်နာ

http://www.dhammadownload.com

ကျင့်ကြံ နေထိုင်ကြရမည့်အကြောင်း ကောင်းကောင်း သဘောပေါက်ကြသည်၊ ဩဝါဒါစရိယ ဆရာတော်ဘုရားသည် "သန့်ရှင်းသပ်ရပ်မှု, စည်းကမ်းရှိမှုကို ဗုဒ္ဓက နှစ်ခြိုက်တော်မူတယ်"ဟု မကြာခဏ ဩဝါဒပေးတော်မူလေ့ရှိပါသည်။

သို့ဖြစ်၍ သင်တန်းသူ သင်တန်းများသည် သန့်ရှင်းစွာနေထိုင်နည်း, သွားလာစားသောက်နည်းများ, သင်္ကန်းဝတ်ရုံနည်း, နေရာထိုင်ခင်းနည်း, ခေါက်နည်း, တင်နည်းများ စကားအပြောအဆိုနှင့် စာအရေးအသား အထားအသို စည်းစနစ်များ စသည်တို့ကို အခြေခံကျကျ လေ့လာသင်ယူကြရပါမည်၊ ထို့အပြင် ဗုဒ္ဓ၏အဆုံးအမဖြစ်သော ဆောင်ဖွယ်, ရှောင်ဖွယ်များကို ကလေးငယ်များ ဖတ်လွယ်မှတ်လွယ်ဖြစ်စေရန် ကဗျာလင်္ကာများ, ပုံဝတ္ထုများဖြင့် သင်တန်းပေးပုံကို "သာမဏေကျော်"က ဤစာအုပ်တွင် အပြည့်အစုံ ရေးသားထားသည်။

စာအုပ်နောက်ပိုင်းတွင် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသူ သင်တန်းသားများ တစ်လတာ သင်တန်းအပြီး ရေးဖွဲ့သီကုံးထားအပ်သော 'ကဗျာ'များကို ဖတ်လိုက်ရတော့ အထူးချီးကျူး ဂုဏ်ယူမိပါသည်၊ ဟောပြောချက်များတွင်လည်း လေးနက်သည့် အကြံပြုချက်များ, ဝေဖန်ချက်များပါသည်၊ ကိုရင် စတင်ဖြစ်ပေါ်လာချိန်, သီလရှင် စတင်ဖြစ်ပေါ်လာချိန် စသည့် မေးခွန်းများကို ကြည့်ခြင်းအားဖြင့် မြန်မာကလေးငယ် "ဗုဒ္ဓယဉ်ကျေးမှု အခြေပြု" သင်တန်းသူ သင်တန်းသားများ၏ ဉာဏ်ရည်ဉာဏ်သွေး မည်မျှအထိ ထက်မြက်နေသည်ကို လေ့လာနိုင်ပါသည်၊ အနာဂတ် သာသနာအတွက် တစ်အားတက်စရာပင် မဟုတ်ပါလား ?။

အရှင်သည် ဩဝါဒါစရိယ ဆရာတော်ဘုရား၏ တာဝန်ပေးတော်မူချက်အရ နီပေါလ်နိုင်ငံ ခတ္တာမန္ဒူမြို့ (International Buddhist Meditation Center) ၌ ဝိပဿနာတရားစခန်း ဖွင့်လှစ်ပေးခြင်းနှင့် တရားပြတရားဟောခြင်းစသည့် သာသနာရေးကိစ္စများကို ဆောင်ရွက်နေပါသည်၊ ဆရာတော်ဘုရား၏ ဆန္ဒတော်အရ နီပေါလ် ဗုဒ္ဓသာသနာဝင် ကလေးငယ်များကိုလည်း ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ပို့ချပေးလျက်ရှိသည်၊ ပထမနှစ်တွင် ကလေးငယ် (၃၅၀)ခန့်ရှိပြီး ဒုတိယနှစ်တွင် (၄၅၀/၅၀၀)ခန့် ပါဝင်

http://www.dhammadownload.com

တက်ရောက် သင်ယူကြသည်၊ သို့သော် ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ဖွင့်လှစ်သည့် သင်တန်းလို စည်းကမ်းတကျ မဖြစ်သေးပါ၊ ယခုမှ စတင်စည်းရုံးပြီး ပြုလုပ်ရသည့်သင်တန်း ဖြစ်၏၊ ပြည်ပမှ ကလေးငယ်များကို မြန်မာ ဗုဒ္ဓဘာသာကလေးများလို စည်းကမ်း တကျ ဖြစ်လာစေရန် ရေရှည်စီမံကိန်းတစ်ရပ် ချမှတ်ပြီး အကောင်အထည် ဖော်ယူမှ ရပါမည်။

သင်တန်းကာလမှာ ပထမနှစ်တွင် (၅)ရက်၊ ဒုတိယနှစ်တွင် (၇)ရက် ဖြစ်၏၊ ယခုနှစ်တွင် (၁၀)ရက်အထိ နေကြရန် စည်ရုံးရပါမည်၊ လူဝတ်ဖြင့်ပင် သင်တန်းတက်နိုင်ရန် စီမံပေးရသည်၊ ရှင်သာမဏေဝတ်, သိက္ခာရှင်ဝတ်နှင့် သင်တန်းတက်ဖို့ စည်းရုံးနေရဆဲဖြစ်ပါသည်၊ နီပေါလ် နိုင်ငံက ကလေးတွေမှာ ရွေးကအစဉ်အလာ မရှိခဲ့၍ ခေါင်းရိတ်ပြီး ခေါင်းတုံးပြောင်ပြောင်နှင့် နေရမှာ သိပ်ရှက်ကြသည်၊ ယခုတော့ တစ်နှစ်လျှင် (၁၀) ပါးခန့် ကိုရင်ဝတ်, သိက္ခာရှင်ဝတ်ပြီး သင်တန်းတက်နေကြချေပြီ။

နိဂုံးချုပ်အနေဖြင့် "သာမဏေကျော်" ရေးသားအပ်သည့် "ကိုရင်ဘဝ တစ်လတာ အတွေ့အကြုံ" စာအုပ်ကို ဗုဒ္ဓသာသနာဝင်တိုင်း ဧလ့လာဖတ်ရှုမှတ်သားသင့်၏၊ ထို့နောက် မိမိတို့၏ ရင်ပေါ်းငယ်များကို ဤကဲ့သို့သော် သင်တန်းမျိုးသို့ အရောက်ပို့ကာ ဗုဒ္ဓသာသနာဝင် သားကောင်း, သမီးကောင်းလေးများ ဖြစ်အောင် ပြုစုပျိုးထောင်ပေးသင့်ကြ၏၊ "ဗုဒ္ဓသာသနာတော်ကြီး အစဉ်သဖြင့် တည်တံ့ပြန့်ပွားရေးကို ရှေးရှုအားပေးနိုင်ကြပါစေ"ဟု ဆန္ဒ ပြုလိုက်ရပါသည်။

အရှင်အာသဘာစာရ

ခတ္တမန္ဒုမြို့၊

နီပေါလ်နိုင်ငံ။

၁၃၅၄-ခု၊ တော်သလင်းလပြည့်ကျော် (၁၄)ရက်၊

၁၉၉၂-ခု၊ စက်တင်ဘာလ ၂၅-ရက်။

http://www.dhammadownload.com

ကိုရင်ဘဝ တစ်လတာ အတွေ့.အကြုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စိတ်ကူးဖြင့် ကြည်နူးရသော ကိုရင်ဘဝ

ကျွန်တော်၏ မိဘများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်၊ ကျွန်တော်၏ မိဘများကိုးကွယ်ဆည်းကပ်သော ဆရာတော်သံဃာတော် အများအပြားပင် ရှိပါသည်၊ ထိုအထဲတွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသလည်း တစ်ပါးအပါ အဝင်ဖြစ်ပါသည်၊ မိဘနှစ်ပါးသည် ထိုဆရာတော်ထံတွင် သတိပဋ္ဌာန်တရား ကို အားရကျေနပ်သည်အထိ အားထုတ်ခဲ့ကြပါသည်၊ ကျွန်တော်၏ မိဘ များသည် တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ်တော့ တရားရှုမှတ်ကြသည်ကို တွေ့.ရပါသည်၊ ကျွန်တော့်ကိုလည်း တရားမှတ်ပုံမှတ်နည်းကို သင်ပြပေး သဖြင့် တရားရှုမှတ်နည်းကို သိရပါသည်။

တရားမှတ်ကြည့်သောအခါ စိတ်ငြိမ်းချမ်းမှုကို ခံစားရပါသည်၊ "ငါ အသက်ကြီးလာရင် အမေအဖေတို့လို အားရကျေနပ်လောက်အောင် တရား အားထုတ်မယ်"ဟု စိတ်အားခဲထားမိပါသည်၊ တစ်နေ့သောအခါ ထမင်း

http://www.dhammadownload.com

ဝိုင်းမှာ ထမင်းလက်ဆုံစားကြရင်း "သား‌ရေ...ဒီနှစ်နွေရာသီ စာမေးပွဲဖြေပြီးရင် ပဏ္ဏိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှာ ကိုရင်ဝတ်ရမယ်နော်" ဟု အဖေအမေတို့ ပြောလာ၍ ထိုကိုရင်ဘဝကို စိတ်ကူးဖြင့် ကြည်နူး ကျေနပ်နေမိပါသည်။

အားမလို အားမရဖြင့် သာ

တစ်နေ့တွင် ကျွန်တော်စာသင်ကျောင်းမှပြန်အလာ အဖေက သတင်းစာ ဖတ်နေရာမှ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပြီး သူ့ဘေးဦးထိုင်စေကာ "သား...ရော့ ဖတ်စမ်း ဒီစာကို" ဟု ဆိုသဖြင့် (၂၀-၂-၉၂)နေ့ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှ ဤစာပိုဒ်လေးကို ဖတ်ရှုရပါသည်။

ပဏ္ဏိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ
ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း

"ရှင်သာမဏေ-သီလရှင် မွန်, ကောင်း, တော်" ရွေးချယ်ရေးစနစ်ဖြင့် ကျင်းပခဲ့သော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်။

သင်တန်းဌာန=ပဏ္ဏိတာရာမ ရွှေတောင်ကုန်းသာနာ့ရိပ်သာ။
သင်တန်းကာလ=၁၃၅၃-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်၊
(၈-၃-၉၂) မှ တန်ခူးလဆန်း (၃)ရက် (၅-၄--၉၂) ထိ။
(ပြင်ပမှ အချိန်ပိုင်း တက်ရောက်လိုသူများလည်း တက်ရောက်နိုင်ပါသည်။)
ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း စီစဉ်ရေးအဖွဲ့.
အမှတ်-၈၀ (က)၊ သံလွင်လမ်း၊ ဗဟန်းဖုန်း-၁၁၄၄၈...တဲ့။

ဤစာပိုဒ်ထဲတွင် ကျွန်တော်နားမလည်သော စကားလုံးများ ပါဝင်နေပါသည်၊ "ရှင်သာမဏေ-သီလရှင် မွန်, ကောင်း, တော်" တဲ့၊ အဘယ်အဓိပ္ပာယ် ဆိုလိုမှန်း ကျွန်တော်မသိပါ၊ ထို့ကြောင့် အမေနှင့်အဖေတို့ကို မေးကြည့်ပါသည်၊ သူတို့လည်း ပြည့်ပြည့်စုံစုံ ရှင်းမပြနိုင်ပါ၊ "မင်းကိုယ်တိုင် သင်တန်းတက်ရောက် သင်ယူတဲ့အခါ ပြည့်ပြည့်စုံစုံ သိရမှာပေါ့" ပြောသဖြင့် အားမလိုအားမရဖြင့်သာ ပြီးလိုက်ရပါသည်။

http://www.dhammadownload.com

လမ်းညွှန်ဆိုင်းဘုတ်များ

နောက်တစ်နေ့ အမေအဖေတို့နှင့်အတူ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ကျွန်တော်လိုက်သွားပါသည်၊ ဗဟန်း-ဓမ္မစေတီလမ်း၏ တစ်နေရာ၌ရှိသော အလယ်တောရကျောင်းတိုက်နှင့် မိုးညှင်းဝိပဿနာ တိုက်တို့၏ အကြား၌ရှိသော အင်းယားမြို့လမ်းဖြင့်လာခဲ့ရာ အလယ်တောရ အလွန်တွင် လက်ဝဲဘက်ရှိ မင်းကွန်းတောရတိုက်၏ မြောက်ဘက်တစ်အိမ်ကို ကျော်လွန်လိုက်သောအခါ လက်ယာဘက်တွင် ညောင်ပင်ကြီးတစ်ပင် အနီးရှိ ဓာတ်မီးတိုင်၌ ချိတ်ဆွဲထားသော "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့" ဟု မြှားဖြင့် ညွှန်ပြထားသောဆိုင်းဘုတ်ကို တွေ့.ရသဖြင့် ဘယ်ဘက်သို့ ချိုးရှသွားရာ တစ်လမ်းလွန်ပြီးနောက် တစ်လမ်းအရောက်တွင် ညာဘက်ချိုးဖို့ ညွှန်ပြထားသော ဆိုင်းဘုတ်ကို တွေ့.ရပြန်၍ လိုက်သွားရာ ခြံ(၂)ခြံ ကျော်လွန်ပြီးသောအခါ မီးခိုးပြာအရောင်ရှိ အုတ်တံတိုင်းရှည်ရှည်ဖြင့် ကာရံထားသော ကျောင်းတိုက်တစ်တိုက်ကို စတင် တွေ့.ပါပေပြီ၊ လမ်းညွှန် ဆိုင်းဘုတ်တွေ မထားခဲ့လျှင် ဤသာသနာ့ရိပ်သာသို့ လာရောက်ဖို့ မလွယ်ကူလှပါ၊ သို့ဖြစ်၍ လမ်းညွှန်ဆိုင်းဘုတ်တွေ ထားရှိသည်မှာ ဤသာသနာ့ရိပ်သာသို့ အချိန်တိုတိုဖြင့် လွယ်ကူစွာရောက်ရှိရန် များစွာ ကျေးဇူးရှိကြောင်းကို သဘောပေါက်မိပါသည်။

ရိပ်သာအတွင်းမှ အဦးဆုံး နှုတ်ဆက်နေကြသည်

ကျောင်းအဝင်မုခ်ပေါက်၌ အသားတိုင် (၂)တိုင်ဖြင့် စိုက်ထူထားသော သွပ်ပြားပေါ်တွင် ရေးသားထားအပ်သော "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ၈၀ (က)၊ သံလွင်လမ်း၊ ဗဟန်း" ဟူသော ဆိုင်းဘုတ်စာတမ်းကို တွေ့.ရပါတော့သည်၊ အဝင်ပေါက်၏ လက်ဝဲလက်ယာ (၂)ဘက်လုံးတွင် မြင့်မားခဲ့ညားသော အုတ်တံတိုင်းကြီးများက ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ လုံခြုံရေးတာဝန် ယူထားကြသည်ကို တွေ့.ရပါသည်၊ ရိပ်သာတွင်းသို့ ဝင်လျှင်ဝင်ချင်း အဦးဆုံး ကြိုဆိုနေသော အဆောက်အဦကြီးကား သာထွန်းအောင် တိုက်ကျောင်းကြီးပင် ဖြစ်ပါသည်၊ တိုက်ကျောင်းကြီးက ခံ့ညားသည်၊ ထည်ဝါသည်၊ ကြီးမားသည်၊ မြင်တွေ့.ရသူ

http://www.dhammadownload.com

အရှင်မြတ် ၂-ပါးက မေးသမျှ ဖြေခဲ့ရပါသည်။

မောင်ကျောင်းသား နာမည် ဘာလဲ ?

မောင်ထွန်းဦးပါဘုရား

အသက်က ?

(၁၃)နှစ်ပါ ဘုရား။

ဘာနေ့.သားလဲ ?

စနေနေ့.သားပါ ဘုရား။

အရင်က ဒီသင်တန်း တက်ဖူးသလား ?

မတက်ဖူးပါ ဘုရား။

ကျောင်းမှာ အတန်းက ?

(၇)တန်းပါဘုရား။

မိဘက ?

ဦးထွန်း-ဒေါ်ငြိမ်းယဉ်ပါ ဘုရား။

နေရပ်က ?

အိမ်အမှတ်( ) အရှေ့.ရန်ကင်းပါဘုရား။

အတွင်းရေးမှူး အရှင်မြတ်များက ကျွန်တော်ဖြေသမျှကို သင်တန်းသား စာရင်းစာအုပ်ထဲတွင် ရေးသွင်းမှတ်သားထားပါသည်၊ "ကိုရင်ဝတ်မည့်နေ့မှာ ယူလာဖို့, ပြုလုပ်ဖို့, လိုအပ်တာတွေ သင်ပုန်းမှာရေးထားတာ တွေ့.တယ် မဟုတ်လား ? မှန်ပါ၊ တွေ့.ပါတယ်ဘုရား။

"အဲဒါတွေ ပြည့်စုံအောင်လုပ်ခဲ့"ဟု အမိန့်ရှိလိုက်ကြပါသည်၊ ကျွန်တော် တို့.သည် ထိုအရှင်မြတ် ၂-ပါးကို ဦးချပြီး အိမ်သို့ ပြန်လာခဲ့ကြပါသည်။

ကိုရင်ဝတ်မည့်ထိုနေ့.မှာ

(၇) တန်းစာမေးပွဲ ဖြေပြီးသွားပြီ၊ "(၇-၃-၉၂)နေ့ မွန်းလွဲ (၁၂)နာရီ အရောက်လာရမည်၊ ဦးခေါင်းကိုလည်း အပြင်က ရိတ်ခဲ့ရမည်"ဟု ကြိုတင် သိထားသဖြင့် ဦးခေါင်းကို ဆံပင်ညှပ်ဆိုင်သို့.သွား၍ ရိတ်ခဲ့ရပါသည်၊ အမေ အဖေ အဘွား (အမေဘက်မှအဘွား)နှင့် ညီမလေးရော ကျွန်တော်ပါ မိသားစု

http://www.dhammadownload.com

ငါးယောက် (၁၂)နာရီ မတိုင်မီ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ကားဖြင့် ရောက်ခဲ့ကြပါသည်။

ကိုရင်လောင်းများက သင်တန်းဆောင်တဲကြီးသို့၊ သိက္ခာရှင် လောင်းများက အမျိုးသမီးဆောင် စင်္ကြံဆောင်သို့ အခန်းနေရာ, သင်တန်း စာအုပ်ယူရန်နှင့် ဆွမ်းစရိတ် ပေးသွင်းရန်၊ သပိတ်, သင်္ကန်း နေရာထိုင်တို့ကိုလည်း ထိုဌာပင် လာယူရန် သင်ပုန်းတွင်ရေးထားသည်ကို တွေ့ရပါသည်၊ (၈-၃-၉၂)နေ့ မွန်းလွဲ(၃)နာရီတွင် သင်တန်းဖွင့်မည် ဖြစ်ကြောင်းကိုလည်း သင်ပုန်းတွင် ကြေညာထားပါသည်။

ထို့ကြောင့် သင်တန်းဆောင်ရှိရာသို့လာခဲ့ရာ ရှင်လောင်းများ, ရှင်လောင်းမိဘဆွေမျိုးများဖြင့် သင်တန်းဆောင်ကြီးမှာ ပြည့်နေပါတော့သည်၊ အခန်းနေရာ, နေရာထိုင်, သင်တန်းစာအုပ်တို့ကို တစ်နေရာတွင် ယူကြရပါသည်၊ အခန်းနေရာနံပါတ်ကို ညွှန်လိုက်သဖြင့် အဆောင်မှူးထံသွား၍ ထိုအခန်းနေရာ သွားယူရပါသည်။

နေရာထိုင်တွင် ဂဏန်းနံပါတ်ထိုးထားရာ ထိုဂဏန်းနံပါတ်ကို သင်တန်းစာရင်းစာအုပ်တွင် ကျွန်တော့်နာမည်၏နောက်ပိုင်း၌ ရေးမှတ်ထားကာ နေရာထိုင် ပေးလိုက်ပါသည်၊ နေရာထိုင် မပျောက်အောင် မပျက်စီးအောင် ကိုင်ဖို့, ပျောက်လျှင်အစားပေးဖို့, သင်တန်းပြီးလျှင် ပြန်ပေးခဲ့ဖို့ မှာကြားပါသည်၊ သင်တန်းစာအုပ်တို့တွင် အကြီးတန်းစာအုပ်ကို ၁၄ ကျပ်, အလတ်တန်း ၁၂ကျပ်, အငယ်တန်း ၁၀ ကျပ်, အထူးတန်းအတွက် ဓမ္မစကြာတရားတော်ကြီးစာအုပ်ကို ၅၀ ကျပ်, သင်္ကပဉ္ဇသုတ်တရားတော် စာအုပ်ကို ၂၀ ကျပ်, ပေါင်း (၇၀)ကျပ်ဖြင့် ဝယ်ယူကြရပါသည်။

သင်္ကန်း, သပိတ် ဈေးနှုန်းမှာ အပြင်ဈေးနှင့် နှိုင်းယှဉ်လျှင် အလွန်ပင် သက်သာနေပါသည်၊ သပိတ်ခြေ ခါးပန်းကြိုးတို့ကိုမူ မဝယ်ရပါ၊ အလကားရပါသည်၊ ခါးပန်းကြိုးကို သင်္ကန်းဖြင့် ချုပ်ထားပါသည်၊ အပြင်မှာဝယ်လျှင် ခါးပန်းကြိုးတစ်ချောင်းပင် (၃၀/-၄၀) ရှိပါလိမ့်မည်၊ သင်္ကန်းအရောင်ကိုလည်း တစ်ရောင်တည်း ဖြစ်စေရန် အရပ်အမောင်းနှင့် ကိုက်ညီစေရန် ဈေးနှုန်း သက်သာစေရန် (အဆင်သင့်ဖြစ်ဖို့) ကြိုတင်ပြင်ဆင်ထားဟန် တူပါသည်။

http://www.dhammadownload.com

နေပူပေမယ့် သူတို့.ရင်တွေ အေးနေသည်

ကျောင်းဆောင်အသစ်တွင် တစ်ခန်းလျှင် (၅)ပါးကျစီ နေကြရ၍ တဲအဆောင်ကြီးထဲမှ ကိုယ်ကြိုက်ရာနေရာကိုယူ၍ ဤသာသနာ့ရိပ်သာက ခင်းထားနှင့်ပြီးသော သင်ဖျာပေါ်တွင် အိမ်မှယူလာခဲ့သော အိပ်ရာလိပ်ကို ဖြေကာ, စောင် ခြင်ထောင် ခေါင်းအုံးစသည့် အသုံးအဆောင်တို့ကို သပ်ရပ်စွာ ထားပြီး မျက်နှာသုတ်ပုဝါကိုမူ ခေါင်းရင်းတွင် လူတစ်ရပ်စာလောက် အမြင့်ရှိသောနေရာ၌ တန်းထားသော နှိုင်လွန်ကြိုးတန်းပေါ်တွင် ညီညာစွာ တင်ထားရပါသည်။

ရှင်လောင်းများ နေရာယူပြီးသောအခါ သိက္ခာရှင်(သီလရှင်) လောင်းများက သိက္ခာရှင်ဝတ်ပြီးကြချေကုန်ပြီ၊ (၃) နာရီလောက်တွင် ဆွမ်းစားကျောင်းပေါ်၌ ရှင်လောင်းငယ်များက ရှေ့တန်းတွေမှ, အကြီးများက နောက်တန်းတွေမှ ရှေ့နောက်ဝဲယာ ညီညာစွာတန်းစီလျက် နေရာယူ ထိုင်ကြရပါသည်။

ရှင်လောင်းများ၏ နောက်တွင်မူ ရှင်လောင်းများ၏ မိဘဆွေမျိုးများက ရှင်သာမဏေဘဝရောက်တော့မည့် ဦးခေါင်းပြောင်ပြောင်နှင့် သင်္ကန်းကိုယ်စီကိုင်ယူကာ ထိုင်နေကြသော ရင်နှစ်သည်းချာ သားရတနာလေးတွေကို မဝနိုင်သော ရှုစားခြင်းဖြင့် ကြည်နူးဝမ်းသာစွာ ရှုစားနေကြသည်ဟု ထင်ပါသည်။

နွေရာသီ တပေါင်းလနေ၏ အပူဒဏ်ကိုပင် သတိမှရကြလေရော့ သလားဟု အောက်မေ့မိပါသည်၊ သူတို့၏မျက်နှာတွေမှာ အေးမြသော ပီတိဓာတ်တွေ ရွှန်းရွှန်းဝေနေပေသည်၊ ကိုယ်ခန္ဓာ၏ ပူအိုက်မှုကို ဆွမ်းစားကျောင်းမျက်နှာကြက်မှာ တပ်ဆင်ထားအပ်သော (၁၀)ခုသော ပန်ကာတို့က တဝီဝီမြည်ဟည်းလျက် ကြိုးစားပမ်းစား ဖယ်ရှားနေကြပါတော့သည်၊ တရားပလ္လင်နောက်တွင် ပန်းတိုဖြင့် ပူဇော်ထားအပ်သော ဘုရားရုပ်ပွားဆင်းတုတော်ကို ဖူးမြော်ရသည်မှာ ရင်တွင်း၌ အေးမြခြင်းအရသာကို ခံစားရပါသည်၊ ရှင်လောင်းအားလုံး နေရာယူပြီးနောက် မကြာခင် ရှင်လောင်းတို့ကို ရှင်ပြုပေးမည့် ဆရာတော်တစ်ပါး ပလ္လင်ပေါ်ကြွရောက် သီတင်းသုံးတော်မူပါသည်၊ နောက်မှ ဇေယျဝတီဆရာတော် ဥုးသာသန ဖြစ်ကြောင်း သိရပါသည်။

http://www.dhammadownload.com

ရှင်လောင်းအားလုံးကို ဆောင့်ကြောင့်ထိုင်စေကာ သင်းပိုင် ဇကသီတို့ကို ခါးပန်းကြိုးဖြင့်ပတ်ဖွဲ့စေ၍ လက်နှစ်ဖက်ဖြင့်ကိုင်စေပြီး သင်္ကန်းကပ် စကားရပ်တို့ကို ပါဠိ-မြန်မာ နှစ်ဘာသာဖြင့် ရွေ့က သူကိုယ်တိုင်ဆိုကာ ရှင်လောင်းတို့ကို နောက်က လိုက်ဆိုစေပါသည်၊ ထို့နောက် သင်္ကန်းကို အားလုံးကပ်စေပြီး သင်္ကန်းတို့ကို သူ့အတန်းလိုက် ခွဲခြားသင်္ကေတပြုပြီး ထားစေပါသည်။

သင်္ကန်းကပ်, သင်္ကန်းတောင်းနှင့် ပတ်သက်၍

သင်္ကန်းတောင်း စကားရပ်တို့ကိုလည်း ပါဠိ, မြန်မာ နှစ်ဘာသာ ဖြင့်ပင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေကာ ဆိုစေပါသည်၊ ထို့နောက် သင်္ကန်းကပ်, သင်္ကန်းတောင်း ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းပြပါသည်။

"မိဘ စသူတို့က ဝယ်ပေးထားလို့ ရှင်လောင်းပိုင်သင်္ကန်း ဖြစ်နေပေမယ့် ဆရာဖြစ်တဲ့ ဘုန်းတော်ကြီးက 'ဝတ်တော့'လို့ ဝတ်ခွင့် မပြုရင် မိမိဘာသာ သင်္ကန်းမဝတ်ကောင်းဘူး၊ ဒါကြောင့် ဒီသင်္ကန်းကပ် သင်္ကန်းတောင်း ဖြစ်ပေါ်လာရတယ်။"

"ဒီသင်္ကန်းကပ်နဲ့ သင်္ကန်းတောင်းကိစ္စဟာ အရေးကြီးတဲ့ကိစ္စ မဟုတ်သေးပါဘူး၊ ဘာမှ အထူးမဆိုဘဲ ဆရာက 'ဝတ်တော့'လို့ ခွင့်ပေးလိုက်ရင် ကိုယ့်ဘာသာ ဝတ်ကောင်းပါတယ်၊ ဒါကြောင့် ဒီသင်္ကန်းကပ် သင်္ကန်းတောင်း စကားရပ်တို့ကို မြန်မာလို ဆိုနိုင်တယ်ဆိုတာကို မှတ်ထားကြပါ။"

ထိုသို့ရှင်းပြပြီးနောက် ရှင်လောင်းများကို အကျိ, ပုဆိုးအဝတ်နှင့် သင်္ကန်းကို ပြောင်းလွဲဝတ်စေကာ ခါးပန်းကြိုး ပတ်စေပါသည်၊ ရဟန်းတော်များက သင်းပိုင် ဇကသီတို့ကို ကူညီ၍ ဝတ်ပေးကြပါသည်၊ သင်းပိုင် ဇကသီ ကိုယ်စီဝတ်ပြီးကြသောအခါ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြရပြီး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီကာ ရှင်အဖြစ်ကိုတောင်းသည့် စကားတို့ကို ပါဠိဘာသာဖြင့် (၃)ကြိမ်၊ မြန်မာဘာသာဖြင့်တစ်ကြိမ် ဆရာတော်က ရွေ့က ဆိုပေး၍ ရှင်လောင်းများက နောက်က လိုက်ဆိုကြရပါသည်။

မြန်မာလိုတောင် ဆိုကောင်းသတဲ့

သရဏဂုံသုံးပါးနှင့် ဆယ်ပါးသီလကိုတောင်းသည့် စကားရပ်တို့ကို

http://www.dhammadownload.com

ပါဠို, မြန်မာ နှစ်ဘာသာဖြင့်ပင် ဆက်၍ လိုက်ဆိုကြရပါသည်၊ ထို့နောက် နမောတဿ ဘုရားရှိခိုးဖြင့် (၃)ကြိမ် ပါဠိလို ရွတ်ဆိုရှိခိုးကြရပါသည်၊ မြန်မာလိုလည်း လိုက်ဆိုကြရပါသည်။

ဤသရဏာဂုံနှင့် သီလတောင်း, ဘုရားရှိခိုးတို့နှင့်စပ်၍ မှတ်သားဖွယ်ရာများကို မိန့်ကြားတော်မူသည်မှာ ...

"ယခုခေတ်မှာ သရဏာဂုံမယူမီ ဆိုနေကြတဲ့ သရဏာဂုံ, သီလတောင်းနဲ့ ဘုရားရှိခိုးတဲ့စကားရပ်တွေဟာ ပါဠိတော် အဋ္ဌကထာတွေမှာ တိုက်ရိုက်လာတဲ့ ဒကားတွေတော့ မဟုတ်ပါဘူး၊ ရှေးဆရာတော်တွေ သင့်တော်အောင် စီစဉ်ထားတဲ့ စကားတွေသာ ဖြစ်တယ်၊ ဒါကြောင့် အဲဒီစကားရပ်တွေကို ပါဠိလိုမဆိုဘဲ မြဲန်မာလိုလည်း ဆိုနိုင်တယ်၊ မြန်မာလိုပင် ဆိုကောင်းသေးတော့ ဌာန်ကရိဏ်းကျနဖို့လည်း အရေးမကြီးသေးပါဘူး။"

"ကိုရင်လောင်းတို့... ယခုအချိန်အထိ ကိုရင်မဖြစ်ကြသေးဘူး" တဲ့။

သင်္ကန်းအဝတ် ပြောင်းဝတ်လိုက်၍ ကိုရင်အသွင်ရှိနေသော ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ကိုရင်ဖြစ်သွားပြီးဟုသာ ထင်မှတ်နေမိပါသည်၊ ဆရာတော်စကားကို ကြားလိုက်ရသောအခါမှ ကျွန်တော့်အထင် မှားလေပြီဟု သိလာရပါသည်၊ သင်္ကန်းဝတ်ထားပါလျက် ဘာကြောင့်များ ကိုရင်မဖြစ်သေးပါလိမ့်ဟု အတွေးဝင်နေစဉ်မှာပင် ...

ကိုရင်ဖြစ်ချိန်

ဆရာတော်က ဆက်လက် မိန့်ကြားတော်မူပါသည် ...

"ယခုလို သင်္ကန်းအဝတ်ပြောင်းလိုက်ရုံနဲ့ ကိုရင်မဖြစ်သေးဘူး၊ ယခုရွတ်ဆိုတော့မည့် သရဏာဂုံသုံးပါးကို ဆရာရောတပည့်ပါ ပီပီသသ ရွတ်ဆိုနိုင်မှ ကိုရင်ဖြစ်တယ်၊ ကိုရင်ကသာ ပီသပြီး ဆရာက မပီသလျှင်, ဆရာကသာ ပီသပြီး တပည့်က မပီသလျှင် ကိုရင်စစ်စစ် မဖြစ်ဘူး၊ 'တတိယမွိ သံဃံ သရဏံ ဂစ္ဆာမိ'လို့ ဆိုလို့ 'မိ'ဆိုတဲ့ စကားလုံးလည်း ဆုံးရောကိုရင်လဲ ဖြစ်ရောပဲ၊ အဲဒီအချိန်ရောက်မှ ကိုရင်ဖြစ်တယ်၊ သရဏာဂုံသုံးပါးပီသအောင် ဆိုနိုင်မှ ကိုရင်ဖြစ်တယ်၊ မဆိုနိုင်ရင် မဖြစ်ဘူး။"

http://www.dhammadownload.com

"ဗုဒ္ဓံ၌ ံ, ဓမ္မံ၌ ဓမ်, သံဃံ၌ ဃံ, ဂစ္ဆာမိ၌ ဆာ၊ ဒီစကား (၄)လုံးကို အသံပြင်းပြင်း (မြည်မြည်)နဲ့ ဆိုရမယ်၊ ကျန်တဲ့ စကားတွေကိုတော့ ပုံမှန်အသံနဲ့ ဆိုရမယ်၊ ဘုန်းကြီး ရှေ့ကဆိုပေးမယ်၊ ရှေ့က ဘုန်းကြီးဆိုတဲ့အတိုင်း နောက်ကလိုက်ဆိုကြ"ဟု ပြောသဖြင့် ရှေ့က ဆိုပေးသည့်အတိုင်း လိုက်ဆိုကြပါသည်။

"ကိုင်း... သရဏဂုံသုံးပါးကို ပီသအောင်ဆိုနိုင်ကြလို့ ကိုရင်ဖြစ်သွားကြပြီ၊ ကိုရင်ဝတ်တဲ့နေရာမှာ အရေးကြီးတဲ့အချက် (၃)ချက် ရှိတယ်၊ (၁) ဦးခေါင်းရိတ်ရတယ်၊ (၂) သင်္ကန်းဝတ်ရတယ်၊ (၃) သရဏဂုံသုံးပါး ပီသအောင် ရွတ်ဆိုရတယ်တဲ့၊ ကိုရင်တို့မှာ ဦးခေါင်းလဲ ရိတ်ထားကြပြီ၊ သင်္ကန်းလဲ ဝတ်ပြီးကြပြီ၊ သရဏဂုံသုံးပါးကိုလဲ ပီသအောင် ရွတ်ဆိုပြီးကြပြီ၊ ဒါကြောင့် ကိုရင်ဖြစ်သွားကြပြီ။"

အဘွားဆန္ဒ ပြည့်ဝလေပြီ

ဆရာတော်၏ ဤရှင်းပြချက်များကို ကြားရသောအခါ အဘွားပြောပြဘူးသော "ရာဟုလာ ရှင်ပြုနည်းဖြင့် ရှင်ပြုပေးချင်တယ်"ဟူသော စကားကို သတိရမိပါသည်။

အဘွားက ရာဟုလာရှင်ပြုနည်းကို ရှင်းပြထားသဖြင့် မှတ်သားနေမိပါသည်။

"ငါ့မြေး... ဘုရားရှင်က ရွှေအိုးကြီးလေးလုံး အမွေတောင်းလာတဲ့သူသားတော် ရာဟုလာကို လောကုတ္တရာအမွေပေးရန် ရှင်ပြုပေးဖို့ ကျောင်းကို ခေါ်ခဲ့တယ်၊ ဘယ်အလှူမဏ္ဍပ်, ဘယ်ဆိုင်းတွေ, ဘယ်ဗုံတွေ၊ ဘယ် ရှင်လောင်းလှည့်ဘာ၊ ဘယ်ပွဲ၊ ဘယ်အသံချဲ့စက်မှ မပါဘူး၊ ဘာမှ အကုန်အကျ မရှိဘူး၊ ဘာပကာသနမှလဲ မပါဘူး၊ လွယ်လွယ်ကူကူနဲ့ပဲ ရှင်ဖြစ်ခဲ့တယ်" တဲ့။

ယခု ကိုရင်၏ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ကိုရင်ဝတ်ရသည်မှာလည်း ဘယ်အလှူမဏ္ဍပ်မှ မထိုးခဲ့ရပါ၊ ဘယ်ဆိုင်း, ဘယ်ဗုံမှ မပါပါ၊ ဘယ်ရှင်လောင်းလှည့်တာ, ဘယ်ပွဲ, ဘယ်အသံချဲ့စက်မှ မပါခဲ့ပါ၊ ဧည့်ပရိသတ်တို့အား ဧည့်ခံရေး, ကျွေးမွေးရေး, မလုပ်ရပါ၊ ဘာ ပကာသနမှ

http://www.dhammadownload.com

မပါဘဲ အကုန်အကျ သက်သာစွာဖြင့် ရှင်သာမဏေဖြစ်လာရသည့်အတွက် ရာဟုလာရှင်ပြုနည်းဖြင့် ရှင်ပြုပေးချင်သော အဘွား၏ဆန္ဒသည် ပြည့်ဝခဲ့လေပြီဟု အတွေးအမျှင် တန်းနေရာ ဆရာတော်ဆက်လက် မိန့်ကြားတော်မူအပ်သော စကားများကြောင့် တန်းနေသောအတွေးအမျှင်မှာ ပြတ်သွားပါတော့သည်။

ကြားဖူးသည်နှင့်မတူပါ

"ဒီသရဏဂုံသုံးပါးယူလို့ ကိုရင်ဖြစ်သွားရင် ဆယ်ပါးသီလ အထူးဆောက်တည်နေစရာ မလိုတော့ဘူး၊ အလိုလို ဆောက်တည်ပြီးသား ဖြစ်သွားတယ်၊ ဥပမာ–သိမ်အတွင်းမှာ ရဟန်းဖြစ်လျှင်ဖြစ်ချင်း ဝိနည်းသိက္ခာပုဒ်တော်အားလုံး အထူးမဆောက်တည်ရဘဲ အလိုလိုဆောက်တည်ပြီးဖြစ်သွားတော့သလိုပဲ၊ ဒါပေမယ့် ဆယ်ပါးသီလကို သိမှ အဓိပ္ပာယ်နားလည်ထားမှ လိုက်နာလို့ ရပါမယ်၊ ဒါကြောင့် ဘုန်းကြီးက ရှေ့က ဆိုပေးမယ်၊ နောက်က လိုက်ဆိုကြ"ဟု ပြောပြီး ပါဠိလိုရော မြန်မာလိုပါ ဆိုပေးပါသည်၊ ကိုရင်အားလုံး လိုက်ဆိုကြရပါသည်။

ဆယ်ပါးသီလကို ဆရာတော်က ရှေ့ကဆိုပေးရာတွင် ကိုရင်ကြားဘူး သိဘူးသည်နှင့်မတူပဲ ထူးခြားနေတာတွေ ပါနေပါသည်၊ "ပါဏာတိပါတာ ဝေရမဏိ"ဟုသာ ဆိုပြီး "သိက္ခာပဒံ သမာဒိယာမိ"ဟူသော စကားလုံးကို ထည့်မဆိုရခြင်း၏ အကြောင်းကို သိလိုစိတ်ပြင်းပြနေစဉ် ဆရာတော်သည် ကိုရင်၏စိတ်ကို သိနေသည့်အလား ထိုအကြောင်းကို မိန့်ကြားတော်မူပါသည်။

"သရဏဂုံသုံးပါး ယူလိုက်ရင် ကိုရင်တွေက လူတွေလို ဆယ်ပါးသီလကို တမင်ဂိလာ ဆောက်တည်နေစရာ မလိုတော့ဘူး၊ ဒါကြောင့် 'သိက္ခာပဒံ သမာဒိယာမိ' (သိက္ခာပုဒ်ကို ဆောက်တည်ပါ၏)ဟူသော စကားကို ထည့်ဆိုစရာ မလိုတော့ဘူး၊ 'ဝေရမဏိ'ဆိုတဲ့ စကားတွင်ပဲ ရပ်ထားရမယ်"။

"ဆယ်ပါးသီလရှိရာ ရှေ့ငါးပါးထဲမှ တစ်ပါးပါးကို ကျူးလွန်ရင် ကိုရင်အစစ်မဟုတ်တော့ဘူး ယူထားတဲ့ သရဏဂုံပျက်သွားတယ်၊ သင်္ကန်းဝတ်နဲ့နေပေမယ် သရဏဂုံ မတည်တော့ဘူး၊ ဒါကြောင့် ပြောဆိုဆုံးမလို့ ရမယ့်သူ

http://www.dhammadownload.com

မဟုတ်ရင် လူဝတ်လဲစေပြီး ကျောင်းမှ နှင်ထုတ်ရတယ်၊ ပြောဆိုဆုံးမလို့ ရလောက်သူဆိုရင်တော့ လူဝတ်မလဲပဲ ချက်ချင်း သရဏဂုံကပ်ယူစေရမယ်"။

"နောက်ငါးပါးကို ကျူးလွန်ရင်တော့ ဒဏ်ပေးခံရတယ်၊ ရေခပ်ခြင်း, သဲသယ်ခြင်း, အမှိုက်ရှင်းခြင်းစတဲ့ ဒဏ်တွေ ထမ်းရတယ်"။

ဆရာတော်ကြီးကို ကန်တော့ကြမည်

"ဥပဇ္ဈာယ်ကိုတော့ ဆရာတော်ဘုရားကြီးထံ ယူကြရမယ်၊ ဆရာတော်ဘုရားကြီးက မလေးရှားနိုင်ငံမှာ ခွဲခဲ့တဲ့ မျက်စိနှစ်လုံးကို ပြန်လည်ပြသဖို့ မလေးရှားနိုင်ငံသို့ ခရီးကြွသွားတယ်၊ ဓမ္မဂုဏ်ရည်ကို ပြသပေးဖို့လဲ ပါပါတယ်၊ ဒီနေ့ညနေ (၄)နာရီခွဲလောက် ရောက်မယ်၊ (၅)နာရီလောက် ဆရာတော်ကြီးကို ကိုရင်တွေရော သိက္ခာရှင်တွေပါ ကန်တော့ကြမယ်၊ ကိုရင်တွေက ဥပဇ္ဈာယ်လဲ ယူကြမယ်၊ ကိုင်း...ကိုယ့်နေရာကို ပြန်နိုင်ကြပြီ၊ တန်းစီပြီး ငြိမ်ငြိမ်သက်သက် ကွန်ဒြိုရှိရှိ သွားကြရမယ်၊ ရှေ့တန်းကစ၍ တစ်တန်းစီထပြီး ပြန်ကြရမယ်၊ ရှေ့ဆုံးတန်းက စ,ထကြ။"

ကိုရင်အားလုံး တန်းစီပြီး ကိုယ့်နေရာအသီးသီးသို့ ပြန်လာကြပါသည်၊ မိနစ် (၃၀)လောက်နားပြီး ဆရာတော်ကြီးကို ကန်တော့ဖို့ လက်ကန်တော့တင်ကြရပါသည်၊ ရဟန်းတော်များနှင့် ကိုရင်ဟောင်းကြီးများက တင်ပေးကြပါသည်၊ ငယ်စဉ်ကြီးလိုက် တန်းစီ၍ကြွရပြီး ဆွမ်းစားကျောင်း လှေကားခုံတွင် ဖိနပ်ကိုညီညာစွာ တန်းစီချတ်၍ ဘယ်ဘက်ပခုံးပေါ် ညီညာသပ်ရပ်စွာ တင်လာသော နေရာထိုင်ကို ခင်းကာ တစ်တန်းချင်း ထိုင်ကြရပါသည်၊ ရှေ့နောက် ဝဲယာ ညီနေရအောင် ရဟန်းတော်များက ညှိပေးကြပါသည်။

ဆရာတော်ကြီး ကွလာပြီ

သင်တန်းအတွင်းရေးမှူး (အရှင်ဉာနဇောတာဘိဝံသ)က မိုက်ဖြင့် အသိပေးကြေညာပါသည်။

"ဆရာတော်ကြီး ကွလာပါပြီ၊ အားလုံး လက်အုပ်ချီထားကြပါ၊ ဆရာတော်ကြီး ပလ္လင်ပေါ်မှာထိုင်ပြီးလျှင် ကိုရင် သိက္ခာရှင်တို့နဲ့ လာရောက်ကြသည့် ပရိသတ်အပေါင်းက သြကာသဖြင့် ကန်တော့ကြပါမယ်၊ ဆရာ

http://www.dhammadownload.com

တော်ကြီးက ဆုပေးပြီးနောက် ကိုရင်တို့က ဥပဇ္ဈာယ်ယူကြရပါမယ်၊ ဥပဇ္ဈာယ်ယူပုံကို ဥုံးပဥ္စင်းက ရှေ့ကဆိုပေးမယ်၊ ကိုရင်တို့က နောက်က လိုက်ဆိုကြပါ။"

ဆရာတော်ကြီး ဆွမ်းစားကျောင်းပေါ်သို့ ကြွလာပါပြီ၊ တစ်ဖက် လက်ကန်တော့တင်ပြီး ထန်းရွက်ယပ်တောင်ကို ကိုင်လာပါသည်၊ မျက်မှန် တပ်လာပါသည်၊ ဆရာတော်ကြီး၏အရပ်တော်မှာ (၅)ပေ (၄)လက်မ လောက် ရှိလိမ့်မည်ထင်ပါသည်၊ ခုံညားတည်ကြည်သော မျက်နှာတော်ဖြင့် ပရိသတ်ကို ခေတ္တာရပ်ကာ ရှုစားတော်မူပါသည်၊ ဘုရားစင်ပေါ်မှာရော ဘုရားစင်အောက်မှာပါ ဆွမ်းစားကျောင်းကြီး တစ်ကျောင်းလုံးပြည့်ကြပ်နေသော တပည့်ပရိသတ်, ကိုရင် သိက္ခာရှင် (၃၀၀)ကျော်တို့ကို မြင်တွေ့ရ၍ အားရ ကျေနပ်တော်မူနေဟန် တူပါသည်၊ ပလ္လင်ရှိရာသို့ ညင်သာ ဖြေးညင်းစွာ ကြွတော်မူပြီး ပလ္လင်ပေါ်မတက်မီ ကိုင်လာသော ယပ်ကို ပလ္လင်ပေါ်တင်ကာ ရပ်လျက် ဘုရားဝတ်ပြုပြီးမှ ပလ္လင်ပေါ်တက်ပါသည်။

ကန်တော့ပြီး ဥပဇ္ဈာယ်ယူကြသည်

တင်ပလ္လင်ခွေထိုင်ပြီးသောအခါ ကိုရင်ကြီးတစ်ပါးက "ပထမအကြိမ်ပါ ဘုရား"ဟု အားလုံးကြားလောက်အောင် ကျယ်မြည်သောအသံဖြင့် ဦးချဖို့ အချက်ပေးနှိုးဆော်လိုက်ပါသည်၊ ထိုအခါ ကိုရင်များ သိက္ခာရှင်များ တညီတညာတည်း ဦးချကြပါသည်၊ "ပြန်ထိုင်ပါဘုရား"ဟု ထိုကိုရင်ကြီးက အသံမပြုချင်း ဦးချ၍ဝပ်နေကြရပါသည်၊ ကိုရင်ကြီးက "ပြန်ထိုင်ပါဘုရား"ဟု အချက်ပေးမှ တညီတညာတည်းပင် ပြန်ထိုင်၍ လက်အုပ်ချီကြရပါသည်၊ "ဒုတိယအကြိမ်ပါဘုရား"၊ "တတိယအကြိမ်ပါဘုရား"ဟု အချက်ပေးက ဒုတိယ တတိယအကြိမ် ဦးချ၍ "ပြန်ထိုင်ပါဘုရား"ဟု အချက်ပေးသောအခါ ပြန်ထိုင်ကြရပါသည်။

ပြန်ထိုင်ပြီး ဥပဇ္ဈာယ်ယူရန် အတွင်းရေးမှူးက ရှေ့ကဆိုပေး၍ ကိုရင်တို့က နောက်ကလိုက်ပြီး "ဥပဇ္ဈာယော နော ဘန္တေ ဟောဟိ"ဟု (၃)ကြိမ်ဆိုပြီး "အရှင်ဘုရား... အရှင်ဘုရားသည် ဘုရားတပည့်တော်တို့၏ အပြစ်ကြီးအပြစ်ငယ်ကို ကြည့်ရှု၍ဆိုဆုံးမသော ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါ

http://www.dhammadownload.com

အရှင်ဘုရား”ဟု မြန်မာလို ဆိုကြရပါသည်၊ ထို့နောက် ဆရာတော်ကြီးက “ပါသာဒိကေန သမ္မာဒေထ၊ ပါသာဒိကေန–ကြည်ညိုဖွယ်ကိုဆောင်သောကိုယ်, နှုတ်, စိတ် အမှုအရာဖြင့်၊ သမ္မာဒေထ–သီလ, သမာဓိ, ပညာ သုံးပါးသော သိက္ခာကို ပြည့်စုံစေကြကုန်လော့”ဟု ဆိုပြီးသောအခါ ကိုရင်များက “အာမ ဘန္တေ”ဟု ဆိုကြရပါသည်။

နှုတ်ဆက်ညြဝါဒစကား

ထို့နောက် ဆရာတော်ကြီးက နှုတ်ဆက်ညြဝါဒစကား မိန့်ကြားတော်မူပါသည်၊ “လေယာဉ်ကွင်းမှာ လာကြိုသူတွေက လျှောက်ထားကြလို့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသားတွေဟာ (၃၀၀)ကျော်တောင် ရှိနေတယ်ဆိုတာ သိရတယ်၊ ဗုဒ္ဓယဉ်ကျေးမှု လိုလားသူတွေများလို့ ဝမ်းသာရပါတယ်၊ နေရာက မပြည့်စုံသေးလို့ နေရာအတွက် အခက်တွေ့မှာကိုသာထည့်စဉ်းစားရပါတယ်၊ မနှစ်ကတော့ သင်တန်းသား (၁၅၀)ကျော်လောက်ရှိတယ်၊ ဒီနှစ်တော့ ထက်ဝက်ကျော်တောင် ပိုလာတယ်။”

သာသနာမှ မိခင်နှင့်နို့ထိန်းများ

“လောကမှာ မိဘများဟာ သားသမီးရဲ့ အပြစ်ကြီးအပြစ်ငယ်တွေကို အမြဲ ကြည့်ရှုဆုံးမကြရတယ်၊ ဗုဒ္ဓမြတ်စွာ သာသနာ့တော်မှာလဲ ဥပဇ္ဈာယ်ဆရာဟာ တပည့်တွေရဲ့ အပြစ်ကြီးအပြစ်ငယ်တွေကို အမြဲကြည့်ရှုဆုံးမရတယ်၊ မိဘများဟာ သားသမီးတွေ မွေးပြီး မဆုံးမဘဲ ပစ်ထားရင် မိဘတွေမှာ တာဝန်မကျေဘူး၊ သာသနာမှာလဲ ဥပဇ္ဈာယ်ဆရာက တပည့်တွေ မွေးပြီး မဆုံးမဘဲပစ်ထားရင် ဥပဇ္ဈာယ်ဆရာမှာ တာဝန်မကျေဘူး၊ ဘုန်းကြီးက ကိုရင်တို့, သိက္ခာရှင်တို့ရဲ့ ဖခင်ဆိုလဲ ဟုတ်တယ်၊ မိခင်ဆိုလဲ ဟုတ်တယ်၊ မိခင်ဟာ ကိုယ့်သားသမီးကို နို့ချိုတိုက်ကျွေးရမယ့် အချိန်မှာ နို့ချိုမှန်မှန်တိုက်ကျွေးရတယ်၊ အစာစားနိုင်ချိန်မှာ အစာမှန်မှန် ကျွေးပေးရပါတယ်၊ ဒါမှ သားလေးသမီးလေးတွေဟာ သန်မာထွားကျိုင်းတဲ့သူလေးတွေ ဖြစ်လာမယ်။”

“သားသမီးတွေကများလို့ မိခင်တစ်ယောက်တည်း နို့ချိုနဲ့ အစာ

http://www.dhammadownload.com

အာဟာရကို ပြည့်ဝလုံလောက်အောင် မတိုက်ကျွေးနိုင်ဘူးဆိုရင် နို့ထိန်းနဲ့ လွဲပေးရပါတယ်၊ ဒီမှာလဲပဲ မိခင်နဲ့တူတဲ့ ဘုန်းကြီးတစ်ပါးတည်း ကိုရင် သိက္ခာရှင်တို့ကို ဗုဒ္ဓယဉ်ကျေးမှု နို့ချိုအာဟာရတို့ ပြည့်ဝလုံလောက်အောင် မတိုက်ကျွေးနိုင်ပါဘူး၊ ဒါကြောင့် နို့ထိန်းနဲ့တူတဲ့ နာယကဆရာတော်များ ဝန်ဆောင်အရှင်မြတ်များကလဲ တိုက်ကျွေးကြပါလိမ့်မယ်၊ သူတို့ရဲ့ဆုံးမ စကားတွေကိုလည်း ဘုန်းကြီးရဲ့ ဆုံးမစကားတွေလိုပဲ သဘောထားကြရမယ်၊ ကိုရင်တို့ သိက္ခာရှင်တို့ကို ဆရာများက မေတ္တာ, ကရဏာ ရှေ့ထားပြီး ဗုဒ္ဓယဉ်ကျေးမှု နို့ချိုအာဟာရတွေကို တိုက်ကျွေးပေးကြပါလိမ့်မယ်။"

မျိုးဆက်သစ်ကောင်းတစ်ခု ဖြစ်လာအောင်

"ဗုဒ္ဓယဉ်ကျေးမှု နို့ချိုတွေ အာဟာရတွေကို သောက်သုံးပြီး ဗုဒ္ဓယဉ်ကျေးမှု သန်မာထွားကျိုင်းတဲ့ ကလေးတွေဖြစ်အောင် ကြိုးစားကြရမယ်၊ ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့လက်တွေ့ လိုက်နာကြရမယ်၊ ကိုရင်တို့ သိက္ခာရှင်တို့ သာသနာ့ဘောင်မှာ ဆက်လက်ပြီး ပျော်ချင်လဲပျော်သွားမယ်၊ မပျော်လို့ လူထွက်သွားတောင် ဥပါသကာကောင်း ဥပါသိကာမကောင်းလေးတွေ ဖြစ်ကြမယ်၊ အရွယ်ရောက်လို့ အိမ်ထောင်ကျပြီး သားသမီးတွေ ရလာကြရင် ကိုယ့်သားသမီးလေးတွေကို ဗုဒ္ဓယဉ်ကျေးမှု အငွေ့ဓာတ်, အလေ့ဓာတ်, အတွေ့ဓာတ်တွေ ပေးကြရမယ်၊ ကိုယ့်သားသမီးလေးတွေက သူတို့သားသမီးလေးတွေကို တစ်ဆင့်ပြန်ပြီး လက်ဆင့်ကမ်းကြလိမ့်မယ်၊ အဲဒီလိုအားဖြင့် သားမြေးစဉ်ဆက် မျိုးဆက်သစ်ကောင်းတစ်ခု ဖြစ်လာအောင် ကြိုးစားကြရမယ်၊ ကြိုးစားနိုင်ကြပါစေ... လို့ တိုက်တွန်းပြီး နိဂုံးချုပ်လိုက်ပါတယ်။"

နက်ဖြန်အတွက် မှာကြားချက်

ကိုရင်, သိက္ခာရှင်တို့နှင့် လာရောက်ကြသော ပရိတ်သတ်အပေါင်းသည် သာဓုသုံးကြိမ် ခေါ်ကာ ဆရာတော်ကြီး၏ နှုတ်ဆက်ညဝါဒစကားကို ခံယူခြင်းကိစ္စ အဆုံးသတ်လိုက်ပါသည်၊ ဆရာတော်ကြီး စံကျောင်းသို့ ပြန်လည် ကြွရောက်တော်မူပြီးနောက် သင်တန်းအတွင်းရေးမှူး အရှင်ဉာနုဇ္ဇောတာဘိဝံသက ရှေ့ဆက်လုပ်ရမည့် အစီအစဉ်လေးကို ပြောပြပါသည်။

http://www.dhammadownload.com

"ကိုရင်တို့, သိက္ခာရှင်တို့ .. နက်ဖြန် မွန်းလွဲ (၃)နာရီတိတိမှာ သင်တန်းဖွင့်ပွဲ စတင်ပါမယ်၊ ကိုရင်တို့ သိက္ခာရှင်တို့က ငယ်စဉ်ကြီးလိုက် တန်းစီပြီးလာခဲ့ကြရမယ်၊ ကိုရင်တွေက (၂)နာရီ (၁၅)မိနစ်မှာ လက်ကန်တော့တင်ခြင်း, နေရာထိုင်ကို ဘယ်ဘက်ပခုံးပေါ် ညီညာသပ်ရပ်စွာ တင်ခြင်းတို့ကို အဆင်သင့်ဖြစ်အောင် လုပ်ကြရပါမယ်၊ ကိုရင်တွေပြီးရင် သိက္ခာရှင်တွေက လာကြရမယ်၊ နက်ဖြန်နံနက် (၃:၃၀)နာရီမှာ အိပ်ယာထပြီး ဘုရားဝတ်တက်ကြရပါမယ်၊ ကိုရင်တွေက သင်တန်းဆောင်တဲကြီးထဲမှာ သိက္ခာရှင်တွေက အမျိုးသမီးဆောင်စင်္ကြံဆောင်မှာ ဘုရားဝတ်တက်ကြရပါမယ်၊ ပေးထားသော ဘုရားရှိခိုး စာအုပ်လေးတွေကို ကိုယ်စီကိုယ်စီ ယူခဲ့ကြရပါမယ်၊ ဇွန်း, ခက်ရင်း, လက်သုတ်ပုဝါ, မတ်ခွက်တွေကိုလည်း ကိုယ်စီကိုယ်စီ ယူခဲ့ကြရမယ်၊ ဘုရားရှိခိုးစာအုပ်ကို ကြည့်ပြီး ဘုရားရှိခိုးကြရပါမယ်၊ ကိုရင်တွေက နက်ဖြန် အရဏ်ဆွမ်း စားပြီးရင် သင်တန်းဆောင် တဲကြီးထဲမှာ သင်္ကန်းဝတ်သင်ကြရပါမယ်" တဲ့။

ဘဝကလဲ အသစ်၊ နေရာကလဲ အသစ်မို့

သင်တန်းအတွင်းရေးမှူး (အရှင်ဓမ္မိကာဘိဝံသ)က သင်တန်းသားတို့ လိုက်နာရမည့် စည်းကမ်းချက် (၃၀)ကို ဖတ်ကြားရှင်းလင်းပြပါသည်၊ ထိုစည်းကမ်း စာရွက်ကိုလည်း သင်တန်းသားတိုင်းအား ပေးထားပြီး ဖြစ်နေပါသည်၊ ထိုစည်းကမ်း (၃၀)ကို သင်တန်းကာလ (၄)ပတ်တွင် ရှေ့ (၃)ပတ်၌ (၁၀)ခုစီခွဲကာ လေ့ကျင့်ခန်း စာမေးပွဲမေးခွန်းမှာ ထည့်၍ မေးမည်ဖြစ်ကြောင်းကိုလည်း ပြပါသည်၊ စည်းကမ်းများ စာရွက်ထဲတွင်သာမက နှလုံးသားထဲထိ ရောက်၍ လက်တွေ့အထိရောက်ရန် ရည်ရွယ်ဟန်တူပါသည်။

စည်းကမ်းချက်(၃၀) ရှင်းပြပြီးနောက် ရှေ့ဆုံး ကိုရင်ငယ်လေးတွေ၏ အတန်းမှစ၍ တစ်တန်းပြီးမှ တစ်တန်း ထကာ သင်္ကန်းညီညာစွာဝတ်ပြီး နေရာထိုင်ကို ညီညာသပ်ရပ်စွာ ခေါက်၍ ဘယ်ဘက်ပခုံးပေါ် အစွန်း(၂)ဖက် ညီအောင်တင်ပြီး ဣန္ဒြေရိရှိ ငြိမ်သက်စွာ ပြန်ခဲ့ကြရပါသည်၊ နေရာကလဲ အသစ်, ဘဝကလဲ အသစ်မို့ စိတ်ထဲမှာခံစားရတာ သာယာကြည်နူးမိသော်လည်း နေသားမကျ, အချိုးမကျ ဖြစ်နေပါသေးသည်၊ ရိပ်သာတွင်းနှင့်

http://www.dhammadownload.com

ရိပ်သာအပြင်မှာ ကားတွေပြည့်ညပ်နေသလို ကိုရင်, သီကျွောရှင်တို့၏ မိဘဆွေမျိုးများ, မိတ်ဆွေများလည်း လူးလားလှုပ်ရှားနေကြပေသည်၊ မြင်တွေ့ရသမျှ ကိုရင်တို့ယဲမှာလည်း မိတ်ဆွေရင်းတို့မပါ၊ မျက်နှာစိမ်းသူတို့သာ ဖြစ်နေကြပါသည်၊ တစ်ပါးနှင့် တစ်ပါး မခင်မင် မရင်းနှီးကြသေး၍ ပြောရဆိုရ နေရထိုင်ရသည်မှာ စမ်းတဝါးဝါး ဖြစ်နေပါသည်၊ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်ကာ နေရ၍ လွတ်လွတ်လပ်လပ် သက်သက်သာသာတော့ သိပ်မရှိလှပါ။

ဟောင်းပေမယ့် ကောင်းပါသည်

ကိုရင် နေရသည့် တဲကျောင်းကြီးထဲမှာ အဆောင်မှူး(၂)ပါး ရှိပါသည်၊ (၇)လုံး (၈)လုံးလောက်စီ တင်ထားနိုင်သည့် သောက်ရေအိုးစင် (၂)စင်တွင် ရေအပြည့်ထည့်ထားသော သောက်ရေအိုးဖုံး၊ သောက်ရေခွက်တို့ပါသည့် သောက်ရေအိုးတို့ကို တွေ့ရပါသည်၊ ကိုရင်တို့အဆောင်၏ အနောက်ဘက်တွင် အခန်းလေးခန်းရှိသည့် ဝစ္စကုဋိကို တွေ့ရပါသည်၊ အဆောင်တွင်းတွင် သပိတ်တင်စရာ သပိတ်စင် (၂)ခုနှင့် အမှိုက်စွန့်ပစ်စရာ အမှိုက်ပုံး (၂)ပုံး ရှိနေပါသည်။

အဆောင်ထဲ၌ မြေကြီးပေါ် အုတ်ခဲတွေစီထားပြီး ထိုအုတ်ခဲတွေပေါ်မှာ ဖျာကြမ်းတွေခင်းထားကာ ထိုဖျာကြမ်းပေါ်တွင် ကော်ဇောအနီကြီးတွေ ခင်းထားပါသည်၊ တဲအဆောင်ကြီးမှာ ဝါးထရံကာ၍ ခနီရွက်တို့ဖြင့် မိုးထားပါသည်၊ နွေရာသီရောက်စဖြစ်၍ နေပူလောင်မှုအရှိန် ပို၍ပြင်းလာသော်လည်း ထိုတဲအဆောင်ကြီးက အပူဒဏ်ကို များစွာ အကာအကွယ်ပေးထားသဖြင့် ခန္ဓာကိုယ်ပူအိုက်မှုကို သက်သာစေပါတော့သည်၊ အဆောင်ထဲဝင်လိုက်သော ကိုရင်၏စိတ်ကို အေးမြစေပါသည်၊ တဲအဆောင်ထဲတွင် လေအသွားအလာ လေအဝင်အထွက်ကောင်းသဖြင့် အအေးဓာတ် ပို၍ရပါသည်။

ဖျာကြမ်းတွေအပေါ် ခင်းထားသော အနီရောင်ကော်ဇောကြီးတွေ၏ သစ်လွင်တောက်ပမှုက တဲအဆောင်၏ဟောင်းနွမ်းမှုကို လွှမ်းမိုးထားသယောင် ရှိနေပါတော့သည်၊ ညဝါဒခံယူပြီး၍ တဲအဆောင်ကြီးသို့ ပြန်ရောက်ချိန်မှာ (၆)နာရီ ကျော်နေပေပြီ၊ တစ်နေ့လုံး သွားလာလှုပ်ရှားရသဖြင့်

http://www.dhammadownload.com

ပင်ပန်းနေ၍ ကိုယ့်နေရာတွင် လဲလျောင်းရင်း အနားယူနေပါသည်၊ (၆)နာရီခွဲလောက်တွင် မှောင်စပြုလာပြီဖြစ်၍ အဆောင်တွင်းရှိ မီးချောင်းမီးသီးတို့က အမှောင်ကိုခွင်း၍ အလင်းကို ဆောင်ပေးနေကြလေပြီ၊ ကိုရင့်နေရာ၏ ပတ်ဝန်းကျင်နေရာရှိ ကိုရင်တို့နှင့် စကားစတင်ပြောမိ၍ ရင်းနှီးမှု အစပြုလာပေပြီ၊ (၉)နာရီတွင် ကိုရင်တို့ မီးပိတ်၍ အိပ်ကြရပါသည်။

ခေါင်းထဲက ရီဝေဝေ

ကိုရင်တို့ သင်တန်းသားအားလုံး နံနက် (၃:၃၀)နာရီမှာ အိပ်ရာကထကြရပါသည်၊ အဆောင်မှူးများက ကိုရင်တို့ကို တစ်ပါးမကျန် လိုက်၍နှိုးကြပါသည်၊ ကိုရင်သည် အိမ်၌ နံနက်(၇)နာရီ (၈)နာရီလောက်မှ အိပ်ရာထလေ့ ရှိပါသည်၊ ထို့ကြောင့် (၃:၃၀)နာရီမှာ အိပ်ရာထရသဖြင့် အိပ်ရေး မဝပါ၊ ခေါင်းမူးပြီး ရီဝေဝေဖြစ်နေပါသည်၊ သင်တန်းသားအားလုံး ဤအချိန်တွင် တညီတညွတ်တည်း ထကြရသဖြင့် ကိုရင်အနေဖြင့် မထချင်၍ မထဘဲနေလို့လည်း မရပါ၊ တချို့ကိုရင်များသည် တစ်ခါတည်းသာ နှိုးသွားရုံဖြင့် မထကြပါ။

ကိုရင်ကတော့ တစ်ခါတည်းနှိုးလိုက်ရုံဖြင့် သွက်လက်စွာထ၍ အိပ်ရာကိုသိမ်း ခြင်ထောင်ကိုရုတ်ကာ အိပ်ရာခင်း ခြင်ထောင် ခေါင်းအုံးတို့ကို သပ်ရပ်စွာခေါက်ပြီး ညီညာစွာ ထပ်ဆင့်၍ ထားပါသည်၊ အခြား သင်တန်းသားတို့လည်း ထိုသို့ထားကြရပါသည်၊ တစ်ပတ်လောက် ကြာသောအခါ အဆောင်မှူးတို့က မနှိုးရတော့ဘဲ ကိုရင်ဘာသာ နိုးလာပါတော့သည်၊ တချို့ကမူ ညီအကိုတစ်သိုက် (၄-၅)ယောက်လာ၍ ကိုရင် ဝတ်ကာ သင်တန်းတက်ကြပါသည်၊ အကိုကြီးများက ညီငယ်လေးများကို ဂရုစိုက်၍ နှိုးပေးကြ, အိပ်ရာခြင်ထောင် သိမ်းပေးကြပါသည်။

ဘုရားဝတ်ပြုရာသို့ (၄)နာရီအရောက်

ကိုရင်တို့သည် ဆပ်ပြာခွက်ကိုယူကာ ရေချိုးခန်းသို့ သွား၍ မျက်နှာသစ်ကြပြီးနောက် ခေါင်းရင်း ကြိုးတန်းပေါ်တွင် တင်ထားအပ်သော မျက်နှာသုတ်ပုဝါဖြင့် မျက်နှာသုတ်ပြီး သင်းပိုင်ကိုညီအောင် ပြင်ဝတ်ကြရပါသည်၊

http://www.dhammadownload.com

ထို့နောက် လက်ကန်တော့တင်၍ လက်ဝဲပုခုံးပေါ် နေရာထိုင်ကို သပ်ရပ်ညီညာစွာ ခေါက်တင်ပြီး ဘုရားဝတ်တက် တရားထိုင်ရန် အရပ် အနိမ့်အမြင့် အလိုက် စီတန်းပြီး ဘုရားဝတ်ပြုကျောင်းဆောင်သို့ ဖိနပ်ကို အသံမမြည်စေဘဲ တိတ်ဆိတ်ငြိမ်သက်စွာ သွားကြရပါသည်။

ကိုရင်တို့ကို ထိန်းသိမ်းစောင့်ရှောက်သည့် ရဟန်းတော်များက ကိုရင်အတန်း၏ ရှေ့ပိုင်းရော အလယ်ပိုင်းရော နောက်ပိုင်းရော ကြပ်မတ်လျက် ဘုရားဝတ်ပြု ကျောင်းဆောင်သို့ ခေါ်ဆောင်ခဲ့ကြပါသည်၊ သီကျွာရှင်လေးများကိုလည်း ထိုနည်းတူပင် သူတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြသည့် ဆရာကြီးများက ကြပ်မတ်လျက် သူတို့၏ ဘုရားဝတ်ပြုကျောင်းဆောင်သို့ (၄)နာရီအရောက် ခေါ်ဆောင်ခဲ့ကြပါသည်။

အသံညီညီညာညာဖြင့်

ဘုရားဝတ်ပြုကျောင်းဆောင် အပြင်တွင် တံခါးပေါက်၏ ဘေးတစ်ဖက် တစ်ချက်တို့၌ ဖိနပ်တို့ကို ညီညာစွာ တန်းစီချွတ်ကြရပါသည်၊ ထို့နောက် ကျောင်းဆောင်ထဲတွင် တစ်တန်းစီတန်း၍ နေရာထိုင် ခင်းထိုင်ကြရပါသည်၊ ကိုရင်အငယ်လေးများက ရှေ့အတန်းတွင် နေရာယူကြရပါသည်၊ တန်းစီစဉ်ကပင် ငယ်စဉ်ကြီးလိုက် တန်းစီခဲ့သဖြင့် ကိုရင်ကြီးများကမူ နောက်အတန်းတို့တွင် နေရာယူကြရပါသည်။

ကိုယ့်နေရာ ထိုင်လိုက်လျှင် ရှေ့နောက်ဝဲယာ ညီအောင်ကြည့်၍ ထိုင်ကြရပါသည်၊ နေရာထိုင်ကိုလည်း ဘေးက နေရာထိုင်နှင့်ရော ရှေ့က နေရာထိုင်နှင့်ပါ ညီနေအောင် ခင်းကြရပါသည်၊ အားလုံး နေရာယူပြီးကြသောအခါ ကိုရင်များက သင်တန်းဆောင် တဲကြီးထဲ၌ ဆောင့်ကြောင့်ထိုင် အနေအထားဖြင့် သီကျွာရှင်များက အမျိုးသမီးစကြံဆောင်၌ ပုဆစ်တုပ်ထိုင်ပြီး လက်အုပ်ချီမိုးကာ အသံ ညီညီညာညာဖြင့် ဘုရားရှိခိုးကြပါသည်။

နံနက်ချိန်ခါ ကုသိုလ်အဖြာဖြာ

"နမော ဗုဒ္ဓဿ၊ ဗုဒ္ဓဿ-မြတ်စွာဘုရားသခင်အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား" ဟုဆို၍ ထိခြင်းကြီး ငါးပါးဖြင့် ပထမအကြိမ် ဦးချကြရပါသည်၊

http://www.dhammadownload.com



ကိုရင်များ, သိက္ခာရှင်များ ဘုရားဝတ်တက်နေကြပုံ

http://www.dhammadownload.com

ထို့နောက် ကိုရင်တစ်ပါး (သိက္ခာရှင်တစ်ပါး)က "ပြန်ထိုင်ပါဘုရား" ဟု သင်ကန်းသားများအား လုံး ကြားလောက်အောင် အသံကျယ်ကျယ်ဖြင့် အချက်ပေးလိုက်ပါသည်၊ ထိုအခါမှ အားလုံး တညီတညာတည်း ခေါင်းပြန် ထကြရပါသည်။

လက်အုပ်ချီ၍ မတ်မတ်ထိုင်ပြီးသောအခါ "နမော ဓမ္မဿ၊ ဓမ္မဿ-တရားတော်မြတ်အား၊ နမော-ရှိခိုးပါ၏ဘုရား"ဟုဆို၍ ပထမအကြိမ်နည်းတူ ဦးချ၍ ပြန်ထိုင်ကာ "နမော သံဃဿ၊ သံဃဿ-သံဃာတော်မြတ်အား၊ နမော-ရှိခိုးပါ၏ အရှင်ဘုရား" ဟု ဆို၍ ဦးချပြီး လက်အုပ်ချီ၍ ပြန်ထိုင်ကာ မဟာစည် သြကာသ ကန်တော့ခန်း၊ ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုး (၅)ပုဒ် ပါဠိနှင့်အနက်၊ ဘုရားဂုဏ်တော် (၉)ပါး၊ တရားဂုဏ်တော် (၆)ပါး၊ သံဃာ့ဂုဏ်တော် (၉)ပါး ပါဠိနှင့်အနက် (မဟာစည်မူ)တို့ကို ရွတ်ဆိုရှိခိုးပြီး ပစ္စည်းလေးပါး (ပစ္စဝေက္ခဏာ)ဆင်ခြင်ပုံ အကျဉ်းလက်စ်ကို ဖြည်းဖြည်းနှင့် သုံးခေါက်ရွတ်ဆို ဆင်ခြင်ကာ မဟာစည်ဆရာတော်ကြီး ဖွဲ့သီအပ်သော မေတ္တာပို့သံပေါက် (၁၆)ပုဒ်ဖြင့် တစ်ပုဒ်လျှင် (၂)ကြိမ် ဆိုကာ မေတ္တာပို့ကြရပါသည်၊ မေတ္တာသံပါအောင် ဖြည်းဖြည်းနှင့်မှန်မှန် ဆိုကြရပါသည်။

ထို့နောက် ကုသိုလ်တွေ၏အဖို့ကို မျှဝေကြပါသည်၊ သာဓုသုံးကြိမ် ခေါ်ပြီး "ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ"ကို အနက်နှင့်တကွ ဆို၍ ဦးသုံးကြိမ် ချကြရပါသည်၊ ထို့နောက် တရားရှုမှတ်ပုံအကျဉ်းပြ လက်စ်တို့ကို ရွတ်ဆိုပြီး တရားရှုမှတ်ကြရပါသည်၊ လေကိုရှူသွင်းလိုက်လို့ ဖောင်းတက်လာတဲ့ ဝမ်းဗိုက်ကို စိတ်ဖြင့်ကြည့်လျက် စိတ်ထဲမှာ "ဖောင်းတယ်"ဟု ရွတ်ဆိုပြီး မှတ်ရပါသည်၊ ရှူသွင်းထားတဲ့လေကို ရှိုက်ထုတ်လိုက်လို့ ပိန်ကျသွားတဲ့ ဝမ်းဗိုက်ကို "ပိန်တယ်"ဟု မှတ်ရပါသည်၊ စိတ်ကူးမျိုးစုံ စသည်ပေါ်လာလျှင် "စိတ်ကူးတယ်" စသည်ဖြင့် မှတ်ရပါသည်။

တရားရှုမှတ်ပြီးသောအခါ ကိုရင်တို့ သိက္ခာရှင်တို့ သွားလာပုံ၊ နေထိုင်ပုံ၊ စားသောက်ပုံ၊ သက်ိန်းဝတ်ပုံ၊ သပိတ်ကိုင်ပုံ၊ စကားပြောပုံ၊ ဆက်ဆံပုံ၊ ပစ္စည်းတွေသုံးစွဲပုံ၊ သိမ်းဆည်းပုံ စသည့်ဆောင်ဖွယ် ရှောင်ဖွယ်များနှင့် စပ်၍ လိုအပ်သည်များရှိလျှင် သင်တန်းဆရာတစ်ပါးက ဆုံးမညွှန်ကြားပါသည်။

http://www.dhammadownload.com

ကြက်သီးတဖြန်းဖြန်း ထမိသည်

ထိုဘုရားရှိခိုးစာများကို လက်လွှတ် မရွတ်ဆိုနိုင်သေးပါ၊ ထို့ကြောင့် ဘုရားရှိခိုးစာရွက်ကို ကြည့်၍ရွတ်ကြရပါသည်၊ ထိုဘုရားရှိခိုးများကို စာရွက် (၄)ရွက်တွဲဖြင့် စာအုပ်ငယ်လေးချုပ်ထားကာ ကိုရင်တိုင်း သိကွာရှင်တိုင်းအား ပေးဝေထားပါသည်၊ ထို့ကြောင့် ကိုရင်တိုင်း သိကွာရှင်တိုင်း အသံမြိုင်မြိုင်ဖြင့် ရွတ်ဆိုနိုင်ကြပါသည်၊ ရွတ်ဆိုရာတွင် မြန်လျှင်ဖြည်းဖြည်းဆိုဖို့, မညီလျှင် ညီညီညာညာဆိုဖို့ ဆရာတို့က သတိပေးကြပါသည်၊ ဖြည်းဖြည်းနဲ့ညီညီ မဆိုနိုင်မချင်း ပြန်၍ပြန်၍ဆိုကြရပါသည်၊ သံပြိုင် ညီညီညာညာဖြင့် ရွတ်ဆို ရှိခိုးရသည်မှာ လွန်စွာမှ စိတ်ကိုကြည်နူးစေပါသည်။

ကိုရင် တစ်သက်တာတွင် ဤမျှများပြားသော အဖွဲ့.အစုဖြင့် ဤမျှ ရှည်လျားသော ဘုရားရှိခိုးများကို ရွတ်ဆိုရှိခိုးရသည်မှာ ရှေးဦးစွာသော အတွေ့.အကြုံဖြစ်ပါသည်၊ ဤသို့ တိတ်ဆိတ်သာယာလှသော နံနက် (၄)နာရီ ဝယ် ဤမျှများပြားသော ကိုရင်များ သိကွာရှင်များကို ဖူးတွေ့.ရသူတိုင်းနှင့် ဘုရားရှိခိုး မေတ္တာပို့ အမျှဝေသမျှကို ကြားနာသူတိုင်း အဖို့လည်း စိတ်ကြည်နူး ချမ်းမြေ့ကြပါလိမ့်မည်၊ ကိုရင် အိမ်မှာဆိုလျှင် ဤအချိန်တွင် အိပ်လို့ကောင်း တုန်းအချိန် ဖြစ်နေပါသည်၊ စိတ်ကြည်နူးဖွယ် ကောင်းလှသည့် ကြက်သီး တဖြန်းဖြန်းထစေသည့် သာယာငြိမ့်ညောင်းသည့် ဘုရားရှိခိုးအသံသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဝန်းကျင်တွင် ပျံ့လွင့်နေပါတော့သည်၊ ဘုရားရှိခိုးသံကိုကြားရသော လူနတ်တို့မှာ အဘယ်မှာမကြည်နူးဘဲ ရှိနိုင်တော့မည်နည်း၊ ဤကဲ့သို့ မဂ်လာရှိသော နံနက်ခင်းဝယ် ဤမဂ်လာရှိသော ဘုရားရှိခိုးသံနှင့် ဤမဂ်လာရှိသော မြင်ကွင်းသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီး၏ အသရေကို ဖော်ကျူးနေပါသည်၊ ကိုရင့် ရင်ထဲမှာ ဤသို့ပင် ရွှမြင်ခံစားမိပါတော့သည်။

ဆွမ်းစားသွားစဉ်

နံနက် (၅)နာရီထိုးပေပြီ၊ အရဏ်ဆွမ်းစားရတော့မည်၊ ထို့ကြောင့် ရှေ့ဆုံးအတန်းမှစ၍ သင်းပိုင် ဇကသီ ညီ–မညီ ကြည့်ရပါသည်၊ မညီလျှင် ညီအောင်ပြန်ဝတ်ရပါသည်၊ ဘုရားဝတ်တက်လာစဉ်ကပင် ယူခဲ့ရသည့် ဇွန်း၊

http://www.dhammadownload.com

ခရင်း၊ လက်သုတ်ပုဝါ၊ မတ်ခွက်တို့ကို ဆွမ်းကျောင်းဝေယျာဝစ္စ ဆောင်ရွက်သူတို့ တာဝန်ပေါ့စေရန် ကိုယ်စီကိုယ်စီ ကိုင်ယူကာ နေရာထိုင်ကို ဘယ်ဘက်ပခုံးပေါ် ကျနသေသပ်စွာ ခေါက်တင်ပြီး တစ်တန်းချင်းထသွား၍ ငယ်စဉ်ကြီးလိုက်တန်းစီလျက် ရပ်နေကြရပါသည်၊ တစ်ပါးနှင့်တစ်ပါး တစ်တောင်လောက် ဝေးကွာနေကြရပါသည်၊ ဆွမ်းစားကျောင်းမှ ကြွေးမောင်းထိုးလျှင် သွားကြရပါသည်၊ မထိုးမချင်း တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေကြရပါသည်။

ဆွမ်းဒကာ ဆွမ်းအမတို့ကို စိတ်ထဲမှ မေတ္တာသော်လည်း ပို့နေကြရပါသည်၊ တရားသော်လည်း မှတ်နေကြရပါသည်၊ ကြွေးမောင်းထိုးသော အခါတွင် အတန်း၏ရှေ့မှ သင်တန်းပြဆရာတစ်ပါးက ဦးဆောင်၍ ကြွရပါသည်၊ အတန်း၏အလယ်ပိုင်းနှင့် နောက်ပိုင်းတို့၌လည်း သင်တန်းပြဆရာ၊ မော်နီတာ (ကူညီဖော်)ကိုရင်ကြီးများက ကြပ်မတ်လျက် လိုက်ပါလာကြရပါသည်၊ ကိုယ့်ရှေ့ကိုကြည့်၍ သွားကြရပါသည်၊ ရှေ့က သွားသည့်အတိုင်း တည့်တည့်သွားကြရပါသည်၊ အတန်းအပြင် မထွက်ရပါ၊ ဖိနပ်ကို တရွတ်တိုက်မစီးရပါ၊ မသံမမြည်အောင် စီးရပါသည်၊ စကားမပြောရပါ၊ တိတ်ဆိတ်ငြိမ်သက်စွာ ဣန္ဒြေရှိရှိ သွားကြရပါသည်။

ဆွမ်းမစား၊ခင်

ဆွမ်းစားကျောင်းဆောင်မဝင်ခင် ဖိနပ်ကို ညီညာစွာချွတ်ကြရပါသည်၊ သင်တန်းပြဆရာတို့နှင့် မော်နီတာကိုရင်ကြီးများက ညီညာစွာချွတ်အောင် ဂရုစိုက်ပေးကြပါသည်၊ ဆွမ်းစားကျောင်းဆောင်တွင် ဝင်လိုက်လျှင် (၃၀၀) ကျော်စာ ဆွမ်းဝိုင်းပြင်ထားရာ ထိုင်ရမည့်စားပွဲဝိုင်းကို သင်တန်းပြဆရာတို့က ညွှန်ပြပြီး နေရာချပေးရပါသည်၊ အချို့ဝိုင်း၌ (၇)ပါး၊ အချို့ဝိုင်း၌ (၆)ပါးစီ ထိုင်ကြရပါသည်၊ ဆွမ်းဝိုင်းတွင် ကိုယ်ထိုင်ရမည်နေရာ၌ ဘယ်ဘက်ပခုံးပေါ်မှ နေရာထိုင်ကို အခေါက်လိုက်ကြမ်းပြင်ပေါ်ချပြီးမှ အခေါက်ကို ဖြန့်ပြီး ခင်းရပါသည်။

ဖြန့်ခင်းထားသော နေရာထိုင်ပေါ်တွင် နောက်ကျောဘက်မှ သင်္ကန်းစကို ရင်ခွင်ဘက်သိမ်းယူပြီး ထိုင်ပြီးသောအခါ ကိုရင်အားလုံး သိက္ခာရှင်အားလုံး

http://www.dhammadownload.com

ထိုင်ပြီးသည်အထိ တရားရှုမှတ်၍ဖြစ်စေ, မေတ္တာပို့၍ဖြစ်စေ ငြိမ်သက်စွာ ထိုင်နေကြရပါသည်၊ စကားလုံးဝ မပြောရပါ၊ ဟိုငေးသည်ငေး မလုပ်ရပါ၊ ကိုရင်တွေနောက်မှ သိက္ခာရှင်တွေက ဝင်ရောက်ထိုင်ကြရပါသည်၊ သိက္ခာရှင်တို့ကိုထိန်းသိမ်းသည့် ဆရာကြီးများနှင့် မော်နီတာသိက္ခာရှင်များက ကြပ်မတ်စောင့်ရှောက်လျက် ငယ်စဉ်ကြီးလိုက် တန်းစီပြီး တိတ်ဆိတ်ငြိမ်သက်စွာ ဣန္ဒြေရှိရှိ သွားကြရပါသည်။

သူတို့လည်း ကိုရင်တို့နည်းတူ၊ ဖိနပ်ကို ညီအောင်ချွတ်၍ ထိန်းသိမ်းသည့် ဆရာကြီးများနှင့် မော်နီတာသိက္ခာရှင်များ ညွှန်ပြသောနေရာ၌ ထိုင်ကြရပါသည်၊ ကိုရင်များ သိက္ခာရှင်များအားလုံး ထိုင်ပြီးသောအခါ အရှင်ဆွမ်းကုသိုလ်ရှင်ကို ကြေငြာပြီး သာဓုခေါ်ဖို့ တိုက်တွန်းနှိုးဆော်သဖြင့် သံဃာတော်များ သိက္ခာရှင်များနှင့် လာလာသမျှပရိသတ်တို့က လက်အုပ်ချီကာ သာဓု(၃)ကြိမ် ခေါ်ကြပါသည်၊ ကိုရင်ငယ် သိက္ခာရှင်ငယ်တို့၏ဝိုင်း၌ ကိုရင်ကြီးတစ်ပါး သိက္ခာရှင်ကြီးတစ်ပါးစီ ပါဝင်ကြရပါသည်၊ ထိုကိုရင်ကြီးများ သိက္ခာရှင်ကြီးများက အငယ်များအား စားဖွယ်များကို မျှတအောင်ကြောင့်ကြစိုက်ပေးကြရပါသည်။

ဆွမ်းစားရာတွင်

ဆွမ်းဝိုင်း၌ ဇွန်းသံ၊ ပန်းကန်သံ မမြည်အောင်နှင့် ဆွမ်းလုံး ဟင်းစက်များ မကျအောင် ဂရုစိုက်ကြရ၍ ကျလျှင် သန့်ရှင်းထားခဲ့ကြရပါသည်၊ သင်တန်းအတွင်းရေးမှူး (အရှင်ဉာနဇောတာဘိဝံသ)က အသံချဲ့စက်ဖြင့် ထိုသို့ဂရုစိုက်ရန် သန့်ရှင်းသွားရန် ထပ်ကာထပ်ကာ သတိပေးနေပါသည်၊ စက်ဆုပ်ဖွယ်ဖြစ်သော ဟွာ–ဟွဲ့ စသည်အသံမျိုး မမြည်အောင် သတိထားကြရပါသည်၊ စားပွဲပေါ်လက်တင်၍ (လက်ထောက်၍) မစားကြရပါ။

ဟင်းခွက်ကို ကိုယ်ကယူပြီးလျှင် အခြားသူအနီးသို့ ပို့ပေးလိုက်ကြရသည်၊ ဆွမ်းဟင်း၊ မုန့်စသည့် စားဖွယ်များကို အဆောင်သို့ လုံးဝ ယူမသွားကြရပါ၊ ဆွမ်းစားကျောင်း၌သာ ပြီးအောင် ထိုင်လျက်စားကြရပါသည်၊ ပါးစပ်က စားရင်း မထကြရပါ၊ မသွားကြရပါ၊ ဆွမ်းစားစဉ် လိုအပ်သောဆွမ်း၊ ဆွမ်းဟင်းစသည်ကို ကိုရင်တို့အတွက် သင်တန်းပြဆရာများနှင့် ဒကာကြီး

http://www.dhammadownload.com

များက လှည့်လည်ကြည့်ရှု၍ ထည့်ပေးပြီး သိက္ခာရှင်တို့အတွက် ဒကာမကြီးများက ကြောင့်ကြစိုက်ပေးကြပါသည်။

ဆွမ်းစားပြီးလျှင်

ဆွမ်းစားပြီးသောအခါ၀ွဲ့ မတ်တပ်ရပ်၍ သင်္ကန်းကိုညီညာသပ်ရပ်စွာ ပြုပြင်ရပါသည်၊ နေရာထိုင်ခင်းကို အပေါ်သို့မ၍ မယူခင် ကြမ်းပြင်ပေါ် ချလျက် ခေါက်ပြီး ဘယ်ဘက်ပခုံးပေါ် အစွန်း(၂)ဖက် ညီနေအောင် တင်ကြရပါသည်၊ သင်္ကန်းကို ညီအောင်မ၀တ်ဘဲ နေရာထိုင်ကို ညီညာသပ်ရပ်စွာ မတင်ဘဲ ပြန်သွားလျှင် ဆရာများကခေါ်၍ သင်္ကန်းကို ညီညာအောင် ၀တ်စေပါသည်၊ နေရာထိုင်ကို ညီညာသပ်ရပ်စွာ ခေါက်စေပါသည်၊ ဘစ်ခုခုစားပြီး ရပ်နေတာ၊ သွားနေတာတွေ့လျှင် ထိုသို့မလုပ်ဖို့ သတိပေးပါသည်၊ ထိုင်ရင်းပြီးအောင် စားစေပါသည်။

ဇွန်း, လက်သုတ်ပု၀ါ, မတ်ခွက်, ဘုရားရှိခိုးစာရွက်တို့တွင် တစ်ခုခုမေ့ကျန်မနေရစ်ဖို့ မေ့ကျန်နေလျှင် နောက်တစ်ခါမမေ့ဖို့ သတိပေးပြီး ထပ်မေ့လျှင် ဒဏ်ပေးခံရမည်ဟု ပြောပါသည်၊ လမ်းလျှောက်သွားရင်း သင်္ကန်းမရန်းကြရပါ၊ ရန်းလိုလျှင် ရပ်ပြီးရန်းကြရပါသည်၊ ဆွမ်းစားပြီးအပြန်၌ တစ်ပါးနှင့်တစ်ပါး ရင်ဘောင်တန်း၍ မသွားကြရပါ၊ လက်ကိုရန်း၍ မသွားကြရပါ၊ ရှေ့နောက်တန်းစီပြီး စကားမပြောဘဲ ကွန်ဒြိရှိရှိသွားကြရပါသည်၊ လမ်းလျှောက်သွားရင်း ဘာကိုမျှမစားကြရပါ။

သန့်ရှင်းလျှင် စိတ်ကြည်လင်

ဆွမ်းစားပြီးနောက် ကိုယ့်နေရာကိုယ်ရောက်သောအခါ အိပ်ရာခင်း, ခြင်ထောင်, ခေါင်းအုံး စသည့်ပစ္စည်းတို့ကို မသပ်ရပ်သေးလျှင် သပ်ရပ်သန့်ရှင်းစွာ သိမ်းဆည်းထားကြရပါသည်၊ ကိုယ့်နေရာအခန်း, ကျောင်းဆောင်အတွင်း, ကျောင်းဆောင်၀န်းကျင်တို့တွင် သန့်ရှင်းရေးလုပ်ကြရပါသည်၊ အဆောင်အတွင်း၌ အမှိုက်ထည့်စရာ အမှိုက်ပုံးတို့ကို ချပေးထားသဖြင့် အမှိုက်ရှိလျှင် ထိုအမှိုက်ပုံးများ၌ ထည့်ကြရပါသည်၊ သန့်ရှင်းရေးလုပ်ရာတွင် တံမြက်လဲသူက လဲ, အမှိုက်ကျုံးသူက ကျုံး, အမှိုက်ကောက်သူက ကောက်, အမှိုက်ပစ်သူက ပစ်ကြရပါသည်၊ သန့်ရှင်းရေးလုပ်ရသည်မှာ ပျော်စရာ

http://www.dhammadownload.com

ကောင်းပါသည်၊ စုပေါင်းအားဖြင့် ညီညာစွာကြိုးစားလျှင် အမှုခပ်သိမ်းလွယ်ကူစွာ ပြီးမြောက်နိုင်ကြောင်းကို သဘောပေါက်မိပါသည်၊ သန့်ရှင်းလိုက်လို့ သန့်ရှင်းသွားသောအခါ ကိုယ်တိုင်လည်း စိတ်ကြည်နူးလှပါသည်၊ အခြားသူများသည် ကိုရင်ကဲ့သို့ပင် စိတ်ကြည်နူး ကြည်လင်နေကြလိမ့်မည်ဟု ယူဆမိပါသည်၊ ဤသို့ သန့်ရှင်းရေးလုပ်ရသည်မှာလည်း ဗုဒ္ဓယဉ်ကျေးမှု တစ်ရပ်ဖြစ်ကြောင်း သိရပါသည်၊ ကျောင်းနေရာ သန့်ရှင်းလျှင် စိတ်ကြည်လင်သဖြင့် ဉာဏ်ရွှင်လာနိုင်၍ ဗုဒ္ဓယဉ်ကျေးမှုကို သင်ယူရာတွင် အထောက်အကူပြုနိုင်ကြောင်းကိုလည်း သတိထားမိပါသည်။

သင်းပိုင်ဝတ်နည်း

သန့်ရှင်းရေးလုပ်ပြီးသောအခါ ကိုရင်အားလုံး တစ်နေရာတွင် စုဝေးကြရပါသည်၊ သင်္ကန်းဝတ်သင်ယူကြရန်ဖြစ်သည်၊ သင်တန်းဆရာတစ်ပါးကနေရာထိုင်ကိုယ်စီဖြင့်ထိုင်နေသော ကိုရင်အားလုံး၏ရှေ့မှာ မတ်တတ်ရပ်ကာ သင်းပိုင်ဝတ်ပုံကို ပြပါသည်၊ ကိုရင်အားလုံးမြင်သာသော နေရာမှာ သင်တန်းဆရာက ရပ်နေပါသည် "ကိုရင်အားလုံးသူ့ကို ကြည့်ကြ" ဟု ပြောပါသည်၊ သင်းပိုင်၏အထက်အစ အစွန်း(၂)ခုကို ညီအောင်ထားပါသည်၊ အစွန်း အစ(၂)စကို ညီညာအောင်ထားပြီး တစ်ထွာလောက်အတွင်းဘက် တိုး(ရွှေ့)ကာ အစ(၂)စကို လက်ယာလက်ဖြင့်ကိုင်ပြီး တင်းတင်းရင်းရင်း ဆန့်တန်းထားပါသည်။

လက်ယာဘက် နံဘေးတွင် အတွင်းဘက် အစကိုသာကိုင်လျက် တင်းတင်းရင်းရင်း ညှပ်ကာ သင်းပိုင် အစွန်း(၂)စကို ဘယ်ဘက်သို့ ခေါက်လိုက်ပါသည်၊ နောက်တစ်ဖန် ခေါက်ချိုးချိုးမည့်နေရာကို ဘယ်ဘက်လက်ဖြင့်ကိုင်ပြီး လက်ယာလက်ဖြင့် အစွန်းအစ (၂)စကို ကိုင်ကာ လက်ယာချိုးချိုး၍ ခေါက်လိုက်ပါသည်၊ ခေါက်လိုက်သော သင်္ကန်းအစွန်းအစလေးကို အနည်းငယ်မြှင့်လျက်ကပ်လိုက်ပါသည်၊ ထို့နောက် တစ်ကြိမ်ထပ်ခေါက်လိုက်ပါသည်၊ ခေါက်ပြီး ဗိုက်၌ ကပ်ရာတွင် သင်းပိုင်ခေါက်ကို အနည်းငယ်မြှင့်လိုက်ပါသည်၊ သင်းပိုင်အောက်အစ၌ ဆင်နှာမောင်းလို ရှည်ထွက် မနေစေရန်ဟု ပြောပါသည်။

http://www.dhammadownload.com

ထို့နောက် သင်းပိုင်ကို (၃)လိပ်လောက် လိပ်လိုက်ပါသည်၊ ဒူးဆစ်အောက် လက်(၈)သစ်လောက် ကျ, မကျ လက်သစ်ဖြင့် တိုင်းကြည့်ပြပါသည်၊ လက် (၈)သစ်လောက် ကျနေပါသည်၊ ရှေ့နောက်ဝဲယာတွင် ကတ်ကြေးနှင့် ဖြတ်ထားသလို ညီအောင်ဝတ်ရသည်ဟု ပြောပါသည်၊ သူပြောသည့်အတိုင်းပင် ညီနေသည်ကို တွေ့ရပါသည်၊ "ကိုရင်တို့... သေချာကြည့်ထားကြ၊ နောက်တစ်ကြိမ် ဝတ်ပြမယ်"ဟု ပြောပြီး နောက်တစ်ကြိမ် ထပ်ဝတ်ပြပါသည်၊ ကိုရင်သည် ပြောပြသည့်အတိုင်း ဝတ်တတ်အောင် သေချာစွာလိုက်ကြည့်လျက် မှတ်သားထားပါသည်၊ သင်တန်းဆရာက နောက်တစ်ကြိမ် ထပ်ဝတ်ပြပြန်ပါသည်၊ ဝတ်ပုံဝတ်နည်းကို ပို၍မှတ်သားမိလာပါသည်၊ ထိုအခါ သင်တန်းဆရာက ဝတ်မပြတော့ပါ။

လက်တွေ့လေ့ကျင့်ကြ

သူသင်ပြထားသော ဝတ်ပုံဝတ်နည်းကို သင်းပိုင်ပြန်ဝတ်ရန် အဆင်သင့်အနေအထားဖြင့် မတ်တတ်ရပ်ရင်း မေးခွန်းထုတ်ပါသည်၊ "နံပါတ်(၁) ဘာလုပ်ရမယ်"၊ ကိုရင်များက ဖြေကြပါသည်၊ "ဟုတ်ပြီ၊ ကိုရင်တို့ပြောတာမှန်တယ်၊ အဲဒီအတိုင်း လုပ်လိုက်ပြီးနောက် ဘာဆက်လုပ်ရမယ်"၊ ကိုရင်များက မှန်ကန်စွာ ပြောပြနိုင်ကြပါသည်၊ ကိုရင်များ ပြောသည့်အတိုင်း သင်တန်းဆရာက လုပ်လိုက်ပါသည်၊ သင်ပြထားသည်များကို အဆင့်ဆင့် မေးကာ ဖြေကြားစေပြီး ကိုယ်တိုင်လည်း လိုက်ဝတ်ပြပါသည်၊ နောက်တစ်ကြိမ် အစမှပြန်၍ နောက်ဆုံး ဝတ်ပြီးသည်အထိ အဆင့်ဆင့်မေးကာ ဖြေစေလျက် ဝတ်ပြပြန်ပါသည်။

ကိုရင်ကိုယ်တိုင်လည်း ကြိုးစားပြီး ဝတ်ကြည့်ချင်စိတ် ပေါ်လာပါသည်၊ ထိုအချိန်တွင် "ကိုရင်အားလုံး ကိုယ့်နေရာမှာရပ်လျက် သင်ပြထားသည့်အတိုင်း ကြိုးစားပြီး ဝတ်ကြည့်ကြပါ"ဟု ဆိုလာပါသည်၊ ထို့ကြောင့် ကိုရင်အားလုံး ကိုယ့်နေရာအသီးသီး၌ မတ်တတ်ရပ်ကာ ကြိုးစားဝတ်ကြည့်ကြပါသည်၊ အချို့က အပြည့်အဝအချိုးကျအောင် ဝတ်ပြတတ်ကြပါသည်၊ အချို့က တစ်ဝက်လောက်အချိုးကျ၍ အချို့က သုံးပုံတစ်ပုံလောက် မှန်ကန်အချိုးကျစွာ ဝတ်ပြတတ်ကြပါသည်၊ အချို့ကမူ ဘာမှမှန်ကန်အချိုးကျစွာ

http://www.dhammadownload.com

မဝတ်တတ်ဘဲ ယောင်လည်လည် ဖြစ်နေကြပါသေးသည်၊ သင်းပိုင်ဝတ်ထားတာ မှန် မမှန်၊ အချိုးကျ မကျ၊ အခြားသင်တန်းဆရာများနှင့် ကိုရင်အဟောင်းကြီးများကပါ လိုက်ကြည့်ရှုကြပါသည်၊ မမှန်တာကို မှန်ကန်စွာ လုပ်တတ်အောင် ပြောပြပေးကြပါသည်။

ဧကသီရန်းနည်း

ထို့နောက် "ဧကသီရန်းပုံသင်ပြမယ်၊ ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြ" ဟု ဆိုသဖြင့် ကိုရင်အားလုံး ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြပါသည်၊ ထို သင်တန်းပြဆရာက "ဒီမှာ ကြည့်ကြ၊ ဧကသီသင်္ကန်းအစကို လက်ယာဘက်၌တစ်ဝက် လက်ဝဲဘက်၌တစ်ဝက်ရှိအောင် ကိုင်ထားရတယ်၊ ဘယ်ဘက်သင်္ကန်း၏ တစ်ဝက်တည့်တည့်နေရာကို လက်ဝဲလက်ဖြင့် ဆုပ်ကိုင်၍ လက်ဝဲပခုံးပေါ်တင်ပြီး လက်ယာဘက်သင်္ကန်း၏ တစ်ဝက်လောက် အထက်သင်္ကန်းစကို ဆုပ်ကိုင်ကာ လက်ဝဲပခုံးပေါ်တင်ထားသော သင်္ကန်းပေါ်တွင် ထပ်တင်ရတယ်၊ အောက်သင်္ကန်းအစကို ပခုံးပေါ် လုံးပါမသွားစေဘူး၊ ညာဘက် ချိုင်းအောက်မှ သင်္ကန်းစ ကပ်နေအောင်လည်း ရန်းရတယ်၊ ဘယ်ဘက်သင်္ကန်းစရဲ့ တစ်ဝက်လောက်နေရာက ဘယ်ဘက်ပခုံးပေါ် လည်ပင်းနား ကပ်နေအောင် သင်္ကန်းစကိုတင်ရတယ်၊ တင်လိုက်တဲ့ ဘယ်ဘက်သင်္ကန်းရဲ့ရှေ့အစနဲ့ နောက်အစ အကျညီနေစေရတယ်၊ သင်းပိုင်ပေါ် လက်(၄)သစ်လောက် မြင့်တက်နေစေရတယ်၊ ဘယ်ဘက်လက်မောင်းကို သင်္ကန်းစနဲ့ ဖုံးနေအောင်ရန်းရတယ်၊ ပေါ်မနေစေရဘူး" ဟု ပြောရင်း ဝတ်ပြသွားပါသည်။

"ကိုင်း...သေချာကြည့်ကြ၊ နောက်ထပ် ၂-ကြိမ် ရန်းပြမယ်၊ ရန်းပြပြီးရင် ကိုရင်တို့ မှတ်မိ၊ မမှတ်မိ ပြန်မေးကြည့်မယ်" ဟု ဆိုကာ နောက်ထပ် နှစ်ကြိမ် ရန်းပြပြီးနောက် တစ်ဆင့်ချင်းမေးပြီး ဖြေစေပါသည်၊ ထို့နောက် ကိုရင်တို့ ကိုယ်တိုင် ရန်းကြည့်ကြရပါသည်၊ သင်တန်းဆရာများနှင့် ကိုရင်အဟောင်းကြီးများက ကိုရင်များကို (၁၀)ပါးစီ အုပ်စု ခွဲကာ အချိုးကျ မကျ ကြည့်ရှုစစ်ဆေးကြပါသည်၊ အချိုးတကျ မဝတ်တတ်သောကိုရင်များကို အချိုးတကျ ဝတ်တတ်သည်အထိ ကြိုးစားသင်ပေးကြပါသည်၊ တစ်ပါးလျှင် သင်းပိုင်ဝတ်ပုံ၊ ဧကသီရန်းပုံ (၅)ကြိမ်ထက်မနည်း အချိုးကျကျ ဝတ်ပြနိုင်သည်အထိ

http://www.dhammadownload.com

ဝတ်ပြကြရပါသည်၊ တစ်ရက်နှင့်မပြီးသေးဘဲ အချို့တကျ ဝတ်တတ်သည် အထိ လေးငါးရက်ခြောက်ရက်လောက် ဆက်တိုက်သင်ပေးကြပါသည်။

နေရာထိုင်ခင်းနည်း၊ ခေါက်နည်း၊ ပခုံးပေါ်တင်နည်း

ဧကသီရန်းပုံကို သင်ပြပြီးနောက် ကိုရင်အားလုံး ကိုယ့်နေရာကိုပြန်ထိုင်စေကာ ထိုသင်တန်းဆရာသည် ကိုရင်အားလုံး၏ရှေ့တွင် ဘယ်ဘက် ပခုံးပေါ်၌ နေရာထိုင်ကို ညီညာသပ်ရပ်စွာ တင်ပြီး ရပ်နေရင်း ...

ကိုရင်တို့ကို နေရာထိုင် ခင်းပုံ၊ ခေါက်ပုံ၊ ဘယ်ဘက်ပခုံးပေါ်တင်ပုံနဲ့ ထိခြင်းငါးပါးနဲ့ ကန်တော့ပုံကို သင်ပြမယ်" ဟုပြောကာ ထိုင်လိုက်ပါသည်၊ ထို့နောက်–

"ဒီပခုံးပေါ်က နေရာထိုင်ကို ကြမ်းပြင်ပေါ်မှာ ညင်သာစွာ အခေါက်လိုက်ချရတယ်၊ ကြမ်းပြင်ပေါ် ချလျက်ပဲ (အထက်ကိုမ၍ မယူဘဲ)အခေါက်ကို ဖြေရတယ်၊ နေရာထိုင်ကို အကုန်လုံး ပြန့်အောင်ဖြန့်ခင်းရတယ်၊ ပြန်ခေါက်ရင်လဲ ကြမ်းပြင်ပေါ်မှာ ချလျက်ပဲ ညီညာသပ်ရပ်စွာ ပြန်ခေါက်ရတယ်၊ ပခုံးပေါ်မှာ တင်ရင်လဲ ညာဘက်ပခုံးပေါ်မှာမတင်ဘဲ ဘယ်ဘက်ပခုံးပေါ်မှာ တင်ရတယ်၊ တင်တဲ့အခါ နေရာထိုင်ရဲ့ ရှေ့အစနဲ့ နောက်အစကို ညီနေအောင် တင်ရတယ်"ဟု ပြောပါသည်။

(၃)ကြိမ် လုပ်ပြပါသည်၊ ထို့နောက် ကိုရင်အားလုံးကို ကိုယ်နေရာမှာ ထိုင်လျက် ပြောပြထားသည့်အတိုင်း ပြုလုပ်ခိုင်းပါသည်၊ ခေါက်တာ၊ ခင်းတာ၊ ပခုံးပေါ်တင်တာ အချို့းကျ မကျ ကြည့်နေပါသည်၊ (၃)ကြိမ် ပြုလုပ်ခိုင်းပါသည်။

ကန်တော့နည်း

အချို့းတကျ ပြုလုပ်တတ်သောအခါမှ ထိခြင်းငါးပါးဖြင့် ဦးချပုံကို သင်ပြပါသည်။

"ထိုင်တဲ့အခါ ဆောင့်ကြောင့်ထိုင်ရတယ်၊ ခါးကို မတ်မတ်ထားရတယ်၊ တံတောင်ဆစ်(၂)ခုကို ဒူးပေါ်တည့်တည့်တင်ရတယ်၊ လက်အုပ်ချီတဲ့အခါ လက်ချောင်းတွေကို တစ်ချောင်းချင်းထိစေလျက် အုပ်ကလေးလို ဖြစ်နေ

http://www.dhammadownload.com

ရတယ်၊ ထိခြင်း ငါးပါးဆိုတာ၊ (၁) ခြေထောက်နှစ်ဘက်၊ (၂) လက်နှစ်ဘက်၊ (၃) ဒူး၊ (၄) တံတောင်ဆစ်၊ (၅) နဖူး၊ ဒီ ငါးမျိုးနဲ့ ကြမ်းပြင်ပေါ်ထိခြင်းကို ခေါ်တယ်၊ အဲဒီကိုယ်အင်္ဂါ ငါးမျိုးနဲ့ထိအောင် ကန်တော့ရတယ် ...

၁။ လက်ဝါးနှစ်ဘက်ကို ကြမ်းပြင်ပေါ် ချရတယ်၊

၂။ ဒူးနှစ်ဘက်ကို ချရတယ်၊

၃။ လက်နှစ်ဘက်ကို ရှေ့သို့တိုးရတယ်၊

၄။ ဒူးနှစ်ဘက်ရဲ့ရှေ့မှာ တံတောင်နှစ်ခုရှိစေပြီး ဒူးနဲ့တံတောင် ထိထားရတယ်၊

၅။ လက်ဝါးနှစ်ဘက်ကို နဖူးချလောက်အောင် ဘေးသို့ချလိုက်ရတယ်၊

ပြီးတော့ နဖူးနဲ့ကြမ်းနဲ့ထိရတယ်၊ ကန်တော့ပြမယ်၊ ကြည့်ကြ"ဟု ပြောပြီး (၃)ကြိမ် ကန်တော့ပြပါသည်။

ကန်တော့ပုံအစီအစဉ်ကို မှတ်မိ၊ မမှတ်မိ တစ်ခုချင်းမေး၍ ဖြေစေပါသည်၊ မှန်အောင် ဖြေနိုင်သောအခါ ကိုရင်အားလုံးကို လက်တွေ့ကန်တော့ခိုင်းပါသည်၊ မှန် မမှန်ကို ဘေးမှ ကြည့်ရှုစစ်ဆေးနေပါသည်၊ မှန်ကန်စွာ မကန်တော့တတ်မချင်း သင်ပြပေးပါသည်၊ မှန်ကန်စွာ ကန်တော့တတ်သောအခါ–

"ကဲ...ကိုရင်တွေအားလုံး တညီတညာတည်းညီအောင် ဒူးသံမမြည်အောင် ညင်ညင်သာသာ ကန်တော့ကြရမယ်၊ ရှင်ဝိဇယက 'ပထမအကြိမ်ပါဘုရား' လို့ အချက်ပေးလိုက်ရင် ညီညီညာညာ ညင်ညင်သာသာ ကန်တော့ကြ၊ 'ပြန်ထိုင်ပါဘုရား'လို့ အချက်ပေးမှ ပြန်ထိုင်ကြ၊ အချက်မပေးမချင်း ဝပ်နေကြရမယ်၊ ဒုတိယ, တတိယအကြိမ်တွေမှာလဲ ထိုနည်းတူပဲ ကန်တော့ကြရ ပြန်ထိုင်ကြရမယ်၊ ကိုင်း...ညီညီကန်တော့ကြည့်ကြစမ်း၊ ရှင်ဝိဇယ အချက်ပေး 'ပထမအကြိမ်ပါဘုရား' လို့"။

"တချို့က မညီသေးဘူး၊ ညီအောင်ကန်တော့ကြရမယ်၊ ပြန်ထတော့လဲ ညီညီပဲနော်၊ မညီမချင်း ကန်တော့လေ့ကျင့်ရမယ်၊ ဂရုစိုက်ကြ၊ အသံလဲ မမြည်စေနဲ့၊ အသံမြည်နေရင်လဲ ဆက်ကန်တော့နေရမယ်"ဟု ပြောသဖြင့် ညီညာညင်သာအောင် ကြိုးစားကန်တော့လို့ အားရကျေနပ်သည့်အတွက် "ကိုယ့်နေရာရောက်တော့လဲ သင်ထားတဲ့အတိုင်း လေ့ကျင့်ကြရမယ်၊ နေ့ဆွမ်း

http://www.dhammadownload.com

မှာ သပိတ်၊ သပိတ်ခြေ ယူခဲ့ကြရမယ်၊ (၉)နာရီ ရေချိုးကြ၊ တစ်ပါးလျှင် ရေ (၁၀)ခွက်ကျ ချိုးရမယ်၊ လက်ကန်တော့တင်တာတော့ နက်ဖြန်မနက်မှပဲ သင်ပေးမယ်၊ ကဲ သွားကြ"ဟု ပြောပြီး ကိုယ့်နေရာကို ပြန်ခွင့်ပေး၍ တစ်တန်းချင်း ထပြီး ပြန်ခဲ့ကြရပါသည်။

ရေချိုးသောအခါ

ကိုယ့်နေရာ၌ မိနစ်အနည်းငယ် နားပြီး (၉)နာရီထိုးသဖြင့် ရေချိုးဖို့ ဆပ်ပြာခွက်နှင့် သင်းပိုင်အပိုကိုယူကာ ရေချိုးသွားပါသည်၊ ရေချိုးခန်း၌ ဆူညံခြင်း၊ နောက်ပြောင်ခြင်း၊ ဆော့ကစားခြင်း၊ ရန်ဖြစ်ခြင်း မပြုဖို့ အဆောင်မှူးများက ကြိုတင်သတိပေးလိုက်ကြပါသည်၊ ရေချိုးနေစဉ်၌လည်း အဆောင်မှူးများက ထိုသို့မပြုလုပ်အောင် လာရောက်စောင့်ရှောက် ထိန်းသိမ်းပေးကြပါသည်။

ရေချိုးပြီးသောအခါ ဘုံပိုင်ခေါင်းကို ဖွင့်ထားလျက်ဖြစ်နေလျှင် မတင်းကြပ်လွန်းစေပဲ အလောတော် လုံအောင်ပြန်ပိတ်ခဲ့ရပါသည်၊ ဖွင့်ထားသော ဘုံပိုင်ခေါင်းကို မပိတ်ဘဲ ဖွင့်လျက်မထားခဲ့ကြရပါ၊ ရေသနုပ်သင်းပိုင်ကို လှန်းရန် တန်းထားသည့် ကြိုးတန်းပေါ်တွင် ဖြန့်လှန်းကြရပါသည်။

နေ့ဆွမ်းစားသွားရန် တန်းစီစဉ်

ရေချိုးပြီး၍ ကိုယ့်နေရာကိုယ် ပြန်ရောက်သောအခါ သင်းပိုင်၊ ဇကသီကို ညီအောင်ဝတ်ပြီး နေရာထိုင်ကို ဘယ်ဘက်ပခုံးပေါ်ညီညာစွာ ခေါက်တင်၍ သပိတ်ကို သပိတ်ခြေနှင့်အတူ ပွေ့ကိုင်လျက် ဇွန်း, ခက်ရင်း, လက်သုတ်ပုဝါ, မတ်ခွက်တို့ကို သပိတ်ထဲတွင် ထည့်လျက်ယူကာ ငယ်စဉ်ကြီးလိုက် တန်းစီရပ်နေကြရပါသည်၊ ဆွမ်းဒကာ–ဆွမ်းဒကာတို့ကို မေတ္တာပို့၍ဖြစ်စေ၊ တရားရွတ်မှတ်၍ဖြစ်စေ၊ တိတ်ဆိတ်စွာ နေကြရပါသည်၊ ညီအောင်ရန်းထားသော ဇကသီကိုလည်း မပျက်အောင် သတိထား၍, နေရာထိုင်ကိုလည်း ညီအောင်တင်ထား၍ အောက်သို့ လျှောမကျအောင် သတိထား၍, သပိတ်, သပိတ်ဖုံးမကျအောင်လည်း သတိထားရသဖြင့် ကြောင့်ကြ အတော်များပါသည်။

တချို့ကိုရင်မှာ သင်းပိုင်၊ ဇကသီညီအောင် မဝတ်တတ်သေး၍ သင်တန်း

http://www.dhammadownload.com

ဆရာတို့နှင့် ကိုရင်အဟောင်းကြီးတို့က ကူညီ၍ ဝတ်ပေးကြပါသည်၊ သပိတ်, သပိတ်ဖုံး မကျအောင် သတိပေးနေသည့်ကြားကပင် တချို့ကိုရင်တို့ သပိတ်, သပိတ်ဖုံး ကျမိအောင် ကျကြသေးသည်၊ ထိုကိုရင်ကို သေချာစွာ မှတ်သား ထားပြီး သင်တန်းဆရာက ဒဏ်ပေးရပါသည်၊ နောက်တစ်ကြိမ် ထိုသို့မကျ အောင် ဂရုတစိုက်ရှိဖို့ ရည်ရွယ်ဟန် တူပါသည်၊ အချို့းတကျဖြစ်အောင် ဂရုစိုက်ကြသော်လည်း ဝတ်ကာစ၊ ပြုလုပ်ကာစရှိသေး၍ အချို့းကျ မဖြစ်နိုင် ကြသေးပါ။

အချို့ကိုရင်တို့ကမူ နမော်နမဲ့ နိုင်လွန်းလှပါသည်၊ အတန်းထဲမဝင်ဘဲ ဘေးထွက်မနေရပါ၊ အတန်းထဲဝင်ပြီး ရှေ့နောက် တန်းစီနေရပါသည်၊ တချို့ ကိုရင်တို့ကမူ ကိုယ့်ရှေ့ကိုရင်၏ နောက်ကျောဘက်ကို သတိမူမနေဘဲ နောက် လှည့်စကားပြော၊ ဘေးဘက်ငေး၊ ရှေ့နောက် ကိုရင်ကို ပြောင်စ နေတတ် သည်လည်း ရှိပေ၏၊ ထိုသို့ မလုပ်ရန် သင်တန်းဆရာတို့က သတိပေးကြ၏၊ ခြေငြိမ်, လက်ငြိမ်, ပါးစပ်ငြိမ်, မျက်စိငြိမ်ကြဖို့ ပြောပြကြ၏။

သပိတ်ကိုယ်စီဖြင့် ဆွမ်းခံကြ

ဆွမ်းစားကျောင်းမှ ကြေးမောင်းထိုးသံ ကြားရသောအခါ ဗိုက်ကဆာနေ ပြီမို့ စိတ်ထဲမှ ပျော်ရွှင်မိပါသည်၊ ရှေ့ဆုံး ကိုရင်ငယ်လေးရှေ့မှ သင်တန်းဆရာ တစ်ပါးက ဦးဆောင်လျက် ဆွမ်းကျောင်းသို့ ကြွရပြီး၊ ဒန်ချိုင့်ကြီး၌ ထည့် ထားသော ဆွမ်းတို့ကို ဆွမ်းဒကာ ဆွမ်းဒကာမတို့က ခပ်လျက် (၂)တန်းခွဲပြီး ကြွလာသော ကိုရင်တို့အား လောင်းလှူကြပါသည်၊ ရှေ့က ကိုရင်ငယ်တို့၏ သပိတ်ဖုံးကို ဖွင့်၍ သပိတ်ဖုံးထဲ၌ ဇွန်း၊ ခက်ရင်း၊ လက်သုတ်ပုဝါ၊ မတ်ခွက် တို့ကို ထည့်ကာ ထိုသပိတ်ဖုံးကို ကူညီဖော် ကိုရင်ကြီးတို့နှင့် ဆွမ်းလောင်းသူ အချို့က ဝိုင်းကူညီ၍ ကိုင်ပေးကြပါသည်။

ကိုရင်ငယ်တို့ ဆွမ်းခံပြီးသောသောအခါ ကိုရင်လတ်နှင့် ကိုရင်ကြီးတို့ ကိုမူ ထိုသို့ ကူညီပေးစရာ မလိုတော့ပါ၊ သူတို့ဘာသာ ပြုလုပ်နိုင်ကြပေပြီ၊ လမ်းတွင် ဖိနပ်တရွတ်တိုက်လျက် အသံမြည်အောင် မစီးဖို့၊ မနှေးမမြန် မှန်မှန် သွားဖို့၊ သင်တန်းဆရာတို့က ဘေးမှ သတိပေးနေကြပါသည်၊ ဆွမ်းကျောင်း တံခါးခုံ၏ လက်ဝဲ လက်ယာ (၂)ဖက်၌ ကိုရင်ကြီး (၂)ပါးက ဖိနပ်ညီညီ

http://www.dhammadownload.com

စီချုတ်ဖို့ ကြောင့်ကြစိုက်ပေးနေကြပါသည်၊ တန်းစီပြီး ညီနေအောင် ချုတ်ကြရပါသည်၊ ဆွမ်းဝိုင်း၌ နေရာချပေးဖို့ သင်တန်းဆရာတို့က ဆွမ်းကျောင်းပေါ်တွင် အဆင်သင့် ရောက်နေကြပြီ၊ သူတို့က ညွှန်ပြပေးသော နေရာ၌ ထိုင်ကြရပါသည်။

နေ့ဆွမ်းစားပွဲဝိုင်းတွင်

သပိတ်ကို သပိတ်ခြေပေါ်ချ၍ နေရာထိုင်ကို သင်ပြထားသည့်အတိုင်း ခင်းပြီး၊ မတ်ခွက်, လက်သုတ်ပုဝါ, ဇွန်း, ခက်ရင်းတို့ကို စားပွဲပေါ်၌ တင်၍ သပိတ်ဖုံးကို မှောက်လျက်ထားကာ သပိတ်ခြေကို ထိုသပိတ်ဖုံးပေါ်တင်ပြီး သပိတ်လုံးကို သပိတ်ခြေပေါ်မှာ တင်ရပါသည်၊ သပိတ်ကို ရင်ခွင်ပေါ်ပေါင်ခွင်ပေါ် မတင်ရပါ၊ တင်ပလ္လင်ခွေ၏ ရှေ့တွင် သပိတ်ကိုထားပြီး ပြန့်ပြူးစွာ ခင်းထားအပ်သော နေရာထိုင်ပေါ် တင်ပလ္လင်ခွေထိုက်ကာ တင်ပလ္လင်ခွေပေါ်မှာ လက်သုတ်ပုဝါ ဖြန့်ခင်းကြရပါသည်၊ သင်္ကန်းကို ဟင်းစက်တို့ဖြင့် ပေညစ်မည်ကို ကာကွယ်ရန်ဖြစ်၏၊ ဟိုငေး ဒီငေး မငေးဘဲ၊ စကားမပြောဘဲ ငြိမ်သက်စွာထိုင်ပြီး ဆွမ်းဒကာ ဒကာမတို့အား မေတ္တာပို့ နေကြရပါသည်။

ကိုရင်ငယ်တို့ဝိုင်း၌ (၇)ပါး၊ ကိုရင်ကြီးတို့ဝိုင်း၌ (၆)ပါး ထိုင်ကြရပါသည်၊ ကိုရင်တို့၏ ဆွမ်းစား စားပွဲကား စားပွဲအဝိုင်းဖြစ်ပြီး ထိုစားပွဲဝိုင်းပေါ်တွင် ကိုရင် အသီးသီးအတွက် အသားဟင်းကို တစ်ပါးစာလောက် ထည့်ထားသည့် အသားဟင်း ပန်ကန်ငယ်များ တစ်ပါးတစ်လုံးကျ ရှိနေပါသည်၊ ဟင်းရည်သောက်ပန်းကန်၊ ငါးပိကြော်ပန်းကန်၊ တို့စရာပန်းကန်၊ အသုပ်ပန်းကန်တို့ကိုမူ ထိုသို့ တစ်ပါးတစ်လုံးကျ မထားပါ၊ တစ်ဝိုင်း၌ တစ်လုံးစီသာ ထားပါသည်။

အချိုပွဲတို့ကိုလည်း ပန်းကန်ပြားတို့ဖြင့် ထည့်ထားပါသည်၊ ကော်ဖီကိုမူ ကိုရင်တို့ယူလာသည့် မတ်ခွက်တွင် ထည့်ပေးပါသည်၊ သိက္ခာရှင်တို့ ဆွမ်းဝိုင်းမှာမူ ကိုရင်တို့ဝိုင်းနှင့် မတူပါပေ၊ သူတို့က သပိတ်ယူစရာ မလိုပါ၊ ဆွမ်းစားကျောင်းဆောင်တွင်းသို့ စ, ဝင်ခိုက်တွင် သူတို့ ဆွမ်းဝိုင်းကို သတိထားကြည့်လိုက်မိပါသည်၊ သူတို့အတွက် ခုံရှည်တို့ကို ဆက်ပြီး ခင်းထားကာ ပြင်ထားပါသည်၊ တစ်ပါးလျှင် စတီးလင်ပန်းတစ်ခုစီ ပြင်ထားပါသည်၊ ထို

http://www.dhammadownload.com



ကိုရင်များ, သီကျောရှင်များ ဆွမ်းစားနေကြပုံ

http://www.dhammadownload.com

စတီးလင်ပန်းတွေမှာ ဆွမ်းကို အကန့်ကြီးကြီး၌ ထည့်၍ အကန့်ငယ် (၃)ခု လည်း ပါရှိရာ ထိုအကန့်ငယ်တို့၌ ဟင်းတွေကို တစ်ပါးစားလောက်အောင် ထည့်ပေးထားပါသည်။

နေ့ဆွမ်းဝိုင်းဝယ် လိုက်နာဖွယ်

ဆွမ်းဝိုင်းတိုင်းတွင် ဆွမ်းချိုင့်တစ်ခုစီ ထားရှိထားပါသည်၊ အချို့ကိုရင်တို့က အရည်သောက်ဟင်းကို မသောက်ဘဲ ရေကိုသောက်တတ်သဖြင့် ရေတည်ချိုင့်ကိုလည်း အသင့်ထားရှိပါသည်၊ ကိုရင်တို့, သိက္ခာရှင်တို့အားလုံး ထိုင်ပြီးသောအခါ သင်တန်းအတွင်းရေမှူး (အရှင်ဉာနဇောတာဘိဝံသ)က မိုက်ဖြင့် နေ့ဆွမ်းကုသိုလ်ရှင်ကို ကြေငြာပြီး သာဓုခေါ်ဖို့ နှိုးဆော် တိုက်တွန်းပါသည်၊ ကြေညာသောအခါ လက်အုပ်ကိုယ်စီချီကြလျက် သာဓုသုံးကြိမ် ခေါ်ကြရပါသည်။

သာဓုသုံးကြိမ် ခေါ်ပြီးသောအခါ ဇွန်းသံ, ပန်းကန်သံ မကြားအောင် စားဖို့၊ နောက်ကျောဘက်မှ သင်္ကန်းစကို ရှေ့.ရင်ခွင်ဘက်သို့ သိမ်းထိုင်ဖို့၊ ဆွမ်းလုံး ဟင်းစက်မကျအောင် စားဖို့၊ ဆွမ်းဝိုင်းပေါ်လက်ထောက်၍ (လက်တင်၍) မစားဖို့၊ အကြွင်းအကျန်မရှိအောင် ဆွမ်းကို လိုအပ်သလောက်သာ ထည့်စားဖို့၊ ထည့်ပြီးဆွမ်းကို ကုန်အောင်စားဖို့၊ အများဆိုင် ဟင်းခွက်ကို ကိုယ်ကယူပြီးလျှင် အခြားသူအနီးသို့ ပို့ပေးဖို့၊ ဆွမ်းဟင်း မုန့်စသည့်စားဖွယ်များကို အဆောင်သို့ ယူမသွားကြဖို့၊ ဆွမ်းစားကျောင်း၌သာ ပြီးအောင် ထိုင်လျက်စားကြဖို့၊ ပါးစပ်က စားရင်း မထကြဖို့၊ မသွားကြဖို့၊ ၄ က်ပျော်ခွံများကို ပန်းကန်ဟောင်း၌ ထည့်ခဲ့ကြဖို့၊ သပိတ်ဆေးသည့်အခါ ဆွမ်းလုံးများကို ရေမြောင်းထဲရောက်အောင်သွန်ဖို့ သတိပေးနေပါသည်။

ကျေးဇူးရှင်တို့.ကို အလွန်ပင်ကျေးဇူးတင်

ဇွန်း, ခက်ရင်းကိုယ်စီဖြင့် ကိုရင်, သိက္ခာရှင်တို့ ဆွမ်းဘုဉ်းပေးနေကြပေပြီ၊ လိုနေသည့်ဝိုင်း၌ ဆွမ်း ဆွမ်းဟင်းတို့ကို သင်တန်းဆရာများနှင့် ဒကာကြီးတချို့တို့က လိုက်လံထည့်ပေးကြပါသည်၊ သိက္ခာရှင်တို့ဝိုင်းမှာမူ ဒကာမကြီးများက ထည့်ပေးကြပါသည်၊ ဆရာတော်ကြီးကား ကိုရင် သိက္ခာရှင်တို့ ဝိုင်း

http://www.dhammadownload.com

အသီးသီးသို့ လှည့်လည်ကြည့်ရှုတော်မူပါသည်၊ သတိပေးစရာရှိလျှင် ချက်ချင်း သတိပေးတော်မူပါသည်၊ မကောင်းတာတွေ့လျှင် မဆိုင်းမတွ တားမြစ်တော်မူပါသည်၊ စည်းကမ်းမကျတာ တွေ့လျှင် အကြွေး ထားတော် မမူပါ၊ သင်တန်းဆရာများကလည်း လိုအပ်သည့် ဆွမ်း ဆွမ်းဟင်းတို့ကို ထည့်ပေးရုံမျှမက စည်းကမ်းမကျတာ တွေ့လျှင်လည်း ပြုပြင်ပေးကြပါသည်၊ (၁၀း၃၀) (၁၀း၄၅)နာရီလောက်တွင် အားလုံး ဆွမ်းစားပြီးကြပါသည်။

သင်္ကန်းညီအောင် ရန်း, နေရာထိုင်ကျနစွာ ခေါက်၍ ဘယ်ဘက်ပခုံးပေါ် ညီညာစွာတင်ပြီး သပိတ်, သပိတ်ဖုံး, ဓုန်း, ခက်ရင်း, လက်သုတ်ပုဝါ, မတ် ခွက်တို့ကို လွတ်မကျအောင်သတိထားကာ ကိုင်ယူသွားကြရပါသည်၊ သပိတ်ကို လက်နှစ်ဖက်ဖြင့် ပွေ့ကိုင်သွားကြရပါသည်၊ ကိုရင်တို့ဝိုင်းမှ ဟင်းကျန်များကို သင်တန်းပြဆရာများနှင့် ဒကာကြီးတို့က ဇလုံကြီးထဲ ပေါင်းထည့်သူထည့်, ပန်းကန်များကို သိမ်းသူက သိမ်း, စားပွဲ, စားပွဲခင်းတို့ကို ရုတ်သူက ရုတ်ဖြင့် သူတို့ ခမျာမှာ အလုပ်ရှုပ်နေကြရှာပါသည်၊ နောက် တစ်သုတ် စားမည့်ယောဂီ, ရဟန်း, အမျိုးသား, အမျိုးသမီး, သိက္ခာရှင်တို့ အတွက် ပြင်သူက ပြင်ဆင် နေကြပါသည်။

ဤသင်တန်း မရှိခိုက်တွင် (၁၀)နာရီခွဲ ဘုဉ်းပေးလေ့ရှိသော ဆရာတော် ကြီးနှင့် သင်တန်းဆရာ သံဃာတော်များ, ယောဂီ သံဃာများ, ယောဂီ အမျိုးသား, အမျိုးသမီးများသည် (၁)နာရီ နောက်ကျပြီး ဘုဉ်းပေးကြရသဖြင့် ဆွမ်းဆာလောင်မှုကို ခံစားကြရရှာပေလိမ့်မည်။ ဝေယျာဝစ္စကုသိုလ်ရှင် အပေါင်းလည်း ကိုရင်တို့ သိက္ခာရှင်တို့အတွက် ပင်ပန်းရှာကြပေလိမ့်မည်၊ ကိုရင်တို့ သိက္ခာရှင်တို့အပေါ် အမြော်အမြင်, မေတ္တာကရုဏာ ကြီးမားစွာဖြင့် ပြုစုစောင့်ရှောက်ပေးကြသော ဤကျေးဇူးရှင်အပေါင်းကို အလွန်ပင် ကျေးဇူး တင်ပြီး လေးစားလှပါသည်။

သပိတ်အတွက် စည်းကမ်းချက်

သပိတ်ကို သပိတ်ခြေမပါဘဲ မည်သည့် နေရာတွင်မျှ မချရ, မတင်ရပါ၊ သပိတ်ကို သတ်မှတ်ထားသော နေရာ၌သာ ဆပ်ပြာဖြင့် စင်ကြယ်အောင် ဆေးရပါသည်၊ ရေချိုးခန်း၊ သောက်ရေအိုးစင်တို့၌ မဆေးရပါ၊ ဆေးပြီးသော သပိတ်ကို လက်သုတ်ပုဝါဖြင့် ရေပြောင်စင်အောင် သုတ်ကြရပါသည်၊

http://www.dhammadownload.com

သုတ်ပြီးနောက် အနံ့အသက် ကင်းစေရန် (၁၀)မိနစ်ခန့် အဖုံးကို ဖွင့်ထား ရပါသည်၊ ထို့နောက် ပြန်ပိတ်ထားရပါသည်။

သပိတ်ကို သပိတ်ခြေပေါ် တင်ထားရပါသည်၊ သပိတ်စင်တွင် ကိုယ့် နေရာကိုယ် ဂဏန်းနံပါတ်ရေး၍ နေရာခွဲခြားပေးထားပါသည်၊ လက်သုတ်ပုဝါ၊ ဇွန်း, ခက်ရင်း, မတ်ခွက်တို့ကို သပိတ်ထဲ ထည့်ထားရပါသည်၊ ဖျော်ရည် စသည့်ပစ္စည်းတို့ ထည့်ထားသည့်ခြင်းတို့ကိုလည်း သပိတ်စင်အပေါ်ထပ်မှာ ထားရပါသည်၊ အိပ်ရာဘေးတွင် မထားကြရပါ၊ သပိတ်ကို ကိုယ့်ဂဏန်း နံပါတ်ရေးထားသည့် နေရာ၌သာ ထားရပါသည်၊ သူများနေရာ၌ မထားရပါ။

အချိန်မဖြုန်းလို၍

ဆွမ်းစားပြီးနောက် ကိုယ့်နေရာကိုယ် ခေတ္တအနားယူကြပါသည်၊ ထို့နောက် ကိုရင်သည် သင်တန်းသား စည်းကမ်းချက် (၃၀)ကို ဖတ်နေ ပါသည်၊ ပထမပတ် စာမေးပွဲ၌ ရှေ့စည်းကမ်း(၁၀)ချက်ကို မေးမည်ဖြစ် သောကြောင့် ရနိုင်သလောက် ကျက်မှတ်နေရပါသည်၊ တချို့ ကိုရင်တို့ကား စကားပြောကြ၊ တချို့ကား စာကျက်ကြ၊ တချို့က အိပ်နေကြ၊ တချို့ကား အလဟဿ အချိန်ဖြုန်းနေကြပါသည်၊ (၂)နာရီလောက်မှာ ကြိုတင် ပြင် ကြရပါသည်၊ (၂)နာရီ မထိုးမီ ရသမျှအချိန်ကို အလဟဿမဖြုန်းလိုသဖြင့် စည်းကမ်းချက် (၃၀)ကို ဖတ်ရှုပြီး ရနိုင်သမျှ ကျက်မှတ်ပြီးနောက် ကိုရင်၏ အလတ်တန်း သင်ခန်းစာ စာအုပ်လေးကို ဖတ်ရှုနေမိပါသည်။

အလတ်တန်း သင်ခန်းစာ စာအုပ်လေးမှာ စာမျက်နှာ (၁၄၀)ရှိပါသည်၊ ထိုစာမျက်နှာ (၁၄၀)မှာ ပါသော ဗုဒ္ဓယဉ်ကျေးမှု စာတွေကို တစ်လတာအတွင်း အရကျက်မှတ်ရပေတော့မည်ဟု တွေးကာ ပျော်ရွှင်ကြည်နူးနေမိပါသည်၊ ခေါင်းစဉ်မာတိကာကို ကြည့်မိပါသည်၊ ရှင်ကျင့်ဝတ်အပိုင်းနှင့် ပရိယတ် အပိုင်းဟူ၍ (၂)ပိုင်း ခွဲထားပြီး ပရိယတ်ပိုင်းတွင် ပထမ, ဒုတိယ, တတိယ ဟူ၍ (၃)ပိုင်း ခွဲထားသည်ကိုလည်း တွေ့.ရပြန်ပါသည်။

ကလေးကောင်းတစ်ယောက် ဖြစ်လာဖို့.ရာ

မာတိကာတို့ရှေ့တွင် အရှင်ဓမ္မိကာလင်္ကာရာဘိဝံသ ရေးအပ်သော မိတ်ဆက်စာလွှာကို ဖတ်ရှုရပါသည်။

http://www.dhammadownload.com

သန်မာထွားကျိုးသည့် သစ်ပင်ကောင်းတစ်ပင် ဖြစ်ထွန်းလာဖို့ရာ မျိုးစေ့ကောင်း, ရေကောင်း, ပြုစုပျိုးထောင် ကောင်းမှု, အစောင့်အရှောက်ကောင်းမှု စသည်တို့ ပြည့်စုံဖို့လိုအပ်သလို ယဉ်ကျေးမှုလိမ္မာသော အမျိုးသားကောင်း, အမျိုးသမီးကောင်း တစ်ယောက် ဖြစ်ထွန်းလာဖို့ရာ ရှေးကုသိုလ်ကံ, မိဘကောင်း, ဆရာကောင်းတို့၏ ပြုစုပျိုးထောင် စောင့်ရှောက်မှု စသည်တို့ ပြည့်စုံဖို့လိုအပ်ကြောင်းကို အကျယ်ချဲ့၍ ရေးသားထားသည်ကို ဖတ်ရှုရပါ၏သည်။

ကလေး, မိဘ, ဆရာ ဤသုံးဦးကို သုံးချောင်ထောက် စားပွဲနှင့် နှိုင်းယှဉ်ပြထားသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ စကားမှာ အလွန်မှတ်သားစရာ ကောင်းလှပါသည်။

" သုံးချောင်းထောက်စားပွဲဟာ ခြေတစ်ချောင်း ကျိုးပျက်သွားလျှင် ပုံမှန်မရပ်တည်နိုင်တော့ဘူး၊ နှစ်ချောင်း, သုံးချောင်းကျိုးပြီ ဆိုရင်တော့ အထူးပြောစရာ မလိုတော့ဘူး၊ အဲဒီလိုပါပဲ ဗုဒ္ဓယဉ်ကျေးမှု ရရှိထားတဲ့ ကလေးတစ်ယောက်ဖြစ်လာဖို့ရာ ကလေးရယ်, မိဘရယ်, ဆရာရယ် အဲဒီသုံးဦးအရေးကြီးတယ်" တဲ့။

ဗုဒ္ဓသာသနာ မြန်မာပြည်မှာ ကြာရှည်စွာ တည်ဖို့ရာ ဗုဒ္ဓယဉ်ကျေးမှုရရှိတဲ့ မျိုးဆက်ကောင်းလေးတွေ အဆက်မပြတ်သင့်ကြောင်း, ဆင့်ပွားပေးဖို့ အမြော်အမြင် ကြီးမားသည့် မိဘဆရာတို့ နိုးနိုးကြားကြား ကြိုးစားနေကြကြောင်း, နိုးကြားကြသည့် မိဘတို့က သားသမီးတို့ကို ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသို့ ပို့ပေးဖို့ လက်မနှေးသင့်ကြကြောင်းကိုလည်း ဖတ်ရှုရပါသည်။

သင်ခန်းစာမှာ အကျော်အမော်ဆရာတော်တို့၏ အဆုံးအမအစုံပါ

ကိုရင်တို့ သင်ယူရမည့် ဗုဒ္ဓယဉ်ကျေးမှု သင်ခန်းစာများတွင် အကျော်အမော် ဆရာတော်ကြီးများဖြစ်သည့် မဟာဝိသုဒ္ဓါရုံဆရာတော်, သင်္ဃာဆရာတော်, လယ်တီဆရာတော်, အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်, ဒဟာစည်ဆရာတော်, ပရိတ်ကြီး နိဿယသစ်ကျမ်းပြု သပြေကန် ဆရာတော်, ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော် စသော ဆရာတော်ကြီးများ၏ ရေးသားချက် အဆုံးအမ သြဝါဒ စသော တန်ဖိုးဖြတ်၍ မရနိုင်သည့် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ တရားတော်များ စုံလင်စွာ ပါရှိကြောင်းကို

http://www.dhammadownload.com

ဖတ်ရှုရသဖြင့် သင်ခန်းစာများကို ပို၍ပင် စိတ်ဝင်စားလာပါသည်၊ သင်ခန်းစာကို သင်ယူလိုစိတ် ပို၍ပင် ထက်သန်လာပါသည်။

ကလေးနှင့် ဘာသာရေး

အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားအပ်သော ကဗျာလေးကိုလည်း ဖော်ပြထားပါသည်၊ ထိုကဗျာလေးမှာ ကာရန်အနေအထား, စကားလုံး အသုံးအနှုန်း, အဓိပ္ပာယ်တို့ ကောင်းမွန်လှသဖြင့် ထိုကဗျာလေးကို အလွတ်ရလုနီးပါး အထပ်ထပ် ဖတ်ရှုနေမိပါသည်။

စာရှုသူအား မှတ်သားဖွယ် ကောင်းလှသော ထိုကဗျာလေးဖြင့် ကိုရင်ကလက်ဆင့်ကမ်း ဓမ္မဒါန ပြုလိုက်ပါရစေ ...

“ အိုးမဖုတ်ခင်, အိုးလုပ်စဉ်ဝယ်, အိုးတွင်နှိပ်ခတ်, တံဆိပ်မှတ်ကား, မပြတ်မစဲ, အိုးပင်ကွဲလည်း, အမြဲတစေ, တည်ရှိနေသို့, ထွေထွေသွေးသား, ကလေးများ၌, ဘုရားတံဆိပ်, ဘာသာစိတ်ကို, ခတ်နှိပ်နိုင်မှ, သက်ဆုံးကျအောင်, ဗုဒ္ဓဝါဒီ, စွဲ၍တည်မည်, ကိုယ်စီ... ခတ်နှိပ်စေသတည်း။”

ထိုကဗျာလေးကို ကျက်မှတ်လို့ ကောင်းနေတုန်းမှာပင် သင်တန်းဆရာအရှင်မြတ်များ ကြွလာကြပြီး သင်တန်းဖွင့်ပွဲသွားဖို့ ကြိုတင်ပြင်ဆင်ရန် နှိုးဆော်လာပါတော့သည်။

မှတ်တမ်းတင် ဗွီဒီယို ရိုက်ကြသည်

ထို့ကြောင့် ကိုရင်တို့ သင်းပိုင် ညီအောင် ပြင်ဝတ်ကြရပြီး လက်ကန်တော့ကို သင်တန်းဆရာတို့က တင်ပေးကြပါသည်၊ နေရာထိုင်ကို ဘယ်ဘက်ပခုံးပေါ် ညီညာစွာ တင်ပြီး ငယ်စဉ်ကြီးလိုက် တန်းစီကာ သွားကြရပါသည်၊ ဖိနပ်ကို ညီညာစွာ တန်းစီချွတ်ပြီး ဆွမ်းစားကျောင်းတွင်းသို့ ဝင်ကာ တန်းစီ၍ နေရာထိုင်ခင်းကာ ရှေ့နောက်ဝဲယာ ညီညာငြိမ်သက်စွာ ထိုင်ကြရပါသည်၊ သိက္ခာရှင်တို့လည်း နေရာယူပြီးကြသောအခါ (၃)နာရီလည်း ထိုးတော့မည် ဖြစ်၍ ဆရာတော်ကြီးကို ပင့်ဖို့ ရဟန်းတစ်ပါး ဆရာတော်ကြီး သီတင်းသုံးရာ သာထွန်းအောင် တိုက်ကျောင်းပေါ်သို့ တက်သွားပေပြီ။

http://www.dhammadownload.com

သာထွန်းအောင် တိုက်ကျောင်းမှ ဆွမ်းစားကျောင်းပေါ် ကြွလာသော ဆရာတော်ကြီးကို မြန်မာအသံမှ မှတ်တမ်းတင် ဗွီဒီယိုရိုက်သူတို့နှင့် အခြားမှတ်တမ်းတင် ဗွီဒီယိုရိုက်သူတို့ မှတ်တမ်းတင် ရိုက်နေကြလေသည်၊ ဆရာတော်ကြီးလည်း လက်ကန်တော့ တင်လာပါသည်၊ ဆရာတော်ကြီးက ထန်းရွက်ယပ်တောင်ကို မြတ်နိုးဟန်တူပါသည်၊ ယခုအခါလည်း ထန်းရွက်ယပ်တောင်ကိုပင် ကိုင်လာပါသည်၊ ယပ်တောင်ကို ပလ္လင်ပေါ်တင်၍ ရပ်လျက် ဘုရားဝတ်ပြုပြီး ပလ္လင်ပေါ်သို့ တက်ရောက်ပါသည်၊ တက်ရောက်၍ ထိုင်ပြီးသောအခါ ကိုရင်တို့, သိက္ခာရှင်တို့နှင့် လာသမျှ ပရိသတ်တို့က ဦးသုံးကြိမ် ချပြီး အခမ်းအနားမှူး (အရှင်ဉာနဇောတာဘိဝံသ)က သင်တန်းဖွင့်ပွဲ အခမ်းအနား အစီအစဉ်ကို ကြေညာပါသည်။

ပျက်အစဉ် ပြင်ခဏ

နံပါတ်(၁) အစီအစဉ်အရ– နမော တဿ (၃)ကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကြရပါသည်၊ ကိုရင်တို့ သိက္ခာရှင်တို့ "နမော တဿ" ကို ရွတ်ဆိုရာ၌ အဖြတ်, အတောက် မမှန်၍ ဆရာတော်ကြီးက ပြင်ပေးပါသည်၊ "မှားတာ တွေ့လျှင် ပြင်ပေးဖို့ လက်နှေးတော် မမူပါတကား"ဟု သတိထားမိပါသည်၊ မြန်မာပြည်မှ ဗုဒ္ဓသာသနာဝင် အများစုတို့မှာ ဤဘုရားရှိခိုးကို ရွတ်ဆိုရာ၌ အဖြတ်, အတောက် မမှန် ဖြစ်နေကြသည်ကို နေရာအနှံ့အပြားကြားသိနေရပါသည်၊ " 'နမော' နှင့် 'တဿ' ကို တွဲစပ်၍ မရွတ်ရဘူး၊ 'တဿ'ကို 'ဘဂဝတော'နဲ့ တွဲစပ်ပြီး ရွတ်ဆိုရမယ်၊ 'နမော'လို့ ရွတ်ဆိုတဲ့အခါ 'မော' ကို အသံရှည်ရှည်လေးရွတ်ပြီး အသံကို ချလိုက်ရတယ်၊ အနည်းငယ်နားလိုက်ရသေးတယ်၊ ပြီးမှ 'တဿ'နဲ့ 'ဘဂဝတော'ကို တွဲစပ် ရွတ်ဆိုရတယ်၊ ဘုန်းကြီး ရှေ့က ဆိုတဲ့အတိုင်း လိုက်ဆိုကြ၊ ဆိုပြမယ်၊ သေချာနားထောင်ကြ" ဟု ပြောပြီး ရွတ်ဆိုပြပါသည်။

ကိုရင်တို့, သိက္ခာရှင်တို့ အဖြတ်, အတောက် မှန်ကန်စွာ ရွတ်ဆိုနိုင်ကြပါပြီ၊ "အစကောင်းမှ အနှောင်းသေချာ" ဆိုသည့်အတိုင်း ယခု သင်တန်းအစပိုင်းမှာ ပြုပြင်မပေးလိုက်ပါလျှင် နောက်နောင် တစ်သက်လုံး မှားနေကြမည်ဖြစ်လို့မည်၊ "ပျက်အစဉ် ပြင်ခဏ" တဲ့၊ ပြုပြင်ပေးလိုက်တော့လည်း တခဏ

http://www.dhammadownload.com

ပင်၊ တခဏတာမျှ ပြုပြင်လိုက်မှုကြောင့် အစဉ်ထာဝရ မှန်ကန်စွာ ရွတ်ဆို တတ်ကြပေတော့မည်၊ ပြုပြင်ပေးသည့်အတွက် အလွန်ပင် ကျေးဇူးတင် မိပါသည်။

အစီအစဉ် (၂-၃-၄)

နံပါတ်(၂) အစီအစဉ်အရ- ကိုရင်များ သိက္ခာရှင်များနှင့် အားလုံးသော ပရိသတ်အပေါင်းတို့က ဆရာတော်ကြီးကို သြကာသဖြင့် ညီညာစွာ ကန်ဆော့ ကြရပါသည်၊ ဆုပေးမည့် ဆရာတော်ကြီးရှိနေ၍ "ဖူးမြော်မာန်လျှော့ ကန်ဆော့ ပါ၏ အရှင်ဘုရား" ဟူသော စကားရပ်တွင် ရပ်ထားကြရပါသည်၊ ဆရာတော် ကြီးက ဆုပေး၍ ကိုရင်, သိက္ခာရှင်တို့က "ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား"ဟု ဆိုကြပါသည်။

နံပါတ်(၃) အစီအစဉ်အရ- ဆရာတော်ကြီးထံ ဆယ်ပါးသီလ ခံယူပြီး ဥပဇ္ဈာယ်ယူကြရပါသည်။

နံပါတ်(၄) အစီအစဉ်အရ- သာသနာတော် ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒကာကြီး ဦးကျော်လွင်က ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနှင့် ပတ်သက်၍ ဝမ်းမြောက်စကား လျှောက်ထားပါသည်။

နှစ်ဖက်လှ ဦးကျော်လွင်၏ ဝမ်းမြောက်စကား

"ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ ဒုတိယအကြိမ် ဖွင့်လှစ်သင်ကြားပေးမည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်ပွဲမှာ စကား ပြောခွင့် ရတဲ့အတွက် ဘုရားတပည့်တော် ကျေးဇူးအထူးတင်ပါတယ်ဘုရား၊ ယခု နိုင်ငံတော်အစိုးရက သာသနာတော်ကို အာရုံစိုက်ပြီး အထူးအားပေး နေပါတယ်၊ သာသနာပြု လုပ်ငန်းမှာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဌာနအသစ်တစ်ခု ဖွင့်ပေးထားပါတယ်၊ ထိရောက်အောင် ဆောင်ရွက်ဖို့ ရည်ရွယ်ပါတယ်၊ ဗုဒ္ဓဘာသာကို သန့်သန့်ပြုစုစေပါတယ်၊ ထေရဝါဒ သာသနာကို နယ်စပ်ပါမကျန် မြန်မာပြည်ပေါ်မှာ တစ်လက်မ မချန် ပြန့်ပွား စေချင်ပါတယ်၊ ပြည်ပမှာလဲ စိတ်အားထက်သန်လျက် ရှိပါတယ်။"

"ဆရာတော်ကလဲ ပြည်ပသို့ ကြွရောက်ပြီး ထိရောက်အောင်မြင်စွာ

http://www.dhammadownload.com

သာသနာ့ကိစ္စတွေကို ဆောင်ရွက်နေပါတယ်၊ ပြည်တွင်းမှာလဲ ဘယ်ညာလက်ဆန့် မောင်းကုန်နှိုက်ပြီး ပရိယတ်, ပဋိပတ် စွယ်စုံ ပြုလုပ်နေပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတည်းက တူညီသော ဦးတည်ချက်, တူညီသော ရည်ရွယ်ချက်နဲ့ အနာဂတ်ကလေးတို့အတွက် အကြိမ်ပေါင်းများစွာ ဆရာတော်နဲ့ တပည့်တော်တို့ ဆွေးနွေးမှု ပြုလုပ်ခဲ့ကြပါတယ်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကလဲ ဌာနသစ်, သာသနာတော် ထွန်းကားပြန့်ပွားရေး ဌာနကလဲ ဌာနအသစ်အဖြစ် ဖွင့်လှစ်ပြီး စိတ်တိုင်းကျ ပြုလုပ်ခွင့်ရလို့ တိုက်ဆိုင်လွန်းတယ်လို့ တွေးမိပါတယ် ဘုရား။"

" ဒီသာသနာ့ရိပ်သာမှာ လူဘက်, ရှင်ဘက် ပုဂ္ဂိုလ်တွေ ဘာသာရေးလုပ်ငန်းတွေကို ချမ်းမြေ့ကြည်နူးစွာ ဆောင်ရွက်နေကြတာကို မျက်ဝါးထင်ထင်တွေ့မြင်ရလို့ အထူးပင် ဝမ်းမြောက်ရပါတယ်၊ ဆရာတော်နဲ့ တပည့်တော်တို့ တူညီသော လမ်းပေါ် လျှောက်လှမ်းနေရတာဟာ ဘယ်မျှအထိ ခရီးပေါက်လိမ့်မယ်လို့ မခန့်မှန်းနိုင်ပါ၊ စမ်းတဝါးဝါး မရှိ၊ လူသားအကျိုးပြု အောင်မြင်တဲ့ပန်းတိုင်သို့ လျှောက်လှမ်းနိုင်မယ်လို ယုံကြည်ပါတယ်၊ နှစ်ပေါင်း နှစ်ဆယ်သုံးဆယ် ပြုလုပ်ပြီးမှ ဝါဒလမ်းစဉ် ရေလိုက်လွှဲလို့ ကွဲပြဲတာတွေ ရှိပါတယ်၊ ဆရာတော်နဲ့ တပည့်တော်တို့ရဲ့ လမ်းစဉ်ဟာ နှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက စမ်းသပ်ခဲ့တဲ့ လမ်းစဉ် ဖြစ်ပါတယ်၊ လမ်းမှန်ဖြစ်တဲ့အတွက် စခန်းမှန်ပန်းတိုင်ကို ရောက်ပါလိမ့်မယ်၊ ရှင်ဘက်, လူဘက်တို့ကလဲ အားမာန်အပြည့်နဲ့ စိတ်ချရတဲ့ လမ်းကို အတူတွဲလျှောက်ဖို့ လိုပါတယ်၊ ဘယ်လိုအသီး, အပွင့်, အညွှန့်, အဖူးတွေ စားရမလဲလို့ အထူးမေးစရာ မလိုပါ။"

"ရခဲတဲ့ လူ့ဘဝမှာ ရတောင့်ရခဲတဲ့ဟာက အလိမ္မာပဲ ဖြစ်ပါတယ်။"

"လူတစ်ယောက်ဟာ မိုက်လျှင် မြွေ၊ ကျား၊ ဆင်တို့ထက် ပိုပြီး ကြောက်စရာ ကောင်းပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့.. ဉာဏ်ရှိလို့ပဲ ဖြစ်ပါတယ်၊ လူ့ပတ်ဝန်းကျင် တစ်ခုလုံးကို ဒုက္ခရောက်စေမှာ ဖြစ်ပါတယ်၊ ဗုဒ္ဓနည်းထက် ကောင်းတဲ့နည်း မရှိပါဘူး, စိတ်အချရဆုံး ဖြစ်ပါတယ်။"

"ယခု ဒီရိပ်သာ ဒီသင်တန်းက သားသမီးလေးတွေကို ဗုဒ္ဓနည်းတွေအတိုင်း ပုံသွင်းပေးထားပါတယ်၊ အခြား ကလေးရိုင်းတွေနဲ့ ဒီကလေးတွေနဲ့ မနှိုင်းယှဉ်အပ်ပါဘူး၊ ယခု ကိုရင်နဲ့ သိက္ခာရှင်လေးတွေက ဆယ်ပါး

http://www.dhammadownload.com

သီလ တည်နေပါပြီ၊ ပါဏာတိပါတ သိက္ခာပုဒ် ထိန်းသိမ်းလိုက်တဲ့အတွက် အခြားသူတွေ သေရမှာ မစိုးရိမ်ရတော့ဘူး၊ ပတ်ဝန်းကျင် သတ္တဝါတွေမှာ အသက်လုံခြုံသွားတယ်၊ အဒိန္နာဒါန သိက္ခာပုဒ် စောင့်ထိန်းလို့ သူတစ်ပါး ပစ္စည်းတွေ လုံခြုံသွားတယ်၊ သီလ လုံခြုံမှုရဲ့ တာသွားမှုကို လောက လူအများစုက မသိကြဘူး၊ လောကသားတွေဟာ အရိုင်းလောကမှာ ဦးတည် လာစပြုလာပြီ၊ ဆေးကောင်းမတွေ့.ရင် တစ်ကမ္ဘာလုံး လူသားတွေ ဒုက္ခ ရောက်ဖို့ ရှိပါတယ်။"

"ထေရဝါဒကို လက်ဆုပ်လက်ကိုင် ရထားသူတွေက ပြည်တွင်း ပြည်ပ လူတွေကို မကယ်တင်ရင် တာဝန်မကျေပါဘူး၊ ယခု ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းကို တက်ရောက် သင်ယူကြမည့် ကိုရင်တို့, သိက္ခာရှင်တို့ဟာ ဗုဒ္ဓ ယဉ်ကျေးမှုကို တလေးတစား အချိန်ပြည့် သရုပ်ဆောင်ထားသူတွေ ဖြစ်ကြ ပါတယ်၊ သီလရှင်လေးတွေကို "သိက္ခာရှင်" လို့ ခေါ်ဝေါ်တဲ့ ဝေါဟာရသစ် တစ်ခု ဆရာတော် ထွင်ထားပုံရပါတယ်၊ "သိက္ခမာန်" နဲ့ ခပ်ဆင်ဆင်ပဲ၊ ခပ်ကြိုက်ကြိုက်ပဲ၊ ဗုဒ္ဓယဉ်ကျေးမှု အရအမိ တစ်သက်လုံး ရှိသွားအောင် တစ်ဘဝလုံး ဘာသာပျက်ဘေး (ဒိဋ္ဌိဗျသနဘေး)မှ ကင်းဝေးပြီလို့ စိတ်ချရတဲ့ အနေအထားရောက်အောင် ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းက ကြိုးပမ်း ပေးလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်၊ အစိုးရပိုင်းက လူကြီးတွေကလဲ မြန်မာပြည်ဟာ ကမ္ဘာမှာ ထေရဝါဒရဲ့ ဗဟိုချက်မဌာန, အထွန်းကားဆုံးဌာန ဖြစ်စေနေလိုကြပါတယ်၊ နိုင်ငံကလဲ လိုလား, ဆရာတော်ကလဲ ကြိုးစားလို့ ဘက်စုံကြိုးစားလို့ သာသနာတော် ထွန်းကားပြန့်ပွားရေးဌာနနဲ့ အံဝင်ခွင်ကျ ဖြစ်လှပါတယ်။"

"တောင်တိုင်းမှာ ပတ္တမြားမရှိ၊
ဆင်တိုင်းမှာ အမြှေတေမရှိ၊
အရပ်တိုင်းမှာ ပဏ္ဍိတ(ပညာရှိ) မရှိ..."

"သာသနာစိတ်နဲ့ သာသနာ့အကျိုး လုပ်မည့် ဆရာတော်နဲ့ ကြိုးစားကြ သူတွေ ဖဝါးခြေထပ် ထက်ကြပ်မကွာ ဆရာ, ဒကာ အတူ လျှောက်လှမ်း တဲ့လမ်းမှာ နိဗ္ဗာန်ရွှေပြည် အတူဝင်ပါရစေလို့ ဝမ်းမြောက်စကားပြောပြီး နိဂုံး ချုပ်လိုက်ပါတယ် ဘုရား။"

http://www.dhammadownload.com

အပြောလဲ ကောင်းသကိုး

"ဦးကျော်လွင်" ဆိုသော ပုဂ္ဂိုလ်အကြောင်းကို ကြားဖူးပါသည်၊ သူသည် စာရေးကောင်းသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်၊ သူ့နာမည်ကို 'နှစ်ဖက်လှ' ဟူ၍ ဝိသေသနပြု၍ တစ်ဖုံ, 'နှစ်ဖက်လှ' ဟု ကလောင်နာမည်အဖြစ် အသုံးပြု၍ တစ်နည်းဖြင့် နာမည်ကြီးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။

"နှစ်ဖက်လှ" ဆိုသည်မှာ ဘုန်းကြီးလောကမှာ နာမည်ကြီး သက္ကသီဟ အဘိဝံသ, စေတိယင်္ဂဏအဘိဝံသ စာမေးပွဲ နှစ်ခုနှင့် အစိုးရ ဓမ္မာစရိယတို့ကို အောင်ခဲ့ပြီး လူ့လောကဘက်မှ ဘီအေဘွဲ့, အမ်အေဘွဲ့, အိပ်ချ်ဂျီပီဘွဲ့တို့ကို ရရှိထားသဖြင့် ဘက်စုံပညာရှင်တစ်ဦး ဖြစ်သည်ကို ဆိုလိုပေသည်၊ သူသည် သတင်းစာထဲတွင်လည်း ဆောင်းပါးများ ရေးသားလေ့ရှိရာ သူ့ဆောင်းပါးများကို ဖတ်ရှုရပေသည်၊ အခြားအခြား ကလောင်နာမည်များဖြင့်လည်း စာရေးသေးသည်ဟု ထင်ပါသည်၊ သူသည် စာရေးကောင်းရုံမျှမဟ အပြောလည်း ကောင်းကြောင်းကို ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း၌ ဝမ်းမြောက်စကား ပြောကြားသွားသည်ကို နားထောင်ရမှ သိရပေသည်။

အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် အကွက်စေ့စေ့ စကားလုံးကောင်းကောင်းတို့ဖြင့် ပြောသွားလေသည်၊ သူသည် ဤလိုပွဲမျိုးကို ဤလို စကားမျိုးတို့ဖြင့် အကြိမ်ပေါင်းများစွာ နွဲ့ခဲ့ဖူးဟန်တူပါသည်၊ တည်ကြည်အေးမြသော အပြုံးဖြင့် ပရိသတ်ကို မျက်နှာ ပေးသွားလေသည်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ကြီးအပေါ် သူ၏ ကြည်ညိုလေးစားမှုတို့ကို သူ၏စကားများအရ သိရပေသည်။

မမေ့နိုင်စရာ ဥပမာလေးဖြင့်

နံပါတ်(၅) အစီအစဉ်အရ– ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့၏ ဥက္ကဋ္ဌဒကာကြီး ဦးအောင်သိမ်း၏ စကားပြောဖို့ အလှည့်ရောက်လာပါသည်၊ သူပြောသွားသော စကားလုံးများထဲမှ ကိုရင် ထူးထူးခြားခြား မှတ်သားမိသော စကားလေးမှာ "သိက္ခာရှင်" ဆိုသည့် ဝေါဟာရ၏ အဓိပ္ပာယ် ဖွင့်ဆိုချက် စကားဖြစ်ပါသည်၊ "သိက္ခာရှင်" ဟူသော ဝေါဟာရကို ရွှေတောင်ကုန်းသာသနာ့ရိပ်သာသို့ ရောက်မှသာ ကိုရင်

http://www.dhammadownload.com

ကြားဖူးပါသည်၊ "သီလရှင်, ဆရာလေး, ဆရာကြီး, မယ်သီလ" ဟူသော စကားတို့ကိုသာ ကြားဖူးသဖြင့် "သိက္ခာရှင်" ဟူသော ဤဝေါဟာရမှာ ထူးဆန်းနေပါသည်၊ ထို့ကြောင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ရောက်လို့ ထိုဝေါဟာရကို ကြားရတိုင်း, ဖတ်ရှုရတိုင်း ထိုဝေါဟာရ၏ အဓိပ္ပာယ်ကို သိလိုသည့်ဆန္ဒ ဖြစ်မိသည်မှာ အကြိမ်ကြိမ်ပင်၊ သို့သော် ထိုဆန္ဒပြည့်ဝခွင့် မကြုံခဲ့ရပါ၊ ယခုအခါ ဒကာကြီးဦးအောင်သိမ်း၏ ရှင်းပြချက်အရ ထိုဆန္ဒ ပြည့်ဝရပေပြီ။

သူ၏ ရှင်းပြပုံကား ...

"ပညာရှိတဲ့သူ (ပညာပိုင်ရှင်)ကို 'ပညာရှင်'၊ ဥစ္စာရှိသူ (ဥစ္စာပိုင်ရှင်)ကို 'ဥစ္စာရှင် (ဓနရှင်)'၊ မေတ္တာရှိသူ (မေတ္တာပိုင်ရှင်)ကို 'မေတ္တာရှင်'၊ ကရုဏာရှိသူ (ကရုဏာပိုင်ရှင်ကို) 'ကရုဏာရှင်' စသည်ဖြင့် ခေါ်ဝေါ်ကြသလို သီလရှိသူ (သီလပိုင်ရှင်)ကို 'သီလရှင်' လို့ ခေါ်ပါတယ်၊ ယခု ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းမှာ တက်ရောက်သင်ကြားကြမယ့် သိက္ခာရှင်လေးများကတော့ ဆယ်ပါးသီလကို ဆောက်တည်ကြပါတယ်၊ သတိပဋ္ဌာန် ဝိပဿနာကို နံနက် တစ်ကြိမ်, ညနေတစ်ကြိမ်အားဖြင့် တစ်နေ့လျှင် (၂)ကြိမ် အားထုတ်ကြပါတယ်၊ အားထုတ်တဲ့အခါ စိတ်ရဲ့တည်ငြိမ်မှု သမာဓိကို ထိုက်တန်သ၍ ရရှိကြ ပါတယ်၊ အသိမှန်ပညာတွေကိုလဲ သူ့.အတိုင်းအတာနဲ့သူ ရကြပါတယ်၊ ဒါကြောင့် သီလသိက္ခာအပြင် သမာဓိသိက္ခာ, ပညာသိက္ခာတွေကိုလဲ ရရှိကြ ပါတယ်၊ ပိုင်ဆိုင်ကြပါတယ်၊ သိက္ခာ (၃)ပါး ပိုင်ရှင်တွေ ဖြစ်နေကြပါတယ်၊ ဒါကြောင့် ဆရာတော်ဘုရားက 'သီလရှင်' လို့ မခေါ်ဝေါ် မသုံးနှုန်းဘဲ 'သိက္ခာရှင် လို့ ခေါ်ဝေါ်သုံးနှုန်းပါတယ်၊ သိက္ခာ (၃)ပါးလုံး ပိုင်ရှင်ကို 'သီလ ရှင်' လို့သာ ခေါ်ဝေါ်လျှင် (၁၀)တန်းသမားကို (၅)တန်းဘွဲ့.ပေးသလို ဖြစ် နေပါလိမ့်မယ်၊ 'သိက္ခာရှင်'လို့ ခေါ်ဝေါ်တာက အဓိပ္ပာယ်ပြည့်ဝတဲ့ ခေါ်ဝေါ် ခြင်းဖြစ်ပါတယ်" တဲ့။

"(၁၀)တန်းသမားကို (၅)တန်းဘွဲ့.ပေးသလို" ဆိုတဲ့ သူရဲ့ ဥပမာလေး ဟာ အလွန်ပင် ကောင်းလှပါပေသည်၊ နားထဲ ရှင်းပြီး စွဲနေပါတော့သည်၊ ဤတစ်သက်မှာ သူ့ဥပမာလေးကို မေ့နိုင်တော့မည်မဟုတ်ပါ။

http://www.dhammadownload.com

ပစ်တိုင်းထောင်ဘဝ တည်ဆောက်ကြ

နံပါတ်(၆) အစီအစဉ်အရ- ဆရာတော်ကြီးအား သြဝါဒ ပေးသနားရန် အခမ်းအနားမှူးက လျှောက်ထားသဖြင့် ဆရာတော်ကြီးက သြဝါဒစကားကို မိန့်ကြားတော်မူသည် ...

"သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒကာကြီး ဦးကျော်လွင်က သူ့တာဝန်အရ ပြောသွားချက်တွေဟာ ဘုန်းကြီး ပြောမယ့်ဟာတွေ ဖြစ်သွားတယ်၊ ထပ်ပြောစရာတောင် မလိုတော့ပါဘူး၊ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဒကာကြီး ဦးအောင်သိမ်းက ပြောသွားတော့လဲ 'ရွှေပေါ်မြတင်' ဖြစ်သွားပါတယ်၊ အချိန်ကြာညောင်းသွားရင် ငြီးငွေ့သွားမှာ စိုးရိမ်မိတယ်၊ ဒါပေမယ့် အခမ်းအနား အစီအစဉ် အတိုင်းတော့ လုပ်ရပေမပေါ့၊ အချိန် မိနစ်(၃၀)ဆိုတော့ များ, များ :နေမလားလို့ တွေးမိတယ်။"

"အင်္ဂါတို့ရဲ့.. စတုက္ကနိပါတ်၊ ပပတိတသုတ္တန်ကို အထောက်အထားပြုပြီး ပြောသွားပါမယ်၊ 'ပပတိတ' ဆိုတာ 'တလိမ့်ခေါက်ကွေး ကျခြင်း' လို့ အဓိပ္ပာယ် ရတယ်၊ 'ပပတိတ' ဆိုတဲ့နာမည်ဟာ ရိုးရိုးလေးနဲ့ ဆန်းတဲ့နာမည်ပဲ။"

"ဂုဏ်ရည်လေးဝ, ပြည့်ဝမှ, ဗုဒ္ဓယဉ်ကျေးမှုမှ ပြုတ်မကျနိုင်" ဆိုတဲ့ ခေါင်းစည်းနဲ့ ပြောသွားပါမယ်။

"ဂုဏ်ရည်လေးဝ" ဆိုတာ (၁) ကိုယ်, နှုတ် စောင့်စည်းမှု၊ (၂) စိတ်တည်ငြိမ်မှု၊ (၃) အသိပညာ၊ (၄) လွတ်လပ်မှု၊ အဲဒီ လေးမျိုး ပြည့်ဝမှ ဗုဒ္ဓယဉ်ကျေးမှုမှ ပြုတ်မကျနိုင်တာ။

"(၁) ကိုယ်, နှုတ် စောင့်စည်းမှု ဆိုရာမှာ ရှင်ရဟန်းဆိုလျှင် ရှင်ရဟန်းအလိုက်, သိက္ခာရှင်ဆိုလျှင် သိက္ခာရှင်အလိုက်, လူဝတ်ကြောင်ဆိုလျှင် လူဝတ်ကြောင်အလိုက် ကိုယ်, နှုတ် စောင့်စည်းရမှုတွေ ရှိတယ်၊ စောင့်စည်းတဲ့နေရာမှာ စာနာစိတ်ထားပြီး စောင့်စည်းရတာ ရှိတယ်၊ ပညတ်ချက်ကို ရိုသေလေးစားပြီး စောင့်စည်းရတာ ရှိတယ်၊ ဟိရီ, ဩတ္တပ္ပထားပြီး စောင့်စည်းရတာ ရှိတယ်၊ စောင့်စည်းရင် သူ့ကိုရော ကိုယ့်ကိုယ်ပါ စောင့်ရှောက်ပြီး ဖြစ်သွားတယ်၊ ကိုယ့်ဂုဏ် ဒဲ့ကွက်ခြင်းဖြင့် သူတစ်ပါးကိုလည်း ဒဲ့ကွက်ပြီး ဖြစ်တယ်။"

http://www.dhammadownload.com

"ကိုယ်, နှုတ် စောင့်စည်းရင် ကိုယ်, နှုတ်အမူအရာ သန့်ရှင်းတယ်၊ အထက်တန်းကျတယ်၊ ယဉ်ကျေးတယ်၊ သူ့မှာ သာသနာ တည်ရှိနေတယ်၊ ဗုဒ္ဓယဉ်ကျေးမှု ကိန်းဝပ်နေတယ်၊ တဖြည်းဖြည်း မြင့်တက်နေတယ်။"

"ကိုယ်, နှုတ် မစောင့်စည်းရင် ကိုယ်, နှုတ်အမူအရာ ညစ်ညမ်းတယ်၊ အောက်တန်းကျတယ်၊ ရိုင်းစိုင်းတယ်၊ သူ့မှာ သာသနာ မတည်ရှိဘူး၊ ဗုဒ္ဓယဉ်ကျေးမှု ပြုတ်ကျနေတယ်၊ ရပ်မနေဘူး၊ ကျနေတယ်။"

"စည်းကမ်းဟာ လိုက်နာတတ်သူတို့အဖို့ လူ့အဆင့်အတန်းမြှင့်ပေးတဲ့ စံတစ်ခုပဲ၊ ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှု, စိတ်ယဉ်ကျေးမှုအားဖြင့် ယဉ်ကျေးမှု (၃)မျိုးရှိရာ ကိုယ်, နှုတ်ကို စောင့်စည်းရင် ကိုယ်, နှုတ်သာ ယဉ်ကျေးပြီး စိတ်မယဉ်ကျေးသေးဘူး၊ စိတ်တည်ငြိမ်မှုရှိမှ စိတ်ယဉ်ကျေးမှု ရှိတယ်၊ စိတ်ရိုင်းတွေ ဖြစ်ပေါ်စေနိုင်တဲ့ ရိုင်းစိုင်းတဲ့မျိုး (မျိုးစေ့)တွေဆိုတာ ရှိတယ်၊ အဲဒါတွေကို ကုန်စေဖို့ရာ အသိပညာ လိုအပ်နေသေးတယ်၊ အချိန်ပိုင်းလောက်သာ ကုန်စေနိုင်တဲ့ ပညာ, အချိန်ပြည့်ကုန်စေနိုင်တဲ့ မျိုးကို အသေသတ်နိုင်တဲ့ ပညာလို့ (၂)မျိုးရှိရာ အချိန်ပိုင်းကုန်စေနိုင်တဲ့ ပညာ အားကောင်း ပြည့်စုံလာရင် ကိလေသာ အချုပ်အချယ်မှ အချိန်ပြည့် ကုန်စေနိုင်တဲ့ ပညာထိ ပြည့်စုံလာမယ်၊ အဲဒီပညာ ပြည့်စုံလာရင် လွတ်လပ်လာတယ်၊ အေးချမ်းမှု ရှိလာတယ်။"

"ငါးမိနစ် တရားရှုမှတ်လျှင် ငါးမိနစ် ကိုယ်, နှုတ် သန့်ရှင်းပြီး စိတ်သန့်ရှင်းနေတယ်၊ ကိုယ်, နှုတ်, စိတ် ယဉ်ကျေးလာတယ်၊ လှကား တစ်ထစ်ပြီး တစ်ထစ် တက်သွားသလို ယဉ်ကျေးမှု မြင့်သွားတယ်။"

"ဗုဒ္ဓယဉ်ကျေးမှု မြင့်လာရင် မြင့်လာသည်နှင့်အမျှ စိတ်ဓာတ်ရင့်ကျက်လာတယ်၊ လောကဓံ ခံနိုင်တဲ့စွမ်းရည် ရှိလာတယ်၊ သစ်ပင်နှုနှုဟာ မိုးဒဏ်, လေဒဏ်, အပူဒဏ်, အအေးဒဏ်, အထိအပါးဒဏ်ကို မခံနိုင်ဘူး၊ သစ်ပင်ကရင့်လာရင် ခံနိုင်တယ်၊ ဗုဒ္ဓယဉ်ကျေးမှု အဆင့်မြင့်မြင့်ဖြင့် အချစ်, အမုန်းကြားမှာ ပစ်တိုင်းထောင် ဘဝကို တည်ဆောက်ကြရမယ်၊ ဆင်လဲ ဆင်အထွာနဲ့ ကြွက်လဲကြွက်အထွာနဲ့ တည်ဆောက်ရတယ်။"

"လောကသားတွေက ချစ်စရာ, မုန်းစရာနဲ့တွေ့ရင် ကွန်ဒြေပျက်တတ်ကြတယ်၊ ချစ်စရာတွေနဲ့ တွေ့လျှင် ချစ်တယ်၊ မုန်းစရာတွေနဲ့ တွေ့လျှင်

http://www.dhammadownload.com

မုန်းတယ်၊ ညှိုးတယ်၊ အတေးထားတယ်၊ ရက်စက်တယ်၊ ကြမ်းတမ်းတယ်၊ ရမ်းကားတယ်၊ ရမ်းကားရင်လဲ လူနဲ့မတူတော့ဘူး၊ လူနဲ့ မတူတဲ့လူတွေ ဖြစ်ကုန်တယ်၊ တိရစ္ဆာန် လောကအဖြစ်မျိုး မခံလိုကြပါနဲ့။"

"ကိုယ်, နှုတ်, စိတ် ယဉ်ကျေးနည်းတွေကို စာတွေ့, လက်တွေ့, လေ့လာရမယ်၊ စာတွေ့နောက် လက်တွေ့လိုက်ရတယ်၊ သင်တန်းပြဆရာတွေက ကိုရင် သိက္ခာရှင်တို့ကို ဗုဒ္ဓယဉ်ကျေးမှုမှ တလိမ့်ခေါက်ကွေး ကျသူများ မဖြစ်ရအောင် ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့ လက်တွေ့ ကြိုးစားသင်ယူကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။"

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း

ဆရာတော်ကြီးသည် ဘုရားစကားတော်များကို မြန်မာတို့ နား, ကိုရင်တို့ ကလေးငယ်များ နားနှင့် ကိုက်ညီအောင် ဟောကြားသွားပေသည်၊ ဆရာတော်ကြီး၏ မိန့်တော်မူချက်အရ ဗုဒ္ဓယဉ်ကျေးမှုတွေ အဆင့်ဆင့်ရှိပုံကို သိရပါသည်၊ အထွတ်အထိပ် ဗုဒ္ဓယဉ်ကျေးမှုဖြစ်သည့် ရာနှုန်းပြည့် လွတ်လပ်အေးချမ်းမှုကို မပိုင်ဆိုင်နိုင်ကြသေးသည့်တိုင် "ဆင်လဲဆင်အထွာနဲ့ ကြွက်လဲကြွက်အထွာနဲ့" ဆိုတဲ့ ဆရာတော်ကြီး စကားအတိုင်းပင် ကြွက်အထွာပမာ ကိုရင်တို့အထွာဖြင့် ကြိုးစားကြရပေမည်။

ဤသင်တန်း၏ နာမည်ကို အခုမှ သဘောပေါက်မိပါသည်၊ ကိုရင်ကြားဖူးသည်မှာ "ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း"ဟူ၍သာ ဖြစ်ပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ဤသင်တန်းကိုမူ "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း"ဟူ၍ အမည်တပ်ထားပေသည်၊ "အခြေပြု"ဟူသော အပိုစကားလုံးလေး၏ အဓိပ္ပာယ်ကို ကောင်းကောင်း သဘောပေါက်လာပါသည်၊ ဤသင်တန်း၌ သင်ယူလိုက်နာရမည့် ဗုဒ္ဓယဉ်ကျေးမှုတို့မှာ အထွတ်အထိပ် ဗုဒ္ဓယဉ်ကျေးမှု၏ အခြေခံမျှသာ ရှိသေးကြောင်းကို ကောင်းကောင်း နားလည်လာပါသည်။

ကိုရင်တို့၏ ဘဝမှာ ပစ်တိုင်း မထောင်နိုင်သေးသော ဘဝမျှသာ ဖြစ်နေပါသေးသည်၊ ကောင်းဆိုးအာရုံ အဖုံဖုံ၏ ပြုသမျှ နှုနေကြရပါသေးသည်၊ ထိုအာရုံတို့၏ စေစားမှုကို ခံနေကြရပါသည်၊ ထိုအာရုံတို့၏ ရိုက်ခတ်မှု

http://www.dhammadownload.com

ဒဏ်ကို အလူးအလဲ ခံနေကြရပါသည်၊ ထိုအာရုံ၏ လွမ်းမိုးမှုကို မတော်လှန်နိုင်ကြသေးပါ၊ ယခု ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသည် ပစ်တိုင်းထောင်ဘဝကို တည်ဆောက်တတ်ဖို့ လမ်းညွှန်ပေးလိမ့်မည်၊ ကောင်းဆိုးအာရုံတို့၏ စေစားမှု, ရိုက်ခတ်မှု, လွမ်းမိုးမှုကို မည်သို့.မည်ပုံ တော်လှန်ရမည်ကို ညွှန်ကြားသွားလိမ့်မည်ဟု ယုံကြည်ကိုးစားမိပါသည်။

ဤသင်တန်း၏ ရည်ရွယ်ချက်

နံပါတ်(၇) အစီအစဉ်အရ– သင်တန်း စီစဉ်ရေးအဖွဲ့.ကိုယ်စား သင်တန်းဖွင့်ပွဲ၏ အခမ်းအနားမှူးလဲ ဖြစ်, သင်တန်းအတွင်းရေးမှူးလဲ ဖြစ်တဲ့ အရှင်မြတ်(အရှင်ဉာနဇောတာဘိဝံသ)က ဤသင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်, ဘာသာ(၂)ရပ် ခွဲခြားသင်ကြား ပို့ချပေးရခြင်း၏ ရည်ရွယ်ချက်တို့နှင့် "မွန်, ကောင်း, တော်" ရွေးချယ်ရေး စည်မျဉ်း, အောင်လက်မှတ်နှင့် နှစ်သိမ့်ဆု ရွေးချယ်ရေး စည်းမျဉ်းတို့အပြင် ဆရာများ, သင်ယူရမည့် ဘာသာရပ်, သင်ယူရာဌာန, သင်ယူရမည့် အချိန်တို့.ကိုလည်း ပြောပြသွားပါသည်။

"ဤသင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်မှာ ...

၁။ ကလေးသူငယ်အရွယ်မှ စ၍ ဗုဒ္ဓသာသနာကို သက်ဝင် ယုံကြည်မှုများ တိုးတက် ခိုင်မြဲလာစေရန်။

၂။ ကိုရင်တို့ သိက္ခာရှင်တို့က လူဝတ်မလဲဘဲ သာသနာ့ဘောင်၌ ဆက်လက် နေထိုင်ခဲ့လျှင် သာသနာ့ဝန်ထမ်း ရှင်ကောင်း, ရဟန်းကောင်း, သိက္ခာရှင်ကောင်းတွေ ဖြစ်လာစေရန်။

၃။ အကယ်၍ လူဝတ်လဲသွားခဲ့လျှင် မိရိုးဖလာ ဗုဒ္ဓသာသနာဝင် အဆင့်ထက် ကျော်လွန်တဲ့, စစ်မှန်တဲ့ ဗုဒ္ဓသာသနာဝင်များဖြစ်ပြီး သာသနာတော်ကို ချီးမြှောက်ထောက်ပံ့တဲ့ ဒါယကာ, ဒါယိကာမများ ဖြစ်လာစေရန် ဖြစ်ပါတယ်" တဲ့။

"ကိုရင်များ သိက္ခာရှင်များနှင့် အပြင်မှ ကျောင်းသား ကျောင်းသူများဟာ ဒီသင်တန်းကို တက်ရောက်နိုင်ခွင့် ရရှိသူများ ဖြစ်ကြပါတယ်" တဲ့။

http://www.dhammadownload.com

ဒီသင်တန်းမှာ ရှင်ကျင့်ဝတ်ဘာသာနှင့် ပရိယတ်ပညာပေး ဘာသာဟူ၍ ဘာသာ (၂)မျိုး ရှိရာ ရှင်ကျင့်ဝတ်ဘာသာကို သင်ကြားပို့ချ ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ...

"ကိုရင်များ သိက္ခာရှင်များသည် မိမိတို့ဆိုင်ရာ သီလတို့အပြင် လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်စသော ကျင့်ဝတ် သိက္ခာများကို ကိုယ်တိုင် သိရှိနားလည်ပြီး ကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းဖြင့် ကိုယ်, နှုတ် နှစ်ပါး ယဉ်ကျေးသိမ်မွေ့သော သာမဏေမွန် သာမဏေကောင်း သာမဏေတော်, သိက္ခာရှင်မွန် သိက္ခာရှင်ကောင်း သိက္ခာရှင်တော်လေးများ ဖြစ်လာစေရန် ဖြစ်ပါတယ်။"

ပရိယတ် ပညာပေးဘာသာကို သင်ကြား ပို့ချပေးရခြင်း၏ ရည်ရွယ်ချက်မှာ ...

"မြတ်စွာဘုရား၏ အဆုံးအမတော်တွင် ပါဝင်သော လိုက်နာကျင့်သုံးဖွယ်ရာများကို ကိုယ်တိုင်သိရှိနားလည်ပြီး ကိုယ်တိုင်လိုက်နာနိုင်သော လူတော်, လူကောင်း, လူမွန်လေးများ ဖြစ်လာစေရေးနှင့် အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုမှတ်နည်းများကိုပါ အခြေပျိုးလေ့ကျင့်ပေးရန် ဖြစ်ပါတယ်" တဲ့။

မွန်, ကောင်း, တော်

သတင်းစာထဲမှ ဤသင်တန်းဖွင့်မည့်အကြောင်း ကြေညာစာပိုဒ်ကို ဖတ်ရစဉ်က ကိုရင်နားမလည်၍ အမေအဖေတို့ကို မေးကြည့်သောအခါ အမေအဖေ တို့လည်း ပြည့်ပြည့်စုံစုံ ရှင်းမပြနိုင်သဖြင့် "မင်းကိုယ်တိုင် သင်တန်းတက် ရောက် သင်ယူတဲ့အခါ ပြည့်ပြည့်စုံစုံ သိရမှာပေါ့" ဟု ပြော၍ အားမလို အားမရဖြင့်သာ ပြီးခဲ့ရသော "ရှင်သာမဏေ သိက္ခာရှင် မွန်, ကောင်း, တော်" ဟူသော စကားလုံးတို့၏ အဓိပ္ပာယ်ကို နားလည်ရပေတော့မည်ဟု တွေး၍ ကြည်နူးနေစဉ် အခမ်းအနားမှူးအရှင်မြတ်က "မွန်, ကောင်း, တော်" ရွေးချယ်ရေး စည်းမျဉ်းကို ဤသို့ ရှင်းပြသွားပါသည်။

၁။ ပညာအရည်အချင်းလည်း အထူးတော်၍ အကျင့်စာရိတ္တလည်း အထူးကောင်းမွန်သူကို "သာမဏေမွန်, သိက္ခာရှင်မွန်" ဟု

http://www.dhammadownload.com

သတ်မှတ်ရွေးချယ်ပါမည်။

၂။ အကျင့်စာရိတ္တကား အထူးကောင်း၍ ပညာအရည်အချင်းကမူ အတော်အသင့် ကောင်းသူကို "သာမဏေကောင်း, သိက္ခာရှင်ကောင်း" ဟု သတ်မှတ်ရွေးချယ်ပါမည်။

၃။ ပညာအရည်အချင်းကား အထူးတော်၍ အကျင့်စာရိတ္တကမူ အတော်အသင့်တော်သူကို "သာမဏေတော်, သိက္ခာရှင်တော်" ဟု သတ်မှတ်ရွေးချယ်ပါမည်။

"ပညာအရည်အချင်းကို အပတ်စဉ် စာမေးပွဲ (၄)ကြိမ်မှ ရမှတ်များဖြင့် သတ်မှတ်ရွေးချယ်၍ အကျင့်စာရိတ္တ အရည်အချင်းကို သင်တန်းဆရာများ၊ အဆောင်မှူးများ၊ ထိန်းသိမ်းရေး တာဝန်ခံများ၏ ထောက်ခံချက်ဖြင့် သတ်မှတ်ရွေးချယ်ပါမည်" တဲ့။

"အပြင်မှ အချိန်ပိုင်း သင်တန်းတက်ရောက်ကြသည့် ကျောင်းသားကျောင်းသူတို့ကိုမူ 'မွန်, ကောင်း, တော်' မရွေးချယ်ပါ၊ အချိန်ပြည့် သင်တန်းတက်ရောက်သင်ကြသည့် ကိုရင်, သိက္ခာရှင်တွေထဲကသာ 'မွန်, ကောင်း, တော်' ရွေးချယ်ပါမည်" တဲ့။

ထိုစည်းမျဉ်းကို သိရသောအခါ "သာမဏေမွန်" ဖြစ်အောင် ကြိုးစားလိုစိတ်တွေ တဖွားဖွား ဖြစ်ပေါ်နေပါသည်၊ ထို့ကြောင့် ပညာအရည်အချင်း အထူးတော်အောင် အမှတ်အများဆုံးရဖို့ စာကို ကြိုးစားကျက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်၊ အကျင့်စာရိတ္တ အထူးကောင်းမွန်သူ ဖြစ်အောင်လည်း အစစအရာရာ သတိထား နေထိုင်မည်ဟု သန္နိဋ္ဌာန်ချလိုက်ပါသည်။

နှစ်သိမ့်ဆု (ဇွဲဆု)

အခမ်းအနားမှူးက အောင်လက်မှတ်နှင့် နှစ်သိမ့်ဆု ရွေးချယ်ရေးစည်းမျဉ်းများကိုလည်း ရှင်းပြပါသေးသည်။

"အပတ်စဉ် စာမေးပွဲ (၄)ကြိမ်ထဲမှ (၂)ကြိမ် အနည်းဆုံး အောင်မြင်သူများကို အောင်လက်မှတ်ရော ဆုပါ ချီးမြှင့်မည်ဖြစ်ပြီး (၁)ကြိမ်သာ အောင်မြင်သူများကို အောင်လက်မှတ်မပါဘဲ နှစ်သိမ့်ဆုသာ ချီးမြှင့်မည် ဖြစ်ပါသည်" တဲ့။

http://www.dhammadownload.com

ကြိုးစား ဖြေဆိုသော်လည်း (၄)ကြိမ် မအောင်မြင်ဘဲ (၁)ကြိမ်သာ အောင်မြင်သူများအဖို့လည်း ရုက်ဖွယ်မဖြစ်ဘဲ ကျေနပ်နှစ်သိမ့်နိုင်စရာ "နှစ်သိမ့်ဆု" ပေးသည်မှာ နောင်နှစ်ခါတွင် ဆက်ကြိုးစားဖို့ အားတက်ဖွယ်ပင်၊ (၄)ကြိမ်, (၃)ကြိမ်, (၂)ကြိမ်, (၁)ကြိမ် ဖြေဆိုသော်လည်း (၁)ကြိမ်မျှ မအောင်မြင်သူများကိုလည်း နှစ်သိမ့်ဆု (ဇွဲဆု) ပေးလျှင် သူတို့ခမျာ ကျေနပ်နှစ်သက်ကြကာ နောင်နှစ်ခါများတွင် ဆက်လက် ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာကြပေလိမ့်မည်ဟု တွေးမိပါသည်။

နားရက်များနှင့် စာဖြေရက်များ

သင်တန်းပြဆရာ, သင်ယူရမည့် ဘာသာရပ်, သင်ယူရာဌာန, သင်ယူရမည့် အချိန်တို့ကို ကိုရင်တို့နေရာအဆောင်အနီးရှိ သင်ပုန်းတို့တွင် ကပ်ထားသည့် အချိန်ဇယားတို့အရ သိပြီး ဖြစ်နေပါသည်၊ ထိုအချိန်ဇယား စာရွက်၌ ပါပြီးဖြစ်သော စာဝါနားရက်များနှင့် စာဖြေရက်များကို ပြောပြသွားပါသေးသည်။

"(၈)ရက် သီတင်းနှင့် လပြည့်, လကွယ် ဥပုသ်နေ့များ၌ ဘုရားဝတ်ပြုချိန်, ဩဝါဒခံယူချိန်, တရားထိုင်ချိန်များမှအပ ကျန်အချိန်များ၌ စာကြည့်ရပါမည်။ (လိုအပ်ပါက ဖြည့်စွက်သင်ကြား ပေးပါမည်။)"

"တပေါင်းလဆန်း (၉)ရက်, လဆုတ်(၁)ရက်, လဆုတ်(၉)ရက်, တန်ခူးလဆန်း(၁)ရက် နေ့များ၌ စာမေးပွဲ ဖြေဆိုကြရမည်" တဲ့။

"ကိုရင်တို့ သင်ယူရမည့် ဘာသာရပ်, နေရာ, အချိန်, ဆရာတို့ကို သင်ပုန်းတွေမှာ ကပ်ထားတဲ့ အချိန်ဇယားတွေအတိုင်း သင်ယူပြုလုပ်ကြရပါမည်" တဲ့။

နံပါတ်(၈) အစီအစဉ်အရ– နာယက ဆရာတော်များနှင့် သင်တန်းပြဆရာတို့ကို ဦးသုံးကြိမ်ချ၍ တစ်ရက်တာ ဗုဒ္ဓယဉ်ကျေးမှု လုပ်ငန်းရပ် အစီအစဉ် သိမ်းကြပါသည်။

ညနေမှာ ဖျော်ရည်ကပ်ကြသည်

အခမ်းအနား (၂)နာရီကျော် ကြာသွားသဖြင့် ကိုယ်ခန္ဓာညောင်းညာပြီး ပင်ပန်းနွမ်းနယ်သည့်အတွက် အခမ်းအနား ပြီးသွားသောအခါ အညောင်း

http://www.dhammadownload.com

အညာဖြေရ အပန်းဖြေရတော့မည်ဖြစ်၍ စိတ်ပျော်ရွှင်လာမိပါသည်၊ ကိုရင်တို့ ထုံးစံအတိုင်း အစီအစဉ်ကျကျ စည်းကမ်းကျကျ ထကြရပါသည်၊ ဆွမ်းကျောင်းရွှေ့တွင် ဖျော်ရည်ဒန်အိုးကြီး, ဖျော်ရည်သောက်ရန် ပလပ်စတစ်ခွက်ကလေးတို့ဖြင့် ဖျော်ရည်ကပ်ဖို့ အသင့်စောင့်နေကြသည့် ဖျော်ရည် ကုသိုလ်ရှင်တို့နှင့် ဝေယျာဝစ္စကုသိုလ်ရှင်တို့က ကပ်အပ်သော ဖျော်ရည်တို့ကို မတ်တပ်ရပ်၍ သောက်ပြီး ကျောင်းဆောင်သို့ ပြန်ခဲ့ကြပါသည်။

စာသင်ချိန်နှင့် နေရာ

ကျောင်းဆောင်သို့ ရောက်သောအခါ အညောင်းအညာဖြေ အပန်းဖြေရပါသည်၊ ကိုရင်၏ ဘယ်ဘက်ရှိ ကိုရင်မှာ ဤသင်တန်း၌ အငယ်တန်း, အလတ်တန်းတို့ကို အောင်ခဲ့ပြီး၍ အကြီးတန်း သင်ယူမည်ဖြစ်ပြီး ညာဘက်ရှိ ကိုရင်လေးမှာမူ အငယ်တန်းကို သင်ယူမည်ဖြစ်ပါသည်၊ တစ်ပါးအကြောင်းကို တစ်ပါး မေးရင်း ယနေ့ တွေ့ကြုံခဲ့သမျှနှင့် နက်ဖြန် ဆက်လုပ်ရမည့် ကိစ္စတို့ကို ဆွေးနွေးမေးမြန်းရင်း စကားကောင်းနေကြပါသည်။

ကိုရင်၏ သင်တန်းဆောင်မှာ ဆွမ်းစားကျောင်း ဖြစ်ပါသည်၊ နံနက် (၈)မှ (၉)နာရီထိ (၁)ကြိမ်နှင့် နေ့(၁၂)မှ (၃)နာရီထိ (၃)ကြိမ်အားဖြင့် (၄)ကြိမ် စာသင်ယူကြရပါမည်၊ (၃)မှ (၄)နာရီအထိ အတန်း (၄)တန်းလုံးက ဗုဒ္ဓသာသနာရေးသမိုင်းကို တဲအဆောင်ကြီးထဲ၌ နာယူကြရပါမည်၊ (၅)မှ (၆)နာရီထိမူ ဆွမ်းစားကျောင်း၌ ကိုရင် သိက္ခာရှင်အားလုံး သရဏဂုံသီလ ထပ်ယူ, ဩဝါဒ ယူကြပြီး ဘုရားဝတ်တက် တရားထိုင်ကြရပါမည်.. တဲ့။

နံနက်(၈)မှ (၉)နာရီထိ အလတ်တန်း, အကြီးတန်းတို့က ဆွမ်းစားကျောင်းတွင် စုပေါင်းသင်ယူကြရပါမည်၊ ကျန်(၃)ချိန်၌မူ အကြီးတန်းက အမျိုးသမီး စကြံဆောင်၌ သင်ယူကြရပါမည်၊ အငယ်တန်းက တဲအဆောင်ကြီးထဲ၌, အထူးတန်းက အဆောင်သစ် ဝရန်တာ၌ သင်ယူကြရမည်.. တဲ့။

အလတ်တန်းနှင့် အကြီးတန်းတို့အတွက် ရှင်ကျင့်ဝတ်ဘာသာကို အရှင်သံဝရာလင်္ကာရက သင်ပြမည်ဖြစ်ကြောင်း, ပရိယတ်ပညာပေးဘာသာကို အရှင်မုနိက သင်ပြမည်ဖြစ်ကြောင်း သိရပါသည်၊ အရှင်သံဝရာလင်္ကာရနှင့် အရှင်မုနိကတို့မှာ မည်သည့် ဥုံးပဋ္ဌင်းများဖြစ်ကြောင်းကို မသိရသေးပါ။

http://www.dhammadownload.com

လမ်းဆုံးမရောက် လက်မမြှောက်ဖို့

အလတ်တန်း သင်ခန်းစာ စာအုပ်ကို ဖတ်ရှုရင်း (၉)နာရီ ထိုးပြီးဖြစ်၍ အိပ်ရာပြင်, ခြင်ထောင်ထောင်ကာ မီးမှိတ်ပြီး အိပ်ကြရပါသည်၊ နံနက် (၃)နာရီခွဲမှာ အိပ်ရာထ, အိပ်ရာသိမ်း, ခြင်ထောင်ခေါက်သိမ်း, မျက်နှာသစ်ကာ ကုဋီသွားပြီး လက်ကန်တော့တင်၍ နေရာထိုင်ကိုယ်စီ, ဘုရားရှိခိုးစာရွက်ဖွန်း, ခက်ရင်း, လက်သုတ်ပုဝါ, မတ်ခွက်ကိုယ်စီဖြင့် ဘုရားဝတ်တက်ရာသို့ (၄)နာရီ အရောက်သွား၍ ဘုရားဝတ်တက်ခဲ့ကြပါသည်၊ (၄)နာရီခွဲလောက်တွင် ဘုရားဝတ်တက်ပြီး တရားရှုမှတ်ပုံ အကျဉ်းပြလက်စ်တို့ကို ရွတ်ဆိုကာ တရားရှုမှတ်ကြရပါသည်၊ (၁၅)မိနစ် တရားရှုမှတ်ပြီးသောအခါ ကိုရင်ကြီး ရှင်ဝိဇယက ရှေ့က တိုင်ပေးပါသည်၊ ကိုရင်အားလုံးက အောက်ပါ စကားပိဒ် (၅)ပိဒ်ကို လိုက်၍ ဆိုကြရပါသည်။

၁။ အကြင်သူသည် အိပ်ပျော်နေ၏၊ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါ တို့သည်လည်း အိပ်ပျော်၍ နေကြလေ၏။

၂။ အကြင်သူသည်အိပ်ရာမှ နိုးလာ၏၊ ထိုသူ၏ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း လွန့်လူး၍ လာကြလေ၏။

၃။ အကြင်သူသည် အိပ်ရာမှထ၍ ထိုင်၏၊ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း ခေါင်းထောင်၍ လာကြ၏။

၄။ အကြင်သူသည် လုပ်ငန်းခွင်သို့ စ၍ဝင်၏၊ ထိုသူ၏ ဘုန်းကံပါရမီ ဘုန်းအရှိန်အဝါတို့သည်လည်း အကျိုးပေးရန် အသင့်အနေအထား စောင့်စား၍ နေကြကုန်၏။

၅။ အကြင်သူသည် လုပ်ငန်းခွင်ကို ဆုံးခန်းတိုင်ရောက် ပြီးမြောက်အောင် ပြုလုပ်၏၊ ထိုသူ၏ ဘုန်းကံပါရမီ အရှိန်အဝါတို့သည်လည်း လန်းလန်းဆန်ဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးလေတော့၏။

ကိုရင်သည် ကိုရင်၏ ဘုန်းကံပါရမီ အရှိန်အဝါတို့ အိပ်ပျော်နေခြင်းကို အလိုမရှိပါ၊ လူးလွန့် လာခြင်းကို သဘောကျပါ၏၊ ခေါင်းထောင်၍ လာသည်ကိုမူ ပို၍သဘောကျပါ၏၊ အကျိုးပေးရန် အသင့်အနေအထား စောင့်စား

http://www.dhammadownload.com

၍ နေသည်ဆိုလျှင် အလွန်ပင် နှစ်ခြိုက်ပါ၏၊ လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးလေလျှင်မူကား အပျော်ပိုက်ဆုံး ဖြစ်ပါ၏။။

ကိုရင်သည် (၃)နာရီခွဲတွင် အိပ်ရာထသည့် အလေ့အကျင့် မရှိခဲ့သဖြင့် (၃)နာရီခွဲတွင် အိပ်ရာမှ ထရန် ဝန်လေးနေမိပါသည်၊ ဖြစ်နိုင်လျှင် မထသေးဘဲ ဆက်လက် အိပ်ချင်နေပါသေးသည်၊ ဘုန်းကံပါရမီ အရှိန်အဝါတို့ အိပ်ပျော်နေသည်ကိုမူ မလိုလားသော ကိုရင်၏ အိပ်ချင်စိတ်ကို (၁)နံပါတ် စာပိုဒ်က တွန့်ဆုတ်စေပါတော့သည်၊ ဘုန်းကံပါရမီ အရှိန်အဝါတို့ လွန်လှူး၍ ခေါင်းထောင်လာခြင်းကို သဘောကျသော ကိုရင်ကို (၂/၃)စာပိုဒ်တို့က "ကိုရင်.. နောက်နေ့များ၌ အိပ်ရာမှထဖို့, ထပြီးထိုင်ဖို့ ဖင့်လေးမနေနဲ့၊ သွက်သွက်လက်လက်ထလော့၊ ထပြီးထိုင်လော့" ဟု နှိုးဆော်နေကြပါတော့သည်။

(၄)စာပိုဒ်က အကျိုးပေးရန် အသင့်အနေအထား စောင့်စားနေကြသော ဘုန်းကံပါရမီ အရှိန်အဝါတို့ နောက်သို့ခြေတစ်လှမ်းမျှ ဆုတ်မသွားစေချင်သော ကိုရင်၏ ဘုရားရှိခိုးခြင်းဖြင့် တစ်နေ့တာ လုပ်ငန်းစဉ် စတင်ဝင်သည့်အဖြစ်ကို အလွန်ပင် ကျေနပ်အားရှိစေပါသည်၊ ဘုန်းကံပါရမီ အရှိန်အဝါတို့ လန်းလန်းဆန်းဆန်းဖြင့် ပြုံးပန်းပွင့်ကာ အပြည့်အဝ အကျိုးပေးမည်ကိုသာ မျှော်ရှုနေသော ကိုရင်ကို "ဒီ သင်တန်းကို ပြီးဆုံးသည်အထိ သင်ယူဖို့, မပြီးမချင်း မထွက်ဖို့, မည်သည့်အခက်အခဲတွေ့တွေ့ လမ်းဆုံးမရောက် လက်မမြှောက်ဖို့ "(၅)နံပါတ် စာပိုဒ်က တိုက်တွန်းနေပါတော့သည်။

ဘွဲ့.ပေးပုံ

အရက်ဆွမ်း စားပြီးကြပြီ၊ သန့်ရှင်းရေးလည်း လုပ်ပြီးကြပြီ၊ သင်္ကန်းလက်ကန်တော့ တင်နည်း သင်ယူကြဖို့ ကိုရင်အားလုံး တဲအဆောင်ကြီးထဲ၌ နေရာထိုင်ကိုယ်စီဖြင့် တန်းစီလျက် ထိုင်ပြီး ဖြစ်နေကြပြီ၊ လက်ကန်တော့တင်နည်းကို သင်မပေးမီ ကိုရင်တို့၏ ဘွဲ့အမည်အသီးသီးကို ပြောပြပါသည်၊ ထိုဘွဲ့အမည်တို့ကို ဆရာတော်ကြီးကိုယ်တိုင် ပေးသည်ဟု သိရပါသည်၊ သိက္ခာရှင်တို့ ဘွဲ့အမည်များကိုလည်း ဆရာတော်ကြီးပင် ပေးတော်မူသည်ဟု သိရပါသည်၊ ဆရာတော်ကြီး၏ ကိုရင်ဘွဲ့, သိက္ခာရှင်ဘွဲ့. ပေးနည်းမှာ

http://www.dhammadownload.com

အတုယူစရာ ကောင်းသည်ဟု သင်တန်းအတွင်းရေးမှူး အရှင်မြတ် (အရှင်ဉာနုဇ္ဇောတာဘိဝံသ) က မှတ်ချက်ချပြီး ဤသို့ ဆက်လက်ပြောပြပါသည်။

"ဆရာတော်ကြီးက ဘွဲ့ပေးတဲ့နေရာမှာ လူနာမည်ရဲ့ အဓိပ္ပာယ်နဲ့တူတဲ့ ပါဠိစကားလုံးကို အတတ်နိုင်ဆုံး ရွေးချယ်ပြီး ပေးလေ့ရှိတယ်၊ ဥပမာ– မောင်ကျော်ဇေယျကို 'ရှင်ကိတ္တိဇယ', မောင်ပြည့်စုံကို 'ရှင်ပုဏ္ဏ', မောင်ဉာဏ်စိုးကို 'ရှင်ဉာနိန္ဒ'လို့ ပေးလေ့ရှိတယ်၊ ဘွဲ့ရဲ့အဓိပ္ပာယ်က ဘာလဲလို့ မေးရင် ကိုယ့်လူနာမည်ကို ပြောလိုက်ရုံပဲ၊ အဓိပ္ပာယ်က လူနာမည်ရဲ့ အဓိပ္ပာယ်ပဲ၊ သိက္ခာရှင်တွေကို ဘွဲ့ပေးတော့လည်း ဒီအတိုင်းပဲ၊ ဥပမာ– မသင်းသင်းခိုင်ကို 'မသောဂန္ဓီ', မစန်းသီတာကို 'မစန္ဒသီတလာ', မမိုးသီတာကို 'မမေဃသီတာ'လို့ ပေးလေ့ရှိတယ်၊ ပါဠိဝေါဟာရ ကြွယ်ရတယ်၊ ကျမ်းကျင်ရတယ်၊ သင့်တော်ရာ ရွေးချယ်နိုင်ရတယ်၊ ဒါမှ ပေးနိုင်တယ်၊ သိပ်တော့ မလွယ်လှဘူး" တဲ့၊ ကိုရင်၏ ဘွဲ့မှာမူ "ရှင်ဓမ္မာဝုဓ" တဲ့။

အတန်းခွဲပုံ

အတန်းကိုမူ ကိုရင်ဝတ်သည့်နေ့ကပင် ခွဲပေးလိုက်ပါသည်၊ အတန်းခွဲပေးနည်းကို ထိုနေ့က သိရှိခဲ့ရပါသည်၊ (၇)နှစ်မှ (၁၂)နှစ်ထိ အငယ်တန်း၊ (၁၃)နှစ်မှ (၁၅)နှစ်ထိ အလတ်တန်း၊ (၁၆)နှစ်မှ (၁၈)နှစ်ထိ အကြီးတန်း ခွဲပေးပြီး အထူးတန်းကိုမူ အကြီးတန်းအောင်ပြီးမှသာ တက်ရောက်ခွင့် ရှိပါသည်–တဲ့၊ သတ်မှတ်ထားအပ်သော အသက်အောက် ငယ်စေကာမူ အငယ်အောင်ပြီးက အလတ်, အလတ်အောင်ပြီးက အကြီး, အကြီးအောင်ပြီးက အထူးတန်း တက်ရောက်နိုင်ပါသည်... တဲ့။

(၇)နှစ်အောက် ငယ်ရွယ်သူလေးတွေကိုတော့ ကိုရင် သိက္ခာရှင် ဝတ်ခွင့်မပေးပါ၊ စာကို ကောင်းကောင်း ရေးတတ်, ဖတ်တတ်သည့် (၇)နှစ်အရွယ်မှစ၍ လက်ခံပါသည်၊ (၇)နှစ် မပြည့်ခင် ကိုရင်ဝတ်လျှင် သရဏာဂုံ ပီပီသသ မရွတ်ဆိုနိုင်မှာ စိုးလို့ ဝတ်မပေးပါဘူး၊ (၁၈)နှစ်ထက် အသက်ကြီးသွားရင် ပြောစကား နားမထောင်တာ, ကလန်ကဆန် ပမာမခန့် ပြုမူပြောဆို ဆက်ဆံတာကို တွေ့ရတတ်လို့ လက်မခံပါဘူး" တဲ့၊ (၁၈)နှစ်ထက်ကြီးပြီး တချို့တက္ကသိုလ်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူတို့ကိုမူ သင်တန်းတက်ရောက်ခွင့်တော့ ပေးထားပါသည်... တဲ့။

http://www.dhammadownload.com



သင်္ကန်းလက်ကန်တော့တင်ကာ နေရာထိုင်ကိုယ်စီဖြင့်

http://www.dhammadownload.com

လက်ကန်တော့တင်နည်း

သင်တန်းဆရာတစ်ပါးက လက်ကန်တော့တင်ပုံ သင်ပြရန် ကိုရင်အားလုံး၏ ရှေ့တွင် ရပ်နေရင်း ပြောပြနေပါသည်။

"ကိုရင်တွေ.. လက်ကန်တော့တင်ပုံကို ပြုလုပ်ပြမယ်၊ ဒီကို ကြည့်ကြပါ၊ လက်ကန်တော့ တင်တာကတော့ သင်းပိုင်ဝတ်တာ, ဧကသီရန်းတာထက် ပိုခက်တယ်၊ ဧကသီရန်းပြီး အောက်ပိုင်း အစ(၂)စကို ဒူး(၂)ဖက်နဲ့ ညှပ်ကာ အထက်ပိုင်းအစ (၂)စကို ညီအောင်ထားပြီး ဘယ်ဘက်သို့ သင်္ကန်းအထက်စ (၂)စ ညီညီဖြစ်နေအောင် လိပ်ရတယ်၊ အစ (၂)စ၏ အတွင်းဘက်မှ တစ်တောင်လောက် နေရာမှာ သွားနဲ့ကိုက်ထားရတယ်၊ ရင်ဘက်နား ကပ်လာသည်အထိ လိပ်လာရတယ်၊ ကပ်လာအောင် လိပ်ပြီးရင် ဘယ်ဘက်လက်က သင်္ကန်းအလိပ်၏ ထိပ်ဖျားနေရာကို ကိုင်ထားရတယ်၊ ညာဘက်လက်ကို သင်္ကန်းရဲ့ အတွင်းဘက်သို့ သွင်းလိုက်ရတယ်၊ ဘယ်ဘက်လက်က သင်္ကန်းအလိပ်ရဲ့ ထိပ်ဖျားနေရာကို ကိုင်ပြီး အထက်သို့ ဆန့်လိုက်ရတယ်၊ ဆန့်ပြီးတဲ့ အခါ ညာဘက်လက်က ချိုင်းနဲ့ တည့်တည့်နေရာက အလိပ်ကို လိပ်လျက် ချိုင်းမှာ ညှပ်ထားရတယ်၊ ညှပ်ထားပြီးတဲ့အခါ ဘက်ဘက်လက်က ကိုင်ထားတဲ့ အလိပ်ကို လွှတ်လိုက်ရတယ်။"

"ခေါင်းပေါ်တင်ထားတဲ့ သင်္ကန်းအစကို ခေါင်းရဲ့ အထက်မှာ အောက်က သင်္ကန်းစ သင်းပိုင်ထက် လက်လေးသစ်လောက် မြင့်သည်အထိ ဆွဲမြှင့်ပြီး နောက်ခေါက်ချလိုက်ရတယ်၊ ပြီးတော့ ဘယ်ဘက်လက်က သင်္ကန်းလိပ်ကို လက်တစ်ဆန့်လောက်အထိ ဖြေလိုက်ရတယ်၊ ဖြေပြီးနောက် ညာဘက်လက်မောင်းကို အပြင်ဘက် ထုတ်လိုက်ရတယ်၊ ပြီးတော့ ဘယ်လက် သင်္ကန်းစပေါ် ညာဘက်သင်္ကန်းစကို ထပ်လျက် တံတောင်ဆစ်အောက် သွင်းကာ ညှပ်ရတယ်၊ လိပ်ထားတဲ့ သင်္ကန်းကို ချိုင်းအောက်ကသင်္ကန်း ချပ်ချပ်ရပ်ရပ်ဖြစ်အောင် လိပ်ပြီး ဘယ်ဘက်ပခုံးပေါ်သို့ အလိပ်လိုက်တင်ပြီး အလိပ်ကို ချိုင်းမှာ ညှပ်ထားရတယ်၊ ချိုင်းမှာ ညှပ်ထားတဲ့ သင်္ကန်းလိပ်ကို မပြုတ်အောင် သတိထားညှပ်ထားရမယ်၊ မြို့ထဲရွာထဲ သွားတဲ့အခါမျိုးမှာ သင်္ကန်းရုံနည်းကတော့ ညာဘက်ပခုံးကို အပြင်ဘက် မထုတ်ဘဲ အတွင်းမှာ ထားတာပဲ ထူးပါတယ်၊ (၅)ခါထိ ပြုလုပ်ပြမယ်၊ သေသေချာချာ ကြည့်ကြနော်၊

http://www.dhammadownload.com

ငေးမနေနဲ့၊ ဒီလက်ကန်တော့တင်နည်းကို နံနက် ဘုရားဝတ်တက်ချိန်နဲ့ ညနေ ဘုရားဝတ်တက်ချိန်မှာ နေ့တိုင်း ပြုလုပ်ရတယ်၊ မှတ်မိအောင် ဂရုစိုက်လိုက်ကြည့်ကြ" ဟု ပြောကာ (၅)ခါ ပြုလုပ်ပြပါသည်။

အလွန်ပင် ခက်နေပါသေးသည်၊ ဒီတစ်ရက်နဲ့ အချိုးကျအောင် မပြုလုပ်တတ်သေးပါ၊ တစ်ပတ်လောက် လေ့ကျင့်လိုက်လျှင်မူ ကောင်းကောင်း အချိုးကျအောင် ပြုလုပ်တတ်လိမ့်မည်ဟု မျှော်လင့်ထားပါသည်၊ (၅)ကြိမ်လောက် ကိုယ့်ဘာသာ ကြိုးစားကြည့်ပါသည်၊ အခြား ကိုရင်တို့လည်း သူတို့ဘာသာ ကြိုးစားကြည့်ကြပါသည်၊ သင်တန်းဆရာတို့နှင့် ကိုရင်အဟောင်း ကြီးများကလည်း လိုအပ်တာကို ဖြည့်စွက်ပေးပြီး မှားတာကို ပြုပြင်ပေးကြပါသည်၊ နောက်နေ့ အရဏ်ဆွမ်း အပြီးတွင်လည်း ဤကဲ့သို့ လေ့ကျင့်ရမည်ဖြစ်ကြောင်း ပြောကာ ပြန်လွှတ်သဖြင့် ပြန်လာကြပါသည်။

စာသင်ဆောင်သို့ အသွား

အငယ်တန်းတို့က တဲအဆောင်ကြီးတွင်, အလတ်နှင့် အကြီးတန်းတို့က ဆွမ်းစားကျောင်းတွင် (၈)နာရီခွဲ ရှင်ကျင့်ဝတ်ဘာသာကို စတင်သင်ယူကြပါမည်၊ အထူးတန်းက ကျောင်းဆောင်သစ် အထက်ထပ် ဝရန်တာတွင် (၇)နာရီခွဲ မဟာစည်ဆရာတော်ကြီး ဟောကြားထားအပ်သော ဓမ္မစကြာတရားတော်ကြီး စာအုပ်ကို စတင်သင်ယူကြ၍ (၈)နာရီခွဲ မဟာစည် ဆရာတော်ကြီး ဟောကြားအပ်သော သက္ကပဥ္ဉသုတ် တရားတော်စာအုပ်ကို သင်ယူကြရမည်ဟု သိရပါသည်။

ကိုရင်တို့သည် သင်းပိုင် ဧကသီကို ညီ, မညီ ကြည့်ရှုပြီး မညီသေးလျှင် ညီအောင်ပြုပြင်၍ နေရာထိုင်ကို ညီညာသပ်ရပ်စွာ ခေါက်ပြီး ဘယ်ဘက်ပခုံးပေါ် ညီညာစွာတင်ကာ သင်တန်းစာအုပ်, ဗလာစာအုပ်, ဘောလ်ပင် ကိုယ်စီယူကြလျက် ငယ်စဉ်ကြီးလိုက်တန်းစီ၍ သင်တန်းဆောင်သို့ အငယ်တန်းတစ်ဖွဲ့, အလတ်နှင့် အကြီးတန်းက တစ်ဖွဲ့ခွဲပြီး ကိုယ့်အတန်းအလိုက် ငြိမ်သက်တိတ်ဆိတ်စွာ သွားကြရပါသည်။

ထိန်းသိမ်းသည့် ရဟန်းတော်များက ဘေးမှ ကြပ်မတ်လျက် လိုက်ပါ

http://www.dhammadownload.com



အကြီးတန်းမှ ကိုရင်, သီကျောရှင်များ, ကျောင်းသူများ
စာသင်ယူနေကြပုံ

http://www.dhammadownload.com

လာကြပါသည်၊ သိက္ခာရှင်တို့ကလည်း ထိုနည်းတူ ထိန်းသိမ်းစောင့်ရှောက်သည့် သိက္ခာရှင်ကြီးများက ကြပ်မတ်လျက် သက်ဆိုင်ရာ သင်တန်းဆောင်သို့ သွားကြရပါသည်။

စာသင်ဆောင်တွင် စာသင်စဉ်

သင်တန်းဆရာသည် သင်တန်း မစခင် (၁၅)မိနစ် ကြိုတင်၍ သင်တန်းဆောင်သို့ ရောက်နေပါသည်၊ အချိန်တိကျမှုကို ဆရာက စ၍ စံပြအဖြစ် ကျင့်သုံးပြသည်ဟု နားလည်မိပါသည်၊ သင်ကြားပို့ချစဉ် သင်တန်းသားအားလုံး တိတ်ဆိတ်ငြိမ်သက်စွာ နေကြရပြီး သင်ကြားပို့ချမှုကို အာရုံစိုက်သင်ယူကြရပါသည်၊ တစ်ပါးပါးက မငြိမ်မသက်ဖြစ်လျှင် ချက်ချင်း ကိုယ်တိုင်ဖြေရှင်းပေးကြပါသည်။

သင်တန်းသားများသည် မည်သည့်နေရာက ကြည့်ကြည့် ဖြောင့်တန်းနေအောင် ထိုင်ကြရပါသည်၊ တစ်ပါးနှင့်တစ်ပါး ဆော့ကစားခြင်း, နောက်ပြောင်ခြင်း, ဝမ်းလျားမှောက်ခြင်း, ဒူးထောင် ပေါင်ကားခြင်း, ခါးကုန်းပြီး အိပ်နေခြင်း, တင်ပျင်ချိတ်နေခြင်း စသည့် အကြည်ညိုပျက်ဖွယ် အမူအရာများ မရှိကြရပါ။

သင်တန်းချိန် အစပိုင်း၌ နှုတ်တိုက်အာဂုံစာများကို သင်ယူရွတ်ဆိုကြရပြီးနောက် အဓိပ္ပာယ် ရှင်းလင်းချက်များကို ဆက်လက် မှတ်သားကြရပါသည်၊ သင်ခန်းစာမှတ်စုပေးရာတွင် ဆရာက နှုတ်ပြောသက်သက်သာ မဟုတ်ဘဲ သင်ပုန်းကြီးပေါ်၌ ရေးပြပါသည်၊ ကိုရင်တို့က ကူးယူကြရပါသည်။

မြန်မာစာ သင်္ကေတများ

မြန်မာစာ၏ သင်္ကေတများဖြစ်သော ပုဒ်ထီး, ပုဒ်မ, ပုဒ်မကြီး, ညီမျှခြင်း, ကော်မာ, စာဖွင့် စာပိတ်, အပေါင်းလက္ခဏာ, အံ့သြခြင်းလက္ခဏာ, အမေးလက္ခဏာ, လက်သည်းကွင်း, လေးထောင့်ကွင်း, ခရေပွင့်, မျဉ်းတို, မျဉ်းရှည်, အစိတ် အခဲ့တို့ကိုလည်း ကိုရင်တို့ သင်ယူရသည့် သင်ခန်းစာတွေထဲမှ ပုံစံတို့ဖြင့် ရေးသားပုံ ရေးသားနည်း ရှင်းပြပါသည်၊ လေ့ကျင့်ခန်း စာမေးပွဲတွင်လည်း မေးမည်ဟု ပြောပါသည်၊ ထိုသင်္ကေတများကို လေ့လာရသဖြင့်

http://www.dhammadownload.com

ကိုရင်တို့ သင်ယူရသော စာပေသည် အဓိပ္ပာယ် တိကျရှင်းလင်းသွားပါသည်၊ အသက်လည်း ဝင်လာသည်ဟု ထင်ပါသည်။

ကိုရင်တို့ မြန်မာလူမျိုးတွေ ဤသင်္ကေတများကို အသုံးပြုကြပါလျှင် မြန်မာစာပေ အရေးအသားနှင့် အနေအထားသည် လေးစားမြတ်နိုးစရာ ဖြစ်လာလိမ့်မည်ဟု သဘောပေါက်လာပါသည်၊ မြန်မာစာ သင်္ကေတများမှာ စာရွက်(၃)ရွက် (၆–မျက်နှာ)ရှိပါသည်၊ စာအုပ်လေး ချုပ်ထားပါသည်၊ ထို သင်္ကေတများကို ဤအစနေ့တွင် အနည်းငယ် သင်ယူကြရပါသည်၊ နောက်နေ့ များဦးလည်း တစ်နေ့လျှင် အနည်းငယ်စီ သင်ပေးသွားမည်ဟု သင်တန်း ဆရာက ပြောသွားပါသည်။

သင်တန်းပြဆရာ

စာချ, တရားဟောသလို ဆရာကချည်း ပြောမသွားဘဲ ဆရာက မေး လိုက်, တပည့်က ဖြေလိုက်လုပ်ကာ သင်ပေးသဖြင့် တပည့်တို့မှာ နိုးနိုးကြား ကြား တက်တက်ကြွကြွ ရှိကြပါသည်၊ ကလေးများ နားလည်လွယ်သော ဝေါဟာရစကားလုံးများကို သုံးစွဲပို့ချပေးသဖြင့် သင်ခန်းစာများသည် ကိုရင်တို့အဖို့ အခက်အခဲ မရှိတော့ပါ။

ဆရာများသည် သင်တန်းသားများနှင့် အရောတဝင် မရှိဘဲ လေးနက် တည်ကြည်စွာ ဆက်ဆံကြသည်ကို တွေ့ရပါသည်၊ မိန်းကလေး သင်တန်းသူ များနှင့် အထူးတည်ကြည် ရင့်ကျက်စွာ ဣန္ဒြေ သိက္ခာရှိရှိ ဆက်ဆံကြသည်ကို သတိပြုမိပါသည်၊ သင်တန်းဆရာများသည် (၁၅)မိနစ် အလိုတွင် သင်ကြားမှု ပြီးဆုံးစေကြပါသည်၊ ပြီးလျှင် သင်တန်းသားများ အလေး, အပေါ့ သွားလိုက သွား၍ ရသောက်လိုက သောက်ကြရပါသည်။

နောက် သင်ကြားပေးမည့်ဆရာ မရောက်သေးခင် ရှေ့ဆရာက သင်တန်း သားများကို ငြိမ်သက်စေလျက် စနစ်တကျ ပြန်လည် နေရာယူစေလျက် ထိန်းသိမ်းစောင့်ရှောက်ကြပြီး နောက်အချိန် သင်ကြားမည့်ဆရာ ရောက်ရှိမှ သင်တန်းမှ ထွက်ခွာသွားကြပါသည်။

တက်ကြွရှင်မြူး ကြည်နူးဖွယ်

ဤနေ့ ရှင်ကျင့်ဝတ်ဘာသာအချိန်၌ ဘုရား, တရား, သံဃာ, ဗုဒ္ဓ

http://www.dhammadownload.com

ဘာသာ, ဗုဒ္ဓဘာသာဝင်ဟူသော စကားလုံးတို့၏ အဓိပ္ပာယ်ကို သင်ယူကြရပါသည်၊ ဤစကားလုံးများကို ကိုရင်တို့ ဗုဒ္ဓသာသနာနယ်ပယ်တွင် ကြားဖူးသည့် အကြိမ်ပင် မရေမတွက်နိုင်တော့၊ ကိုယ်တိုင် ပြောဆိုသုံးစွဲသည့် အကြိမ်လည်း ထိုနည်းတူပင်၊ သို့သော် ထိုစကားလုံး၏ အဓိပ္ပာယ်ကို ပြည့်စုံတိကျစွာ မသိခဲ့ရပါ၊ ကိုရင်တို့ ကိုးကွယ်ဆည်းကပ်ခဲ့သော, အကြိမ်ကြိမ် ဦးတိုက် ရှိခိုးခဲ့ရသော ဘုရား, တရား, သံဃာ, ရတနာသုံးပါးတို့၏ အဓိပ္ပာယ်ကို သိရပြီးသောအခါ ရှိခိုးရသည်မှာ လေးလေးပင်ပင် ရှိလှပါသည်၊ စိတ်ကြည်ညိုကြည်နူးမှုလည်း ပိုမိုထက်သန်လာပါတော့သည်၊ ရှိခိုးရတာ ပို၍ အရသာရှိသလို ခံစားရပါသည်။

ဗုဒ္ဓဘာသာ (သာသနာ)ဝင်ဖြစ်သော ကိုရင်သည် "ဗုဒ္ဓဘာသာဝင်"၏ အဓိပ္ပာယ်ကို နားလည်ရသောအခါ ကိုယ့်ဗုဒ္ဓဘာသာဝင် ဘဝကို ကျေနပ်လှပါသည်၊ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာဝင်၏ အဓိပ္ပာယ်ကို လက်ံလေးတွေသိကုံးထားသဖြင့် ထိုလက်ံလေးတွေကို သင်ယူရသည်မှာ စိတ်ဝင်စားစရာကောင်းလှပါသည်၊ လက်ံတွေကို ကိုရင်တွေရော သိက္ခာရှင်တွေပါ သံပြိုင်ညီညီညာညာဖြင့် ရွတ်ဆိုရသည့်အခါ တိတ်ဆိတ်ငြိမ်သက်စွာ သင်ယူနေရသော သင်တန်းမှာ အသက်ဝင်လာသကဲ့သို့ ဖြစ်လာပါတော့သည်၊ ကိုရင်တွေက တစ်လှည့်, သိက္ခာရှင်တွေက တစ်လှည့် ဆိုရသဖြင့် တက်ကြွရွင်မြူးကြည်နူးဖွယ် ကောင်းလှပါသည်၊ (၈)နာရီ (၄၅)မိနစ်တွင် သင်တန်းပြီးဆုံးတော့သည်။

သင်တန်းဆရာက ကိုရင်တို့ကို သင်္ကန်းကို ညီညာစွာ ရန်းစေပြီး နေရာထိုင်ကို ညီညာသပ်ရပ်စွာ ခေါက်တင်စေလျက် စာအုပ်, ဘောလ်ပင် စသည်ကို မေ့ကျန်မနေစေဘဲ တစ်တန်းချင်း ထပြီး တန်းစီကာ ငြိမ်သက်စွာ နေရာကျောင်းဆောင်သို့ ပြန်သွားစေပါသည်၊ ကိုရင်တို့နောက်တွင် အပြင်မှ လာရောက်သင်ယူကြသည့် ကျောင်းသားများ, ထို့နောက်မှ သိက္ခာရှင်များ, ထို့နောက်မှ အပြင်မှ လာရောက်သင်ယူကြသည့် ကျောင်းသူများ နေရာယူထိုင်ထားကြရာ ကိုရင်, ကျောင်းသားများ ပြန်သွားပြီးမှ သိက္ခာရှင်များနှင့် ကျောင်းသူများက တစ်တန်းချင်း ထပြီး တန်းစီကာ ငြိမ်သက်စွာ ပြန်ကြရပါသည်။

http://www.dhammadownload.com

ရေကို သုံးပါ၊ မဖြုန်းပါနှင့်

ကျောင်းဆောင်သို့ ရောက်သောအခါ အနည်းငယ်နားပြီး ရေချိုးပါသည်၊ ကိုရင်အရေအတွက်မှာ (၁၅၀)ကျော်ပင် ရှိလေသဖြင့် ရေချိုးချိန် တစ်ပါးလျှင် နည်းနည်းစီဖြင့် ချိုးကြရာ (၁၀)နာရီ ထိုးခါနီးထိ ကြာပါသည်၊ တချို့လည်း ဆွမ်းစားပြန်မှ ချိုးကြရပါသည်၊ တချို့လည်း နေ့(၄)နာရီ နောက်ပိုင်းမှ ချိုးကြပါသည်၊ ရေကို နံနက် (၁၂)နာရီ အတွင်းနှင့် နေ့ (၄)နာရီ နောက်ပိုင်းတို့၌သာ ချိုးကြဖို့ စည်းကမ်းသတ်မှတ်ထားပါသည်၊ တစ်နေ့လျှင် (၂)ကြိမ်ထက် ပိုမချိုးကြဖို့, ရေကို ချွေတာသုံးစွဲကြဖို့လည်း စည်းကမ်းသတ်မှတ်ထားပါသည်။

ရေကို လိုအပ်သလောက်သာ သုံးကြရပါသည်၊ မဖြုန်းကြရပါ၊ သိက္ခာရှင်တို့လည်း ကိုရင်တို့နည်းတူ ရေကို စည်းကမ်းနှင့်အညီ ချွေချွေတာတာ အသုံးပြုကြရပါသည်၊ မဖြုန်းတီးကြရပါ၊ သိက္ခာရှင်တို့ကိုမူ ထိန်းသိမ်းစောင့်ရှောက်ကြသည့် သိက္ခာရှင်ကြီးများနှင့် အဆောင်မှူးများက ကြည့်ရှုကြပ်မတ်ပေးသည်ဟု သိရပါသည်၊ ကိုရင်တို့ ရေချိုးရာနေရာနှင့် နာယကဓေယျဝတီဆရာတော်ကျောင်းမှာ နီးကပ်လျက် ရှိပါသည်၊ ဓေယျဝတီဆရာတော်က ရေချိုးရာ နေရာဘက်ရှိ တံခါးကို ဖွင့်ထားသဖြင့် ကိုရင်တို့၏ ပြောသံဆိုသံ အကုန်ကြားနေရပြီး လူပ်ရှားဟန်မှန်သမျှ အကုန်မြင်နေရပါသည်။

ဆူလျှင်, ဆော့လျှင် ဓေယျဝတီဆရာတော်၏ ဒဏ်ပေးခြင်းကို ခံဖို့သာပြင်ပေတော့၊ (၁၀)ခွက်ထက် ပိုမချိုးဖို့, ကြာကြာ မချိုးဖို့, ရေကို ကိုယ်ပေါ်ရောက်အောင် လောင်းချိုးကြဖို့, ကိုယ်ပေါ်မရောက်ဘဲ ဘေးတွင် မကျရောက်စေဖို့, "ဗွမ်း .. ဗွမ်း" နဲ့ အသံမြည်အောင် မခပ်ယူဖို့လည်း ဆရာတော်က သတိပေးနေပါသည်။

အကျည်းတန် သင်တန်း မဖြစ်ရလေအောင်

နေ့ (၁၂)မှ (၁)နာရီထိ ပရိယတ်ပညာပေး ဘာသာကို သင်ယူကြရပါသည်၊ သင်တန်းဆရာမှာ အရှင်မုနိက ဖြစ်ပါသည်၊ သူ့အသံမှာ သင်တန်းသားအားလုံး ကြားလောက်အောင် မမြည်လှပါ၊ သို့သော် အသံချဲ့စက်ဖြင့်

http://www.dhammadownload.com

သင်ကြားပေးသည့်အတွက် အဆင်ပြေပါသည်၊ အရှင်မုနိကမှာ ရိုးသားပြီး အေးဆေးပုံ ပေါ်ပါသည်။

ဤသင်တန်းမှာ ရှေးနှစ်တွေက သူ သင်ပြပေးဖူးပုံ မပေါ်ပါ၊ ဆရာတိုင်းကိုယ့်အချိန်မှာ သင်တန်းသားများ တိတ်ဆိတ်ငြိမ်သက်စွာ သင်ပြချက်အပေါ် အာရုံစိုက်နေအောင် အထူးဂရုစိုက်ပေးဖို့ လိုအပ်ပါသည်၊ တိတ်ဆိတ်ငြိမ်သက်စွာ အာရုံစူးစိုက်ပြီး သင်ယူနေကြလျှင် မြင်မြင်သမျှ ပုဂ္ဂိုလ်တို့အဖို့ စိတ်ကြည်နူးဖွယ် ကောင်းလှပါပေသည်။

ဒူးထောင်, ပေါင်ကား, ဆော့ကစား, အားလျှားမှောက်, နောက်ပြောင်ကာ ဆူညံလှုပ်ရှားပြီး အာရုံမစူးစိုက်ဘဲ နေထိုင်ကြပါလျှင် သင်တန်းမှာ အကျည်းတန်နေပါတော့သည်၊ ထိုသို့ အကျည်းတန်သင်တန်း မဖြစ်ရအောင် အရှင်မုနိကမှာ စွမ်းနိုင်သမျှ ကြိုးစားကာ ထိန်းသိမ်းလျက် ပို့ချပေးပါသည်။

ဩကာသ ကန်တော့ခန်းမှ မှတ်သားဖွယ်များ

ဤနေ့၌ စတင်ပို့ချပေးသည့် အကြောင်းအရာမှာ ဩကာသကန်တော့ခန်း အကြောင်းဖြစ်ပါသည်။

၁။ ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် "ဖူးမြော် ကန်တော့ပါ၏ (အရှင်ဘုရား)" တွင် ရပ်ရပါမည်။

၂။ ဆုပေးမည့်ပုဂ္ဂိုလ် မရှိလျှင် "ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့်" စသော ဆုတောင်းစကားများကို ဆက်လက် ဆိုကြရပါမည်။

၃။ မိခင်, ဖခင် စသည်တို့ကို ကန်တော့သည့်အခါ "ရတနာသုံးပါး" ဟူသော စကား၏ နောက်ဝယ် (ဆရာသမား) ဟူ၍ လက်သည်းကွင်းဖြင့် ပြထားအပ်သော စကားနေရာတွင် မိခင်, ဖခင်, အဘိုး, အဘွား, ဦးကြီး, အရီး, အဒေါ် စသည်ဖြင့် ဆိုင်ရာဆိုင်ရာတို့ကို လဲလှယ်ထည့်သွင်း၍ ဆိုရပါမည်။

၄။ "ကန်တော့ပါ၏" ဟူသော စကား၏နောက်တွင် ဆက်လက်ပါရှိသော "အရှင်ဘုရား" ဟူသော စကားကို ရတနာသုံးပါး, ရဟန်းသံဃာတို့ကို ကန်တော့သည်အခါ၌သာ ရွတ်ဆိုရပါမည်။

http://www.dhammadownload.com

၅။ “ သြကာသ” ဟူသော စကား၏ အဓိပ္ပာယ်မှာ “ရှိခိုးပါရစေ၊ ခွင့်ပြုတော်မူပါ” ဟူ၍ ဖြစ်ပါသည်၊ ပိုမို၍ လေးနက်စေရန် သုံးကြိမ် ထပ်ဆိုရပါမည်။

၆။ သြကာသဖြင့် ရှိခိုးကြာ၌ အပြစ်ရှိ၍ အပြစ်ပျောက်ဖို့ရန် ရှိခိုးကန်တော့ရခြင်းမှာ တစ်ခါတရံသာ ဖြစ်ဖွယ်ရှိပြီး နေ့စဉ်ရှိခိုးရာ, သီလမယူမီ ရှိခိုးရာ, ခရီးသွားရင်း စေတီပုထိုးများကို ရှိခိုးရာအခါ စသည်တို့၌ ကုသိုလ်ရရေးအတွက် ရှိခိုးကြခြင်းသာ များပါမည်..တဲ့။

ဗုဒ္ဓယဉ်ကျေးမှုတို့၏ ဆွဲဆောင်အား

နေ့ (၁)မှ (၂)နာရီထိ ရှင်ကျင့်ဝတ်ဘာသာကို သင်ယူကြရပါသည်၊ နံနက်ပိုင်းတွင် သီလ, လိင်, ဒဏ်, ပစ္စည်းလေးပါး ဆင်ခြင်ပုံအကျဉ်း, အကျယ်တို့ကို သင်ယူကြရပါသည်၊ နေ့ပိုင်းတွင် သေခိယနှင့် ခန္ဓကဝတ်တို့ကို သင်ယူ ကြရပါသည်၊ သေခိယ (၇၅)ဟ္ဒ်တွင် သွားလာ နေထိုင်မှုနှင့် စပ်သည့် ဗုဒ္ဓ ယဉ်ကျေးမှု အချက် (၂၆)ချက်, ဆွမ်းခံမှု ဆွမ်းစားမှုနှင့် စပ်သည့် ဗုဒ္ဓယဉ်ကျေးမှု အချက် (၃၀), တရားဟောမှုနှင့်စပ်သည့် ဗုဒ္ဓယဉ်ကျေးမှု အချက် (၁၉)ချက် အား‌ဖြင့် (၃)မျိုး ခွဲထားပါသည်။

သေခိယ (၇၅) ပုဒ်လာ ဗုဒ္ဓယဉ်ကျေးမှုတို့မှာ အလွန်ပင် အဆင့်မြင့်လှပါသည်၊ အလွန်မြတ်နိုးဖွယ်, လိုက်နာဖွယ် ကောင်းလှပါသည်၊ ကိုရင်တို့ သိက္ခာရှင်တို့ ဤဗုဒ္ဓယဉ်ကျေးမှုတို့နှင့်အညီ သွားလာ နေထိုင်, ဆွမ်းခံ ဆွမ်းစား, တရားဟောကြားကြပါလျှင် ကိုရင်တို့, သိက္ခာရှင်တို့၏ လူပ်ရှားမှု မှန်သမျှတို့သည် ဗုဒ္ဓသာသနာကို မကြည်ညိုသေးသူတို့၏ စိတ်ကို ကြည်ညိုလာအောင် ဆွဲဆောင်အား အပြည့်ရှိမည်မှာ အမှန်ပင်၊ ဗုဒ္ဓသာသနာကို ကြည်ညိုပြီး သူတို့၏ စိတ်တွင်မှု အတိုင်းထက်အလွန်ပင် ကြည်ညိုသဒ္ဓါ ပွားစေပါလိမ့်မည်၊ ဤဗုဒ္ဓယဉ်ကျေးမှုတို့ကို ထုတ်ဖော်တော်မူခဲ့သော ဘုရားရှင်ကို အလွန်ပင် လေးစားကြည်ညိုမြတ်နိုးမိပါသည်။

ခန္ဓကဝတ်လာ ယဉ်ကျေးမှု အဖြာဖြာ

ဘုရားရှင်သည် ယဉ်ကျေးမှုတို့ကို နေရာအနှံ့အပြား ညွှန်ကြားတော်မူခဲ့ပါသည်၊ (၁) ဧည့်သည် အဖြစ်ဖြင့် သူတစ်ပါးကျောင်းတိုက်သို့ ခေတ္တခဏာ

http://www.dhammadownload.com

သွားသည့်အခါ၊ (၂) မိမိနေရာကျောင်းသို့ ဧည့်သည်ရဟန်းတို့ လာရောက်သည့်အခါ၊ (၃) ခရီးသွားတော့မည့်အခါ၊ (၄) တရားဟောသည့်အခါ၊ (၅) ဆွမ်းစားကျောင်းဆောင်မှာ၊ (၆) ဆွမ်းခံသွားသည့်အခါ၊ (၇) တောကျောင်းမှာ သီတင်းသုံးနေထိုင်သည့်အခါ၊ (၈) နေရာကျောင်းဆောင်မှာ၊ (၉) ရေချိုးအိမ်မှာ၊ (၁၀) ကျင်ကြီးအိမ်မှာ၊ (၁၁) ဥပဇ္ဈာယ်ဆရာအပေါ်မှာ၊ (၁၂) အတူနေတပည့်တို့ အပေါ်မှာ၊ (၁၃) ဆရာလေးပါးအပေါ်မှာ၊ (၁၄) အနီးနေတပည့်တို့ အပေါ်မှာ ပြုလုပ်ရမည့် ယဉ်ကျေးမှုတို့ကိုလည်း ခန္ဓကဝတ်၌ မိန့်တော်မူခဲ့သည်ကို လေ့လာသိရှိသောအခါ ဗုဒ္ဓ၏ တပည့်တို့အား ယဉ်ကျေးမှုပေးပုံမှာ စေ့စပ်သေချာ စုံစေ့လှသည်ကို တွေ့.ရသဖြင့် ဗုဒ္ဓကို ပိုမို၍ ကြည်ညိုလေးစား လာမိပါသည်။

ပရိယတ် ပထမပိုင်းဝယ် လေ့လာဖွယ်များ

နေ့ (၂) မှ (၃) နာရီတွင် ပရိယတ်ဘာသာကိုပင် သင်ယူရပါသည်၊ ပရိယတ်ဘာသာတွင် ပထမပိုင်း, ဒုတိယပိုင်း, တတိယပိုင်းဟူ၍ (၃)ပိုင်းရှိရာ ပထမပိုင်းနှင့် ဒုတိယပိုင်းကို (၁၂) မှ (၁)နာရီထိ သင်ယူကြရပြီး တတိယပိုင်းကို (၂)မှ (၃)နာရီထိ သင်ယူကြရပါသည်။

ပထမပိုင်းတွင် မဟာစည် ဆရာတော်ဘုရားကြီး၏ သြကာသကန်တော့ခန်း, ထိုသြကာသ ကန်တော့ခန်း၏ အဓိပ္ပာယ်အဖွင့်, ကံ (၃)ပါး, အပါယ်(၄)ပါး, ကပ်(၃)ပါး, ရပ်ပြစ် (၈)ပါး, ရန်သူမျိုး (၅)ပါး, ဝိပတ္တိတရား (၄)ပါး, ဗျသနတရား (၅)ပါး, မင်္ဂ (၄)ပါး, ဖိုလ် (၄)ပါး, နိဗ္ဗာန်အကြောင်း, သရဏဂုံသီလတောင်းပုံ ပါဠိ–မြန်မာ, သတ်သူ, ခိုးသူ, ကာမကျူးလွန်သူ, လိမ်သူ, မူယစ်ဆေးဝါး သုံးစွဲသူတို့၏ ရနိုင်သည့် အပြစ်တို့ကို ပြသည့် မဟာဝိသုဒ္ဓါရုံဆရာတော်၏ လင်္ကာများ, မဟာစည်ဆရာတော်ကြီး၏ သီလဂုဏ်ကျေးဇူးပြု လင်္ကာ, လယ်တီဆရာတော်ဘုရားကြီး၏ (၇)နေ့ ဘုရားရှိခိုးလင်္ကာများ, မဟာဂန္ဓာရုံဆရာတော်၏ ဗုဒ္ဓပွင့်ပေါ် ကျေးဇူးတော်လင်္ကာ, ဗုဒ္ဓဝါဒီစွဲ၍ တည်မည်လင်္ကာ, သဗ္ဗညုတဉာဏ်တော်စွမ်း (၃)ပါး လင်္ကာများ, စေတီ (၄)မျိုး, ဘုရားဂုဏ်တော် (၉)ပါး, တရားဂုဏ်တော် (၆)ပါး, သံဃာ့ဂုဏ်တော် (၉)ပါး ပါဠိနှင့် မဟာစည်ဆရာတော်ကြီး ရေးသားအပ်သော အနက်တို့ ပါရှိပါသည်။

http://www.dhammadownload.com

ဒုတိယပိုင်းတွင် ပါဝင်သည်များ

ဒုတိယပိုင်းတွင် မဟာစည်ဆရာတော်ကြီး သီကုံး၍ အနက်ပေးထား အပ်သော ဉာဏ်စဉ် (၁၆)ပါး ဘုရားရှိခိုး, ပဋိပတ္တိပူဇနာကာရ ဘုရားရှိခိုး (၅)ပုဒ်နှင့် ကံအကျိုးပေးကွဲပုံလင်္ကာများ, မဟာဂန္ဓာရုံဆရာတော် ရေး သားအပ်သော ဒုစရိုက် (၁၀)ပါး, ဒုစရိုက်အကျယ် (၄၀), သုစရိုက် (၁၀)ပါး, သုစရိုက်အကျယ် (၄၀), ပုညကြိယာဝတ္ထု (၁၀), အကျယ် (၃၀–၄၀), ဘုရား ရှင်တိုင်း၏ သြဝါဒဆောင်ပုဒ်, ဆွမ်းလှူရကျိုးလင်္ကာ, မဟာစည် ဆရာတော်ကြီး ရေးသားအပ်သော ဒါန၏ဂုဏ်ကျေးဇူး လင်္ကာ, စည်းလုံး ညီညွတ်ကြောင်း (၄)ပါး လင်္ကာ, မေတ္တာပို့ လင်္ကာများအပြင် မေတ္တာကူးစက်ပုံ, မေတ္တာသံလိုက်, မေတ္တာ (၃)မျိုး, ဒါန သီလထက် မေတ္တာက သာလွန်ပုံ, မေတ္တာစ၍ မပွားသင့်သော ပုဂ္ဂိုလ် (၄)ယောက်, လုံးဝ မေတ္တာမပွား အပ်တဲ့ပုဂ္ဂိုလ်(၂)ယောက်, မေတ္တာပွားပုံ အစီအစဉ်, မေတ္တာအကျိုး (၁၁)မျိုး, သတိပဋ္ဌာန် ဝိပဿနာရှုနည်း လင်္ကာများ, သတိပဋ္ဌာန် (၄)ပါး, သတိ ပဋ္ဌာန်တရား အားထုတ်ရကျိုး (၇)မျိုး, သတိပဋ္ဌာန်သုတ် ဝန်ခံချက် မိန့်ခွန်း ဝေဘ်, ဘာဝနာ၏ ဂုဏ်ကျေးဇူး, ဆုတောင်း, အမျှဝေတို့ ပါဝင်ပါသည်။

တတိယပိုင်းမှာ သင်ယူစရာ

တတိယပိုင်းတွင် သင်္ဂာဆရာတော် ရေးသားအပ်သော သိဂ်ါလောဝါဒ ဆုံးမစာ လင်္ကာများ, ညစ်ညူးကဲ (၄)ပါး, အဂတိတရား (၄)ပါး, (၆)ပါးစီရှိ သော စည်းစိမ်ပျက်ကြောင်း, ယစ်မျိုးကြူးသူအပြစ်, ညဉ့်လမ်းလျှောက်သူ အပြစ်, သဘင်ကြူးသူအပြစ်, လောင်းကစားကြူးသူ အပြစ်များ, လူပျင်း (၆)မျိုး, မိတ်ဆွေမကောင်း (၆)ယောက်, မိတ်ဆွေတု (၄)ယောက်, (၄)ပါးစီ ရှိသော ယူမိတ်လက္ခဏာ, နှုတ်မိတ်လက္ခဏာ, ချစ်ယောင်ဆောင်သော မိတ်၏လက္ခဏာ, ယုတ်မာသောမိတ်၏ လက္ခဏာ, မိတ်စစ် (၄) ယောက်, (၄)ပါးစီရှိသော ကျေးဇူးပြုတတ်သော မိတ် လက္ခဏာ, ကောင်းတူဆိုးတူ မိတ်လက္ခဏာ, ဆရာမိတ်လက္ခဏာ, ညှာမိတ်လက္ခဏာ, အလေးအမြတ် ပြုအပ်သော အရပ်(၆)မျက်နှာ, (၅)ပါးစီရှိသော သားသမီး, မိဘ, တပည့်, ဆရာ, လင်မယား, မိတ်ဆွေ, အရှင်သခင်, ကျေးကျွန်တို့၏ ကျင့်ဝတ်များ,

http://www.dhammadownload.com

ရဟန်းကျင့်ဝတ် (၆)ပါးတို့အပြင် မဟာဝိသုဒ္ဓါရုံဆရာတော် ရေးသားအပ်သော ဒါရကောဝါဒ ဆုံးမစာတို့ကို သင်ယူကြရပါမည်။

မျက်ခြည်ပြတ်မခံသော ဆရာတော်

(၂)နာရီ(၄၅)မိနစ်တွင် ပရိယတ်ဘာသာကို သင်ယူခြင်းကိစ္စ ပြီးဆုံးသွား ပြီဖြစ်၍ တစ်တန်းစီ ထပြီး ဗုဒ္ဓသာသနာသမိုင်းကို နာယူမှတ်သားကြရန် တဲဆောင်ကြီးထဲသို့ အတန်းစုံ သွားရောက်ရပါသည်၊ တဲအဆောင်ထဲ၌ သင်ယူကြသော အငယ်တန်း ကိုရင် သိက္ခာရှင်တို့လည်း သင်တန်းချိန်တစ်ချိန် ပြီးသွားသဖြင့် ရေသောက်သွားသူ သွား, ကျင်ငယ်စွန့်သွားသူ သွားကြသည် ဖြစ်၍ အတန်းစုံမှ ကိုရင် သိက္ခာရှင်တို့သည် ညီညီညာညာ ငြိမ်ငြိမ်သက်သက် စည်းကမ်းကျကျ ထိုင်ပြီးဖြစ်ဖို့ရာ သင်တန်းပြဆရာတို့ စုပေါင်းဆောင်ရွက်ဖို့ လိုအပ်လှပါသည်၊ မိုက်ဖြင့် အားလုံးကြားအောင် ပြောနိုင်လျှင်မူ ထိုသို့ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေပါသည်၊ ထိုသို့ မဟုတ်ပါမူ မလွယ်ကူလှပါ၊ တာဝန်ရှိ သင်တန်းပြဆရာတို့၏ စုပေါင်း ဆောင်ရွက်မှုကြောင့် ကိုရင်တို့ သိက္ခာရှင်တို့အား လုံး (၃)နာရီတွင် စည်းကမ်းတကျ ထိုင်ပြီးကြပါကုန်ပြီ၊ ဟောပြောမည့် ဆရာတော် ကြွလာပါပြီ၊ ဇေယျဝတီဆရာတော် ဖြစ်နေပါသည်။

ဆရာတော်သည် ပိန်ပိန်ပါးပါး အသားညိုညို သွက်သွက်လက်လက် ရှိပါသည်၊ ကိုရင်တို့ သိက္ခာရှင်တို့ ပေါ့ပေါ့ဆဆနေဖို့ မလွယ်ကူလှပါ၊ ဆရာတော်၏ မျက်စိက ကိုရင်တို့ သိက္ခာရှင်တို့ အားလုံးကို လွှမ်းမိုးပြီး ကြည့်ထားပါသည်၊ ကိုရင် သိက္ခာရှင်၏ အခြေအနေကို မျက်ခြည်ပြတ်မခံပါ၊ အချို့းမကျက ကိုရင် သိက္ခာရှင်တို့အကြား အပြောခံရလျှင် ရှက်ဖွယ်ဖြစ်မည်ကို စိုးရိမ်မိပါသည်၊ ထို့ကြောင့် အပြောမခံရအောင် အချို့းတကျ နေထိုင်ရပါသည်၊ ကိုရင်, သိက္ခာရှင်တို့၏ ရှေ့တစ်နေရာမှ ထိုင်ခုံပေါ်တွင် ထိုင်ရင်း ဆရာတော်သည် မိုက်ဖြင့် မိန့်ကြားပါတော့သည်။

လူငယ်ပေမယ့် အသိမငယ်ဖို့

"ကိုရင်တို့, သိက္ခာရှင်တို့ .. ဒီနေ့က စပြီး ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းမှာ ဗုဒ္ဓယဉ်ကျေးမှုတွေကို သင်ယူနေကြပြီ၊ ဗုဒ္ဓယဉ်ကျေးမှုရဲ့

http://www.dhammadownload.com

တန်ဖိုးကိုသိမှ ယူရမှန်း သိတယ်၊ ဗုဒ္ဓယဉ်ကျေးမှုတွေကို သင်ကြားထားတဲ့သူဟာ ရပ်ရေး ရွာရေးမှာ အံဝင်ခွင်ကျ အဆင်ပြေမယ်၊ အများလက်ခံနိုင်တယ်၊ တန်ဖိုးရှိတဲ့ စာပေကို ရိုရိုသေသေ သင်ကြားရမယ်၊ လူတစ်ယောက်ဟာ ဗုဒ္ဓယဉ်ကျေးမှု စာပေကို သင်ကြားရင် အသိပညာတွေ ကြွယ်ဝလာမယ်၊ စွမ်းရည် ထက်မြက်လာမယ်၊ လောကခံနဲ့ ကြုံတွေ့လာရင်လဲ သင်ကြားထားတဲ့ စာပေအသိတွေက အခက်အခဲတွေကို ဖြေရှင်းနိုင်ပါမယ်၊ ဗုဒ္ဓယဉ်ကျေးမှု အခြေခံစာပေများကို မသင်ကြားခဲ့လို့ရှိရင် ဖြစ်ပေါ်လာတဲ့ အခက်အခဲကို မဖြေရှင်းနိုင်ဘူး၊ မကျော်လွှားနိုင်ဘူး။"

"စွမ်းရည်သတ္တိရှိတဲ့သူဟာ သာမန်လူတို့ကို ဦးဆောင်နိုင်တယ်၊ အောင်မြင်တယ်၊ မိဘ ဆရာသမားတွေ ပြောတဲ့စကားကို နားမထောင်ချင်ပေမယ့် နားထောင်ရမယ်၊ လူဆိုတာဟာ လူငယ်တိုင်းလဲ အသိမငယ်ဘူး၊ လူကြီးတိုင်းလဲ အသိမကြီးဘူး၊ အသိပညာတွေကို နာယူမှတ်သား သင်ကြားရင် လူငယ်ပင်ဖြစ်စေ ပညာကြွယ်ဝနိုင်တယ်။"

"ပတ်ဝန်းကျင်နဲ့ နေရတဲ့အတွက် ပတ်ဝန်းကျင် ကောင်းရင် ကိုယ်လဲ ကောင်းတတ်တယ်၊ ပတ်ဝန်းကျင် မကောင်းရင် ကိုယ်လဲမကောင်း ဖြစ်တတ်တယ်၊ လောကမှာ ချစ်စရာ အကောင်းဆုံးသူ ယဉ်ကျေးသိမ်မွေ့သူ ဖြစ်အောင် လုပ်ကြပါ။"

"ကိုယ့်ပတ်ဝန်းကျင် အရေးကြီးပုံနဲ့ ဆက်စပ်တဲ့ ပုံဝတ္ထုတစ်ခု ပြောပြမယ်" တဲ့။

ပတ်ဝန်းကျင်မှ ယူရမည့်အတု

ကလေးငယ်သဘာဝမှာ ပုံဝတ္ထုဆိုလျှင် အလွန်ပင် နားထောင်ချင်ပါသည်၊ သို့ဖြစ်၍ ပုံဝတ္ထု ပြောမည်ဟုဆိုသဖြင့် တက်ကြွရွှင်မြူးစွာ ပြောပြမည့်ပုံလေးကို မျှော်လင့်နေပါသည်၊ သိပြီးသား ပုံဝတ္ထုထဲကလေလား, မသိသေးတဲ့ ပုံဝတ္ထုလေလားဟု စဉ်းစားနေမိပါသည်။

"ဒုကနိပါတ်က ဂီရိဒတ္တ ဇာတ်အကြောင်းကို ပြောပြမယ်" ဟု ဆိုသော အခါ မကြားဖူးသေးသော ပုံဝတ္ထုဖြစ်နေ၍ သိလိုသည့်ဇောဖြင့် နားစိုက်ထောင်နေရာ ဆရာတော်က ဆက်ပြီး အမိန့်ရှိပြန်ပါသည်။

http://www.dhammadownload.com

"ရှေးတုန်းက ဗာရာဏသီပြည်မှာ 'သာမ' ဆိုတဲ့ ဘုရင်တစ်ပါးရှိတယ်၊ သူ့မှာ မင်္ဂလာမြင်းတစ်ကောင် ရှိတယ်၊ အဲဒီမြင်းကို ထိန်းဖို့ 'ဂီရိဒတ္တ' ဆိုတဲ့ မြင်းထိန်းတစ်ယောက်ရှိတယ်၊ အဲဒီမြင်းထိန်းက ခြေခွင်နေတယ်၊ မြင်းရဲ့ရှေ့မှာ မြင်းထိန်းက ခြေထောက်ခွင်ခွင်နဲ့ သွားနေတော 'ငါ့ကို ဒီလိုသွားဖို့ သင်ပြပေးနေတာနဲ့ တူတယ်' လို့ မြင်းက ထင်မှတ်နေတယ်၊ ဒါနဲ့ မြင်းလည်း ခြေထောက်ခွင်ခွင်ပြီး သွားနေတော့တယ် ..."

"တစ်နေ့မှာတော့ ရှင်ဘုရင်က 'ဒီမြင်းဟာ အရင်က ခြေမခွင်ပါဘူး၊ ခုမှ ခြေခွင်နေတယ်၊ မြင်းမှာ ရောဂါရှိနေပုံရတယ်' လို့ ထင်နေပါတယ်၊ ဒါကြောင့် ဆေးဆရာကို ခေါ်စေပြီး မြင်းမှာ ရောဂါရှိ, မရှိ ကြည့်ရှုစစ်ဆေးစေပါတယ်၊ စစ်ဆေးကြည့်တော့ ဘာရောဂါမှ မရှိဘူး ..တဲ့၊ ဒါနဲ့ ဘုရင်ကြီးက ပညာရှိအမတ်ကို ခေါ်ပြီး အကျိုးအကြောင်း ပြောပြတယ်၊ ပညာရှိအမတ်က အခြေအနေကို အကဲခတ်လေ့လာပြီး 'ဘုရင်မင်းမြတ်.. ခြေကို ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်တဲ့ မြင်းထိန်းကို ထားပေးပါ၊ ခြေခွင်နေတဲ့ မြင်းထိန်းကို ဖယ်ရှားပေးပါ၊ မြင်းမှာ ခြေခွင်တာ အလိုလို ပျောက်သွားပါလိမ့်မယ်' လို့ ရှင်ဘုရင်ကို လျှောက်တင်တယ်၊ ဒီတော့ ရှင်ဘုရင်က ပညာရှိအမတ် ပြောတဲ့အတိုင်း မြင်းထိန်းကို ပြောင်းလွဲပေးလိုက်တယ်၊ အဲဒီအခါ မြင်းဟာ ခြေမခွင်တော့ဘဲ နဂိုပုံမှန်အတိုင်း သွားနိုင်တော့တယ်" တဲ့။

"ဒီပုံဝတ္ထုမှာ သင်ခန်းစာယူရမှာက ပတ်ဝန်းကျင် မြင်တွေ့.ရသမျှကို သတ္တဝါတွေဟာ အတုယူတတ်ကြတယ်၊ ပတ်ဝန်းကျင်မှာ ကောင်းတာရှိသလို မကောင်းတာတွေလဲ ရှိတယ်၊ မကောင်းတာကို မယူမိကြဘဲ ကောင်းတာကို ယူကြရမယ်၊ ဒီသင်တန်း တက်တဲ့အခါမှာလဲ မကောင်းတဲ့သူတွေဆီက မကောင်းတာတွေကို မယူမိကြစေဘဲ ကောင်းတဲ့သူတွေဆီက ကောင်းတာတွေကိုသာ ယူမိကြအောင် အထူး ဂရုစိုက်ကြရမယ်။"

"ကဲ.. ဒီနေ့ ဒီလက်ာလေးဆိုပြီး အပြီးသတ်ကြရအောင် လိုက်ဆိုကြ.."

- ♦ ပတ်ဝန်းကျင်စု, မြင်တွေ့.မှု, အတုလိုက်တတ်စွာ။
- ♦ ဂီရိဒတ္တ, ဇာတ်တော်က, နည်းပြဆုံးမပါ။

ဆရာတော်က 'မိုက်' ဖြင့် ပြောက ကိုရင် သိက္ခာရှင်တို့ကို ဆက်လက်ထိန်းသိမ်းပြီး ညွှန်ကြားနေပါသည်။

http://www.dhammadownload.com

" ဒီနေ့တာအတွက် ပြီးပြီ၊ သိက္ခာရှင်တို့က အရင် တစ်တန်းစီထပြီး တန်းစီပြန်ကြရမယ်၊ ကိုရင်တွေက နောက်မှ ထကြရမယ်၊ ကိုရင်တွေငြိမ်သက်တိတ်ဆိတ်စွာ ကိုယ့်နေရာမှာပဲ ဆက်ထိုင်နေကြပါ၊ သိက္ခာရှင်တွေက ခပ်သွက်သွက်လေး ထပေးကြပါ၊ ကိုရင်တွေ တစ်ပါးမှ မထကြပါနဲ့၊ စကားမပြောကြပါနဲ့။"

အားလပ်ချိန်လေးမှာ

သိက္ခာရှင်တို့လည်း ထ၍ ပြန်ကြကုန်ပြီ၊ ကိုရင်တို့လည်းထ၍ ကိုယ့်နေရာကို ရောက်ကြကုန်ပြီ၊ စာသင်ချိန်ကလည်း ဆက်တိုက်ဖြစ်နေ, နေကလဲ ပူပြင်းနေ, သင်တန်းကာလရဲ့ အစလဲ အစပိုင်းဆိုတော့ ပင်ပန်းနွမ်းနယ်နေကြပေပြီ၊ ဤသင်တန်းအတွေ့အကြုံမရှိကြသေးသည့် ကိုရင်အသစ်တို့မှာ ပို၍ ပင်ပန်းနွမ်းနယ်နေဟန် ရှိပါသည်၊ အဟောင်း ကိုရင်များကတော့ အသားကျနေဟန် တူပါသည်၊ ပင်ပန်းနွမ်းနယ်ဟန် မတွေ့ရပါ၊ ရိုးနေပုံရပါသည်၊ ဤ(၄)နာရီခွဲ သင်တန်းပြီးသွားသော်လည်း သူတို့မှာ ပြိုးပြိုးရွှင်ရွှင်ပင်၊ သက်နိုးတွေမှာလည်း ချွေးတွေရွဲလို့ နေကြပြီ၊ ရေဆာလို့ ရေသောက်သွားသူတွေက သွား, ကျင်ငယ်စွန့်သွားသူတွေက သွား, စကား ပြောသူတွေက ပြော, အိပ်ရာပေါ်မှာ လှဲ၍ နားသူက နားကာ အားလပ်နေ သည့် အချိန်လေးမှာ အပန်းဖြေနေကြပါတော့ပြီ။

တချို့ကိုရင်တို့သည် အနည်းငယ် အပန်းဖြေပြီး ရေချိုးကြပါသည်၊ တချို့ကိုရင်တို့ကား အနည်းငယ် အပန်းဖြေပြီး ယနေ့ သင်ယူခဲ့သည့် စာများကို တိုးတိုးတိတ်တိတ် ကျက်မှတ်နေကြပါသည်၊ (၄)နာရီ (၃၀)မိနစ်တွင် လက်ကန်တော့တင်၍ ဘယ်ဘက်ပခုံးပေါ် နေရာထိုင်ကို ညီညာစွာ ခေါက်တင်ကာ ငယ်စဉ်ကြီးလိုက် တန်းစီကြရပါသည်။

(၄)နာရီ (၄၅)မိနစ်လောက်တွင် ဆွမ်းစားကျောင်းပေါ်သို့ ရောက်ကြပါသည်၊ သိက္ခာရှင်တို့လည်း ကိုရင်တို့နောက်တွင် နေရာယူပြီးကြပါပြီ၊ သင်တန်းအတွင်းရေးမှူး အရှင်မြတ် (အရှင်ဉာနဒ္ဓေတာဘိဝံသ)သည် ပလ္လင်ပေါ် ရောက်နေပါပြီ၊ ကိုရင် သိက္ခာရှင်တို့က ရှင်ဝိဇယ၏ အချက်ပေးချက်နှင့်အညီ ဦးသုံးကြိမ်ချပြီး (၁၀)ပါးသီလ ယူကြပါသည်၊ သီလယူနေစဉ်အချိန်တွင်

http://www.dhammadownload.com



သီလနှင့် ဩဝါဒခံယူရန်, ဘုရားဝတ်တက်ရန်
လာနေကြစဉ်

http://www.dhammadownload.com

သင်တန်းဆရာတစ်ပါးက ဆရာတော်ကြီးကို ညဝါဒပေးရန် သွားပင့်နေပါသည်။

(၁၀)ပါးသီလ ယူပြီးကြသောအခါ ဆရာတော်ကြီး ဆွမ်းစားကျောင်းပေါ် ကွလာပါပြီ၊ ဆရာတော်ကြီး ပလ္လင်ပေါ် ထိုင်ပြီးသောအခါ ကိုရင်သိက္ခာရှင်တို့က ပုဆစ်တုပ်ထိုင်ကာ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချ၍ ညကာသ ဖြင့် ညီညီညာညာ ကန်တော့ကြပါသည်၊ ဆရာတော်ကြီးက ဆုပေးပြီးသောအခါ "ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား" ဟု ဆိုပြီး ပုဆစ်တုပ်၍ လက်အုပ်ချီကာ ဥပဇ္ဈာယ်ယူကြပါသည်၊ ထို့နောက် ဆရာတော် ကြီး၏ အဆုံးအမ ညဝါဒကို နာယူကြရပါသည်။

သန့်ရှင်းဆိတ်ငြိမ်ရှိရမည်

" ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ သင်တန်းကာလ (၄)ပတ်ရှိရာ ပထမတစ်ပတ်မှာ ဘုန်းကြီးက ညဝါဒပေးရပါမယ်၊ ကျန်တဲ့ (၃)ပတ်မှာ နာယကဆရာတော်တွေက ပေးသွားကြပါလိမ့်မယ်၊ လောကမှာ ခရီးသွားတဲ့သူဟာ မကောင်းတဲ့လမ်းကို ရှောင်ရှားပြီး ကောင်းတဲ့လမ်းကို လျှောက်သွားရမယ်၊ ခရီးသွားတဲ့အခါမှာ လမ်းညွှန်ကောင်းလိုအပ်တယ်၊ လမ်းမှန် မလျှောက်ရင် စခန်းမှန်မရောက်ဘူး၊ ဒုက္ခရောက်မယ်၊ လမ်းမှန် လမ်းမှား ခွဲခြားမသိရင် လမ်းမှားရောက်ပြီး ဒုက္ခတွေ့မယ်.."

"ဘုရားရှင်ကလဲ သံသရာခရီးမှာ လမ်းမှန်လျှောက်ဖို့ ညွှန်ကြားခဲ့တယ်၊ လမ်းမှားမလျှောက်ဖို့ တားမြစ်ခဲ့တယ်၊ သံသရာခရီးမှာ လမ်းမှန်ဆိုတာက သုစရိုက်လမ်းဖြစ်ပြီး၊ လမ်းမှားဆိုတာက ဒုစရိုက်လမ်းဖြစ်တယ်.."

"မကောင်းတာရဲ့ ဆိုးကျိုးကို မသိဘဲ မကောင်းတာကို ရှောင်ဖို့ မလွယ်ဘူး ..."

"မကောင်းတာကလဲ ပီသတဲ့မကောင်းတာ, သိပ်မပီသတဲ့ မကောင်းတာ, သိပ်သိမ်မွေ့တဲ့ မကောင်းတာရယ်လို့ (၃)မျိုးရှိတယ်၊ ပီပီသသမြင်ချင်ရင် အနီးသို့တိုးပြီး ကြည့်ရတယ်၊ ပို၍နီးလေ ပို၍ပီပီသသ မြင်ရလေပဲ၊ ဉာဏ်မျက်စိကလဲ (၃)မျိုးရှိတယ်၊ သိပ်ပီသတဲ့ မကောင်းတာကိုမြင်တဲ့ ဉာဏ်မျက်စိ, သိပ်မပီသတဲ့ မကောင်းတာကို မြင်တဲ့ ဉာဏ်မျက်စိ, သိပ်သိမ်မွေ့တဲ့ မကောင်း

http://www.dhammadownload.com

တာကို မြင်တဲ့ဉာဏ်မျက်စိတို့ ဖြစ်တယ် ...”

“အသစ်ကိုရင်တွေ သင်ခန်းစာကို သိပ်ပီသစွာ မသိကြသေးဘူး ...”

“သင်္ကန်းကို ဘိသီဘတ်သီ ဖိုးရို့ဖားရား ဝတ်သွားရင်, ဝတ်ထားရင် စိတ်ကြည်ပါ့မလား? နောက်မလား?” နောက်ပါမယ်ဘုရား .. (သင်တန်းသားများ ဖြေကြသည်။)

“အမိုက်တွေ ဟိုပစ်ဒီပစ် ပစ်ထားရင်, တဲ့တွေး ဟိုထွေးဒီထွေး ထွေးထားရင် စိတ်ကြည်ကြမလား? နောက်မလား?” နောက်ပါမယ်ဘုရား။

“နောက်ကျူနေတဲ့ စိတ်မှာ အသိဉာဏ်မဖြစ်ဘူး၊ အလင်းမလာဘူး၊ အမှောင်ပဲလာတယ်၊ ဝတ်စား, သွားလာ, နေထိုင်, ပစ္စည်းအထားအသို သန့်ရှင်းသပ်ရပ်မှုရှိမှ ဗုဒ္ဓပေးတဲ့ ယဉ်ကျေးမှုတွေကို စိတ်ကြည်ကြည်လင်လင်နဲ့ သင်လို့ရတာ ...”

“တစ်ဦးတစ်ယောက်က စာကို, တရားကို တိတ်ဆိတ်စွာ လေ့လာနေစဉ် ကိုယ်က ဆူညံစွာစကားပြောဆိုနေရင် ကူညီရာရောက်မလား? အနှောင့်အယှက်ပေးရာ ရောက်မလား?” အနှောင့်အယှက်ပေးရာ ရောက်ပါမယ်ဘုရား၊ “ယဉ်ကျေးတာလား? ရိုင်းတာလား?” ရိုင်းတာပါဘုရား။

“နှစ်ယောက်ထဲပြောတာ ကျယ်ကျယ်ပြောစရာ မလိုဘူး၊ အရပ်ထဲကလို မဟုတ်ဘူး၊ ကိုယ့်အတွက်နဲ့ သူတစ်ပါးကို အနှောင့်အယှက် မဖြစ်စေရဘူး ဆိုတဲ့ စိတ်ထားရှိရမယ် ...”

“လူကောင်းတွေဖြစ်အောင် ဆရာတွေက မေတ္တာ, ကရုဏာနဲ့ ပေးရာမှာ တိတ်ဆိတ်မှ အသိဉာဏ်လာတာမို့ စကားပြောတာ, တံခါးပိတ်တာ, ဖွင့်တာ ညင်သာကြပါစေ၊ တိုးတိုးတိတ်တိတ် ရှိကြပါစေ ...”

“လောကမှာ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာလို့ ဉာဏ်မျက်စိတွေ ပွင့်လင်းကြရတယ်၊ ဉာဏ်မျက်စိတွေ ပွင့်လင်းအောင် သန့်ရှင်းရတယ်၊ သပ်ရပ်ရတယ်၊ ဆိတ်ငြိမ်ရတယ်၊ ကဲ လက်ံာလေးတွေ လိုက်ဆိုကြ ...

- ဗုဒ္ဓမြတ်စွာ, ပွင့်လာမှုကြောင့်, ဉာဏ်မျက်စိတွေ လင်းရသည်။
- ဉာဏ်မျက်စိတွေ, သာ၍လင်းဖို့, သန့်ရှင်းဆိတ်ငြိမ် ရှိရမည်။

မွန်, ကောင်း, တော် သာမဏော, သိက္ခာရှင်တွေ ဖြစ်နိုင်ကြပါစေ ...”

http://www.dhammadownload.com

"ဆရာတော်ဘုရား ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား" ဟု ဆိုပြီး သာဓုသုံးကြိမ်ခေါ်ကာ ဩဝါဒခံယူမှု အပြီးသတ်လိုက်ပါတော့သည်၊ ဆရာတော်ကြီးသည် စံကျောင်းတော်ဖြစ်သည့် သာထွန်းအောင် တိုက်ကျောင်းပေါ်သို့ ပြန်ကြွသွားပါပြီ၊ ကိုရင်တို့ သိက္ခာရှင်တို့က ဆက်လက်ပြီး ဘုရားဝတ်တက်ကြရပါသည်။ ထို့နောက် တရားထိုင်ကြရပါသည်။

ကူညီဖော်ခန့်ခြင်း

တရားထိုင်ပြီးသောအခါ သင်တန်းအတွင်းရေးမှူး (အရှင်ဉာနဇောတာဘိဝံသ)က 'မိုက်'ကို ကိုင်လျက် ကိုရင် သိက္ခာရှင်တို့အား မိန့်ကြားပါသည်။

"ကိုရင်က (၁၆၀), သိက္ခာရှင်က (၁၇၀)ဆိုတော့ (၃၃၀)တောင် ရှိပါတယ်၊ သင်တန်းသားတွေက များလာတော့ ဥုးဇင်းတို့ သင်တန်းဆရာများနှင့် ထိန်းသိမ်းသူတို့နဲ့ ထိန်းသိမ်းပေးရာမှာ မလုံလောက်သေးပါ၊ ဆွမ်းစားသွား–ပြန်, ဘုရားဝတ်တက်သွား–ပြန်ရာမှာ တန်းစီပေးရေး, ဖိနပ် ညီညာစွာ ချွတ်ရန် ကြပ်မတ်ပေးရေး, နေရာချထားပေးရေးနှင့် ကျောင်းဆောင်တွင်း, အခန်းတွင်းရဲ့ ကျောင်းဆောင်အပြင် သန့်ရှင်းရေး, အိပ်ရာနေရာ, သပိတ် စသည့် အသုံးအဆောင်များကို သန့်ရှင်းသပ်ရပ်စွာ ထားဖို့ ဂရုစိုက်ပေးရေးတို့မှာ အထောက်အကူတွေ လိုနေပါသေးတယ် ..."

"ယခင်နှစ်တွေကလဲ သင်တန်းအတွေ့.အကြုံရှိ သင်တန်းသား အချင်းချင်းအပေါ်မှာလဲ ကူညီလိုစိတ်, စာနာစိတ်ရှိတဲ့ ကိုရင်ကြီးများ, သိက္ခာရှင်များကို ဥုးဇင်းတို့ရဲ့ ထိန်းသိမ်းစောင့်ရှောက်ရေး ကူညီသူတွေအနေနဲ့ တာဝန်ပေးပါတယ်၊ အထူးတန်းမှ ကိုရင်(၄)ပါးနှင့် အကြီးတန်းမှ ကိုရင်(၅)ပါး၊ ပေါင်း (၉)ပါးနှင့် အထူးတန်းမှ သိက္ခာရှင်(၅)ပါးနှင့် အကြီးတန်းမှ သိက္ခာရှင်(၁)ပါး၊ ပေါင်း (၆)ပါး အများမြင်သာတဲ့ တစ်နေရာမှာ သင်တန်းသားတို့ဘက်မျက်နှာမူပြီး ရပ်ကြပါ၊ သင်တန်းဖွင့်ပွဲတုန်းက ဆရာတော်ကြီး မိန့်သွားသလိုပါပဲ၊ အမေတစ်ယောက်ထဲနဲ့ မနိုင်နင်းလို့ နို့ထိန်းတွေနဲ့ ကလေးတွေကို လွှဲပေးထားရပါတယ် ဆိုသလိုပဲ၊ ဥုးဇင်းတို့လဲ ဥုးဇင်းတို့နဲ့တင် နေရာတကာမှာ မနှံ့စပ်နိုင်လို့ ကိုရင်ကြီး သိက္ခာရှင်တွေရဲ့ အကူအညီကို ရယူရပါတယ် ..."

http://www.dhammadownload.com

"သူတို့ရဲ့ ကူညီညွှန်ပြတာကို နာယူကြပါ၊ ကူညီဖော်တွေကလဲ ငယ်ရွယ်သူတွေကို ညှာတာကြပါ၊ ရွယ်တူသူ, ကြီးသူတွေကို လေးစားကြပါ၊ ဒဏ်ပေးခြင်း, အပြစ်ပေးခြင်း, ရိုက်နှက်ဆဲဆိုခြင်း, ကြမ်းတမ်းစွာ ပြောဆိုခြင်း မပြုလုပ်ကြရပါ၊ လိုအပ်တာတွေကိုသာ ကိုယ့်ရဲ့ ညီရင်း အကိုရင်း, ညီမရင်းတွေလို သဘောထားပြီး ကူညီကြပါ၊ ဒဏ်ပေးစရာ အပြစ်ပေးစရာတွေ့ရင် အဆောင်မှူးနဲ့ သင်တန်းဆရာတို့ကို တိုင်ကြားကြပါ" ဟုပြောကာ ကိုယ့်နေရာကိုယ် ပြန်ထိုင်စေပါသည်။ ထို့နောက် နေရာအဆောင်သို့ ပြန်ကြရပါသည်။

ကူညီဖော်ခန့်ပြီး လေးငါးရက်ခန့် ကြာသောအခါ ကူညီဖော်ကိုရင်ကြီး သိက္ခာရှင်ကြီးများထက် ကြီးသော, အရွယ်တူဖြစ်သော ကိုရင် သိက္ခာရှင်တချို့က ကူညီဖော်တို့ကို ရိသဲ့သဲ့လုပ်ကာ နောက်ပြောင်ကြ, ဂျိုကြည့်ကြည့်ကြ, ရန်စောင်သည့်အမူအရာပြကြ, သင်တန်းပြီးသွားရင် မည်သို့လုပ်လိုက်မည်ဟု ကြိမ်းမောင်းကြ, စိန်ခေါ်ကြသဖြင့် ထိုကိုရင် သိက္ခာရှင်တို့ကို ဆရာတော်ကြီးက ပြင်းပြင်းထန်ထန် သတိပေးသည်၊ သင်တန်းကို အနှောင့်အယှက်ပြုမည့်သူကို မထားနိုင်ကြောင်း အမိန့်ရှိသည်ဟု သိရပါသည်၊ ထိုအခါမှ ရန်စောင်နေသည့် ကိုရင်များ သိက္ခာရှင်များ ရန်စောင်တာ ရပ်တန့်သွားပါတော့သည်၊ ထိုကဲ့သို့သော အနည်းငယ်သော ကိုရင်ကြီးများ သိက္ခာရှင်များကိုလည်း တွေ့ရပါသည်။

အချိန်ကို တန်ဖိုးရှိရှိ အသုံးချစေချင်

အဆောင်သို့ ပြန်ရောက်သောအခါ တစ်နေ့တာ တာဝန်အားလုံး ပြီးသွားပြီမို့ စိတ်ပေါ့ပါးသွားပါသည်၊ အမေအဖေတို့ကလည်း လာရောက်တွေ့ဆုံစကားပြောကြပါသည်၊ ဤအချိန်လေးမှာ မိဘတို့နှင့် တွေ့ဖို့ အချိန်ရပါသည်၊ သို့သော် ကြာကြာစကားပြောခွင့် မရကြပါ၊ ခဏတွေ့ပြီး မိဘတို့ ပြန်ကြရပါသည်၊ တွေ့ပြီး အကြာကြီးစကားပြောမနေဖို့ ဆရာတော်တို့က သတိပေးကြပါသည်၊ သင်တန်းကာလအတွင် ရရှိသည့်အချိန်ကို တန်ဖိုးရှိရှိ အကျိုးရှိရှိ အသုံးချစေကြပါသည်။

ကိုရင်များ သိက္ခာရှင်များနှင့် ကိုရင် သိက္ခာရှင်မိဘများကလည်း

http://www.dhammadownload.com

ဆရာတော်တို့၏ မွန်မြတ်သော ရည်ရွယ်ချက်, ကြီးမားသော မေတ္တာ, အမြော်အမြင်တို့ကို နားလည်ကာ လေးလေးစားစား လိုက်နာသင့်ကြပါသည်၊ အဆောင်သို့ရောက်၍ အတန်ငယ်နားပြီး ယနေ့ သင်ယူပြီး စာများကို ကျက်မှတ်ကြရပါသည်၊ အချို့ ကိုရင်တို့ကား စကားကျယ်ကျယ်ပြောကြ, တစ်ပါး နှင့်တစ်ပါး ဆော့ကစားကြ, ဟိုသွားဒီသွား လုပ်နေကြပါသည်၊ အဆောင်မှူး များက ထိုကိုရင်များကို သတိပေးဆုံးမပြီး ငြိမ်သက်စွာ စာကျက်စေပါသည်။

တစ်ပါးတလေ လူထွက်လေ၏

နံနက် (၃)နာရီခွဲ ထရခြင်းက ကိုရင် သိက္ခာရှင်တို့အဖို့ အထူးသဖြင့် ကိုရင်ငယ် သိက္ခရှင်ငယ်တို့အဖို့ တော်တော်ဝန်လေးစေပုံရပါသည်၊ နေအရှိန် ပူပြင်းသည့် ယခုလို နွေရာသီကာလမျိုး၌ သင်တန်းချိန်တို့ ဆက်တိုက်လောက် ဖြစ်နေခြင်းကလည်း အလေ့အကျင့် မရှိသေးသူ ကိုရင် သိက္ခာရှင်သစ်တို့အဖို့ အတော်ကို ပင်ပန်းစေပုံရပါသည်။ စားသောက်, ဝတ်ရုံ, နေထိုင်, သွားလာ စသည်တို့၌ စည်းကမ်းတကျ ပြုလုပ်ရသည်မှာလည်း လူ့ဘဝတုန်းကလို မဟုတ်သဖြင့် ခက်ခဲပုံရပါသည်။

ညနေစာ မစားရသဖြင့် ဆာလောင်မှုဒဏ်ကို ထူးထူးခြားခြား ခံရပေလိမ့် မည်၊ တချို့ ကိုရင်ငယ် သိက္ခာရှင်ငယ်တို့ကလည်း မိဘတို့နှင့် ခွဲခွာပြီး မနေ ဘူးကြသဖြင့် ယခုလို ခွဲခွာနေသြသည့်အခါ မိဘကို လွမ်းဆွေးတမ်းတကြ၏၊ တချို့ကလည်း နဂိုရင်ကပင် ကျန်းမာရေးအင်အား မကောင်းကြ၊ ထို့ကြောင့် တစ်ပါးတလေ လူထွက်ကြပါသည်၊ အများစု ကိုရင် သိက္ခာရှင်တို့မှာ ပျော်ပျော် ရွှင်ရွှင် စိတ်ပါဝင်စားစွာဖြင့် စာကို သင်ယူကျက်မှတ်နေကြပါသည်။

တစ်နေ့တာ စက်ယန္တရား

ည (၉)နာရီတွင် မီးမှိတ် အိပ်ကြပြီး နံနက် (၃)နာရီခွဲ ထကြရကာ တစ်နေ့တာလုပ်ငန်းစဉ် စက်ယန္တရားသည် ထုံးစံအတိုင်း လည်ပတ်ပါတော့ သည်၊ ဘုရားဝတ်တက်, တရားထိုင်, အရက်ဆွမ်းစား, သန့်ရှင်းရေးလုပ်, (တစ်ပတ်အတွင်း) သင်္ကန်းဝတ်နှင့် လက်ကန်တော့တင်သင်, နံနက်ပိုင်း ရှင်ကျင့်ဝတ်သင်, ရေချိုး, နေ့ဆွမ်းစား, စာကျက်, သင်တန်းချိန် (၃)ချိန်

http://www.dhammadownload.com

ပြန်တက်, ဟောပြောပွဲ နားထောင်, သီလယူ, ဩဝါဒခံယူ, ဘုရားဝတ်တက်, တရားထိုင်, ဖျော်ရည်သောက်, အခန်းပြန် စာကျက်ပြီး အိပ်သောအခါ တစ်နေ့တာ စက်ယန္တရားလည်ပတ်မှု ပြီးသွားပါတော့သည်၊ နောက်တစ်နေ့ အတွက် ဆက်လက် လက်ပတ်နိုင်ရန် အိပ်ခြင်းဖြင့် အားဖြည့်ရပါတော့သည်၊ (၆)နာရီခွဲကြာ ဖြည့်လိုက်သော အားသည် နောက်တစ်ရက်အတွက် စက်ယန္တရား ဆက်လက်လည်ပတ်ပေးဖို့ တာစူနေပါလေတော့ပြီ။

နောက်တစ်နေ့အတွက် စာမကျက်လျှင်

စာသင်ချိန်တွင် သင်တန်းဆရာတို့က မနေ့က သင်ပြပြီးသော အလွတ်ကျက်ခဲ့ရမည့် စာများကို အားလုံးပေါင်းပြီး တစ်ကြိမ်, ကိုရင်တစ်ဖွဲ့. သိက္ခာရှင်တစ်ဖွဲ့. (၂)ဖွဲ့.ခွဲ၍ တစ်ကြိမ် စာအုပ်ကို ပိတ်ကာ ဆိုစေပါသည်၊ ကိုရင် သိက္ခာရှင်တို့ ပါးစပ်လှုပ်–မလှုပ် သတိပြုကြည့်နေပါသည်၊ စာမရလောက်သည့် ကိုရင် သိက္ခာရှင်တို့ကိုမူ တစ်ပါးချင်း ထပ်ဆိုစေပါသည်၊ စာရအောင် မကျက်ခဲ့သည့် ကိုရင်တို့ကို အများရှေ့၌ ရပ်စေကာ ရသည်အထိ အကျက်ခိုင်းပါသည်၊ ရပ်ပြီးစာကျက်ကြရသည့် ကိုရင် သိက္ခာရှင်တို့မှာ အများရှေ့ရပ်ပြီး စာကျက်နေရ၍ ရှက်နေကြလေသည်၊ ဆရာတို့က နောင်တွင် ထိုသို့ ပေါ့ပေါ့လျော့လျော့ မလုပ်ကြစေရန် ရည်သန်၍ ထိုသို့ ခိုင်းခြင်း ဖြစ်ပေလိမ့်မည်၊ နောက်နေ့တွင် ထိုကိုရင် သိက္ခာရှင်တို့ စာရအောင် ကျက်ကြရပါတော့သည်၊ မကျက်လျှင် အရှက်ကွဲပေလိမ့်ဦးမည်။

သင်ခဲ့ပြီးသော စာများထဲမှ ကြိုက်ရာစာပိုဒ်ကို ရွေးချယ်ပြီး ထိုစာပိုဒ်ကို ဗလာစာအုပ်၌ မြန်မာစာသင်္ကေတတို့နှင့်အညီ ရေးစေကြပါသည်၊ ရေးပြီးစာများကို ဆရာတို့က ကြည့်ရှုစစ်ဆေးကြပါသည်၊ သင်ခန်းစာ စာအုပ်မှ သင်ခန်းစာတို့ကို မြန်မာစာသင်္ကေတတို့နှင့်အညီ ရေးသားထားသဖြင့် သင်ခန်းစာကို သေချာစွာ ကြည့်၍ရေးလျှင် မြန်မာစာသင်္ကေတတို့ ပါဝင်ပြီးသား ဖြစ်သွားပါသည်၊ သင်ခန်းစာများကို ဖတ်ရာ ကျက်မှတ်ရာတို့တွင်လည်း အမှုမဲ့ အမှတ်မဲ့ မဖတ်ဘဲ, မကျက်မှတ်ဘဲ မြန်မာစာသင်္ကေတများကိုလည်း သတိထားကာ ဖတ်ရှုကျက်မှတ်လာမိပါသည်၊ ကိုရင်မှာ ထိုအလေ့အကျင့် ယခင်က မရှိခဲ့ပါ၊ ယခုအခါ ရှိလာပါသည်။

http://www.dhammadownload.com

ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းပါ

ဗုဒ္ဓသာသနာသမိုင်း ဟောပြောချိန် (၃)မှ (၄)နာရီတွင် သင်တန်း ဒုတိယနေ့မှ စ၍ တစ်ပတ်လောက်ကြာအောင် ဓမ္မစေတီဆရာတော် အရှင်ပညာဝရက ဟောပြောပါသည်၊ ထိုဆရာတော် ဟောပြောချက်တို့မှ ကိုရင်အထူးနှစ်ခြိုက်၍ မှတ်သားထားသည်များ ရှိပါသည်၊ ထိုမှတ်သားထားချက်တို့မှာ အောက်ပါစကားရပ်များဖြစ်ပါသည်။

"ဗုဒ္ဓယဉ်ကျေးမှု, မြန်မာ့ယဉ်ကျေးမှုကို မမြင်နိုးရင်, တန်ဖိုးမထားရင်, မထိန်းသိမ်းရင် တိုင်းတစ်ပါးက ယဉ်ကျေးမှုတွေ ဝင်လာမယ်၊ အဲဒီအခါ မြန်မာလူမျိုးပါ ပျောက်သွားနိုင်တယ်၊ ဒီဗုဒ္ဓယဉ်ကျေးမှု သင်တန်းဟာ နိဗ္ဗာန်ရောက်ဖို့အတွက်ရော အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းဖို့အတွက်ပါ ဖြစ်တယ်၊ အမျိုးသားယဉ်ကျေးမှု ရပ်တည်နေနိုင်တာဟာ ဗုဒ္ဓသာသနာတော်ကြောင့် ဖြစ်တယ်၊ နှစ်ပေါင်း (၁၀၀)ကျော် အင်္ဂလိပ် အုပ်ချုပ်သွားခဲ့ရာ ဗုဒ္ဓယဉ်ကျေးမှု မြန်မာ့ယဉ်ကျေးမှုကို နည်းအမျိုးမျိုးနဲ့ ဖျက်ဆီးခဲ့ကြတယ်.."

"မြန်မာ ဗုဒ္ဓသာသနာဝင်တွေက တောင့်တင်းရပ်တည်နိုင်ခဲ့ကြတယ်၊ ဝိုင်အမ်ဘီအေ'က စတင်လှုပ်ရှားခဲ့တယ်၊ ဘုန်းကြီးကျောင်းတွေက အမျိုးသားယဉ်ကျေးမှုတွေကို ထိန်းသိမ်းပေးခဲ့ကြတယ်၊ ပထမဆုံး တရားဟောတာဆရာတော်ဦးဥတ္တမပါ၊ အင်္ဂလိပ် မအုပ်ချုပ်ခင်က မြန်မာယောကျ်ားတွေဟာ ဆံပင်ကို သျှောင်ထုံး ထားကြတယ်၊ အင်္ဂလိပ်ရောက်လာတော့ အင်္ဂလိပ်လက်အောက်မှာ မြို့က ယောကျ်ားတွေက ဗိုလ်ကေတွေ ထားလာကြတယ်၊ မြန်မာ့ယဉ်ကျေးမှု ဗုဒ္ဓယဉ်ကျေးမှုကို ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ကြရမယ် ..."

အားကောင်းတဲ့ ခံတပ်

"သူစိမ်းပြင်ပ ဝါဒရှင်တွေက မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာ ဆိတ်သုဉ်းစေလိုနေကြတယ်၊ ဗုဒ္ဓသာသနာနဲ့ မြန်မာကို လမ်းခွဲစေလိုနေကြတယ်၊ နွားကွဲရင် ကိုက်လိုသည့် ကျားတွေပမာ ဖြစ်နေကြတယ်၊ ဗုဒ္ဓသာသနာဝင်တို့အတွင်းသို့ ကင်ဆာရောဂါလို လှိုက်လှိုက်ပြီး စားနေကြတယ်၊ ရွက်ကျပင်ပေါက်လို လူဖောက်ပြီး လူမျိုးကို မျိုနေကြတယ်၊ အင်းအိုင်တို့ကို ကောစေတတ်တဲ့

http://www.dhammadownload.com

ဗေဒါပင်တွေလို လူမျိုးနဲ့သာသနာ ပျက်ပြုန်းအောင် ဇွဲနဲဘဲကြီးကြီး တက်တက်ကြွကြွနဲ့ လှုပ်ရှားနေကြတယ်၊ ညောင်ပင်လို အမြစ်တွယ်ပြီး မျိုဖို့လဲ ကြိုးစားနေကြတယ်၊ မြေမျိုချ လူမျိုးမပြုန်း, လူမျိုမှ လူမျိုးပြုန်းသည်တဲ့၊ မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာတော်ကို ကံဆိုးမိုးမှောင်ကျအောင် ကြိုးစားနေကြပါတယ် ...”

“သူစိမ်းပြင်ပ ဝါဒရှင်တို့၏ အန္တရာယ်ကို မျက်စိကို ဖွင့်, နားကိုစွင့်ပြီး သတိမူကြရင် လွန်စွာ ကြီးမားလှကြောင်းကို ဗုဒ္ဓသာသနာဝင်တိုင်း သိနိုင်ကြပါတယ်၊ ဗုဒ္ဓသာသနာဝင်တိုင်းဟာ ဗုဒ္ဓယဉ်ကျေးမှုကို စာတွေ့. လက်တွေ့. (၂)မျိုး ပေါင်းစပ်တဲ့ ကျင့်ထုံးကို အသုံးမပြုရင် သူစိမ်းပြင်ပဝါဒရှင်တွေရဲ့ အန္တရာယ်ကို ခုခံကာကွယ်တဲ့နေရာမှ ခံတပ်အားကောင်းမှာ မဟုတ်ပါဘူး၊ ပရိယတ်မကင်းတဲ့ ပဋိပတ်, ပဋိပတ်မကင်းတဲ့ ပရိယတ်ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ အရေးတကြီး လိုအပ်နေပါတယ်၊ စာတွေ့နဲ့လက်တွေ့. (၂)မျိုးပေါင်းစပ်တဲ့ ကျင့်ထုံးကို မြန်မာနိုင်ငံတစ်ဝှန်းလုံးမှာ ကျင့်သုံးဖို့ အချိန်တန်နေပါပြီ၊ စာတွေ့. လက်တွေ့. ပေါင်းစပ် သင်ကြားပေတဲ့ ဒီဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို တက်ရောက်နေကြရတဲ့ ကိုရင်တို့, သိက္ခာရှင်တို့ဟာ သိပ်ကံကောင်းကြပါတယ်။”

တိုက်တွန်းချင်တာလေးတွေ

“ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီးက အမြော်အမြင်ဉာဏ် ကြီးမားစွာနဲ့ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ဖွင့်လှစ်ကာ ပရိယတ်, ပဋိပတ် စွယ်စုံ အရည်အချင်းပြည့်ဝတဲ့ တပည့်ရဟန်းတွေကို သင်ကြားစေတာ ဖြစ်ပါတယ်၊ အမြော်အမြင်ဉာဏ် ကြီးမားတဲ့ ပုဂ္ဂိုလ်မြတ်တွေက အနာဂတ်သာသနာအတွက် အားကိုးရမယ့် ပုဂ္ဂိုလ်မြတ်တွေကို ရွေးချယ်စဉ်းစားကြည့်တဲ့အခါ ကိုရင်တို့, သိက္ခာရှင်တို့ အပါအဝင် ကလေးသူငယ်များကို လက်ညှိုးထိုးကြပါတယ်၊ အနာဂတ် သာသနာရေးဟာ ကိုရင်တို့, သိက္ခာရှင်တို့အပါအဝင် ကလေးသူငယ်တို့အပေါ်မှာ တည်ရှိနေပါတယ်၊ ကိုရင်တို့ သိက္ခာရှင်တို့က အနာဂတ် သာသနာတော်ကို ပခုံးချင်းတာဝန်ယူကြရပါမယ်၊ ဒါကြောင့် ကိုရင်တို့, သိက္ခာရှင်တို့ကို လေးလေးနက်နက် တိုက်တွန်းချင်ပါတယ် ...”

http://www.dhammadownload.com

"ဒီသင်တန်းကို တစ်လ ပြီးဆုံးသည်အထိ သင်ယူကြပါ၊ သင်ခန်းစာတွေကို ပြည့်ပြည့်ဝဝ ရအောင် ယူကြပါ၊ ဒီသင်တန်းက ရတဲ့ဗုဒ္ဓယဉ်ကျေးမှုတွေကို ဘဝတစ်လျှောက်လုံး အသုံးပြုသွားကြပါ" လို့ ..

" နောက်တစ်ခု မှာချင်တာရှိသေးတယ်...

လက်ာ (၃)ပုဒ် စီထားတယ်၊ ကျက်မှတ်ပြီး တစ်သက်လုံး လိုက်နာကြပါ..

၁။ အမျိုးဘာသာ, သာသနာ, သစ္စာရှိရမည်။

၂။ ဗုဒ္ဓဘာသာ, ဆိုင်မှာသာ, ဝယ်ကာ စားသုံးမည်။

၃။ ဗုဒ္ဓဘာသာ, ချင်းချင်းသာ, ဖူးစာရွေးရမည်။ (နောက်ဆုံးလက်ာနဲ့ အမျိုးသမီးတွေကို အထူးသဖြင့် ရည်ညွှန်းပါတယ်။)" တဲ့။

မုန်းလို့မဟုတ်, ချစ်လို့

ကိုရင်, သိက္ခာရှင် တစ်ပါးတလေ လူဝတ်လဲသွားတာနှင့်စပ်၍ ဆရာတော်ကြီးက ညနေပိုင်း ဩဝါဒပေးရာတွင် မိန့်ကြားအပ်သော စကားများအရ ကိုရင်တို့, သိက္ခာရှင်တို့အပေါ် ထားရှိသည့် မေတ္တာကရုဏာ ကြီးမားမှုကို သိရှိကြည်ညိုရပါသည်၊ စည်းကမ်း တင်းကြပ်သည်ဟု နာမည်ကြီးသော ဆရာတော်ကြီး၏ စည်းကမ်းတင်းကြပ်ခြင်း၏ ရည်ရွယ်ချက်နှင့် ဇာတ်းကမ်း တင်းကြပ်ပုံ, တင်းကြပ်နည်းကို နာယူမှတ်သားရသောအခါ ဆရာတော်ကြီးကို ပိုမို၍ လေးစားမြတ်နိုးလာပါသည်။

" မြတ်စွာဘုရားဟာ မဟာကရုဏာတော်ကြောင့် သတ္တဝါအမျိုးမျိုးရဲ့ စော်ကားမှု, နှိပ်စက်မှုဒဏ်ကို ခံတော်မူခဲ့ရတယ်၊ အသက်ကို အသတ်ခံရတာတောင်မှ ငြိုငြင်မှုမရှိဘဲ သည်းခံတော်မူခဲ့တယ်၊ ကမ္ဘာပေါ်မှာ ရှိရှိသမျှ မိခင်တိုင်းရဲ့ သားသမီးတို့အပေါ် ထားရှိတဲ့ ကရုဏာထုထည်ကြီးထက် ဘုရားရှင်ရဲ့ သတ္တဝါတွေအပေါ် ထားရှိတဲ့ ကရုဏာက ပိုပါတယ်... တဲ့၊ အဲဒီလောက် ကြီးမားတဲ့ ကရုဏာနဲ့ သတ္တဝါတွေကို သနားလွန်းလို့ မကောင်းတာ ရှောင်ဖို့, ကောင်းတာ ဆောင်ဖို့ ညွှန်ကြားတော်မူခဲ့တယ်၊ မိဘတွေက ကရုဏာနဲ့ သားသမီးတွေကို ဒီသင်တန်းသို့ ပို့ပေးကြတယ်၊ ဆရာတွေကလဲ ကရုဏာနဲ့ ကိုရင်တို့, သိက္ခာရှင်တို့ကို လမ်းမှန်လမ်းမှားကို ခွဲခြားပြီး ပြကြတယ် ..."

http://www.dhammadownload.com

"ရရှိတဲ့အချိန်ကို အကျိုးရှိရှိ အသုံးချတတ်တဲ့ ကိုရင်, သိက္ခာရှင်ဆိုတာ စိတ်ဓာတ်မကျရဘူး၊ ဘုန်းကြီးတို့က ကိုရင်တို့, သိက္ခာရှင်တို့ ချမ်းသာအောင် အတတ်နိုင်ဆုံး လုပ်ပေးနေတယ်၊ အိပ်ရေးမဝဘူး၊ နံနက် (၁)နာရီထိ စာကျက်ရတယ်ဆိုတာ မဟုတ်နိုင်ပါဘူး၊ အအိပ် အစားအသောက် ချုပ်ချယ်တာ မရှိပါဘူး၊ အားပေးစကားက ကြောက်စရာ ဖြစ်နေပုံရပါတယ်၊ မချုပ်ချယ်ပါဘူး၊ ဒါပေမယ့် စည်းကမ်းရှိစေချင်တယ် ..."

"လမ်းမှာ လျှောက်နေရင်တော့ ချိုချိုသာသာနဲ့ ကယ်တင်မယ်၊ ကြမ်းကြမ်းတမ်းတမ်းနဲ့လဲ ကယ်တင်ရမယ်၊ စိတ်ပေါက်လာရင် ငေါက်ဆတ်ဆတ်နဲ့ နှင့်ကနဲဖြစ်အောင် ဘုန်းကြီးကပြောတတ်တယ်၊ ပြောသင့်လို့ ပြောတယ်လို့ မှတ်ကြ၊ ဘုန်းကြီးက တောသားမို့ တောဥပမာပဲ ပေးရမယ်၊ မိုးတွင်း ညအခါ နွားများ ခြင်, မှတ် အကိုက်ခံကြရတယ်၊ နွားတွေ ခြင်, မှက် အကိုက်မခံရအောင် နွားအနီး နွားရှင်က ကောက်ရိုးစို မီးထည့်ပေးတယ်၊ လောင်စာမီးက မတောက်တော့ မီးခိုးထွက်တယ်၊ နေ့အခါ လယ်သမားများနှင့်အတူ နွားများဟာ ပင်ပင်ပန်းပန်း လုပ်ကြတယ်၊ ညအခါ ခြင်ကိုက်ခံရရင် အိပ်ရေးပျက်ပြီး အားပျက်ကာ နွားနာကျမှာစိုးလို့ နွားရှင်က မီးခိုးတိုက်ပေးရတယ်၊ မျက်စိက ပေကလပ်, ပေကလပ် ဒုက္ခလောက်တော့ ခံရမှာပေါ့၊ မျက်စိမှိတ်ထားရင် ရပါတယ်၊ ဒီသင်တန်းမှာ တက်ရောက်စဖြစ်တဲ့ ကိုရင်တို့, သိက္ခာရှင်တို့ကို မီးခိုးများများ တိုက်ပေးရမယ်၊ မီးခိုးတိုက်ခံရမှာ ကြိုက်သလား ? "

"ကြိုက်ပါတယ်ဘုရား" (သင်တန်းသားများက ဖြေကြသည်။)

"ကြိုက်ရင် စိမ်လိုက်လေ၊ နွားရှင်က နွားကို မုန်းလို့မဟုတ်၊ ချစ်လို့ မီးတိုက်ပေးတာ ..."

"လမ်းမှာ လျှောက်နေရင် ပထမအကြိမ်, ဒုတိယအကြိမ်မှာ ချိုသာစွာတားမယ်၊ တတိယအကြိမ်မှာ မာချင်မာလာမယ်၊ ချောက်ထဲကျတော့မယ် ဆိုရင် ဆွဲတင်ချင် တင်ရမယ်၊ ဆွဲတင်ခံနိုင်ပါ့မလား ? "

"ဆွဲတင်ခံနိုင်ပါတယ် ဘုရား" (သင်တန်းသားများက ဖြေကြသည်။)

"ဝမ်းသာလိုက်တာ၊ လမ်းမှာ လျှောက်နေရာမှာ ကြည့်နေရင် ချောက်ထဲကျသွားမှာပေါ့ .."

http://www.dhammadownload.com

"ပဏ္ဍိတာရာမမှာ ကိုရင်သိက္ခာရှင် ဝတ်ရတာ ထောင်ထဲမှာ နေရသလိုပဲ၊ သိပ်စည်းကမ်း တင်းကြပ်တာပဲလို့ ထင်ချင်ထင်ကြမယ်၊ ကြပ်ပြီး ထိုးချတာ မဟုတ်ဘူး၊ ကြပ်ပြီး (မ)တင်ပေးတာ၊ အောက်ကျတာနဲ့ အပေါ်တင်တာ ဘယ်ဟာ ကောင်းသလဲ? "

"အပေါ်တင်တာ ကောင်းပါတယ် ဘုရား။"

"ဒီက ကြပ်မပေးတာကို အချို့မိဘတွေက သဘောကျနိုင်မှ ကျနိုင်မယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ အဲဒီလို မဖြစ်ကြပါစေနဲ့၊ လိုတာ ပြောကြပါ၊ ဖြစ်နိုင်တာတွေ ဖန်တီးပေးမယ်၊ ပို့ချပေးသူတို့ရဲ့ ကြပ်မ ပေးတာတွေကို မြတ်မြတ်နိုးနိုးနဲ့ ခံယူကြပါ၊ အဆင့်မြင့်အောင် ပြုပြင်ကြပါ။"

ဒဏ်ပေးစနစ်ဖြင့် ဆုံးမခြင်း

သင်တန်းပြဆရာတို့သည် ကိုရင်, သိက္ခာရှင်တို့ကို မလောက်လေး မလောက်စား ကလေးငယ်လို သဘောမထားဘဲ လူကြီးတွေသဖွယ် ပြုမူဆက် ဆံကြပါသည်၊ ကိုရင်သိက္ခာရှင်တို့ကို ရိုက်နှက်ခြင်း, ပုတ်ခတ်ခြင်း, ကြမ်းကြမ်း တမ်းတမ်း ပြောဆိုဆုံးမခြင်း, ခြေဖြင့် ကန်ကျောက်ခြင်း စသည်တို့ မပြုလုပ် ကြဖို့ ဆရာတော်ကြီးက ညွှန်ကြားထားသည်ဟု သိရပါသည်၊ မပြုလုပ်သင့် သည်တို့ကို မပြုလုပ်ဖို့, ပြုလုပ်သင့်သည်တို့ကို ပြုလုပ်ဖို့ အကျိုး, အကြောင်း ပြကာ ပြောပြကြပါသည်၊ ဆရာတို့က ကိုရင်တို့ကို ပြိုး ..ပြိုးနှင့် ရောရော နှောနှော နေပြန်လျှင်လည်း တချို့ကိုရင်တို့က အရိုအသေတန်တတ်ကြပါ သည်။

ဆရာတို့က ကိုရင်တို့၏ အကျိုးကို လိုလားသောစိတ်ထား, စကား, အမူအရာများဖြင့် တည်တည်မှန်မှန်နေကာ ဆက်ဆံကြပါလျှင် ထိုဆရာတို့ကို ချစ်ကြောက်ရိုသေ ရှိကြပါသည်၊ တချို့ကိုရင်တို့ကား ကျိုးကြောင်းပြကာ ချိုချိုသာသာ ပြောဆိုဆုံးမရုံမျှဖြင့် မလိုက်နာကြ၍ ထိုကိုရင်တို့ကို ဒဏ်ပေး၍ ဆုံးမကြပါသည်၊ ထိုင်ထ အလုပ်ခိုင်းကြပါသည်၊ ကိုရင်တို့ ထိုင်ထ အကြိမ် (၅၀–၁၀၀) စသည် ပြုလုပ်ကြရပါသည်၊ (ဂျပန်ကုန်းခေါ်) ခါးကို ကုန်းထားပြီး လက်နှစ်ဖက်ကို အောက်သို့ ဆန့်တန်း၍ ဒူးနှစ်ဖက်ကိုမူ တန်းတန်းတင်းတင်း ထားပြီး နေရခြင်းကိုလည်း ပြုလုပ်ခိုင်းကြပါသည်၊ တစ်ခါတရံ ဝစ္စကုဋ္ဌိ

http://www.dhammadownload.com

(ကျင်ကြီးအိမ်)ကို ဆေးကြောခိုင်းကြပါသည်၊ တစ်ခါတရံ သောက်ရေအိုးတွေကို ရေဖြည့်ခိုင်းကြပါသည်။

အဆောင်တွင် သပိတ်, သင်္ကန်း, အိပ်ရာခင်း, ဖိနပ် စသည်ကို စည်းကမ်းတကျ မသုံးစွဲ မထားသိုလျှင်, ဆူဆော့ ပြေးလွှား ကစားနေလျှင်, တစ်ပါးသူကို နောက်ပြောင် ရန်စနေလျှင်, စကားကျယ်လောင်ကျယ်လောင် ပြောဆိုနေလျှင်, အမှိုက်ကို အမှိုက်ပုံးထဲ မထည့်ဘဲ တွေ့ကရာနေရာမှာ ပစ်ထားလျှင်, သင်တန်းဆောင်, ဘုရားဝတ်တက်ရာ, ဆွမ်းစားကျောင်းဆောင် စသည်တို့၌ စည်းမဲ့ကမ်းမဲ့ နေထိုင်လျှင် အဆောင်မှူး, သင်တန်းဆရာ, နာယကဆရာတော်တို့က ရံခါ ဆရာတော်ကြီးကိုယ်တိုင် ဒဏ်ပေးကြပါသည်၊ တချို့ကိုရင်တို့မှာ တစ်နေ့ (၄-၅)ခါလောက် ဒဏ်ပေးခြင်း ခံကြရပေသည်။

ထိုသို့ ခန္ဓာကိုယ် ပင်ပန်းစေသော ဒဏ်တို့ ပေးခံကြရသော်လည်း မဖြိုကြပေ၊ တချို့ကိုရင်တွေ အတော်ပင် သတ္တိကောင်းကြပါသည်၊ တစ်ပါးနှင့် တစ်ပါး ရန်ဖြစ်လျှင် တစ်ပါး၏ နားရွက်ကို တစ်ပါးက ဆွဲစေလျက် ထိုင်ထပြုလုပ်ခိုင်းကြပါသည်၊ ထိုအခါ ဒဏ်ပေးခံရသူတို့ အလွန်ပင် ရှက်ကြပါသည်၊ နောင်တွင် မကောင်းတာကို ရှောင်ကြဉ်ကြစေလိုသည့် ဆန္ဒမွန်ဖြင့် ဆရာတော်တို့ ထိုသို့ ဒဏ်ပေးကြသည်ဟု ကိုရင်တို့, သိက္ခာရှင်တို့ သဘောပေါက်ကြပါသည်။

မွေးပြီးပစ်ထားရင် တာဝန်မကျဘူး

ဆရာတော်ကြီးသည် သက်တော် (၇၁)နှစ်ရှိပြီဟု သိရပါသည်၊ အရွယ်တော်နှင့် နှိုင်းစာလျှင် ရုပ်တော်မှာ မအိုသေးပါ၊ အရွယ်တင်သည်ဟု ဆိုရမည်ဖြစ်ပါသည်၊ ဆရာတော်ကြီးသည် ကိုရင်တို့, သိက္ခာရှင်တို့ အခြေအနေအားလုံးကို မျက်စိကို ဖွင့်, နားကိုစွင့်လျက်, အမြဲသတိပြုနေပါသည်၊ သားသမီးတို့၏ စားရေး, သောက်ရေး, နေထိုင်ရေး, ပညာရေး, ကျန်းမာရေး, လိမ္မာရေး စသည်တို့အတွက် မိဘတို့မှာ တာဝန်ရှိပါသည်။ ထို့အတူ ကိုရင်, သိက္ခာရှင်တို့၏ သာသနာ့မိဘ ဖြစ်သည့် ဆရာတော်ကြီးမှာ ကိုရင်, သိက္ခာရှင်တို့၏ စားရေးသောက်ရေး စသည်တို့အတွက် တာဝန်ရှိနေပါသည်။

http://www.dhammadownload.com

တာဝန်ရှိသည့်အလျောက် ဆရာတော်ကြီးသည် ကိုရင်တို့, သိက္ခာရှင်တို့ အစစအရာရာ အဆင်ပြေအောင် ကိုယ်ရောစိတ်ပါ ကြောင့်ကြတော် မူပါသည်။

ဆွမ်းစားကျောင်းတွင် ကိုရင်တို့, သိက္ခာရှင်တို့ စားသောက်ရာ၌ ပြည့်စုံလုံလောက်မှု ရှိ-မရှိ, စည်းကမ်းတကျ လုပ်-မလုပ် ကြည့်ရှုတော်မူပါသည်၊ ကိုရင်တို့, သိက္ခာရှင်တို့၏ စာသင် အသွားအပြန်, ဘုရားဝတ်တက် အသွားအပြန် အချိန်တို့၌ ဆရာတော်ကြီး၏ အခန်းဝရန်တာမှ တစေ့တစောင်း လေ့လာနေပါသည်၊ စာသင်ယူနေကြချိန်နှင့် နေရာအဆောင်တွင် စာကျက်နေကြချိန်တို့၌လည်း အခွင့်သင့်တိုင်း လာရောက် အကဲခတ်ပါသည်၊ ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် တောင်ဝှေးကို ကိုင်လျက် လှည့်လည်သည်ကို တွေ့.ရပါသည်။

ကိုရင်တို့အဆောင်သို့ တစ်ခါတရံ နံနက်ပိုင်း, တစ်ခါတရံ နေ့ပိုင်း, တစ်ခါတရံ ညနေပိုင်းတွင် လာရောက်လှည့်လည် ကြည့်ရှုစစ်ဆေးလေ့ရှိရာ ဖိနပ်ကို ညီညာစွာ မချွတ်ကြ၍ တစ်ကြိမ်, အိပ်ရာခင်း, စောင်, ခြင်ထောင်, သပိတ် စသည်တို့ကို သပ်သပ်ရပ်ရပ် စနစ်တကျ မထားမိကြ၍ တစ်ကြိမ်, တစ်ခါကမူ ဆူညံအော်ဟစ်နေကြ၍ တစ်ကြိမ်, သကြားလုံးအခွံ စသည့် အမှိုက်များကို အမှိုက်ပုံးထဲ မထည့်ဘဲ ဟိုဟိုဒီဒီ ပစ်ထားကြ၍ တစ်ကြိမ် ပြင်းပြင်းထန်ထန် သတိပေး ဆုံးမသွားပါသည်၊ အဆောင်မှူးများကိုလည်း စနစ်တကျ စည်းကမ်းရှိရှိ ထိန်းသိမ်းစောင့်ရှောက်ပေးကြဖို့ မိန့်မှာသွားပါသည်။

နာယက ဆရာတော်များ, သင်တန်းအတွင်းရေးမှူးများ, သင်တန်းပြဆရာများလည်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပါသည်၊ တောင်ဝှေးရှည်ရှည်ကြီးကို ကိုင်ဆောင်ကာ အလစ်အလစ်တွင် ကြွရောက် ကြွရောက်လာပြီး အချိုးမကျတာ တွေ့.လျှင် ဒဏ်ပေးတတ်သော ဇေယျဝတီဆရာတော်ကို ကိုရင်တို့ အထူးကြောက်လန့်ကြလေသည်။

"သားသမီးတို့ကို မွေးပြီး မစောင့်ရှောက်ဘဲ ပစ်ထားရင် မိဘတို့မှာ တာဝန် မကျေဘူး၊ ဘုန်းကြီးတို့လည်း ကိုရင်တို့, သိက္ခာရှင်တို့ကို မွေးမြူထားပြီး မစောင့်ရှောက်ဘဲ ပစ်ထားရင် တာဝန်မကျေဘူး" ဟု ဆရာတော်ကြီး

http://www.dhammadownload.com

မိန့်ကြားခဲ့သော စကားလေးကို ပြန်လည်ကြားယောင်နေမိပါသည်၊ "ဆရာတော်ကြီးနှင့် နာယကဆရာတော်များ, သင်တန်းပြဆရာများသည် ကိုရင်တို့ကို မွေးပြီး မစောင့်ရှောက်ဘဲ ပစ်မထားကြပါတကား"ဟု တွေးမိပြီး ဆရာတော်ကြီးအမှူးရှိသော ဆရာမြတ်တို့ကို ပိုမိုလေးစား ကြည်ညိုလာကာ များစွာ ကျေးဇူးတင်မိပါသည်။

နိကြောဓနွယ်ဝင်တွေ ဖြစ်ပါစေ

ဆရာတော်ကြီးက ဩဝါဒပေးချိန်တွင် ကြည်ညိုဖွယ်ကောင်းသော ကိုရင်လေးတစ်ပါး အကြောင်းကို ပြောပြပြီး ကိုရင်တို့, သိက္ခာရှင်တို့ကို ပြုပြင် ပေးသွားတာ, ပညာပေးသွားတာ အင်မတန် ညင်သာလှပါပေသည်၊ ပညာရှိ ပီသပါပေသည်ဟု မှတ်ချက်ချမိပါသည်၊ ကိုရင်တို့, သိက္ခာရှင်တို့မှာ ဖြည့်စွက် ပေးရမည့် ကွက်လပ်တို့ကို မြင်အောင်ကြည့်ပြီး ပညာသားပါပါ ဖြည့်စွက်ပေးသွားသည်မှာ အတုယူစရာ ကောင်းလှပါပေသည်။

"နိကြောဓ" ဆိုတဲ့ (၇)နှစ်အရွယ် ကိုရင်လေးက မယ်တော်ရှိရာသို့ အသွား နန်းတော်ရင်ပြင် ဖြတ်သွားရာ လေသာပြတင်းမှ အသောကမင်းက လှမ်းမြင်တယ်၊ ကိုရင်လေးက ရှေ့တည့်တည့် ကြည့်ရာမှာရော ဘေးဘက် ကြည့်ရာမှာပါ ရှုမှတ်မှုနဲ့ပဲ ကြည့်တယ်၊ ကိုရင်လေးရဲ့ အမူအရာက မြင်ရသူတို့မှာ ကြည်ညိုဖွယ်ဖြစ်နေတယ်၊ သင်္ကန်းသပ်သပ်ရပ်ရပ်ရုံပြီး ကျွန်ုပ်ရှိရှိ ကြည့်ရှုခြင်း စတဲ့ ကိုယ်အမူအရာတိုင်းဟာ စိတ်နောက်ကျစရာ မရှိဘူး၊ သင်္ကန်း ဖိုးရိုးဖားရား ကိုယ့်ရို့ကားရားနဲ့ ပြေးလွှား အော်လိုက် ဟစ်လိုက် ဆိုတာ မရှိဘူး၊ မမှန်စကား, မိတ်ပျက်စကား, ရိုင်တဲ့စကား, အချိန်ဖြုန်းစကား မပြောဘူး၊ စိတ်လဲ လုံခြုံတယ်၊ အဲဒီထူးခြားတဲ့ အမူအရာကို မြင်ရလို့ ဘုရင်ကြီးမှာ ထူးခြားတဲ့ခံစားမှု ဖြစ်သွားတယ်၊ ဘုရင်ကြီးက အရင်က ကိုယ် တုံးလုံး ကိုယ်တော်တွေကို ကိုးကွယ်ခဲ့တယ်၊ ဒါပေမယ့် ထိုကိုယ်တော် တွေကို မကျေနပ်ခဲ့ဘူး၊ ကိလေသာ ကုန်ခမ်းတဲ့ စိတ်ဟာ ဒီလို ကိုရင်လေး သန္တာန်မှာသာ ရှိရမယ်လို့ ဘုရင်ကြီးက ယုံကြည်ဆုံးဖြတ်သွားတယ် ..."

"ကိုယ်တုံးလုံး ကိုယ်တော်တွေက သူတို့ကမှ ရဟန္တာလို့ ကြွားနေကြတယ်၊ သူတို့မှာ ရှက်တဲ့ကိလေသာ မရှိတော့လို့.. တဲ့၊ အိန္ဒိယက လူ

http://www.dhammadownload.com

တော်တော်များများက သူတို့.ကို ကြည်ညိုကြတယ်၊ ဘုရင်ကြီးကတော့ ဘိုးဘွားမိဘ လက်ထက်က လက်ခံလာခဲ့ကြလို့သာ ကြိတ်မှိတ်ပြီး လက်ခံခဲ့ရတယ်၊ လောက ကလဲ သူတို့.ကို ရဟန္တာလို့ ပြောနေကြတယ်၊ တကယ့် တရားထူး တရားမြတ်ဟာ ဒီကိုရင်လေးမှာသာ ရှိရမယ်တဲ့ ...”

“ကိုရင်တို့, သိက္ခာရှင်တို့.ရဲ. အဝတ်အစား, အသွားအလာ, အကြည့်အရှု, လက်ရန်းတာ, ပြေးတာ, ဈူးဈူးရှရှအော်တာတွေ ကြားရ, မြင်ရလို့ ကိုရင်တို့ သိက္ခာရှင်တို့ဟာ နိကြောဓနွယ်ဝင်တွေ ဟုတ်ပုံမပေါ်ဘူး၊ နိကြောဓရဲ့ ညီငယ် နှမငယ်အစစ်ဖြစ်ဖို့.ဂုဉ ဘာလုပ်ရမယ်၊ ငြိမ်ငြိမ်နေရမယ်၊ အစားအသောက် မသပ်ရပ်တာ, ဇွန်းသံ, ပန်းကန်သံမြည်တာ, အိပ်ရာနေရာ မသပ်ရပ်တာ, စကားအကျယ်ကြီး ပြောတာကို စဉ်းစားတတ်သူတွေ မြင်တွေ့.သွားရင် ကိုယ်တုံးလုံးကိုယ်တော်ကြီးတွေရဲ. အနွယ်အဆက်တွေလို့ ယူဆမည့်ပုံ မပေါ်ပါဘူး၊ ကိုရင်တို့ သိက္ခာရှင်တို့ဟာ အဝတ် ဝတ်ထားကြတာကိုး၊ လေ့လာသူတွေက ကြည်ညိုမလား?၊ အကြည်ညို ပျက်မလား?၊ (ပျက်ကြပါမယ်ဘုရား။)”

ရှေ.တစ်မျိုး ကွယ်ရာတစ်မျိုးဆိုရင် မရိုးသားဘူး

“ကိုရင်တို့, သိက္ခာရှင်တို့.ရဲ. မိဘဆွေမျိုးများနဲ့ လာလေ့လာသူတွေက ဒီသင်တန်းကလေးတွေရဲ. စားသောက်, နေထိုင်, ဝတ်ရုံ, ပြောဆိုဆက်ဆံတာတွေ ငြိမ်သက်တာတွေ.လို့ ကြည်ညိုကြတယ်၊ အရှက်ဆွမ်း, နေ့ဆွမ်းတွေ ကပ်ကြတယ်၊ အသစ်ဆောက်တော့မယ့် ဗုဒ္ဓဃဉ်ကျေးမှုသင်တန်း ကျောင်းဆောင်အတွက် လှူကြတယ်၊ ကိုရင်တို့, သိက္ခာရှင်တို့နေရာ လာကြည့်ရင် ဒီလို ကြည်ညိုစိတ်, လှူလိုစိတ်, သာသနာ အားပေးလိုစိတ်တွေ ပေါ်ပါ့မလား၊ သူတို့ သဒ္ဓါတိုးပွား ကုသိုလ်တိုးပွားအောင်, သာသနာ့ ကျက်သရေ တိုးပွားအောင်, ဒီမှာ စားရေးသောက်ရေး နေရေးထိုင်ရေး မခက်ခဲရအောင် ဘယ်လို အကူအညီ ပေးကြမလဲ? (ကောင်းကောင်းနေပြီး ကူညီကြပါမယ်ဘုရား၊) ရှေ.တွင်ပဲလား?၊ ကွယ်ရာမှာကော?၊ (နှစ်မျိုးလုံးမှာပါ ဘုရား၊) ဒီကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ. အရိပ်အရောင်တွေ.ရင်တော့ ငြိမ်လို့၊ ဒီလို မဟုတ်ရဘူး၊ ရှေ.မှာရော ကွယ်ရာမှာပါ တစ်ပုံစံတည်း ဖြစ်ရမယ်၊ အပြင် အရပ်ထဲက

http://www.dhammadownload.com

မိန့်ကြားခဲ့သော စကားလေးကို ပြန်လည်ကြားယောင်နေမိပါသည်၊ "ဆရာတော်ကြီးနှင့် နာယကဆရာတော်များ, သင်တန်းပြဆရာများသည် ကိုရင်တို့ကို မွေးပြီး မစောင့်ရှောက်ဘဲ ပစ်မထားကြပါတကား" ဟု တွေးမိပြီး ဆရာတော်ကြီးအမှူးရှိသော ဆရာမြတ်တို့ကို ပိုမိုလေးစား ကြည်ညိုလာကာ များစွာ ကျေးဇူးတင်မိပါသည်။

နိကြောဓနွယ်ဝင်တွေ ဖြစ်ပါစေ

ဆရာတော်ကြီးက သြဝါဒပေးချိန်တွင် ကြည်ညိုဖွယ်ကောင်းသော ကိုရင်လေးတစ်ပါး အကြောင်းကို ပြောပြပြီး ကိုရင်တို့, သိက္ခာရှင်တို့ကို ပြုပြင် ပေးသွားတာ, ပညာပေးသွားတာ အင်မတန် ညင်သာလှပါပေသည်၊ ပညာရှိ ပီသပါပေသည်ဟု မှတ်ချက်ချမိပါသည်၊ ကိုရင်တို့, သိက္ခာရှင်တို့မှာ ဖြည့်စွက် ပေးရမည့် ကွက်လပ်တို့ကို မြင်အောင်ကြည့်ပြီး ပညာသားပါပါ ဖြည့်စွက်ပေးသွားသည်မှာ အတုယူစရာ ကောင်းလှပါပေသည်။

"နိကြောဓ" ဆိုတဲ့ (၇)နှစ်အရွယ် ကိုရင်လေးက မယ်တော်ရှိရာသို့ အသွား နန်းတော်ရင်ပြင် ဖြတ်သွားရာ လေသာပြတင်းမှ အသောကမင်းက လှမ်းမြင်တယ်၊ ကိုရင်လေးက ရှေ့တည့်တည့် ကြည့်ရာမှာရော ဘေးဘက် ကြည့်ရာမှာပါ ရှုမှတ်မှုနဲ့ပဲ ကြည့်တယ်၊ ကိုရင်လေးရဲ့ အမူအရာက မြင်ရသူတို့မှာ ကြည်ညိုဖွယ်ဖြစ်နေတယ်၊ သင်္ကန်းသပ်သပ်ရပ်ရပ်ရုံပြီး ကျွန်ုပ် ရှိရှိ ကြည့်ရှုခြင်း စတဲ့ ကိုယ်အမူအရာတိုင်းဟာ စိတ်နောက်ကျစရာ မရှိဘူး၊ သင်္ကန်း ဖိုးရိုးဖားရား ကိုယ့်ရို့ကားရားနဲ့ ပြေးလွှား အော်လိုက် ဟစ်လိုက် ဆိုတာ မရှိဘူး၊ မမှန်စကား, မိတ်ပျက်စကား, ရိုင်တဲ့စကား, အချိန်ဖြုန်းစကား မပြောဘူး၊ စိတ်လဲ လုံခြုံတယ်၊ အဲဒီထူးခြားတဲ့ အမူအရာကို မြင်ရလို့ ဘုရင်ကြီးမှာ ထူးခြားတဲ့ခံစားမှု ဖြစ်သွားတယ်၊ ဘုရင်ကြီးက အရင်က ကိုယ် တုံးလုံး ကိုယ်တော်တွေကို ကိုးကွယ်ခဲ့တယ်၊ ဒါပေမယ့် ထိုကိုယ်တော် တွေကို မကျေနပ်ခဲ့ဘူး၊ ကိလေသာ ကုန်ခမ်းတဲ့ စိတ်ဟာ ဒီလို ကိုရင်လေး သန္တာန်မှာသာ ရှိရမယ်လို့ ဘုရင်ကြီးက ယုံကြည်ဆုံးဖြတ်သွားတယ် ..."

"ကိုယ်တုံးလုံး ကိုယ်တော်တွေက သူတို့ကမှ ရဟန္တာလို့ ကြွားနေကြတယ်၊ သူတို့မှာ ရှက်တဲ့ကိလေသာ မရှိတော့လို့.. တဲ့၊ အိန္ဒိယက လူ

http://www.dhammadownload.com

တော်တော်များများက သူတို့.ကို ကြည်ညိုကြတယ်၊ ဘုရင်ကြီးကတော့ ဘိုးဘွားမိဘ လက်ထက်က လက်ခံလာခဲ့ကြလို့.သာ ကြိတ်မှိတ်ပြီး လက်ခံခဲ့ရတယ်၊ လောက ကလဲ သူတို့.ကို ရဟန္တာလို့ ပြောနေကြတယ်၊ တကယ့် တရားထူး တရားမြတ်ဟာ ဒီကိုရင်လေးမှာသာ ရှိရမယ်တဲ့ ...”

“ကိုရင်တို့, သိက္ခာရှင်တို့.ရဲ့ အဝတ်အစား, အသွားအလာ, အကြည့်အရှု, လက်ရန်းတာ, ပြေးတာ, ဈူးဈူးရှရှအော်တာတွေ ကြားရ, မြင်ရလို့ ကိုရင်တို့ သိက္ခာရှင်တို့ဟာ နိကြောဓနွယ်ဝင်တွေ ဟုတ်ပုံမပေါ်ဘူး၊ နိကြောရဲ့ ညီငယ် နှမငယ်အစစ်ဖြစ်ဖို့.ဂုဉ ဘာလုပ်ရမယ်၊ ငြိမ်ငြိမ်နေရမယ်၊ အစားအသောက် မသပ်ရပ်တာ, ဇွန်းသံ, ပန်းကန်သံမြည်တာ, အိပ်ရာနေရာ မသပ်ရပ်တာ, စကားအကျယ်ကြီး ပြောတာကို စဉ်းစားတတ်သူတွေ မြင်တွေ့.သွားရင် ကိုယ်တုံးလုံးကိုယ်တော်ကြီးတွေရဲ့ အနွယ်အဆက်တွေလို့ ယူဆမည့်ပုံ မပေါ်ပါဘူး၊ ကိုရင်တို့ သိက္ခာရှင်တို့ဟာ အဝတ် ဝတ်ထားကြတာကိုး၊ လွဲလာသူတွေက ကြည်ညိုမလား?၊ အကြည်ညို ပျက်မလား?၊ (ပျက်ကြပါမယ်ဘုရား။)”

ရှေ့.တစ်မျိုး ကွယ်ရာတစ်မျိုးဆိုရင် မရိုးသားဘူး

“ကိုရင်တို့, သိက္ခာရှင်တို့.ရဲ့ မိဘဆွေမျိုးများနဲ့ လာလွဲလာသူတွေက ဒီသင်တန်းကလေးတွေရဲ့ စားသောက်, နေထိုင်, ဝတ်ရုံ, ပြောဆိုဆက်ဆံတာတွေ ငြိမ်သက်တာတွေ့.လို့ ကြည်ညိုကြတယ်၊ အရှဏ်ဆွမ်း, နေ့ဆွမ်းတွေ ကပ်ကြတယ်၊ အသစ်ဆောက်တော့မယ့် ဗုဒ္ဓဃဉ်ကျေးမူသင်တန်း ကျောင်းဆောင်အတွက် လှူကြတယ်၊ ကိုရင်တို့, သိက္ခာရှင်တို့နေရာ လာကြည့်ရင် ဒီလို ကြည်ညိုစိတ်, လှူလိုစိတ်, သာသနာ အားပေးလိုစိတ်တွေ ပေါ်ပါ့မလား၊ သူတို့ သဒ္ဓါတိုးပွား ကုသိုလ်တိုးပွားအောင်, သာသနာ့ ကျက်သရေ တိုးပွားအောင်, ဒီမှာ စားရေးသောက်ရေး နေရေးထိုင်ရေး မခက်ခဲရအောင် ဘယ်လို အကူအညီ ပေးကြမလဲ? (ကောင်းကောင်းနေပြီး ကူညီကြပါမယ်ဘုရား၊) ရှေ့.တွင်ပဲလား?၊ ကွယ်ရာမှာကော?၊ (နှစ်မျိုးလုံးမှာပါ ဘုရား၊) ဒီကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အရိပ်အရောင်တွေ့.ရင်တော့ ငြိမ်လို့၊ ဒီလို မဟုတ်ရဘူး၊ ရှေ့.မှာရော ကွယ်ရာမှာပါ တစ်ပုံစံတည်း ဖြစ်ရမယ်၊ အပြင် အရပ်ထဲက

http://www.dhammadownload.com

ကလေးတွေလို စည်းမရှိ ကမ်းမရှိ ပြေးလွှား, အော်ဟစ်, ရန်ဖြစ်, တစ်ခန်းဝင် တစ်ခန်းထွက် အခန်းအပြင်မှာ ဧကသီကျွတ်နဲ့သွားတာတို့ကို လုံးဝ ခွင့် မပြုနိုင်ဘူး ..."

"ကြည်ညိုဖွယ် အမူအရာနဲ့ အကူအညီ ပေးနိုင်မလား?၊ (ပေးနိုင်ကြပါ တယ် ဘုရား၊) ကြည်ညိုလို့ လှူကြတဲ့ ဒကာ ဒကာမတွေရဲ့ အကျိုးများစေဖို့ အကောင်းဆုံး နေပေးဖို့ပဲ၊ ကိုယ်, နှုတ်, စိတ် ထိန်းသိမ်းကြရမယ်၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးဆိုရင် လိမ်တာပဲ၊ မရိုးသားဘူး၊ မျက်မှောက်မျက်ကွယ် တစ်ပုံစံထဲ ရှိရမယ်၊ သင်တန်းဆရာတွေနဲ့ စောင့်ရှောက်သူတွေက '၁၊ ဒီလို လုပ်ရမယ်' ဆိုရင် တစ်ခါပြောတာနဲ့ လိုက်နာရမယ်၊ 'လူလိမ္မာ' ဆိုတာ တစ်ခါပြောတာနဲ့ လိုက်နာရတယ်၊ လိုက်နာရင် တာဝန်ခံဆရာ, ဒကာ ဒကာမ, နတ်တွေကလဲ ချစ်မယ်၊ ဘာသာခြားတွေကလဲ ချစ်မယ်၊ မြင်ရသူတွေ စိတ်နှောက်ကျူ မသွားရအောင် ကိုရင်တို့ သိက္ခာရှင်တို့မှာ တာဝန်ရှိတယ်၊ ဝတ်စုံနှစ်စုံ ငါးရာကျော်တယ်၊ မိဘတွေက ရွားရွားပါးပါး လုပ်ပေးကြ ရတယ်၊ ငွေများများ ပေးရပေမယ့် ပစ္စည်းက ရွားပါးတယ်၊ မိဘတွေက အဝေးက လာကြရတယ်၊ ရှေ့မှာတစ်မျိုး ကွယ်ရာတစ်မျိုးဆိုရင် မိဘနဲ့ ဝန်းကျင်မှာ အကျိုးမရှိဘူး ..."

"ကိုရင်တို့, သိက္ခာရှင်တို့ ကောင်းကောင်းနေရင် သာသနာနဲ့ ပတ်သက်တာ ရာမဟာ နာမည်ကြီးမလား?၊ နာမည်ပျက်မလား?၊ (နာမည်ကြီးပါမယ် ဘုရား။) တစ်ကိုယ်ရေနဲ့တိုက်တာ နာမည်ကြီးဖို့ မဟုတ်ပါဘူး၊ သာသနာ အသရေရှိဖို့ ဖြစ်ပါတယ် ..."

မြန်မာနဲ့သာသနာ မနာရအောင်

"ဒီကိုရင်, သိက္ခာရှင် ငယ်ငယ်လေးတွေဟာ အဝတ်ပြောင်းတာရှိတာပဲ၊ ဟိုပြေးဒီလွှား လုပ်နေကြတယ်"လို့ နိုင်ငံခြားသားတွေက တွေ့ရင် မှတ်ချက် ချသွားကြလိမ့်မယ်၊ ဂျပန်က ထုတ်တဲ့ မဂ္ဂဇင်းတစ်ခု ဖတ်ဖူးပါတယ်၊ ဓာတ်ပုံ (၂)ပုံ ပါတယ်၊ စာမျက်နှာတစ်ခုစီပဲ၊ တစ်ပုံက ဂျပန်က ကျေးရွာမှ တဲအိမ် တစ်အိမ်ပုံ၊ အဝတ်အစား, လူတွေက သပ်သပ်ရပ်ရပ်ပဲ၊ နောက်တစ်ပုံက မြန်မာက ကိုရင်ငယ် ရဟန်းငယ်လေးတွေရဲ့ပုံ၊ သင်္ကန်း ဖိုးရိုးဖားရား ပြိုးဖြဖြနဲ့

http://www.dhammadownload.com

ခါးထောက်ထားတယ်၊ မြန်မာရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ရှင်ငယ် ရဟန်းငယ်တွေရဲ့ အဆင့်အတန်းဟာ သူတို့နိုင်ငံမှ လယ်သမားအဆင့်တောင်မှ မရှိဘူးလို့ ဖော်ပြလိုတယ်၊ အဆင့်အတန်း ကွာခြားပုံကို လိမ္မာပါးနပ်စွာ နှိုင်းယှဉ်ပြထားတယ်၊ နိုင်ငံခြားသားတစ်ယောက်က ကိုရင်ငယ်တို့ရဲ့ အချိုးမကျတဲ့ပုံကို ဓာတ်ပုံရိုက်သွားရင် မြန်မာနဲ့ မြန်မာ့သာသနာ နာမယ်၊ ဒါကြောင့် ဆရာသမားတွေစကား နားထောင်ကြ၊ စည်းကမ်းလိုက်နာကြ၊ အချိုးမကျတာ မဖြစ်စေရဘူး ...”

“အနောက်နိုင်ငံသားကို အထင်ကြီးလို့ မဟုတ်ဘူး၊ သူတို့ လမ်းသွားတဲ့ အခါ ဟိုကြည့်ဒီကြည့် မရှိဘူး၊ အိမ်မှုကိစ္စတွေ ဆောင်ရွက်ကြတယ်၊ ကလေးသာ ဖြစ်တယ်၊ လူကြီးအမူအရာအတိုင်းပဲ၊ ငယ်ငယ်ကတည်းက သင်ပြထားကြတယ်၊ ဘာသာခြားပေမယ့် လောကီကျင့်ဝတ်အနေနဲ့ ခံခံညားညား ရှိကြတယ်၊ မကောင်းတဲ့အရာတွေ ရှိပေမယ့် ကောင်းတာကိုတော့ အတုယူကြရမယ်၊ သူတို့ ဟန်မဆောင်ကြဘူး ...”

“ဒီနေရာမှာ လေ့ကျင့်ပေးနေတယ်၊ ကောင်းကောင်း ယူကြ၊ ပြန်သွားရင် ခွေးမြီးကောက် ကျည်တောက်စွပ် မဖြစ်ကြစေနဲ့ ...”

“ကောင်းကောင်းနေပေးခြင်းဖြင့် အကောင်းဆုံး အကူအညီ ပေးနိုင်ကြပါစေ...”။

ဆွမ်းခံကြွစဉ် ယဉ်ကျေးမှု

ဒီနေ့ ဥပုသ်နေ့ ဖြစ်ပါသည်၊ ဒီနေ့ သင်ခန်းစာသစ်တွေကို မသင်ယူရပါ၊ မနက်ဖြန်တွင် သင်ပြီးသော စာများကို လေ့ကျင့်ခန်း စာမေးပွဲ ဖြေဆိုရမည် ဖြစ်၍ စာကျက်ကြရန် ဒီနေ့ စာသင်နားထားပါသည်၊ သင်္ကန်းရုံတတ်အောင်ကြိုးစားလေ့ကျင့်ထားသဖြင့် ကောင်းကောင်း ရုံတတ်နေပါပြီ၊ ထို့ကြောင့် ဒီနေ့ ဆွမ်းခံလိုက်ပါမည်၊ သင်္ကန်းကို အချိုးတကျဖြစ်အောင် သေချာစွာ ရုံရပါသည်၊ အချိုးတကျ မရုံတတ်လျှင် ဆွမ်းခံရာတွင် ခေါင်းဆောင်ကြွသည့် ဓေယျဝတီဆရာတော်က လိုက်ခွင့်မပြုပါ၊ ထို့ကြောင့် အရင်ဆွမ်းစားပြီးကတည်းက အချိုးကျအောင် သေချာစွာ ဝတ်ရုံပြီး ခါးပန်းကြိုးကို ပတ်၍ အနားပတ်သီးကို တပ်ရပါသည်။

http://www.dhammadownload.com

(၆)နာရီ (၂၀)မိနစ်လောက်တွင် ပြည်တွင်းပြည်ပ ရဟန်းတော်များနှင့် သင်တန်းကိုရင်တချို့တို့ တန်းစီ၍ ရွှေတောင်ကြားရပ်ကွက်တွင် ဆွမ်းခံဝင်ကြပါသည်၊ ဆွမ်းခံမကြွခင် သင်္ကန်းရုံတာ အချိုးကျ-မကျ, သင်းပိုင်ဧကသီ ညီ-မညီ, ဂုတ်ပိုး အကြိုးအသေး, အနားပတ်သီး တပ်-မတပ်, ခါးပန်းကြိုး ပတ်-မပတ်ကို ဆရာတော်တို့က သေသေချာချာ စစ်ဆေးကြပါသေးသည်၊ ဆွမ်းခံကြွစဉ် တစ်ပါးနှင့်တစ်ပါး အဆက်မပြတ်စေရန် အစဉ်သတိထား၍ ရှေ့တစ်ပါးကိုမိအောင် ကြိုးစားရပါသည်၊ ရှေ့က သွားသည့်အတိုင်း နောက်က တည့်တည့်လိုက်သွားရပါသည်။

အတန်းအပြင် မထွက်ရပါ၊ တစ်ပါးနှင့်တစ်ပါး တစ်တောင်လောက် ခွာလျက် လိုက်ရပါသည်၊ လမ်း၌ ဟိုဟိုဒီဒီ မငေးရပါ၊ နောက်သို့ လှည့်မကြည့်ရပါ၊ သပိတ်, သပိတ်ဖုံးတို့ကို မကျအောင် သတိထား၍ ကိုင်ရပါသည်၊ သပိတ်, သပိတ်ဖုံးကျလျှင် ဒဏ်ပေးခံရပါသည်၊ တစ်ပါးနှင့်တစ်ပါး စကားမပြောရပါ၊ နောက်ပြောင်ခြင်း, မထီမဲ့မြင်ပြုခြင်း မလုပ်ရပါ၊ ဆွမ်းလောင်းသူတို့အား ကြည်ညိုဖွယ်မဆောင်သော ဆက်ဆံခြင်းတို့ဖြင့် လုံးဝမဆက်ဆံရပါ။

ဆွမ်းခံကြွစဉ် မြင်ကွင်း

ကိုရင်ဘဝဖြင့် ဤသို့ ဆွမ်းခံမကြွဘူးပါ၊ ဆွမ်းခံသွားရတာ စိတ်ကြည်နူးစရာ ကောင်းလှပါသည်၊ ရွှေတောင်ကြား ရပ်ကွက်ရှိလမ်းများမှာ သပ်ရပ်သန့်ရှင်းပြီး အိမ်များ, တိုက်များမှာလည်း ခံ့ညားထည်ဝါလှပါသည်၊ လမ်း၏လက်ဝဲလက်ယာဘက်တို့၌ သစ်ပင် ပန်းပင်တို့မှာ ရွက်သစ်ဝေ၍ အချို့ကဖူး, အချို့က ပွင့်, အချို့က စိမ်းညိုညို မှိုင်းနေသဖြင့် ရှုလိုက်တိုင်း ရင်ဝယ်အေးမြရပါသည်၊ နံနက်ခင်း၏ သစ်လွင်တောက်ပနေသော နေရောင်ခြည်, သန့်ရှင်းလတ်ဆတ်သော လေတို့ကို ရရှိရသည်မှာ စိတ်ရွှင်လန်းမှုကို အပြည့်အဝ ပေးပါသည်။

ကြည်ညိုသဒ္ဓါ အပြည့်အဝဖြင့် ဆွမ်းတွေ, ဆွမ်းဟင်းတွေ, လောင်းလှူကြသော ဒကာ ဒကာမအပေါင်းတို့ကို မြင်တွေ့ရသည်မှာ လွန်စွာမှ ဒါးရစရာ ကောင်းလှပါသည်၊ ကျေးဇူးရှင် ဆွမ်းဒကာ ဆွမ်းဒကာမတို့၏ စေတနာသဒ္ဓါတို့ကို လေးစားမြတ်နိုးရသည့်အပြင် ကျေးဇူးရှင်များကို မေတ္တာအထပ်

http://www.dhammadownload.com



ကိုရင်များ မြို့ထဲသို့ ဆွမ်းခံကြွကြစဉ်

http://www.dhammadownload.com



ရွှေတောင်ကုန်းသာသနာ့ရိပ်သာအတွင်းက ကိုရင်တို့ စာကျက်ရာ,
အပန်းဖြေရာ ကုက္ကိုညီနောင်



ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွင် အသွင်(၄)မျိုးဖြင့်
တက်ရောက်သင်ယူကြသော သင်တန်းသားများ

http://www.dhammadownload.com

ထပ် ပွားရပါသည်၊ ကိုရင်တို့ သပိတ်တွေလဲ အပြည့်ဆွမ်းတွေရ, ကျောင်းသား တို့သည်လည်း လက်တွင်ပါလာသော ချိုင့်, ခြင်းတို့ထဲမှ ဆွမ်းဟင်း, မုန့် ခဲဖွယ်တို့ကို တနင့်တပိုး မ,ကြရလေသည်၊ ဆွမ်းခံလမ်းတစ်လျှောက်တွင် ထီးအသွင် အုပ်မိုးပေးထားသော ညို့မှိုင်းအုပ်ဆိုင်းနေသော ကုက္ကိုပင်တန်း ကြီးတွေအောက် သွားရသည်မှာ အမှေရင်ခွင်တွင် ခိုဝင်လိုက်ရသည့် အလား အေးချမ်းသော အရသာကို ခံစားရပါသည်။

ဆွမ်းဒကာ ဒကာမများ၏ စေတနာ သဒ္ဓါတို့မှာလည်း အမျိုးမျိုး စုံလှ ပါပေသည်၊ တချို့က ဆွမ်း, တချို့က ဆွမ်းနှင့်ဟင်း, တချို့က မုန့်ခဲဖွယ်, တချို့က ဆွမ်း ဆွမ်းဟင်း မုန့်ခဲဖွယ်သုံးမျိုး, တချို့က ပန်း, တချို့က သစ်သီးစသည်ဖြင့် စုံနေအောင် လောင်းလှူကြပါသည်၊ ကိုရင်တို့ ဗုဒ္ဓ ယဉ်ကျေးမှုနှင့်အညီ ဤသို့ ဆွမ်းခံကြွကြသဖြင့် ဆွမ်းဒကာ ဒကာမတို့၏ မျက်နှာတွင် ကျေနပ်ကြည်နူးမှုတွေ အထင်းသား ပေါ်လွင်နေပါသည်၊ သူတို့ မှာ ကုသိုလ်ပွား၍ ကိုရင်တို့မှာ ဗုဒ္ဓသာသနာအတွက် ကြိုးစားဖို့ အားတက် ရပါသည်။

ဆွမ်းများကို ဆွမ်းကျောင်းရှေ့တွင် ထားအပ်သော ဒန်အိုးကြီးတွင် စုပေါင်းထည့်ကြရပါသည်၊ ဆွမ်းဟင်းများကိုလည်း ဆွမ်းစားကျောင်းသို့ပင် ပို့ကြသည်ကို တွေ့ရပါသည်၊ နေ့ဆွမ်းကပ်သောအခါ သင့်သလို မျှဝေ၍ ဆက်ကပ်ကြလေသည်။

တစ်ကိုယ်ရေ သန့်ရှင်းရေး

ဆွမ်းခံပြီး ကျောင်းသို့ပြန်ရောက်သောအခါ (၇) နာရီ ထိုးပြီးစ ရှိပါသေး သည်၊ ဆွမ်းခံချိန် (၄၅)မိနစ်လောက် ကြာပါသည်၊ ခြေထောက်ဆေးကာ သပိတ်ကို သပိတ်စင်မှာထားပြီး အနည်းငယ်နား၍ စာကျက်မှတ်ကြပါသည်၊ (၉)နာရီတွင် ခေါင်းရိတ်ကြရပါသည်၊ အဆောင်မှူးများနှင့် သင်တန်းပြ ဆရာများက (၇)နာရီလောက်မှစ၍ ကိုရင်တို့ကို ရိတ်ပေးကြပါသည်၊ ကိုရင် တို့သည် သင်္ကန်းကိုလည်း ဖွတ်လျှော်ကြပါသည်၊ လက်သည်း, ခြေသည်း တို့ကိုလည်း ရှည်လျှင် ဖြတ်ကြရပါသည်၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် ဆရာတော်ကြီးက ဤသို့ ဆုံးမထားပါသည်။

http://www.dhammadownload.com

"တစ်ကိုယ်ရေ သန့်ရှင်းရေးမှုရှိအောင် ဆံပင်ရှည်ရင် ရိတ်ရတယ်၊ ခြေသည်း, လက်သည်း ရှည်ရင် ဖြတ်ရတယ်၊ ခုခေတ် လက်သည်း, ခြေသည်းရှည် ထားကြတယ်၊ ရွံစရာပဲ၊ ချေးကပ်နေရင် သာပြီး ရွံစရာ ကောင်းတယ်၊ နေ့စဉ် မှန်မှန်ရေချိုးရတယ်၊ ခန္ဓာကိုယ်မှ ချေး, ချွေးအနံ့တွေ ကင်းစင်စေရတယ်၊ သင်္ကန်းညစ်ပေရင် ဖွတ်လျှော်ရတယ်၊ ဝမ်းချုပ်ရင် ဝမ်းနှုတ်ရတယ်၊ ခေါင်းမူးမော်ရင် ခေါင်းမူးမော်ပျောက်ဆေး ရှာရတယ်၊ သင်္ကန်း, သပိတ်စသည့် အသုံးအဆောင်ဆွေ သန့်ရှင်းရသလို သပ်သပ်ရပ်ရပ်လဲ ထားရတယ်၊ သင်္ကန်းလည်း သပ်သပ်ရပ်ရပ် ဝတ်ထားရတယ်။"

ဝမ်းနည်းဝမ်းသာဖြစ်တဲ့ ဒကာကြီး ဦးသန်းမြင့်

နေ့ဆွမ်း စားပြီးသောအခါ တချို့က ကိုယ့်နေရာကို စာကျက်နေကြပါသည်၊ တချို့လည်း အရိပ်ကောင်းသည့် သစ်ပင်အောက် သွားရောက် စာကျက်ကြပါသည်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင်းမှာ သစ်ပင်မျိုးစုံ ရှိပါသည်၊ အုန်း, သရက်, မာလကာ, တမာ, ခရေ, ကုက္ကို, ပုန်းညက်, အုန်းနဲ့, ထင်းရှူး, သဘော်, ဝါး စသည်ဖြင့် များလှပါသည်၊ နွယ်သာကီ, စပယ်, နှင်းဆီ, ခေါင်ရန်း, သစ်ခွ, ရွက်လှမျိုးစုံ စသည့် ပန်းပင်မျိုးစုံလည်း ရှိလှလေသည်၊ သို့သော် အရိပ်ကောင်းသည့် သစ်ပင်ကြီးတို့ကား မပေါများပါ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ သစ်ပင်အပေါင်းတို့တွင် အကြီးဆုံးသော သစ်ပင်ကြီး (၂)ပင် ကိုရင်တို့ ကျောင်းဆောင်နားမှာ ရှိပါသည်။

ထိုသစ်ပင်ကြီးတို့ကား ကုက္ကိုပင်ကြီးတွေ ဖြစ်ပါသည်၊ ထိုကုက္ကိုပင်ညီနောင်ကား အရပ်အမောင်းကောင်းကြပါပေသည်။ ပေ(၁၀၀)နီးပါး မြင့်လေမည်လားဟု တွေးမိပါ၏၊ လေးဘက်လေးတန်တွင် ဖြာထွက်နေသည့် အကိုင်းအခက်တို့မှာ အချင်းချင်းယှက်လျက် ဆက်လျက် ရှိနေကြပါသည်၊ အနီရောင် အပွင့်တို့နှင့်အတူ ညိုမှောင်မဲနေသော သစ်ရွက်တို့ဖြင့် ပိတ်ပိတ်သဲလျက် ရှိကြပါသည်၊ ပူလောင်၍ ချွေးတဒီးဒီးကျစေသည့် ဤနွေရာသီကာလမျိုးဝယ် ဤကုက္ကိုပင်ညီနောင်ကား သူတို့အရိပ်သို့ လာရောက်ခိုလှုံသူအပေါင်းတို့အား ကိုယ်စိတ်အေးချမ်းမှုကို ပေးစွမ်းနိုင်ကြပါပေသည်၊ တဖြူးဖြူး တိုက်ခတ်နေသော လေကြောင့်လည်း ပို၍ အေးချမ်းရပါသည်။

http://www.dhammadownload.com

ကိုရင်သည် ကုက္ကိုပြင်ညီနောင်အောက် စာကျက်ကောင်း၍ စာကျက်လိုက်ရာ သင်ခန်းစာများကို အကုန်နီးပါး ရသွားပေပြီ၊ ထိုအချိန်တွင် ရိပ်သာဂိတ်စောင့် အဆောက်အဦမှ ဒကာကြီးတစ်ယောက် ကိုရင်အနီးသို့ ရောက်လာပါသည်၊ စာကို စူးစူးစိုက်စိုက် ကျက်မှတ်နေသော ကိုရင်ကို အတန်ကြာငေးကြည့်နေပါသည်။

"ဒကာကြီးက ဘယ်ကလဲ"ဟု မေးလိုက်ရာ

"တပည့်တော်က ဒီရိပ်သာရဲ့ လုံခြုံရေးတာဝန်ရှိသူ တစ်ယောက်ပါ" ဟု ပြောပါသည်။

"ကိုရင်... ကြိုးစား၊ ကြိုးစား"ဟု ပြောပြီး ရှေ့ဆက် ပြောတော့မလိုလို, တစ်ခုခု စဉ်းစားနေသလိုလို ရှိနေ၍...

"ဒကာကြီး... ဘာတွေ စဉ်းစားနေတာလဲ"ဟု မေးသဖြင့်...

"ကိုရင်... ကိုရင်တို့, သိက္ခာရှင်တို့ အားလုံး စုပေါင်းပြီး ဝတ်တက်ကြတာ, စာသင်ကြတာ, စည်းစနစ်ကျကျ သွားလာနေထိုင် စားသောက်နေကြတာတွေ မြင်ရတော့ တပည့်တော်ရဲ့ သားလေးတွေ သိပ်သတိရနေမိပါတယ်၊ တပည့်တော်ရဲ့ သားကလေးတွေကို ကိုရင်လေးတို့လိုပဲ ဘုရားဝတ်တက်, စာသင်, စည်းကမ်းတကျ နေထိုင်နေကြတာကို မြင်ချင်လိုက်တာ ကိုရင်ရယ်၊ ကိုရင်လေးတို့ကို မြင်တော့ ဝမ်းလည်းနည်းမိတယ်၊ ဝမ်းလည်း သာမိတယ် ကိုရင်" ဟု ပြောကာ–

"ကိုရင်သည် စာတွေကို အားလုံးနီးပါး ရပြီးနေပြီ၊ ဒကာကြီး၏ စကားထဲမှာ "ဝမ်းလဲ နည်းတယ်၊ ဝမ်းလဲ သာတယ်" ဆိုတဲ့စကားမှာ ဆန်းကြယ်နေ၍ စိတ်ဝင်စားနေမိပါသည်။

"နေစမ်းပါအုံး... ဒကာကြီးရဲ့၊ ကိုရင်ကို့ကို မြင်တော့ ဘာကြောင့် ဝမ်းသာပြီး ဘာကြောင့် ဝမ်းနည်းရတာလဲ၊ ရှင်းပြစမ်းပါအုံး။"

"ကိုရင်တို့ အားလုံး ဘုရားဝတ်တက်ကြ, တရားထိုင်ကြ, စာသင်ယူကြ, စနစ်တကျ သွားလာနေထိုင် စားသောက်ကြဟာတွေ မြင်ရတော့ အလွန်အကဲပဲ စိတ်ကြည်နူးမိတယ်၊ ကြည်ညိုမိတယ်၊ သိပ်ကျက်သရေ ရှိလှပါပေစွာ့လို့လဲ ခံစားမိပါတယ်၊ တို့ရိပ်သာကြီး စည်ကားသိုက်မြိုက်လှပါတကား" လို့ တွေးပြီးတော့လဲ ဝမ်းသာမိတယ်။"

http://www.dhammadownload.com

ကိုရင်သည် ဒကာကြီးမျက်နှာကို သေချာစွာ စူးစိုက်ကြည့်နေမိပါသည်၊ စိတ်ထဲမှ ဝမ်းသာကြည်နူးမှုသည် သူ့မျက်နှာမှာ ထင်ဟပ်နေပါသည်၊ သူ့မျက်နှာမှာ ပြုံးယောင် သန်းနေပေသည်။

"ဝမ်းသာရခြင်း၏ အကြောင်းကိုတော့ သိရပါပြီ၊ ဝမ်းနည်းတာကတော့ ဘာ့ကြောင့် ဝမ်းနည်းရတာလဲ ဒကာကြီး။"

ထိုမေးခွန်းကို မေးလိုက်လျှင်ပင် ဒကာကြီးမျက်နှာသည် အသွင်ပြောင်းသွားပေသည်၊ ရင်တွင်းမှ စိတ်ဓာတ်သည် မျက်နှာကို ရိုက်ခတ်လာတော့သည်၊ ဝမ်းနည်းယောင်သန်းနေသော မျက်နှာ၏ လျှို့ဝှက်အကြောင်းကိုမူ ထိုးဖောက်မြင်နိုင်စွမ်း ကိုရင့်မှာ မရှိပါ၊ ဒကာကြီးသည် မျိုသိပ်ထားရသော ဝမ်းနည်းခြင်း၏ အကြောင်းကို ပွင့်အန်လာပါတော့သည်။

"တပည့်တော်မှာ ကိုရင်လေးတို့ရွယ် သားလေးတွေရှိတယ်၊ တပည့်တော်ရဲ့ သားလေးတွေကို ကိုရင်လေးတို့လို ဒီသင်တန်း တက်စေချင်ပါတယ်၊ သားလေးတွေ ဘုရားဝတ်တက်တာ, တရားထိုင်နေတာ, စာသင်နေတာ, စည်းကမ်းရှိရှိနဲ့ သွားလာနေထိုင် ပြောဆိုနေတာတွေ တွေ့မြင်, မြင်ချင်လှပါတယ်၊ သားလေးတွေကို ကိုရင်ဝတ်ပေးဖို့ တပည့်တော်မှာ အခွင့်မသာခဲ့ပါဘူး၊ ဝတ်မပေးနိုင်ခဲ့ပါဘူး၊ ဒါကြောင့် ဝမ်းနည်းရပါတယ်။"

"ဒီနှစ်မဖြစ်နိုင်ပေမယ့် နောက်နှစ်တော့ ဖြစ်နိုင်အောင် ကြိုးစားပေးပေါ့ ဒကာကြီး၊ နောင်နှစ်တော့ ဖြစ်နိုင်လိမ့်မယ် ထင်ပါတယ်။"

"မှန်ပါ... ကြိုးစားပါမယ်ဘုရား"ဟု အားတင်းသည့် လေသံဖြင့် လျှောက်ထားကာ...

"ကိုရင်နဲ့ တပည့်တော် စကားပြောကောင်းနေလို့ ကိုရင့်မှာ အနှောက်အယှက် ဖြစ်သွားပြီ၊ သွားခွင့်ပြုပါနော်"ဟု ဆိုကာ ထွက်သွားပါတော့သည်၊ နောက်မှ သိရပါသည်၊ သူ့နာမည်က ဦးသန်းမြင့်-တဲ့။

စာဖြေကြပြီ

ဒီနေ့ ဥပုသ်အထွက်နေ့ဖြစ်၍ စာဖြေကြရပါမည်၊ နံနက်(၇)မှ (၈)နာရီထိ ရှင်ကျင့်ဝတ်ဘာသာ, (၈)မှ(၉)နာရီထိ ပရိယတ်ဘာသာ ဖြေကြရပါမည်၊

http://www.dhammadownload.com

အငယ်တန်းတွေက ဆွမ်းစားကျောင်းပေါ်တွင်, အကြီးတန်းတွေက အမျိုးသမီး စကြံဆောင်တွင်, အထူးတန်းတွေက သိမ်တွင် ဖြေကြရပါမည်၊ ထို့ကြောင့် ကိုရင်တို့ အလတ်တန်းများသည် (၆)နာရီ (၄၅)မိနစ်တွင် စာဖြေရမည့် ဆွမ်းစားကျောင်းဆောင်ပေါ်သို့ အရောက်သွားကြရပါသည်။

သိက္ခာရှင်တွေက ကိုရင်တွေ၏နောက်က နေရာယူကြရပါသည်၊ ဘေးရော ရှေ့နောက်ပါ တစ်ပါးနှင့်တစ်ပါး ခပ်ခွာခွာ ခပ်ကျဲကျဲ ထိုင်ကြရပါသည်၊ ညီနေအောင်လည်း ထိုင်ကြရပါသည်၊ စာဖြေရာသို့ ဘောလ်ပင်ပေတံတို့ကိုသာ ယူခွဲရပါသည်၊ ဗလာစာအုပ်, သင်တန်းစာအုပ်တို့ကို မယူခဲ့ရပါ၊ ဖြေလွှာစာရွက် (၂)ရွက်စီ ပေးဝေပါသည်၊ ပထမစာရွက်, ပထမစာမျက်နှာတွင် "ရှင်အမည်, လူအမည်, အတန်း, ဘာသာ" ဟူသော စကား(၄)မျိုးကို စာတန်း(၄)တန်းဖြင့် တံဆိပ်နှိပ်ထားပါသည်၊ "အရှင်ပဏ္ဍိတာဘိဝံသ" ဟူသော စာတန်းလေးလည်း ပါလေသည်။

အဖြေလွှာ ဝေပြီးနောက် ပုစ္ဆာဝေပါသည်၊ ပထမ ဖြေရမည့်ဘာသာမှာ ရှင်ကျင့်ဝတ်ဘာသာ ဖြစ်ပါသည်၊ တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီဖြင့် (၅)ပုစ္ဆာဖြေရပါသည်၊ ပုစ္ဆာအားလုံး ဝေပြီးသောအခါ ရှင်ကျင့်ဝတ် ပုစ္ဆာထုတ်သည့် ဆရာက သူ့ပုစ္ဆာကို အားလုံးကြားအောင် ဖတ်ပြပါသည်၊ မရှင်းတာရှိလျှင် မေးစေပါသည်၊ ရှင်းပြပါသည်၊ စာဖြေရင်း တစ်ပါး နှင့်တစ်ပါး စကားမပြောရပါ၊ ရိုးရိုးသားသား ဖြေကြရပါသည်၊ ရှင်ကျင့်ဝတ်ဘာသာ ဖြေပြီးသောအခါ ရေသောက်, ကျင်ငယ်စွန့် မသွားရတော့ပါ၊ ထို့သို့ မသွားရအောင်လည်း စောစောက ကြိုတင်၍ သွားထားစေပါသည်။

ပုစ္ဆာကို စောစော ဖြေပြီးသော်လည်း (၇)နာရီ (၄၅)မိနစ်ရောက်မှသာ အဖြေလွှာကို အပ်ခွင့်ပြုပါသည်၊ ရှင်ကျင့်ဝတ်ဘာသာပြီးသောအခါ ပရိယတ်ဘာသာအတွက် အဖြေလွှာနှင့် ပုစ္ဆာတို့ကို ဝေပြီး ပရိယတ်ဘာသာကို ဆက်တိုက် ဖြေစေကြပါသည်၊ ပရိယတ်ဘာသာတွင်လည်း (၅)ပုစ္ဆာပင်ဖြစ်ပြီး တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီပင် ဖြစ်ပါသည်၊ အတန်း(၄)တန်းလုံးတွင် ဘာသာ (၂)ဘာသာဖြေရပြီး တစ်ဘာသာတွင် (၅)ပုစ္ဆာစီ ပါဝင်ပါသည်၊ (၈)နာရီ (၄၅)မိနစ် ရောက်မှ ထသွားခွင့်ပြုပါသည်၊ စာဖြေလွှာ အပ်ပြီးလျှင် စာဖြေရာအဆောင်ထဲ ဆက်နေခွင့် မပြုပါ၊ နေရာအဆောင်သို့ ပြန်ကြရပါသည်။

http://www.dhammadownload.com

ပုစ္ဆာအတွက် ကြိုတင်၍

သင်တန်းပြ ဆရာတစ်ပါးက ပုစ္ဆာထုတ်တာ, ပုစ္ဆာရိုက်တာ, စာကူးစက်ဖြင့် လိုမ့်တာနှင့် ပတ်သက်၍ ပြောပြသဖြင့် ဤသို့သိရပါသည်၊ အဖိတ်နေ့ ညနေကပင် သင်တန်းပြဆရာ အရှင်တို့ ကိုယ့်ဆိုင်ရာအတန်း, ကိုယ့်ဆိုင်ရာ ဘာသာအတွက် ရှင်ကျင့်ဝတ် ဘာသာမှာ (၅)ပုစ္ဆာ, ပရိယတ်ဘာသာမှာ (၅)ပုစ္ဆာစီ ထုတ်ကြပါသည်၊ ထုတ်ပြီးသော ထိုပုစ္ဆာများကို သင်တန်းအတွင်းရေးမှူးတို့ထံ အဖိတ်နေ့ ညနေပင် အရောက် ပို့ပေးကြရပါသည်၊ သင်တန်းအတွင်းရေးမှူးတို့မှ တစ်ဆင့် သင်တန်းဥက္ကဋ္ဌ ဆရာတော်တို့ထံ သွားရောက်ပြသကြပါသည်။

အဖိတ်နေ့ညပိုင်း သို့မဟုတ် ဥပုသ်နေ့နံနက်ပိုင်းတွင် ပုစ္ဆာတို့ကို တိုက်ပရိုက် ရိုက်ကြပါသည်၊ ဥပုသ်နေ့ နေ့ပိုင်းတွင် ပုစ္ဆာတို့ကို စာကူးစက်ဖြင့် လိုမ့်ကြပါသည်၊ အတန်း (၄)တန်းမှ သင်တန်းပြဆရာတို့သည် မိမိတို့အတန်းရှိ သင်တန်းသား ဦးရေကိုလည်း ပုစ္ဆာတို့နှင့်အတူ အတွင်းရေးမှူးတို့ထံ ပို့ပေးကြရပါသည်၊ ပုစ္ဆာတို့ကို စာကူးစက်ဖြင့် လိုမ့်သည့်အခါ လိုမ့်ရမည့် ပုစ္ဆာစာရွက် အရေအတွက်ကို သိရန်ဖြစ်ပါသည်၊ တစ်ရွက်တည်းမှာပင် အတန်းအလိုက် ရှင်ကျင့်ဝတ် (၅)ပုစ္ဆာ, ပရိယတ် (၅)ပုစ္ဆာအားဖြင့် (၁၀)ပုစ္ဆာစီ တွဲပြီး ရိုက်ထားသဖြင့် ပုစ္ဆာလိုမ့်ပြီးသောအခါ ထိုစာရွက်များကို ဖြတ်ကြပြီး အတန်းအလိုက်, ဘာသာအလိုက် ခွဲခြားကာ ထားကြပါသည်။

အောင်စာရင်း ကြေညာ

ဥပုသ်အထွက်နေ့တွင် နံနက်ပိုင်း သင်တန်းချိန် (၂)ချိန်၌ စာဖြေကြပြီး နေ့လယ် (၁၂)နာရီမှ (၃)နာရီထိ သင်တန်းချိန်(၃)ချိန်, ဗုဒ္ဓသာသနာသမိုင်း ဟောပြောချိန်, သီလယူ, ဩဝါဒခံယူ, ဘုရားဝတ်တက်ချိန်တို့၌မူ ရှေးနေ့တို့အတိုင်းပင် ပြုလုပ်ကြရပါသည်၊ စာမေးပွဲဖြေရသည့် ယခုလို ဥပုသ်အထွက်နေ့ ညနေပိုင်း (၇)နာရီတွင် ဗဟုသုတဖြစ်ဖွယ် ဗီဒီယိုခွေများ ပြသပေးပါသည်၊ ဗဟုသုတလည်းရ, ပျော်လည်းပျော်ရွှင်ကြရပါသည်၊ ညှ (၉) နာရီတွင် ပြီးဆုံးသွားပါသည်။

http://www.dhammadownload.com

စာဖြေသည့်ရက်၏ နောက်ရက်၌ အောင်စာရင်း ကြေညာပါသည်၊ ရှင်ကျင့်ဝတ် သင်ပြသည့်ဆရာက ရှင်ကျင့်ဝတ်ဘာသာ၌ ရသည့်အမှတ်တို့ကို စာသင်ပြချိန်တွင် ပြောပြပါသည်၊ သင်တန်းပြဆရာတို့သည် ကိုယ့်ဆိုင်ရာ အတန်း, ကိုယ့်ဆိုင်ရာ ဘာသာအတွက် အောင်စာရင်း ကြေညာပေးကြပါသည်၊ ကိုရင်သည် ရှင်ကျင့်ဝတ်မှာ အမှတ်ပြည့် (အမှတ်-၅၀), ပရိယတ်မှာလည်း အမှတ်ပြည့် (အမှတ်-၅၀) ရပါသည်၊ ကိုရင့်လိုပင် အမှတ်ပြည့်ရသော အခြားကိုရင်တစ်ပါး ရှိပါသေးသည်၊ ထိုကိုရင်ဘွဲ့မှာ ရှင်ဉာနဇလ-တဲ့၊ သိက္ခာရှင်တို့ဘက်မှာလည်း ကိုရင်တို့နည်းတူ အမှတ်နည်းများအလိုက် အောင်စာရင်း ကြေညာပါသည်၊ သိက္ခာရှင်တို့ဘက်မှာလည်း အမှတ်ပြည့်ရသူတွေ ပါရှိပါသည်။

ညှိုးငယ်တဲ့ မျက်နှာလေးတွေနဲ့

ကိုရင်ဝတ်ပြီး (၃/၄)ရက်လောက် ကြာသောအခါ တချို့ ကိုရင်လေး, သိက္ခာရှင်လေးတို့မှာ ရောဂါဖြစ်လာပါသည်၊ ထိုရောဂါသည် တစ်ပါးသူတို့သို့ ကူးစက်တတ်သည့် ရောဂါဖြစ်သဖြင့် တချို့ ကိုရင်လေး, သိက္ခာရှင်လေးတို့မှာ ကြိုကြား ကြိုကြား ရောဂါဖြစ်လာကြသဖြင့် ကိုရင်လေး, သိက္ခာရှင်လေး (၁၀)ပါး ကျော်လောက် အိမ်ပြန်ကြရပါသည်၊ ရောဂါဖြစ်၍ အိမ်ပြန်သွားကြရသော ကိုရင်လေး, သိက္ခာရှင်လေးတို့ အကြောင်းကို စစ္စတာ-ဒေါ်လှမြင့်က ဤသို့ ပြောပြပါသည်။

"ရောဂါဖြစ်ပေါ်လာသည့် ကိုရင်လေး, သိက္ခာရှင်လေးတွေရဲ့ မိဘတွေနဲ့ လာရောက်ပြန်ခေါ်ဖို့ ဆက်သွယ်ခဲ့ရပါတယ်၊ ပြန်ပို့ခံရတဲ့ ကိုရင်လေး, သိက္ခာရှင်လေးတွေဟာ ညှိုးငယ်တဲ့မျက်နှာလေးတွေနဲ့ သူတို့မှာ ဘာဒုက္ခမှ မရှိကြောင်းပြောပြီး ကျန်းမာနေလို့ ဆက်လက်သင်ယူခွင့်ပြုဖို့ တောင်းပန်ကြရှာတယ်၊ အိမ်သို့ ပြန်ရသည့်တိုင်အောင် အဝတ်မလဲဘဲ သီလကို စောင့်ထိန်းလျက်သာနေမယ်လို့ ပြောကြသေးတယ်၊ သင်တန်းသို့လည်း ပြန်လာတက်မယ်-တဲ့၊ ရောဂါဟာ ကူးစက်တာမြန်လို့ ပြန်ပို့ရကြောင်း သူတို့လေးတွေကို ရှင်းပြပေမယ့် သူတို့မျက်နှာမှာ မကျေနပ်ပုံ ပေါ်နေတယ်၊

http://www.dhammadownload.com

ဒါကို ထောက်ရှုရင် ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဟာ တက်ရောက်သူ အပေါင်းကို စိတ်ဝင်စားမှု များလာအောင် ဆွဲဆောင်အား ကောင်းနေကြောင်းနဲ့ ဒီသင်တန်းဟာ အောင်မြင်မှုရရှိနေကြောင်း အဖြေထွက်ပေါ်လာနေတယ်။"

ဆေးပညာရှင်များ၏ ကုသိုလ်

ဒေါက်တာမြင့်အောင်, ဒေါက်တာလှိုင်မြင့်, စစ္စတာဒေါ်လှမြင့်, စစ္စတာဒေါ်စိန်မြတို့က ဤတစ်လသင်တန်းအတွင်း ကိုရင်, သိက္ခာရှင်တို့၏ ကျန်းမာရေးအတွက် တာဝန်ယူထားကြရာ စစ္စတာဒေါ်လှမြင့်မှာ အချိန်ပြည့် ပြုစုကုသ စောင့်ရှောက်ပေးပါသည်၊ ဒေါက်တာမြင့်အောင်က ညနေပိုင်း–ညပိုင်းတွင်, ဒေါက်တာလှိုင်မြင့်က နံနက်ပိုင်း–နေ့ပိုင်းတွင်, စစ္စတာ ဒေါ်စိန်မြကမူ တရားအားထုတ်ရင်း လိုအပ်သည့်အချိန်တွင် ပါဝင်ပြုစုကုသ ပေးကြပါသည်၊ စစ္စတာဒေါ်လှမြင့်သည် ကိုရင်, သိက္ခာရှင်တစ်ပါးပါး ဖျားနေ, နေမကောင်းဖြစ်နေလျှင် ဆေးဝါးဓာတ်စာ အာဟာရပြည့်စုံအောင် ပြုစုစောင့်ရှောက်ပေးပါသည်၊ နံနက်, နေ့လည်, ညနေပိုင်းတွင် လိုအပ်လျှင်လိုအပ်သလို ကိုရင်, သိက္ခာရှင်တို့ နေရာအဆောင်သို့ လာရောက်ကြည့်ရှု မေးမြန်းညွှန်ကြား အားပေးသွားပါသည်။

ဗိုက်နာ, ခေါင်းခဲ, သွားနာ, ပါးစပ်နာ, လည်ချောင်းနာရောဂါ စသည်တို့ ဖြစ်သော ကိုရင်, သိက္ခာရှင်တို့မှာ ညနေပိုင်း ဘုရားဝတ်တက်ပြီး ချိန်တွင် စစ္စတာဒေါ်လှမြင့်၏ အခန်းရှေ့၌ ရံခါ (၄/၅)ပါး, ရံခါ (၉/၁၀)ပါး ရောက်ရှိနေကြပါသည်၊ လာရောက်ပြကြသည့် ကိုရင်, သိက္ခာရှင်တို့ကို စစ္စတာကြီးသည် မှတ်တမ်းစာအုပ်တွင် စာရင်းပြုစုထားပါသည်၊ ထိုညနေပိုင်းတွင် ဒေါက်တာမြင့်အောင်လည်း ရိပ်သာသို့ ရောက်ရှိနေပြီဖြစ်ပါသည်၊ ဒေါက်တာမြင့်အောင်သည် အချိန်ပိုင်း တရားအားထုတ်ရင်း ဆေးပြုစုကုသပေးပါသည်။ ဆေးပညာရှင်တို့ကလည်း မေတ္တာစေဘနာအပြည့်ဖြင့် ဤသင်တန်း၌ ကိုရင်တို့, ဒါ်ကွာရှင်တို့ကျန်းမာရေးအတွက် လုပ်အားပေးကုသိုလ် ပါဝင်ကြသည်ကို တွေ့.ရ၍ ကိုရင် သာဓုခေါ်ပါသည်၊ ကျေးဇူးလည်း များစွာတင်လှပါသည်၊ လေးလည်း လေးစားလှပါသည်။

http://www.dhammadownload.com

သွားအကြောင်း သိကောင်းစရာ

ဆရာတော်ကြီးသည် ကိုရင်တို့, သိက္ခာရှင်တို့ကို ကျန်းမာရေးနှင့်စပ်၍ လည်း ဗဟုသုတ ရှိစေချင်ပါသည်၊ ကျန်းမာရေး ပြည့်စုံစေချင်သည်၊ စာသောက်ရာ၌ အင်အားပြည့်တင်း၍ ကျန်းမာစေသည့် အစားအစာတို့ကို ရွေးချယ်၍ စားသောက်တတ်စေချင်သည်၊ စားသောက်ရာ၌ အရသာ မကောင်းသော်လည်း အင်အားပြည့်တင်း၍ ကျန်းမာရေးကို ဖြစ်စေလျှင် ထိုအစာမျိုးကို မစားချင်သော်လည်း ကျန်းမာရေးအတွက် စားနိုင်ကြစေရန် ညွှန်ကြားတော်မူပါသည်၊ အကြိုက်ထက် အသင့်ကို ရွေးချယ်၍ စားသုံးတတ် ကြစေလိုပေသည်၊ ကျန်းမာရေးနှင့်အညီ သွားတတ်, လာတတ်, နေတတ်, ထိုင်တတ်, စားတတ် ရှိစေချင်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် ယခုအခါ သူနာပြုတက္ကသိုလ်ကျောင်း မှ နည်းပြဆရာမကြီးဖြစ်၍ ယခင်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နည်းပြဆရာမကြီး ဖြစ်ခဲ့သည့် ဒေါ်စိန်မြကို သွားအတွက်လိုအပ်ချက်များကို ကိုရင်တို့, သိက္ခာရှင်တို့ ကောင်းကောင်း သဘောပေါက်နားလည်အောင် ရှင်းပြစေပါသည်၊ အသက်ငယ်ရွယ်သူများဖြစ်ကြသည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသူ, သင်တန်းသားများအတွက် "ကြိုတင်ကာကွယ်ရေး သည် ကုသမှုထက် ပို၍ ကောင်းသည်" ဟု အဆိုရှိသည့်အတိုင်း အလွန်လို အပ်သော သွားရောဂါကာကွယ်နည်းကို စစ္စတာဒေါ်စိန်မြက ဤသို့ ရှင်းပြပါသည်။

"သွားမှာ သွားချေး, သွားပိုးမရှိအောင် သန့်ရှင်းပေးဖို့ လိုအပ်ပါတယ်၊ ဆေးစွေးဟာလဲ မသေးပါဘူး၊ ကြိုတင်ကာကွယ်မှုဟာ အင်မတန် လိုအပ် ပါတယ်၊ အကုန်အကျ မများစေဖို့ နေ့စဉ် အလေ့အကျင့် ပြောင်းလွဲလိုက်ရင် ငွေကုန်တာ များစွာ သက်သာပါတယ်၊ သွားဟာ အထက်သွားတစ်စုံ, အောက် သွားတစ်စုံအားဖြင့် (၂)စုံ ရှိပါတယ်၊ ငယ်သွားဟာ (၂)နှစ်အရွယ်မှာ စုံတယ်၊ ငယ်သွားအချောင်း (၂၀)ရှိပါတယ်၊ လူကြီးသွား(၃၂)ချောင်း ရှိပါတယ်၊ ကလေး သွားပိုးစားသည်မှအစ အချိန်မီ ကလေးသွားမှ လူကြီးသွား လဲလှယ် ရာတွင် အနှောင့်အယှက်များရှိပါက သွား ဘေးချော်ပေါက်တတ်တယ်၊ သွား

http://www.dhammadownload.com

ထပ်တတ်တယ်၊ သွားတုတပ်ရရင် မူရင်းလောက် မကောင်းတော့ဘူး၊ တပ်မတော်သားများ အင်္ဂါဓွတ်ယွင်းသွားရင် အစားထိုးတာဟာ မူရင်းလောက် မကောင်းတော့သလိုပါပဲ၊ သွားတုဟာ အလွန်ဆုံး (၁၀)နှစ်ပဲခံတယ်၊ ပြန်အသစ်လဲရတယ်၊ လဲတိုင်း ထောင်ချီကုန်တယ်။"

"ရှေ့သွားကထွက်လို့ အစာကိုကိုက်တယ်၊ စွယ်သွားက အစာကို ဖြတ်တယ်၊ ဘေးသွားနဲ့ ကိုက်လေ့ရှိတယ်၊ နောက်သွားတွေက အစာကို ဝါးကြတယ်၊ သွားကို ဂရုမစိုက်တတ်ရင် လွယ်ကူစွာ ပိုးစားတတ်တယ်၊ ပါးစပ်ထဲမှာ ရှိတဲ့သွားရည်ထဲမှာ အန္တရာယ်ပေးတဲ့ ပိုး, မပေးတဲ့ပိုးရယ်လို့ ပိုးတွေများစွာရှိတယ်၊ သွားမတိုက်လို့ အချဉ်ပေါက်စေတဲ့ ပိုးနဲ့တွေ့ရင် ငရဲမီးဖြစ်တယ်၊ အရောင်အဆင်း လိုက်ပြောင်းတယ်၊ သွားပိုးကို အဏုကြည့်မှန်ပြောင်းနဲ့ ကြည့်ရတယ်၊ သွားကျောက်တည်တာဟာ ပိုးကောင်ရဲ့ ဓာတ်သတ္တုနဲ့ အစာမှာပါတဲ့ဓာတ်နဲ့ ပေါင်းပြီး ဖြစ်လာတယ်။"

"သွားတိုက်တဲ့နည်း မှန်ရတယ်၊ အပေါ်သွား တိုက်ရင် ကန့်လန့်မတိုက်ရဘူး၊ အပေါ်ကနေ အောက်သို့ ဆွဲချရတယ်၊ အောက်သွားတိုက်ရင် အောက်ကနေ အပေါ်ကို လှန်တိုက်ရတယ်၊ ရှေ့သွားတိုက်ရင် ထောင်ပြီး တိုက်ရတယ်၊ သွားမျက်နှာပြင် တိုက်ရင် ဝိုင်းတိုက်ရတယ်။"

"ပါးစောင်ထဲ, အာခေါင်ထဲ ရေအားလုံး ရောက်စေလျက် အနည်းဆုံး (၆)ခါလောက် ပါးစပ် ပလုပ်ကျင်းပြီး ထွေးမှ အစာအပြင်ထွက်တယ်၊ သူများအိမ်သွားရင်လဲ ပလုပ်ကျင်းဖြစ်အောင် ကျင်းရတယ်၊ အဖျားညပ်ရင် အပ်ချည်မျှင်နဲ့ မကလော်ပါနဲ့၊ ပိုးချည်နဲ့ ထုတ်မှ သွားနာသက်သာပါတယ်၊ ကျွမ်းကျင်သူထံ မေးသင့်ပါတယ်၊ သွားတိုက်ဖို့, ပလုပ်ကျင်းဖို့ မလွယ်ရင် အစာစားပြီးဘဲ့အခါ မာပြီး အရွေ့ရှိန်းတဲ့ စိမ်းစားဥ, ကြဲ စသည်ကို စားရပါတယ်၊ သွားနာရင် သွားဆရာဝန်တို့နဲ့ စစ်ဆေးသင့်ပါတယ်၊ အင်မတန် နာမှ နှူတ်ရရင် အကုန့်ဒုက္ခကို အသက်ကြိုးတဲ့အခါ ပိုသိရပါတယ်။"

"သွားပွတ်တံ သုံးတဲ့အခါ သွားပွတ်တံနဲ့ လက်ကိုင်ဟာ ဖြောင့်နေရတယ်၊ သွားပွတ်တံဟာ ဝက်မွှင်ဘီး အနည်းဆုံး(၃)တန်း ပါရတယ်၊ ဖွာနေရင် မတိုက်ရဘူး၊ လေသလပ် ထားရတယ်၊ နေရောင်ပြရတယ်၊ (၆)လတစ်ကြိမ် လဲရတယ်၊ သွားပွတ်တံ မရှိရင် တမာရိုး တစ်ထွာလောက်ဖြတ်ပြီး

http://www.dhammadownload.com

အရိုးထိပ်ကို ဖွာစေပြီး သုံးနှိုင်တယ်၊ ပိုးစား, ကျောက်တည် မခံရဘူး။"

"ခံတွင်းညစ်ပေရင် ခံတွင်းအနံ့မကောင်းဘူး၊ သွားတုတပ်ရင် တပ်ပေးသူ မကျွမ်းကျင်ရင် အသွင်မလှဘူး၊ သွားပိုးစားပြီး ပြည်တည်တတ်တယ်၊ အစာညပ်ပြီး ပုပ်တတ်တယ်၊ အစာဟာ မိနစ်ပိုင်းအတွင်း အချဉ်ပေါက်တယ်၊ အချဉ်ပေါက်ပြီး ပါးစပ်ထဲ ပါသွားရင် ဗိုက်အောင့်တတ်, ဝမ်းလျှောတတ်တယ်။"

"ဖွာနေတဲ့, ကောက်တဲ့ သွားပွတ်တံကို မသုံးရဘူး၊ ပင်အပ်, ကလစ်နဲ့ သွားကို မကလော်ရဘူး၊ သွားဖုံးမှာ အနာရှိနေရင် မေးခိုင်ပိုး ဝင်တတ်တယ်၊ သွားပဲ့သွားရင် အစာဝါးမကောင်းဘူး။"

"သွားတိုက်ဆေးနဲ့ သွားတိုက်ရာမှာ ဆေးကသွားကို အနံ့ကောင်းစေတယ်၊ ဆပ်ပြာလိုပဲ၊ ဆေးမပါဘဲ ရေဆွတ်ပြီး (၇/၈)ကြိမ် တစ်နေ့ တိုက်နိုင်ပါတယ်၊ ပြာ, မီးသွေး, အုတ်နီခဲမှုန့်, ဆားကြမ်းတို့ကိုမသုံးသင့်ပါဘူး၊ ခန္ဓာကိုယ်ထဲက အရည်ကြည်တွေနဲ့ ထိုအမှုန့်တို့နဲ့ မရောစေသင့်ပါ၊ ဆားနုနဲ့သာ တိုက်သင့်ပါတယ်၊ ကလေးဆိုရင် ဆားကို အရည်ဖျော်ပြီးမှသာ တိုက်သင့်ပါတယ်။"

အကွပ်မရှိသောကြမ်း ပရမ်းပတာ

သင်တန်းကာလ တစ်ပတ် ရှိပြီးသောအခါ ကိုရင်တို့၏ သင်းပိုင်ဝတ်ပုံ, ဧကသီရန်းပုံ ပို၍အချိုးကျလာပါပြီ၊ ကိုရင်အားလုံးနီးပါး ဒူးချိုးကျလာလေပြီ၊ တချို့ ကိုရင်အနည်းငယ်တို့ကား သင်းပိုင်, ဧကသီ ညီညီ မဝတ်တတ်ကြသေးချေ၊ နေရာထိုင် ခင်းတာ, ခေါက်တာ အချိုးမကျတာ အနည်းငယ် ရှိနေပေသေးသည်၊ လက်ကန်တော့တင်ကိုလည်း ကိုရင်ကို့ကိုယ်တိုင် ပြုလုပ်နိုင်ကြပေပြီ၊ တချို့ကား အချိုးမကျတကျ၊ တချို့ကား လုံးဝ အချိုးမကျကြသေး၊ ထိုင်သည့်အခါ နောက်ပိုင်းမှ သင်္ကန်းစကို ရှေ့သို့သိမ်း၍ ထိုင်ကြဖို့ သတိပေးနေကြရသေးသည်၊ တချို့ သိမ်းထိုင်ဖို့ သတိမေ့နေကြသေးသည်၊ အိပ်ရာခင်း, စောင်, မျက်နှာသုတ်ပုဝါ, ခြင်ထောင်, သင်္ကန်း, သပိတ်, ဖိနပ်စသည်ကို စနစ်တကျ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ထားတတ်အောင်, ဘုရားဝတ်တက်ရာ၌ အသံ ညီညီညာညာ ညင်ညင်သာသာဖြင့် သာယာ

http://www.dhammadownload.com

နာပျော်ဖွယ်ရှိအောင် ပြောနေကြရ, ပြုပြင်နေကြရသေးသည်။

ဆရာတော်ကြီး, နာယကဆရာတော်များ, ဝန်ဆောင်အရှင်မြတ်များ, အဆောင်မှူးများ၏ ကိုရင်, သိက္ခာရှင်တို့၏ လိုချက်, လွဲချက်, ဟာချက်, မှားချက်တို့ကို ကိုယ်တိုင် ကျောင်းအခန်းတို့သို့ လှည့်လည်ကြည့်ရှုကာ ကြပ်မတ်ပြုပြင် ဖြည့်စွက်ပေးခြင်းသည် စည်းကမ်းသေဝပ်ရေးမှာ ထိရောက်လှပါပေသည်။ "နေချင်သလိုနေ, လုပ်ချင်သလို လုပ်ကြစေ"ဟု မျက်နှာလွဲထားလျှင်, ကိုရင်တို့, သိက္ခာရှင်တို့မှာ အချိုးမကျတာတွေ့ပါလျက် အမုန်းခံရမှာကို စိုးရိမ်ကြောက်ရွံ့၍ မပြောဘဲ, မပြုပြင်ဘဲ ပစ်ထားလျှင် ကြောင့်ကြမဲနေခဲ့လျှင်, ကိုယ်နဲ့ မဆိုင်သလို နေခဲ့လျှင်, တာဝန်မဲ့ နေခဲ့လျှင် အကွပ်မရှိသောကြမ်းကဲ့သို့ ပရမ်းပတာ ဖြစ်ကြပေလိမ့်မည်၊ ဆရာတို့၏ ပျော့ညံ့ချက်, အားနည်းချက်တို့ကို တချို့ ကိုရင်တို့, သိက္ခာရှင်တို့က အကွက်ကောင်းယူ၍ (အခွင့်ကောင်းယူ၍)သွေးတိုးစမ်းတတ်ကြသည်၊ အခွင့်သာလျှင် သာသလောက် ရောင့်တက်ချင်တတ်ကြသည်၊ ဆိုးတတ်ကြသည်။

ဆရာချစ်မြတ်နိုးသည့် တပည့်

ကိုရင်တို့, သိက္ခာရှင်တို့မှာ မိဘအမျိုးမျိုးမှ မွေးဖွားလာကြသည့် သားသမီးများ ဖြစ်သည့်အလျှောက် စရိုက်အမျိုးမျိုး ရှိကြပါသည်၊ တချို့ကား အင်မတန် အေးဆေးရိုးသားပြီး စာကြိုးစားကြပါသည်၊ စည်းကမ်းကို ရိုသေကြသည်၊ ဆရာ့စကားကို လေးလေးစားစား လိုက်နာကြသည်၊ ကူညီစရာရှိလျှင် ကူညီကြသည်၊ တချို့ကား တစ်ဖက်သားကို ဒုက္ခမပေးတတ်သော်လည်း အချိန်ကို တန်ဖိုးမထားတတ်ကြ၊ အကျိုးရှိစွာ အသုံးမချကြ၊ စကားများနေတတ်ကြ၏၊ တချို့ကား ပျော်လို၍, တချို့ကား အနိုင်ကျင့်လို၍ သူတစ်ပါးကို နောက်တတ်, ပြောင်တတ်, စတတ်ကြ၏၊ တချို့ကား မည်သူကိုမျှ အနှောင့်အယှက်မပေးဘဲ သူ့ဘာသာသူ ဆော့ကစားနေတတ်၏၊ တချို့ကား ဆရာက ပြောဆိုဆုံးမလျှင် ရှေ့မှာ ရိုသေစွာ နားထောင်သည်၊ ကွယ်ရာမှာ လုပ်ချင်ရာလုပ်သည်။

တချို့ကား ဆရာတို့ ပြောလျှင် ကျိုးကျိုးနွဲနွဲမရှိ၊ အရေးမစိုက်၊ ဂရုမစိုက်၊ ပမာမခန့်ပုံစံ ပြသည်၊ တချို့ကား အစစအရာရာ ပြောမှ [illegible]လိုလောက်အောင်

http://www.dhammadownload.com

နေတတ်, ထိုင်တတ်, သွား, လာတတ်, ပြောတတ်, ဆိုတတ်, ဆက်ဆံတတ်, ကူညီတတ်, စည်းကမ်းလိုက်နာတတ်ကြသည်၊ ဆရာသမားတို့.အဖို့ ရာနှုန်းပြည့် ချစ်မြတ်နိုးစရာ တပည့်များပါသလို ချစ်စရာကောင်းသော မုန်းစရာကလေးများလည်း ပါလေသည်၊ အစစအရာရာ ကောင်းသော, တော်သော, မွန်မြတ်သော တပည့်တို့.ကို ဆရာတို့. ချစ်မြတ်နိုးကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်၊ ဆရာအရှင်မြတ်တို့သည် ကိုရင်တို့, သိက္ခာရှင်တို့.ကို စည်းကမ်းနှင့်စပ်၍ ဝက်အူရစ် တစ်ရစ်ချင်းတင်းသလို တင်း၍တင်း၍ ပေးလာကြပါသည်။

သနားလို.

အပြစ်ရှိသည့်အတွက် ဒဏ်ပေးမှုနှင့်စပ်၍ ဒုတိယပတ်အတွက် ဗုဒ္ဓသာသနာ့သမိုင်း ဟောပြောချိန်တွင် ဇေယျဝတီဆရာတော် မိန့်ကြားအပ်သော စကားမှာ ဆရာသမားတို့.၏ ဖြူစင်မွန်မြတ်သော နှလုံးသားကို လှစ်ပြထားပါသည်။

"ကိုရင်တို့, သိက္ခာရှင်တို့... ကိုရင်တို့, သိက္ခာရှင်တို့.က ကြီးမားတဲ့ အပြစ်ကို ကျူးလွန်ရင် မြင်းထန်တဲ့ အပြစ်ဒဏ်ကို ခံယူကြရမယ်၊ သေးငယ်တဲ့ အပြစ်ကို ကျူးလွန်ရင် ပေါ့ပါးတဲ့ အပြစ်ဒဏ်ကို ခံယူကြရမယ်၊ မကြီး, မငယ်, အလယ်အလတ် အပြစ်ကို ကျူးလွန်ရင် မပြင်းထန် မပေါ့ပါးတဲ့ အလယ်အလတ် အပြစ်ဒဏ်ကို ခံယူကြရမယ်၊ ခွင့်မလွှတ်နိုင်တဲ့အပြစ် ကျူးလွန်ရင်တော့ နှင်ထုတ်ခံရတဲ့ အပြစ်ဒဏ်ထိ ခံယူကြရမယ်၊ ဒီလို ဒဏ်ပေးရတယ်ဆိုတာဟာ ကိုရင်တို့, သိက္ခာရှင်တို့.ကို မုန်းလို့ ပေးတာ မဟုတ်ဘူး၊ ဒါမျိုးကို ဆက်လုပ်နေရင် ဒုက္ခရောက်လာမည်ကို ကြိုတင်မြင်ပြီး သနားလို့ ပေးတာပဲ ဖြစ်တယ်။"

"ကလေးတစ်ယောက်က တုတ်ချောင်း သို့.မဟုတ် အိုးခြမ်းကွဲကို ပါးစပ်ထဲ မျိုမိတယ်၊ လည်ချောင်းမှာ တစ်ဆို့နေတယ်၊ မိဘက သိတော့ ချက်ချင်းပဲ ဘယ်ဘက်လက်နဲ့ ကလေးရဲ့ခေါင်းကို ဆွဲမပြီး ညာဘက်လက် လက်ညှိုးကို ကွေးပြီး ကလေးပါးစပ်ထဲထည့်ကာ လည်ချောင်းက တုတ်ချောင်း, အိုးခြမ်းကွဲကို ဆွဲထုတ်ရတယ်၊ သွေးရဲရဲနဲ့ တုတ်ချောင်း, အိုးခြမ်းကွဲ အပြင်ထွက်

http://www.dhammadownload.com

လာတယ်၊ ဆွဲထုတ်တဲ့အခါ ကလေးမှာ နာကျင်ခံခက်တာကို မိဘတို့ သိကြပါတယ်၊ ဒါပေမယ့် ဒါကို မငဲ့နိုင်ဘူး၊ ဆွဲမထုတ်လိုက်ရင် ကလေးမှာ ဒီထက်ပိုပြီး ဒုက္ခရောက်မည်ကို ကြိုတင်မြင်လို့ လတ်တလော နာတဲ့ဒုက္ခကို မငဲ့ဘဲ လုပ်ရတာ ဖြစ်တယ်၊ ဒီလိုပဲ ကိုရင်တို့, သိက္ခာရှင်တို့ ဒဏ်ထမ်းရတဲ့ အခိုက်မှာ ဆင်းရဲမှု ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် မလုပ်သင့်တာတွေကို ဒီလိုလုပ်နေရင် ပိုမို ဒုက္ခရောက်ပါလိမ့်မယ်၊ အဲဒီ ရောက်လာမယ့် ဒုက္ခကို ကြိုတင်ကာကွယ်ပေးတဲ့အနေနဲ့ အခုလို ဒဏ်ပေးကြခြင်းဖြစ်တယ်၊ မုန်းလို့ မဟုတ်ဘူး၊ သနားလို့ ဆိုတာ နားလည်ကြရမယ်။”

နှမ်းခိုးစားသည့် မင်းသား

တိုက်ဆိုင်မှုကလည်း ရှိ–ရှိနိုင်လွန်းသည်၊ သင်တန်း၏ ဒုတိယပတ်မှာ ဗုဒ္ဓသာသနာသမိုင်း ဟောပြောသော ဧယျဝတီဆရာတော်၏ တုတ်ချောင်းမျိုးမိသော ကလေးကို ဥပမာပြု၍ ဟောသွားသည်နှင့် ဒုတိယပတ် ညနေပိုင်း (၅)နာရီတွင် ညဝါဒပေးတော်မူသော ကျောက်တန်းဆရာတော် ဟောသွားသော “နှမ်းခိုးစားသည့် မင်းသား” အကြောင်းမှာ တစ်နေ့တည်းတွင် တိုက်ဆိုင်နေပါသည်၊ အဓိပ္ပာယ်က တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါသည်၊ တိုင်ပင်၍ ဟောကြလေသလောဟုပင် အတွေးဝင်မိပါသည်၊ ကျောက်တန်း ဆရာတော်က ကိုရင်, သိက္ခာရှင်တို့အား မင်းသားအကြောင်းကို ဤသို့ မိန့်ကြားတော်မူပါသည်။

“ရှေးတုန်းက ဗာရာဏသီမင်းရဲ့ သားတော်ဟာ တက္ကသိုလ်ပြည်မှာ ပညာသင်ကြားနေတယ်၊ တစ်နေ့မှာ အဲဒီမင်းသားဟာ အဘွားအိုတစ်ယောက် လှန်းထားတဲ့ နှမ်းကို စားချင်တာနဲ့ တစ်ဆုပ်ယူပြီး စားလိုက်တယ်၊ အဘွားအိုက ဘာမှမပြောဘဲ နေတယ်၊ ဒုတိယတစ်ကြိမ် စားပြန်တယ်၊ အဘွားကလဲ ဘာမှမပြောသေးပါဘူး၊ အသာပဲ ကြည့်နေသေးတယ်၊ တတိယအကြိမ် ယူပြီး စားပြန်တယ်၊ တတိယအကြိမ် ယူစားတဲ့အခါမှာတော့ အဘွားအိုက တက္ကသိုလ်ဆရာကို ငိုပြီး တိုင်ကြားတယ်၊ ဆရာက နှမ်းရဲ့ တန်ဖိုးပေးဖို့ မင်းသားကို ပြောတယ်၊ အဘွားအိုက ‘တန်ဖိုးကို မလိုချင်ပါဘူး၊ နောင်... ဒီလိုမလုပ်ဖို့သာ ဆုံးမပေးပါ’လို့ ပြောတယ်။”

http://www.dhammadownload.com

"အဲဒီအခါ ဆရာက မင်းသားရဲ့ ကျောပြင်ကို ဝါးခြမ်းစိတ်နဲ့ သုံးချက်ရိုက်ပြီး ဆုံးမလိုက်တယ်၊ မင်းသားက ဆရာကို ဒေါသအမျက်နဲ့ကြည့်ပြီး 'ငါ မင်းဖြစ်တဲ့အခါ ဆရာကိုခေါ်ပြီး သတ်မယ်'လို့ အငြိုးထားသွားတယ်၊ အဲဒီလို ရန်ငြိုးထားသွားတာကိုလဲ ဆရာက ချက်ချင်းသိလိုက်တယ်။"

"မင်းသားဟာ ပညာတတ်ပြီး တိုင်းပြည်ပြန်ရောက်လို့ မင်းဖြစ်တဲ့အခါ တက္ကသိုလ်မှ ဆရာကို လက်ဆောင်နဲ့အတူ လူတစ်ယောက်လွှတ်ပြီး အခေါ်ခိုင်းလိုက်တယ်၊ ဆရာက အခေါ်လွှတ်ခြင်းရဲ့အကြောင်းကို သိတယ်၊ ဒါပေမယ့် ဒီမင်းဟာ ယခုအခါ အသက်အရွယ် အတော်အတန်ကြီးလာပြီ၊ ဆုံးမလို့ ရနိုင်ကောင်းရဲ့လို့ တွေးပြီး လိုက်သွားတယ်။"

မင်းထံရောက်တဲ့အခါ မင်းက "ဆရာ... နှမ်းတစ်ဆုပ်ကြောင့် အကျွန်ုပ်ကို ရိုက်ခဲ့တာကို ယနေ့တိုင် အကျွန်ုပ်မမေ့သေးဘူး၊ ဆရာကို ယခု ခေါ်တာဟာ သတ်ဖို့ ခေါ်တာဖြစ်တယ်"လို့ ပြောလိုက်တယ်။

ဆရာကလဲ...

"အရှင်မင်း... မကောင်းတာလုပ်လို့ တားမြစ်တာဟာ ဆုံးမတာပဲဖြစ်တယ်၊ ရန်သူလို့ မမှတ်သင့်ဘူး၊ အကယ်၍ နှမ်းကို ခိုးယူတုန်းက မဆုံးမဘဲနေလိုက်ရင် နှမ်းနဲ့ပြုလုပ်ထားတဲ့ မုန့်, ပဲနဲ့ပြုလုပ်ထားတဲ့ မုန့်စတဲ့ ခဲဖွယ်တို့ကိုလည်းကောင်း, ထို့နောက် သစ်သီးကြီးငယ်တို့ကိုလည်းကောင်း, ထို့နောက် အဝတ်အစား ရတနာ ရွှေငွေတို့ကိုလည်းကောင်း ခိုးယူခြင်း, လုယက်ခြင်း, တိုက်ခိုက်ခြင်း, သူပုန်ထခြင်းတို့ကို အဆင့်ဆင့်ပြုလာနိုင်တယ်၊ အဲဒီအခါ မင်းရဲ့ ဆန့်ကျင်ဘက်အနေနဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံရနိုင်တယ်၊ အဲဒီလို ဖြစ်လာရင် အသင်မင်းမှာ ဒီလို မင်းစည်းစိမ်ချမ်းသာကို ဘယ်မှာရနိုင်တော့မလဲ၊ ဆရာတည်းဟူသော အကျွန်ုပ်ကို အမှီရလို့သာ ဒီလို မင်းစည်းစိမ်ချမ်းသာကို ရသည်မဟုတ်ပါလော"လို့ လျှောက်တင်တယ်။

"ခြံရံနေတဲ့ မူးမတ်တွေကလဲ 'အရှင်မင်းကြီး... ဆရာ့စကားဟာ မှန်ပါတယ်၊ ဒီစည်းစိမ်ဟာ ဆရာ၏စည်းစိမ်သာ ဖြစ်ပါတယ်'လို့ လျှောက်တင်ကြတယ်။"

"အဲဒီအခါမှ မင်းဟာ ဆရာရဲ့ကျေးဇူးကို သိမြင်လာပြီး 'ဆရာ...

http://www.dhammadownload.com

အကျွန်ုပ် မှားသွားပါပြီ၊ ဆရာ့အား အကျွန်ုပ်၏ စည်းစိမ်အားလုံးကို ပေးပါတယ်' လို့ ဆိုလာတယ်၊ ဆရာကလဲ လက်မခံဘူး၊ ပယ်တယ်။"

"အဲဒီအခါ တက္ကသိုလ်ပြည်က ဆရာရဲ့ သားမယားတို့ကို ဆောင်စေပြီး များစွာသော အခြံအရံ စည်းစိမ်တို့ကို ပေးပြီး ဆရာကို ပုရောဟိတ်အရာမှာရော အဖအရာမှာပါ ထားပြီး ကိုးကွယ်တယ်" တဲ့။

ဆုံးမသွန်သင်လိုသည့် အကြောင်းအရာ အချက်အလက်တို့ကို ပုံဝတ္ထုလေးတွေ ပြောပြ၍ ကိုရင်တို့, သိက္ခာရှင်တို့ နှလုံးသားထဲမှာ စွဲဝင်သွားအောင် ရိုက်သွင်းပေးသည်မှာ အလွန်ပင် တန်ဖိုးရှိလှပါပေသည်၊ ကလေးတို့အား ကိုယ်လိုချင်သည့် ပုံသွင်းပေးရာတွင် ပုံဝတ္ထုလေးတို့မှာ လွန်စွာ စွမ်းအားကြီးလှပေသည်။

"အလိမ္မာ ပုံဝတ္ထုများ" စာအုပ်လေးကိုလည်း စာသင်ချိန် တစ်ချိန်တွင် ကိုရင်, သိက္ခာရှင်တို့ကို တစ်ပါးစီဖတ်စေကာ ကျန် ကိုရင်, သိက္ခာရှင်တို့ကနားထောင်ကြရပါသည်၊ ကြားဖူးသည့် ပုံဝတ္ထုများ ပါသလို မကြားဖူးသည့် ပုံဝတ္ထုများလည်း ပါပါသည်၊ ကြားဖူးသော်လည်း တချို့မှာ ပြည့်ပြည့်စုံစုံ မကြားဖူးပါ၊ ပုံဝတ္ထုများမှ သင်ခန်းစာများသည် ကိုရင်, သိက္ခာရှင်တို့၏ အနာဂတ် ဘဝခရီးအတွက် မီးရှူးတန်ဆောင်များပင် ဖြစ်ပါတော့သည်။

ရွာကိုလွမ်းသော ဥုံးနန္ဒ

နောက်တစ်နေ့ ညနေ (၅)နာရီတွင် တခြားကိုရင်အားလုံး သီလယူ, ဩဝါဒခံယူ, ဘုရားဝတ်တက်ဖို့ ဆွမ်းစားကျောင်းသို့ သွားကြကုန်ပြီ၊ ကိုရင်ကား ဗိုက်နာသဖြင့် အဆောင်မှူးများ၏ ခွင့်ပြုချက်ကို ရယူကာ အဆောင်တွင် ကျန်ရစ်ခဲ့ပါသည်၊ အဆောင်မှူးများဖြစ်သည့် ဘုန်းကြီး ဥုံးနန္ဒနှင့် ဥုံးပရမတို့ အဆောင်ကို စောင့်ရှောက်ရင်း စကားပြောနေကြပါသည်၊ ထိုအချိန်တွင် သင်တန်းအတွင်းရေးမှူးများဖြစ်သည့် အရှင်ဉာနဇောတာဘိဝံသနှင့် အရှင်ဓမ္မိကာဘိဝံသတို့ အဆောင်တွေကို လှည့်လည်ကြည့်ရှုရင်း ကိုရင်တို့အဆောင်သို့ ရောက်လာကြပါသည်၊ "ကိုရင်... ဘာကြောင့် မသွားသလဲ၊ ဘာဖြစ်နေလို့လဲ၊ စစ္စတာ-ဒေါ်လှမြင့်ဆီ မသွားဘူးလား၊ ဘာဆေးစားလဲ"ဟု မေးပြီး "ပျောက်သွားမှာပါ ကိုရင်"ဟု အားပေးကာ

http://www.dhammadownload.com



အမေရိက ဆန်ဟိုဆေးမြို့မှ ဗုဒ္ဓယဉ်ကျေးမှု
သင်တန်းဆရာ အရှင်ဓမ္မပီယနှင့် သင်တန်းသား
ဗီယက်နမ်ကလေးများ

http://www.dhammadownload.com



သြစတြေးလျ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းသားကလေးများ
တရားထိုင်နေကြပုံ

http://www.dhammadownload.com

အဆောင်မှူးနှစ်ပါးထံ သွား၍ စကားပြောနေကြပါသည်။

"ဘာတွေများ ပြောနေကြပါလိမ့်"ဟု တစေ့တစောင်း နားစွင့်နေမိပါသည်၊ မလှမ်းမကမ်း နေရာတွင် ရှိနေ၍ အရှင်မြတ်တို့ ပြောသမျှ အကုန်ကြားနေရပါသည်၊ သွက်သွက်လက်လက်ရှိသော အရှင်ဉာနုဇ္ဇောတာဘိသံသက အရှင်နန္ဒကို "ဘုန်းကြီး... ရွာကိုမလွမ်းဘူးလား"ဟု စ၍ မေးပါသည်၊ "ဘုန်းကြီး ရွာက တပည့်ကိုရင်, ကျောင်းသား, ကျောင်းသူတွေ, တပည့်ဒကာ-ဒကာမတွေ, မိဘဆွေမျိုးတွေကို လွမ်းချင်လွမ်းမှာပေါ့၊ ဘုန်းကြီး မလွမ်းဘူးလား"ဟု အရှင်ဓမ္မိကာဘိဝံသကပါ ထပ်စွက်၍ မေးပြန်ပါသည်။

"အသက် (၈၀)ကျော်ရှိပြီး တစ်ခါတရံ မကျန်းမမာဖြစ်နေတဲ့ မယ်တော်ကြီးကို မကြာမကြာ သတိရပါတယ်၊ ကျန်းကျန်းမာမာမှ ရှိရဲ့လား၊ ဘာတွေများ လိုနေပါလိမ့်မလဲလို့ စိုးရိမ်ပူပန်စိတ်တော့ ဖြစ်မိပါတယ်။"

ရိုးသားပြီး သဘောကောင်းသော ဘုန်းကြီးဥုံးနန္ဒသည် သွားလေးတွေပေါ်အောင် ပြုံးလိုက်ပြီး "ဒီက ကိုရင်တွေ, သိက္ခာရှင်မတွေကို မြင်ရတိုင်း ရွာက တပည့် ကိုရင်, ကျောင်းသားတွေကိုတော့ လွမ်းပါတယ်"ဟု ပြောပါသည်။

"ဒီက ကိုရင်, သိက္ခာရှင်တွေကို မြင်ရတာနဲ့ ဘုန်းကြီးက ဘာကြောင့် လွမ်းရတာပါလဲ"ဟု အရှင်ဉာနုဇ္ဇောတာဘိဝံသက စပ်စုနေပြန်ပါသည်။

"တပည့်တော် ရွာမှာ တပည့်တော်က နှစ်စဉ် ဒုလ္လဘရဟန်းတွေ ဝတ်ပေးပြီး (၁၀)ရက် တရားစခန်း ဖွင့်ကာ တရားရှုမှတ်စေပါတယ်၊ ကျောင်းသားတွေကို ကိုရင်ဝတ်ပေးတယ်၊ ကျောင်းသူတွေကို သိက္ခာရှင်ဝတ်ပေးတယ်၊ ကိုရင်, သိက္ခာရှင်တွေကိုတော့ ဗုဒ္ဓယဉ်ကျေးမှုစာတွေ ဒီဂွေတောင်ကုန်း သာသနာ့ရိပ်သာက ပုံစံအတိုင်း ဘင်ပြပေးပါတယ်၊ တရားလေထိုင်စေပါတယ်၊ တပည့်တော်ရွာမှာ ဒီရိပ်သာမှာလောက်တော့ အစစအရာရာ စနစ် မကျသေးဘူးပေါ့၊ ပြည့်လဲမပြည့်စုံသေးဘူးပေါ့၊ ဒုလ္လဘရဟန်း, ကိုရင်, သိက္ခာရှင်တွေရဲ့ အဝတ်တွေကို တပည့်တော်ကပဲ တာဝန်ယူလျှော်ဒါန်းပါတယ်။"

"ဒုလ္လဘရဟန်းတွေက တချို့နှစ်မှာ (၄၀), တချို့နှစ်မှာ (၅၀), တချို့နှစ်မှာ (၆၀), ဒီနှစ်တော့ (၈၀)ထိတောင် ရှိသတဲ့၊ တပည့်တော် ဒီရောက်ခိုက် ရွာမှ တပည့်ဥုံးဇင်းကွက်ကပဲ တာဂန်ယူ ဆောင်ရွက်ကြပါတယ်၊ ကိုရင်ကလဲ

http://www.dhammadownload.com

(၂၅/၃၀)၊ သိက္ခာရှင်ကလဲ (၂၅/၃၀) လောက်စီတော့ ရှိပါတယ်၊ ဒီလို လုပ်ပေးခဲ့တာ (၁၇) နှစ်လောက်ရှိသွားပြီ၊ ဒီသာသနာ့ရိပ်သာမှ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်ပွဲမှ ဆုပေးပွဲထိ တစ်လတာ သင်တန်းလှုပ်ရှားမှုတွေ အားလုံးကို ဗီဒီယိုခွေနဲ့ မှတ်တမ်းတင်ရိုက်ကူးသွားပြီး ရွာကို ပြချင်တယ်၊ ရွာကလူတွေ အားကျရအောင်, အတုယူရအောင်လို့ပါ၊ ဒီနှစ်တော့ မရိုက်လိုက်နိုင်ဘူး၊ နောက်နှစ်တော့ ရိုက်မယ်၊ ဒီက ပုံစံအတိုင်း ဖြစ်နိုင်သမျှ ဖြစ်အောင် ကြိုးစားမယ်၊ အစစအရာရာ ပြည့်ပြည့်စုံစုံနဲ့, အချိုးကျကျနဲ့ ဒီရိပ်သာက ကိုရင်, သိက္ခာရှင်လေးတွေကို မြင်ရလေတိုင်း တပည့်တော်ရွာမှာ ကိုရင်ဝတ်ကြ, သိက္ခာရှင်ဝတ်ကြတဲ့ တပည့်တွေကိုတော့ လွမ်းမိပါတယ်” တဲ့။

ဘုန်းကြီးဥုံးနန္ဒသည် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် တည်တောရွာမှ ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသို့ လာရောက်၍ ကူညီပြသပေးခဲ့သည်မှာ (၈)နှစ် (၉)နှစ်လောက် ရှိပြီဟု သိရပါသည်၊ လွန်ခဲ့သည့် အနှစ်(၂၀)လောက်က ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ထံ တရားအားထုတ်ခဲ့သဖြင့် ဆရာ့ကျေးဇူးကို ဆပ်သောအားဖြင့် ယခုလို လာရောက်ကူညီ သင်ပြပေးသည်ဟု ဆိုပါသည်။

ပြည်ပမှ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းများ

“ဘုန်းကြီးရွာမှာ နောက်နှစ်တွေလဲ မပျက်မကွက်ဘဲ ဆက်လက် ကြိုးစားသွားပါ၊ ဝမ်းသာလှပါတယ်၊ ဒီလို လုပ်ပေးကြမှလဲ ကလေးငယ်များဟာ ဗုဒ္ဓသာသနာရဲ့ အနှစ်သာရတွေကို သိကြပြီး သာသနာတော်ကို လေးစားမြတ်နိုးကြကာ စောင့်ရှောက်ထိန်းသိမ်းကြလို့ သာသနာအတွက်ရော နိုင်ငံအတွက်, လူမျိုးအတွက်ပါ အားထားရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်လာနိုင်မှာပါ ဘုရား”ဟု အရှင်ဓမ္မိကာဘိဝံသက လျှောက်ထားသောအခါ ဘုန်းကြီးဥုံးနန္ဒက သူ၏ဆန္ဒကို ပြောပြလာပါသည်။

“ဟုတ်တယ် ဥုံးဇင်း၊ မြန်မာနိုင်ငံက မြို့တွေ, ရွာတွေမှာ ဒီရွှေတောင်ကုန်းသာသနာ့ရိပ်သာက ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းလို ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့, လက်တွေ့, သင်ပေးနိုင်ကြရင် သိပ်ကောင်းမှာပဲ၊ ကိုရင်တွေ



အမေရိက ဘာရီမြို့မှ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း တက်ရောက်သည့် အနောက်တိုင်းကလေးငယ်များ

http://www.dhammadownload.com

http://www.dhammadownload.com

ဝတ်ပေး, သိက္ခာရှင်တွေ ဝတ်ပေးပြီး စနစ်တကျသင်ပေးတဲ့ သင်တန်းတွေ မြို့.တိုင်း, ရွာတိုင်းမှာ ပျံနှံ့သွားရင် ဗုဒ္ဓယဉ်ကျေးမှု ရှင်သန်လာမယ်၊ စည်ပင်လာမယ်၊ မြန်မာ့ယဉ်ကျေးမှုကိုလဲ တစ်ပါတည်း ထိန်းသိမ်းစောင့်ရှောက်ပြီး ဖြစ်သွားမယ်။"

"ဘုန်းကြီးကပြောလို့ စိတ်ထဲမှာ ပေါ်လာတယ်၊ ဒီရိပ်သာက ပုံစံအတိုင်း အကုန်လုံး မလုပ်နိုင်ပေမယ့် သူတို့.နေရာနဲ့. သင့်လျော်မယ့် အစီအစဉ်နဲ့. ကြီးစားနေကြတာတွေ ပြည်ပမှာလဲ ရှိပါတယ်၊ အမေရိက မက်ဆာချူးဆက်ပြည်နယ် ဘာရီမြို့. ဝိပဿနာ ကမ္မဋ္ဌာန်းဌာနမှာ တပည့်တော်တို့. ဆရာတော်ကြီး ဦးစိးပြီး ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း ပြုလုပ်ပေးခဲ့ပါတယ်၊ (၁၉၈၉-၁၉၉၁) ခုနှစ်တွေမှာ ပြုလုပ်ပေးခဲ့တယ်၊ ပထမနှစ်မှာ သင်တန်းသား (၁၅)ယောက်ရှိပြီး ဒုတိယနှစ်မှာ သင်တန်းသား(၂၀)ရှိလာပါတယ်၊ သင်တန်းကာလကတော့ (၅)ရက်မျှပါပဲ၊ (၁၉၉၃)ခုနှစ်မှာလဲ ပြုလုပ်လို နေကြတယ်၊ သင်တန်းကာလ(၁၀)ရက်ထိ ပြုလုပ်ပေးဖို့ သင်တန်းတက် ရောက်တဲ့ အနောက်တိုင်းသားကလေးတွေက တောင်းဆို လာကြပါတယ်။"

"သြစတြေးလျ နိုင်ငံမှာလဲ တပည့်တော်တို့. ဆရာတော်ကြီးဦးစိးပြီး ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း တစ်ကြိမ် ပြုလုပ်ပေးခဲ့ပါပြီ၊ ဆရာတော်၏ တပည့် အရှင်ပညာသာမိက ယခုလဲ ဆက်လက် ပြုလုပ်ပေးနေပါတယ်။"

" နီပေါလ်နိုင်ငံမှ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကတော့ ပြည်ပက ဗုဒ္ဓယဉ်ကျေး မှု သင်တန်းတွေမှာ အအောင်မြင်ဆုံးပါပဲ၊ သင်တန်းသား (၅၀၀) ထိတောင် ရှိလာပါတယ်။ ပြည်ပမှာတော့ ကိုရင်ဝတ်, သိက္ခာရှင်ဝတ်ပြီး သင်ယူကြတဲ့ အခြေအနေအထိတော့ မရောက်သေးပါဘူး၊ လူဝတ်နဲ့ပဲ သင်ယူကြပါတယ်၊ တပည့်တော်တို့. ဆရာတော်ကြီးရဲ့. စီစဉ်ညွှန်ကြားမှုအရ နီပေါလ်ရိပ်သာမှာ တာဝန်ယူဆောင်ရွက်နေသည့် အရှင်အာသဘာစာရက ကိုရင်ဝတ်, သိက္ခာရှင်ဝတ် ပေးနေပါပြီ" တဲ့။

"အင်ဒိုနီးရှားနိုင်ငံက ဒီရိပ်သာမှာ လာရောက်တရားအားထုတ်နေတဲ့, ကျောင်းဆရာကြီး ဖြစ်ခဲ့သည့်ဥုးခန္တီဓရောကလဲ သူ့နိုင်ငံမှာ ဒီလိုလုပ်ပေးဖို့. ဒီက သင်တန်း တက်ရောက်သင်ယူနေကြတဲ့ ကိုရင်, သိက္ခာရှင်လေးတွေကို ကြည့်ပြီး စိတ်အားထက်သန်နေတယ်၊ အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့

http://www.dhammadownload.com

ဒီသင်တန်းက ပြဋ္ဌာန်းစာအုပ်ကိုလဲ ယူသွားပါတယ်၊ အချိန်ဇယား, စည်းကမ်းစနစ်တွေကိုလဲ လေ့လာမှတ်သားသွားတယ်။"

"ကနေဒါနိုင်ငံ ဗန်ကူးပါးမြို့က ဗုဒ္ဓသာသနာဝင် ဒကာ, ဒကာမတွေကလဲ ဗန်ကူးပါးမှာ ဒီသင်တန်းမျိုး ပြုလုပ်ချင်တဲ့ ဆန္ဒတွေပြင်းပြနေကြတယ်။"

ပြည်ပအတွေ့အကြုံရှိသော အရှင်ဓမ္မိကာဘိဝံသက ပြည်ပမှ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွေအကြောင်း ပြောပြနေချိန်တွင် ဘုန်းကြီးဉုးနန္ဒမှာ အံ့လည်းအံ့သြ, ဝမ်းလည်းဝမ်းသာ နေပေသည်။

"ပြည်ပမှာ ဒီလောက်ထိ ရှိကြောင်း, ကြိုးစားနေကြောင်းအရင်က မသိရဘူး၊ ဉုးဓမ္မိကပြောမှပဲ သိရတယ်၊ ဝမ်းသာလိုက်တာ ဉုးဓမ္မိကရယ်၊ ပြည်ပကတောင် ဒီလောက်ထိတန်ဖိုးထား ကြိုးစားနေကြသေးတာ တပည့်တော်တို့ ပြည်တွင်းက ပိုလို့ ကြိုးစားကြရမှာပေါ့။"

အရှင်မြတ်များ ပြောစကားကို ကြားရမှပင် ဒီလိုသင်တန်းတက်ခွင့်ရနေသော ကိုယ့်ဘဝကို ပိုလို့အားရကျေနပ်ပြီး တန်ဖိုးရှိကြောင်း ပိုမိုသိလာရပါသည်၊ ငါတို့လို မြန်မာနိုင်ငံမှ လူငယ်တွေ ဒီအခွင့်အရေးကို လက်လွတ်မခံသင့်ကြဟုလည်း စဉ်းစားမိပါသည်။

လူထွက်ချင်သူများနှင့် ဆရာတော်ကြီးစကား

ဆရာတော်ကြီးထံ လူထွက်လို၍ လာလျှောက်ကြသည့် ကိုရင်, သိက္ခာရှင်များကို တွေ့ရပါသည်၊ တစ်ခါကမူ သိက္ခာရှင်တစ်ပါး လူထွက်လို၍ သူမ၏ မိဘများနှင့်အတူ ဆရာတော်ကြီးထံ လာရောက်လျှောက်ထားရာ ဆရာတော်ကြီးက အခြေအနေကို မေးမြန်းကြည့်သည့်အခါ "အစာအိမ်ကျန်းမာရေး မကောင်းလို့"ဟု သိရ၍ စတုမဓူဆေးစားရင် အစာအိမ်ကောင်းသွားမှာပါ၊ ဘုန်းကြီးတို့လဲ မြင်ဘူးပါတယ်၊ ကောင်းသွားတာပဲ" ဟု အမိန့်ရှိပါသည်၊ ထိုအခါ သိက္ခာရှင်ဖခင် ဗိုလ်မှူးက "သမီးလေးအဖို့ ဒီနှစ်က အစဆုံး ဝတ်တာမို့ပါဘုရား၊ နောက်နှစ်တွေပါ မဝတ်ရဲပဲ လန့်သွားမှာ စိုးလို့ပါ ဘုရား"ဟု လျှောက်သောအခါ...

"အစပထမတိုက်ပွဲမှာ နောက်ဆုတ်သူဟာ နောက်ပွဲကျမှာလဲ ရှဲ့နေတတ်တယ်"ဟု ဆုံးမလိုက်ပါသည်။

http://www.dhammadownload.com

မည်မျှပင် ထွက်ချင်နေပါစေ ဆရာတော်ကြီးသည် အလျှော့မပေးသည့် ဘက်ကပင်၊ ထွက်မှသာ ထွက်ရော၊ ဆရာတော်ကြီးကား သာသနာတော်မှာ ပျော်အောင်, သင်တန်းပြီးသည်အထိ သင်ယူအောင် ဆွဲဆောင်ရာတွင် တစ်ပြားသားမှ မလျှော့ပါပေ။

သိက္ခာရှင်လေး တစ်ပါးကမူ ငိုပြီး မိဘများနှင့်အတူ ဆရာတော်ကြီးထံ ရောက်လာပါသည်၊ နေ့ဆွမ်းစား သွားကာနီးမှာ ရောက်လာရာ ဆွမ်းစား သွားမည့်ဆဲဆဲ ဖြစ်နေပါသည်၊ ဆရာဟော်ကြီးသည် "ယဉ်ကျေးသူဆိုတာ လိမ္မာရတယ်၊ မမိုက်ရဘူး"ဟု ဆုံးမလိုက်ပါသည်။

ရန်ကုန်မြို့က မဟုတ်ဘဲ အခြားမြို့တစ်မြို့မှ ဤသင်တန်းသို့ လာရောက်သင်ယူသည့် သိက္ခာရှင်လေးတစ်ပါး၏ မိဘများကမူ "အဘိုးသေ၍ သိက္ခာရှင်လေးကို ခေါ်သွားလိုကြောင်း လျှောက်ထားကြရာ ပြည်ပကပင် တန်ဖိုးထားတဲ့ ဗုဒ္ဓယဉ်ကျေးမှုကို မြန်မာတွေက တန်ဖိုးမထားကြဘူး"ဟု အားမလိုအားမရ ဖြစ်ကာ မိန့်ကြားလိုက်ပါသည်။

ဆရာတော်ကြီး ဟောပြောတိုက်တွန်းလိုက်လျှင် ဆရာတော်ကြီးဘက်ပါလာသည်က များပါသည်၊ တစ်ခါတရံမှ ဆရာတော်ကြီးက ပွဲပြီးသွားသည့်တိုင်း အရှုံးမပေးသော်လည်း ရှုံးသွားတာတွေလည်း ရှိပါသည်၊ သို့သော် ဆရာတော်ကြီးဘက်ကမူ ဘယ်တော့မှ အလျှော့မပေးပေ။

တီဗွီဂိမ်း လိုချင်လို့ ရှိုးလိုက်တဲ့ ကိုရင်လေး

ကိုရင်, သိက္ခာရှင် အမျိုးမျိုးကို တွေ့ရပါသည်၊ ကိုရင်လေးတစ်ပါးကား မိဘတွေနဲ့ မတွေ့သေးလျှင် ပျော်ပျော်ရွှင်ရွှင် စာတက် စာကျက်နေပါသည်၊ အသက်ကတော့ (၇)နှစ်လောက်ပဲ ရှိပါသေးသည်၊ ဘွဲ့က ရှင်ပညာသီဟ-တဲ့၊ သူ့မိဘတို့ကား ဆရာဝန်တွေ ဖြစ်ပါသည်၊ ကိုရင်လေးကလဲ ဉာဏ်ကောင်းပြီး သွက်သွက်လက်လက် ချက်ချက်ချာချာရှိကာ အကင်းပါးပါသည်၊ ရုပ်ကလေးကလဲ သနားကမားနဲ့ ချစ်စရာကောင်းပါသည်၊ မိဘများကလဲ အတော်အလိုလိုက်ပုံရပါသည်။

ထိုကိုရင်လေးသည် သူ့မိဘများက သူ့ထံလာလျှင် ဟန်ပန်အမူအရာ အပြည့်အဝနဲ့ ငိုပြပါတော့သည်၊ "အခုပဲ ထွက်တော့မည်"ဟု အဂျာက်

http://www.dhammadownload.com

အကန် ပြောဆိုနေပါတော့သည်၊ လူမထွက်စေချင်သော မိဘတို့က လူမထွက်ဖို့ တားကြပါသည်၊ ကိုရင်လေးက "ထွက်တော့မယ်၊ အခုပဲ ထွက်တော့မယ်"ဟုဆိုကာ ပို၍ကြမ်းလာပါတော့သည်၊ "ကိုရင်... မထွက်နဲ့နော်၊ တီဗွီဂိမ်း ဝယ်ပေးမယ်၊ ကြားလား၊ သင်တန်းပြီးအောင် တက်နော်"ဟုဆိုလာသောအခါ "တကယ်ဝယ်ပေးမှာလား"ဟု ကိုရင်လေးက မေးပါသည်၊ "ဒီလိုဆိုရင် နက်ဖြန် ဝယ်ပြီးယူလာခဲ့၊ ကိုရင့်ကိုပြ"ဟု ပြောလိုက်ပါသည်။

မိဘတို့ကား ပြန်သွားကြပြီ၊ မိဘတို့ ပြန်သွားပြီးလျှင် ပြီးချင်း ကိုရင်လေးကား ပြိုးလို့ ရွှင်လို့၊ အခြားကိုရင်များနှင့် ရယ်ရယ်မောမော စကားပြောလျက်ပင်၊ "ခုနကတော့ ငိုလို့၊ အခုတော့ ရယ်လို့ပါလား ကိုရင်ရယ်"ဟု အဆောင်မှူးဘုန်းကြီးက ပြောသောအခါ "တီဗွီဂိမ်း လိုချင်လို့ ရှိုးလိုက်တာပါဘုရား" တဲ့၊ "တယ်လဲတတ်နိုင်တဲ့ ကိုရင်ပါလား"ဟု စဉ်းစားကာ ရယ်မိပါသည်။

သာမဏေမွန် လောင်းလျာ

ဒုတိယပတ်စာမေးပွဲ ဖြေပြီးပါပြီ၊ အမှတ်ကတော့ အပြည့်ပင်ရပါသည်၊ အဆင့်တူနေသည် ရှင်ဉာနဇလလည်း အမှတ်ပြည့်ပင် ရပါသည်၊ ရှင်ဉာနဇလလည်း အစစအရာရာ တော်ပါသည်၊ အနေအထိုင်ကောင်းပါသည်၊ မွန်မြတ်သော စိတ်ထားရှိပါသည်၊ စာသင်ပြသည့်ဆရာ, အဆောင်မှူး, ထိန်းသိမ်းသူတို့အပြင် အတူနေ ကိုရင်တို့၏ ချစ်ခင်မြတ်နိုးလေးစားခြင်းကို ခံယူရပါသည်။

အဆောင်သန့်ရှင်းရေး, အဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေး, ကုဋီသန့်ရှင်းရေး, သောက်ရေဖြည့်ရေးတို့တွင် သွက်သွက်လက်လက် တက်တက်ကြွကြွ ရှိလှပါသည်၊ ဆရာသမားတို့၏ အဆုံးအမကို နာခံသည်၊ စည်းကမ်းကို ရိုသေသည်၊ အားလပ်လျှင် စာဖတ်, စာကျက်နေပါသည်၊ သူလည်း ကိုရင်ကဲ့သို့ သာမဏေမွန် မှန်းလျက်ရှိပါသည်၊ သိက္ခာရှင်တို့ဘက်ကလည်း သိက္ခာရှင်မွန် မှန်းလျက်ရှိကြပါသည်။

ဘက်စုံဆွန် သိက္ခာရှင်မွန်နှင့် သာမဏေမွန်များ

တတိယပတ်တွင် ညနေ(၅)နာရီ၌ ဩဝါဒပေးရန် ဇေယျဝတီဆရာတော်

http://www.dhammadownload.com

၏ အလှည့်ရောက်လာပါသည်၊ ဆရာတော်က ကိုရင်, သိက္ခာရှင်တို့.အား အားကျဖွယ်ရာ သာမဏေမွန်, သိက္ခာရှင်မွန်တို့.အကြောင်း ပြောပြပါသည်။

"ကိုရင်တို့, သိက္ခာရှင်တို့... (၁၉၈၇)ခုနှစ်က (၁၀)တန်း စာမေးပွဲမှာ တစ်နိုင်ငံလုံး၌ ဘာသာစုံ ဂုဏ်ထူးနဲ့ ပထမ ရသွားတဲ့ မလဲ့ရွှေဇင်ကို ရပ်မြင်သံကြား အစီအစဉ်မှာရော သတင်းစာမှာပါ တွေ့ကောင်း တွေ့လိုက်ကြပါလိမ့်မယ်၊ ခေါင်းတုံးကလေးနဲ့လေ၊ အဲဒီလို ခေါင်းတုံးလေးနဲ့ ဖြစ်နေတာကတော့ သူမက သိက္ခာရှင် ဝတ်ခဲ့လို့ပဲ၊ အဲဒီတုန်းကတော့ မဟာစည်ရိပ်သာမှာပေါ့၊ သူမရဲ့ ဘွဲ့က 'မဝဏ္ဏသာရာ' တဲ့၊ ဘုန်းကြီးတို့ ဆရာတော်ကြီး ဦးစီးပြီး ဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှာ အကြီးတန်းကို တက်ရောက်သင်ယူခဲ့တယ်၊ 'သိက္ခာရှင်မွန်' ရသွားပါတယ်၊ သိက္ခာရှင်မွန်ဘဝမှ လူဝတ်လဲတဲ့ မလဲ့ရွှေဇင်လေးဟာ (၁၀)တန်းမှာ တစ်နိုင်ငံလုံး (၆)ဘာသာဂုဏ်ထူးနဲ့ ပထမရခဲ့ပြန်တယ်၊ လူချွန်လူမွန်တွေဟာ အရာရာမှာ ချွန်မွန်တတ်ကြတယ်။"

"နောက်တစ်ယောက် ရှိသေးတယ်၊ သူကတော့ သာမဏေမွန် (၃)ထပ်ကွမ်းပဲ၊ ဘွဲ့က 'ရှင်ဉာနာနန္ဒ' တဲ့ အခု သန်လျင်မြို့ မင်းကျောင်းမှာ ရောက်နေတယ်၊ (၁၉၉၁)ခုနှစ်က အစိုးရမူလတန်း စာမေးပွဲ၌ တစ်နိုင်ငံလုံးမှာ ပထမရတယ်၊ အဲဒီကိုရင်က လူဝတ်နဲ့ (၁၀)တန်းကို (၃)ဘာသာဂုဏ်ထူးနဲ့ အောင်ပြီးမှ ကိုရင်အပြီးဝတ်သွားတယ်၊ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအငယ်, အလတ်, အကြီး (၃)တန်းမှာ သာမဏေမွန်ပဲ၊ အထူးတန်းမှာတော့ တစ်ပတ်နောက်ကျသွားလို့ သာမဏေမွန် မရလိုက်ဘူး၊ တစ်ပတ်သာ နောက်မကျလိုက်ရင် သာမဏေမွန် (၄)ထပ်ကွမ်းပေါ့။"

" ဒီနှစ် ဒီသင်တန်း အကြီးတန်းမှာ သင်ယူနေတဲ့ ရှင်ပညာဝုဓဟာ သာမဏေမွန် (၂)ထပ်ကွမ်း ရခဲ့တယ်၊ အကြီးတန်းမှာလဲ သာမဏေမွန်မှန်းထားတယ်၊ အထူးတန်းမှာလဲ မှန်းလိမ့်မယ်၊ သူလဲ သာမဏေမွန် (၄)ထပ်ကွမ်း ဖြစ်ဖို့ အလားအလာ ရှိတယ်၊ သူ့ဖခင် ဒေါက်တာ ဦးကျော်မြင့်က ဘုန်းကြီးကို လျှောက်တယ် 'ဒီသင်တန်း တက်ရောက်သင်ယူခဲ့လို့ အစစအရာရာ စည်းစနစ် ကောင်းမှုတို့ကြောင့် သူ့သားဟာ အပြင်အတန်းကျောင်းမှာလဲ ထူးချွန်တယ်လို့ ခံယူပါတယ်' တဲ့၊ (၈)တန်းမှာ (၆)ဘာသာလုံး

http://www.dhammadownload.com

(ဘာသာစုံ) ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်" တဲ့။

"ကိုရင်တို့, သိက္ခာရှင်တို့လဲ အဲဒီကိုရင်, သိက္ခာရှင်တို့လို သာမဏေမွန်, သိက္ခာရှင်မွန်တွေ ဖြစ်အောင် ကြိုးစားကြပါ" တဲ့။

လိုက်နာရသည့် အခြားစည်းကမ်းများ

ကိုရင်တို့, သိက္ခာရှင်တို့ လိုက်နာရသည့် အခြားစည်းကမ်းများလည်း ရှိပါသေးသည်၊ တစ်ပါးနှင့်တစ်ပါး စကားပြောကြရာတွင် "မင်း, ငါ, ဟိုကောင်, ဟိုကောင်မ, နင်, ဒီကောင်, ဒီကောင်မ" လူ့အသုံးအနှုန်းများကို မသုံးရပါ၊ "ကိုရင်, တပည့်တော်, အရှင်ဘုရား" စသည့် သာမဏေတို့ အသုံးအနှုန်းကိုသာ သုံးရပါသည်၊ သိက္ခာရှင်များကလည်း "ဆရာလေး, တပည့်တော်, ဆရာလေး မဝိစိတ္တာ" စသည်ဖြင့်သာ သုံးနှုန်းပြောဆိုကြရပါသည်၊ တစ်ပါးနှင့်တစ်ပါး မောင်ရင်း, နှမရင်းများကဲ့သို့ သန့်ရှင်းစွာ ရိုင်းပင်းကူညီ ဆောင်ရွက် ဆက်ဆံကြရပါသည်၊ နောက်ဆုံး စာမေးပွဲ ဖြေပြီးသည်အထိ အပြင်သို့ ဆွမ်းစား မသွားကြရပါ၊ သင်တန်း ပြီးဆုံးသည်အထိ မနေနိုင်လျှင်မူ ဆရာတော်တို့၏ ခွင့်ပြုချက်ဖြင့် သင့်တော်သော နေ့တစ်နေ့၌ အပြင်သို့ ဆွမ်းစားသွားခွင့် ရှိပါသည်။

ကိုရင်တို့, သိက္ခာရှင်တို့ အခန်းတွင်း၌ ရွှေနှင့်လက်ဝတ်လက်စား ရတနာပစ္စည်းများ, ဖဲကစားခြင်း, ကျားကစားခြင်း စသည်တို့၌ အသုံးပြုသော ပစ္စည်းများ, အန္တရာယ်ဖြစ်စေနိုင်သည့် ဓား စသော ပစ္စည်းများ, ပိုက်ဆံ, သစ်သီး, မုန့် စသော စားဖွယ်များ မထားကြရပါ၊ ပိုက်ဆံ မကိုင်ရပါ၊ ပိုက်ဆံကိုင်ပြီး ဖုန်းဆက်ခြင်း, ဈေးဝယ်ထွက်ခြင်း မပြုလုပ်ကြရပါ၊ ရိပ်သာအပြင် မထွက်ကြရပါ၊ အခန်းနှင့် အခန်းတွင်းရှိ စားပွဲပေါ်တို့၌ ညစ်ပေ၍ မနေစေရပါ၊ ရိပ်သာပစ္စည်းများ ဖျက်ဆီးဖျောက်ပစ်ပါက ဘဏ္ဍာစား (တန်ဖိုး) ပေးလျော်ရပါသည်၊ သံဃာဆောင်, အမျိုးသား, အမျိုးသမီး, သိက္ခာရှင်ဆောင်များနှင့် ရုံးခန်းများသို့ မသွားကြရပါ၊ အဆောင်မှူးများ၏ အဆုံးအမများနှင့် အဆောင်စည်းကမ်းများကို တိကျစွာ လိုက်နာကြရပါသည်၊ သာမဏေထိန်းသူ, သိက္ခာရှင်ထိန်းသူတို့၏ ဆုံးမမှုများကို ရိုသေကျိုးနွံစွာ လိုက်နာကြရပါသည်။

http://www.dhammadownload.com

ကျောင်းအသုံးအဆောင် ပစ္စည်းများကို ရိုသေစွာ သုံးစွဲကြရပါသည်၊ အခန်း မကူးကြရပါ၊ လျှပ်စစ်မီးကို ည(၉)နာရီမှာ ပိတ်ရပါသည်၊ မီးဂို လိုအပ်မှသာ ဖွင့်ရပါသည်၊ ကိစ္စပြီးလျှင် ချက်ချင်းပြန်ပိတ်ရပါသည်၊ မီးဖွင့် ထားပြီး မအိပ်ရပါ၊ ဝစ္စကုဋိ (ကျင်ကြီးအိမ်)ကို သုံးရာ၌ သန့်ရှင်းစွာ သုံးကြရပါသည်၊ ကျင်ကြီး, ကျင်ငယ်တို့ကို ထိုင်ပြီး စွန့်ရပါသည်၊ ကိစ္စပြီးတိုင်း ရေလောင်းပြီး သန့်ရှင်းခဲ့ရပါသည်၊ တုတ် စက္ကူတို့ကို မသုံးကြရပါ၊ ဖိနပ်ကို အပြင်မှာ ချွတ်ရပါသည်၊ တံခါးကို ဖြည်းညှင်းညင်သာစွာ ပိတ်ကြရ, ဖွင့်ကြရပါသည်၊ လေကား အဆင်းအတက်နှင့် ကြမ်းနင်းရာတို့၌ ခြေသံ မကြားရအောင် ဖြည်းညှင်းညင်သာစွာ သွားကြရပါသည်။

ကြောင်ပုစွန်စား ကြွတ်ကြွတ်ဝါးသို့

"နမောတဿ" ဘုရားရှိခိုး, သရဏဂုံသုံးပါး, ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးသီလ, အာဇီဝဋ္ဌမကသီလ ဆောက်တည်ပုံ, ဘုရား, တရား, သံဃာ ရတနာသုံးပါး ဂုဏ်တော်များ, ဉာဏ်စဉ် (၁၆)ပါး ဘုရားရှိခိုး, ပဋ္ဌိပတ္တိပူဇနာ ကာရ ဘုရားရှိခိုး စသည့် ပါဠိတို့ကို သင်ယူကြရပါသည်၊ ပါဠိစာလုံးများကို ဖတ်ရှုလေ့ မရှိခဲ့သဖြင့် အစပိုင်း၌ အဖတ်ရခက်သော်လည်း ဆရာများ၏ သေချာစွာ သင်ပြမှုကြောင့် လွယ်ကူစွာ ဖတ်လာနိုင်ကြပါသည်၊ ပါဠိစကား လုံးဆိုလျှင် ဖတ်ဖို့ ဆွံ့တွန့်တွန့်ဖြစ်ခဲ့သော နှုတ်သည် ယခုအခါ သွက်သွက် လက်လက် ရှိလာပေပြီ၊ ပါဠိ မြင်လျှင် ရှောင်ကွင်းသွားချင်သော အကျင့်ရှိခဲ့ရာ ယခုအခါ မြင်မြင်သမျှ ပါဠိကို ကြောင်ပုစွန်စား ကြွတ်ကြွတ်ဝါးလိုသည့် ဆန္ဒများ ဖြစ်ပွားလာပါသည်။

မှတ်သားထားအပ်သော အမှားများ

ယခုအခါ ဗုဒ္ဓသာသနာဝင် ဒကာ, ဒကာမများ သီလဆောက်တည်ကြ ရာ၌ ပါဠိ အဖြတ်တောက် လွဲပုံနှင့် အသံထွက် လွဲမှားပုံများကို ထောက်ပြ၍ သင်ပြပေးကြသည်မှာလည်း အထူးပင် မှတ်သားလိုက်နာဖွယ် ကောင်းလ ပါသည်၊ စာတစ်လုံး လွဲလျှင်ပင် အနက်အဓိပ္ပာယ်မှာ တစ်မျိုးတစ်မည် ဖြစ်သွားကြောင်းလည်း ရှင်းပြကြပါသည်။

http://www.dhammadownload.com

ပါဠိမှန်မှ အနက်အဓိပ္ပာယ် မှန်နိုင်ကြောင်းနှင့် အနက်အဓိပ္ပာယ်မှန်မှ ဘုရားရှင် အလိုတော်ကို အမှန်အတိုင်း သိနိုင်ကြောင်းကိုလည်း ရှင်းပြကြသဖြင့် ပါဠိကို မှန်ကန်စွာ ဖတ်နိုင်မှု, ရေးနိုင်မှုသည် လွန်စွာအရေးကြီးကြောင်း ကိုရင်တို့ သိကြရပါသည်၊ ထို့ကြောင့် ဆရာတို့က မှားသည်ဟု ပြောပြထားသော ပါဠိ အမှား–အမှန် တွဲ၍ ဂဏန်းစဉ်ဖြင့် ဤသို့ မှတ်သားထားပါသည်။

	မှား	မှန်
၁။	သမံသမ္ဘုဒ္ဓဿ	သမ္မာသမ္ဘုဒ္ဓဿ (သန်မာ)
၂။	ဘဇ္ဇေ (ဘန်းတေ)	ဘဇ္ဇေ (ဘန်တေ)
၃။	ပဋ္ဌသီလံ (ပြင်စ)	ပဋ္ဌသီလံ (ပင်စ)
၄။	ဒေးထ	ဒေထ
၅။	ဒုတယမွိ	ဒုတိယမွိ
၆။	တတယမွိ	တတိယမွိ
၇။	ဝေရာမဏိ	ဝေရမဏိ
၈။	အဒိန္နဒါနာ	အဒိန္နာဒါနာ
၉။	မွုသာဝါဒါ	မုသာဝါဒါ
၁၀။	သူရာမေဒယ	သုရာမေရယ
၁၁။	အဇြမစရိယာ	အဇြဟ္မစရိယာ (အဗရဟမ)
၁၂။	ဥစ္စာသရန မဟာသရနာ၊	ဥစ္စာသယန မဟာသယနာ (ယ ပက်လက်သံနှင့် ထွက်ပါ။)

အကြီးတန်းမှ သင်ခန်းစာ

လေ့ကျင့်ခန်း စာမေးပွဲ (၂)ပတ် ဖြေပြီးပြီ၊ တချို့က (၂)ပတ်အောင်ရင် အောင်လက်မှတ်ရပြီဖြစ်၍ ကျန်သေးသည့် (၂)ပတ်စာအတွက် စာကြိုးစားမကျက်လိုကြတော့ပါ၊ (၄)ပတ်လုံး အမှတ်နည်းများအလိုက် အောင်စာရင်းထုတ်ရာတွင် အမှတ်နည်းရင် နည်းသလောက် အဆင့် အောက်ကျမည်ကို သူတို့ တွေးမိပုံမပေါ်ပါ၊ နောက် (၂)ပတ် အတွက်လည်း မပေါ့မလျော့ဘဲ တင်းတင်းရင်းရင်းနဲ့ ကြိုးစားသင့်ကြပေသည်၊ ကိုရင်သည် နောက်နှစ်၌လည်း လာ၍ ဤသင်တန်းသို့ တက်ရောက်သင်ယူဦးမည်၊ ကိုရင်သည် နောင်နှစ်

http://www.dhammadownload.com

တွင် အကြီးတန်းသို့ ရောက်ပေလိမ့်မည်။

ထို့ကြောင့် အကြီးတန်းတွင် ဘာတွေ သင်ယူရမည်ကို သိလိုသဖြင့် ကိုရင်၏ နေရာဘေးတွင် နေသော အကြီးတန်းမှ ရှင်ပညာဝုဓ၏ သင်ခန်းစာစာအုပ်ကို ခဏငှားရှာ ဖတ်ရှုလေ့လာကြည့်ပါသည်၊ အကြီးတန်း ရှင်ကျင့်ဝတ် ဘာသာမှာ အလတ်တန်း ရှင်ကျင့်ဝတ်နှင့် ထပ်တူပင် ဖြစ်နေပါသည်၊ အကြီးတန်း ပရိယတ်ဘာသာတွင် ပထမပိုင်းမှာ အလတ်တန်းတွင် သင်ယူရသည့် သင်ခန်းစာများပင် ဖြစ်ပါသည်၊ ပရိယတ် ဒုတိယပိုင်းတွင် မဟာစည် ဆရာတော်ကြီးဟောအပ်သော သလ္လေခသုတ် တရားတော်မှ ကောက်နှုတ်ချက်များကို သင်ယူရမည်ဖြစ်ပြီး တတိယပိုင်းတွင် လယ်တီဆရာတော် ရေးသားအပ်သော ပရမတ္ထသံခိပ်လင်္ကာ, စကားပြေတို့ဖြင့် စိတ်ပိုင်း, စေတသိက်ပိုင်း, ရုပ်ပိုင်း, နိဗ္ဗာန်အကြောင်းတို့ကို သင်ယူရပါမည်။

သူကြိုက်တဲ့ ကဗျာလေး (၂)ပုဒ်

အချိန်အားလပ်နေသဖြင့် ကိုရင်၏ဘေးမှ ကိုရင်ဝဏ္ဏကိတ္တိ၏ အငယ်တန်း သင်ခန်းစာ စာအုပ်လေးကိုလည်း လေ့လာမိပါသည်၊ အငယ်တန်း ပရိယတ်တွင် မင်္ဂလသုတ် ပါဝင်လာသည်ကို တွေ့ရပါသည်၊ ကိုရင်ဝဏ္ဏကိတ္တိသည် ကဗျာလေး (၂)ပုဒ်ကို အသံတစာစာဖြင့် ရွတ်၍နေတတ်ပေသည်၊ ကိုရင်ဝဏ္ဏကိတ္တိသည် ထိုကဗျာလေး (၂)ပုဒ်ကို အလွန်ကြိုက်နှစ်သက်ပုံ ပေါ်ပါသည်၊ မကြာခဏ ရွတ်ဆိုနေသံကြားရပါသည်၊ ကိုရင်ဝဏ္ဏကိတ္တိ ရွတ်ဖန်များသဖြင့် ကိုရင်သည် ထိုကဗျာလေး (၂)ပုဒ်ကို စိတ်ဝင်စားလာပါသည်၊ လေ့လာကြည့်သောအခါ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး ရေးသားထားကြောင်း သိရပါသည်၊ အဓိပ္ပာယ် အလွန်ကောင်းလှပါသည်၊ စာရှုသူလည်း စိတ်ဝင်စားလိမ့်မည်ဟု ယူဆ၍ ထိုကဗျာလေး (၂)ပုဒ်ကို ဖော်ပြလိုက်ပါသည်။

(၁) ဗုဒ္ဓကြောင်းရာ, ကောင်းစွာသိမှ, ဗုဒ္ဓကိုလည်း ကြည်ညိုမည်၊
ကြည်ညိုသူတွေ, ဟောညွှန်ပြမှ, စိတ်က နှစ်ခြိုက်လိုက်ကြသည်။
ဂုဏ်တော်တန်တန်, မှန်မှန်ရလို့, ခဏခဏ ရွတ်သင့်သည်၊
အကျိုးနှင့်ကံ, ဝေဖန်တတ်မှ, ကံကောင်းကံမြတ် ပြုလိမ့်မည်။

http://www.dhammadownload.com

(၂) တရားစစ်မှန်, ကျင့်ကြံကြမှ, ချမ်းသာသုခ ရနိုင်သည်၊
တရားတုတွေ, ကျင့်နေကြလို့, ဆင်းရဲဒုက္ခ ရောက်ရသည်၊
ယခုတဖန်, အမှန်လမ်းကို, အမြန်လှမ်းဖို့ ချိန်တန်ပြီ၊
သို့မှတိုင်းပြည်, ဘာသာရေးကြောင့်, သာယာအေးဆေး ရှိလိမ့်မည်။

ရွှေသုဝဏ်၏ လက်ရာ

ကိုရင်တို့ ရှင်ကျင့်ဝတ်ဘာသာ ဆရာဖြစ်သည့် အရှင်သံဝရာလင်္ကာရသည် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၌ သီတင်းသုံးခဲ့သည်ဟု ဆိုပါသည်၊ သူက မဟာဂန္ဓာရုံကျောင်းတိုက်ကြီးအကြောင်း ပြောပြပါသည်၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသည် သံဃာ (၅၀၀/၆၀၀/၇၀၀) ကျော် ရှိသော်လည်း သံဃာတွေ ရှိနေသည်ဟု မထင်ရလောက်အောင်ပင် တိတ်ဆိတ်လှပါပေသည်၊ သန့်ရှင်းသည်၊ သပ်ရပ်သည်၊ ကျောင်းတိုက်တွင်း ဝင်ရောက်လာကြသည့် ပြည်တွင်း, ပြည်ပ ပုဂ္ဂိုလ်တို့ ကျောင်းတိုက်ကြီး၏ တိတ်ဆိတ်, ငြိမ်သက်, သန့်ရှင်း, သပ်ရပ်မှုကို အံ့သြကြသည်၊ ချီးမွမ်းကြသည်၊ စာပေတတ်ကျွမ်းသူတွေလည်း များစွာ ပေါ်ပေါက်စေပါသည်၊ အကျင့်သိက္ခာ, စည်းကမ်းကောင်းကြောင်းလည်း နာမည်ကြီးလှပါပေသည်၊ ထိုသို့သော အနေအထားရှိအောင် မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် စည်းကမ်း (၁၀)ချက် ချမှတ်တော်မူခဲ့သည်။

ထိုစည်းကမ်း (၁၀)ချက်ကို မဟာဂန္ဓာရုံကျောင်းတိုက်၏ ကျောင်းတိုက်ခွဲဖြစ်သည့် မန္တလေးမြို့, မဟာမြိုင်ကျောင်းတိုက်၌ သီတင်းသုံးနေသည့် မျက်စိနှစ်ကွင်း အလင်းမရရှာသည့် ဘုန်းကြီးဥုးသုဝဏ္ဏ (ရွှေသုဝဏ်)က ကဗျာတစ်ပုဒ် သီကုံးထားပါသည်၊ ထိုစည်းကမ်း (၁၀)ချက်နှင့် ထိုကဗျာလေးသည် သင်ခန်းစာတွင် မပါဝင်ဝါ၊ သို့သော် ထိုကဗျာလေးသည် လူတိုင်း ကျက်မှတ်ထားကာ လိုက်နာဖွယ် ကောင်းလှပါသည်၊ ကိုရင်၏ နှုတ်ဖျားတွင် မကြာမကြာ ရောက်ရောက်လာပါသည်။

❋ ဘယ်အရပ်မှာ နေနေ,
ဘယ်အရပ်ကိုလေ သွားသွား,
စိတ်ကောင်းရှိဖို့ သတိထား၊

http://www.dhammadownload.com

ကိုယ်ကျင့်တရား ထိန်းသိမ်းကာ,
ကျန်းမာသန့်ရှင်း ဖြစ်စေပါ၊
ဝတ်စားတတ်ကာ နေထိုင်တတ်,
သွားလာတတ်လို့ ပြောဆိုတတ်၊
ချမှတ်ထားတဲ့ စည်းကမ်း ရှိသေ,
ပညာတတ်ဖို့ ကြိုးစားလေ၊
ဤ (၁၀)ချက်တွေ ဂရုစိုက်,
နေဆဲရပ်၌ လွန်ပျော်ပိုက်။

ကိုရင်၏ အားနည်းချက်

"ကိုရင်တို့, သိက္ခာရှင်တို့... နက်ဖြန် ဥပုသ်နေ့ဖြစ်လို့ စာဝါနားမယ်၊ သန်ဘက်ခါ တတိယပဇ္ဇော်စာမေးပွဲ ဖြေရမယ်၊ စာဖြေကြတဲ့အခါ တချို့က တစ်ပုစ္ဆာဖြေပြီးရင် မျဉ်းမတားတာ တွေ့ရတယ်၊ ပုစ္ဆာနံပါတ်ကို အထက် အောက် တားထားတဲ့ မျဉ်းရဲ့အပြင်ဘက်မှာ ရေးရတယ်၊ အဖြေရဲ့ ဂဏန်းစဉ် နံပါတ်တွေနဲ့ (က, ခ)စတဲ့ အက္ခရာတွေကို မျဉ်းရဲ့ အတွင်းဘက်မှာပဲ ရေးရပါတယ်၊ တချို့က မျဉ်းရဲ့အပြင်ဘက်မှာ ရေးတာ တွေ့ရပါတယ်၊ တချို့က ပါဠိဋီရော မြန်မာပါ စာလုံးပေါင်း မှားတာတွေ တွေ့ရပါတယ်၊ လက်ရေးမသန့်ရှင်း, မသပ်ရပ်, မလှတာတွေ, ဖျက်ထားတာတွေနဲ့ မြန်မာစာ သင်္ကေတနှင့်အညီ မရေးတာတွေ တွေ့ရပါတယ်၊ ပြောခဲ့တဲ့ အချက်တွေကို ဂရုစိုက်ပြီး မဖြေရင် အဖြေမှန်ပေမယ့် အမှတ်လျှော့ခံရမယ်"ဟု အရှင်သံဝရာလင်္ကာရက ပြောဆိုသတိပေးပါသည်။

တတိယပတ် အောင်စာရင်း ကြေညာပါပြီ၊ ရှင်ကျင့်ဝတ်ဘာသာမှာ ကိုရင် တစ်မှတ်လျော့နေပါသည်၊ သတ်ပုံ (၅)လုံးကျော်ထိ မှားသွားလို့-တဲ့၊ လက်ရေးကလဲ ရှင်ဉာနဇလလောက် မကောင်းဘူးတဲ့၊ သပ်ရပ်မှု, သန့်ရှင်းမှု, အဖြတ်အတောက်, အစိတ်အခဲ့ စသည်တွေမှာ ရှင်ဉာနဇလက သာတယ်-တဲ့၊ သူ့အောက် တစ်မှတ်ပဲ အောက်ကျနေပါသည်၊ နောက်ဆုံး အပတ်မှာ အစစအရာရာ မလိုရအောင် သေချာကြိုးစားမည်ဟု အားခဲထားပါသည်၊ ကိုရင်, သိက္ခာရှင်တို့ကား နောက်တစ်ပတ်ပြီးလျှင် သင်တန်းပြီး

http://www.dhammadownload.com

မည်ကို တွေး၍ ပျော်ရွှင်နေကြလေသည်။

ဗုဒ္ဓသာသနာအတွက် အင်အားများး

ကိုရင်တို့, သိက္ခာရှင်တို့က ဗုဒ္ဓယဉ်ကျေးမှုတွေကို နံနက် (၃)နာရီခွဲမှ ညနေ (၉)နာရီထိ စာတွေ လက်တွေ့ လေ့လာသင်ယူ မှတ်သားလိုက်နာ ကျင့်သုံးကြပါသည်၊ "မတ်လ" တစ်လတာအတွင်း ဆည်းပူးအပ်သော ကိုရင်တို့, သိက္ခာရှင်တို့၏ ကုသိုလ်ထုထည် အင်အားမှာ များလှပါပေသည်၊ အမေရိက, ဩစတြေးလျ, မလေးရှား, အင်ဒိုနီးရှား, ကိုရီးယား, ဂျာမနီ, နီပေါလ်နိုင်ငံတို့မှ ရဟန်း, သိက္ခာရှင်, အမျိုးသား, အမျိုးသမီး ယောဂီများနှင့် ပြည်တွင်းယောဂီများလည်း နံနက် (၃)နာရီမှ ည (၁၁)နာရီအထိ မပြတ် တရစပ် တရားရှုမှတ်နေကြပေသည်၊ ထိုယောဂီတို့၏ ကုသိုလ်ထုထည် အင်အားသည် ကိုရင်တို့၏ ကုသိုလ်ထုထည်အင်အားထက် များစွာ ကြီးမားလှပါသည်။

တရားဟော, တရားပြ ဆရာတော်မြတ်များနှင့် ဗုဒ္ဓယဉ်ကျေးမှုကို သင်ပြပေးကြသည့် ဆရာမြတ်များတို့မှာလည်း ကုသိုလ်မြတ်တွေ ပွားများနေကြပါသည်၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာတွင်း၌ ဘုရားအဆုံးအမတို့ကို ပိုက်ထားကြသည့် ထိုပုဂ္ဂိုလ်မြတ်တို့ကို ဖူးမြော်ကြည်ညိုရင်း နေရေး, ထိုင်ရေး, တရားပွားများရေးအတွက် မပင်မပန်း ချမ်းချမ်းသာသာ ဖြစ်အောင် ဆောင်ရွက်ပေးကြသည့် ဆရာတော်ကြီးအပါအဝင် သံဃာတော်များ, ဒကာ, ဒကာမများကို များစွာ ကျေးဇူးတင်မိပါသည်၊ စားရေး, သောက်ရေးအတွက် ကုသိုလ်ပြုကြသည့် အရာထမ်ဆွမ်း, နေ့ဆွမ်း ကုသိုလ်ရှင်များကိုလည်း အထူးပဲ ကျေးဇူးတင်ကာ မေတ္တာ အကြိမ်ကြိမ် ပွားရပါသည်။

သံဃာ, ယောဂီ, သင်တန်းသားတို့မှာ (၄၀၀)ကျော်လောက်ရှိရာ၊ ထို (၄၀၀)ကျော်အတွက် ချက်ရ, ပြုတ်ရ, ကြော်ရ, လှော်ရ, ကော်ဖီဖျော်ရ, ရေနွေးကျို်ရ, ဆေးရ, ကြောရ, ပြင်ဆင်ရ, သိမ်းဆည်းရ, လှီးရ, ဖြတ်ရသည့် ဒကာမကြီး ဒေါ်သန်းမေ, ဒေါ်သန်းနု ဦးဆောင်သည့် ဝေယျာဝစ္စ ကုသိုလ်ရှင် အပေါင်းတို့ကို အလွန်အကဲ ကျေးဇူးတင်လှပါသည်၊ ကျန်းမာ ချမ်းသာစေကြောင်း မေတ္တာရေလဲ အကြိမ်ကြိမ် လောင်းရပါသည်၊ ဝေယျာဝစ္စ ကုသိုလ်ရှင်

http://www.dhammadownload.com

တို့မှာ အရက်ဆွမ်း, နေ့ဆွမ်း, ဖျော်ရည်တို့အတွက် လုံးပန်းကြရသည်မှာ တစ်နေ့လုံး အလုပ်နှင့်လက် မပြတ်ရအောင် ရှိနေသည်ကို မြင်တွေ့ရပါသည်။

အရက်ဆွမ်းတွင် မုန့်ဟင်းခါး, ရခိုင်မုန့်ဟင်းခါး, မုန့်တီ, ပလာတာ, ဆွမ်းကြော်, ခေါက်ဆွဲကြော်, ကြာဇံကြော်, ကြာဇံဟင်းခါး, အာလူးပူရီ, တိုရှည်, ဆန်ပြုတ်, ဟော့ဒေါ့ စသည်ဖြင့် တစ်နေ့တစ်မျိုး မရိုးရအောင် ဆွမ်းဒကာ-ဒကာမတို့နှင့် ဝေယျာဝစ္စကုသိုလ်ရှင်တို့က စီစဉ်ပေးကြပါသည်၊ နေ့ဆွမ်းတွင်လည်း ကြက်သား, ဝက်သား, ငါး, ဆိတ်သား, ပုစွန်, ငါးခြောက်, သစ်သီး, သစ်ရွက်ကြော်မျိုးစုံ, ဟင်းချို, ချဉ်ဟင်း စသည်ဖြင့် အရသာမျိုးစုံ, ဟင်းမျိုးစုံအောင် ဖန်တီးပေးကြပါသည်၊ အချိုပွဲအတွက် ကော်ဖီ, လက်ဖက်ရည်, ရေခဲမုန့်, ဖာလူဒါ, ကိတ်မုန့်, ကိတ်စိုး, ကိတ်ခြောက်, ငှက်ပျောသီး, ကျောက်ကျော စသည်တို့ကို ဆက်ကပ်ကြပါသေးသည်။

မတ်လတစ်လ အရက်ဆွမ်းနှင့် နေ့ဆွမ်းအတွက် (၄၂၇၄၉၁ ကျပ်၊ ၂၅ ပြား), ဖျော်ရည်အတွက် (၁၄၀၆၈ ကျပ်၊ ၅၀ ပြား), မီးရေအတွက် (၁၄၅၂ ကျပ်) ဟု ဧရယျဝတီဆရာတော်က ညနေ သြဝါဒပေးရာတွင် တွက်ချက်ပြသဖြင့် ကုန်ကျစရိတ် (၅)သိန်းနီးပါးမျှရှိကြောင်း သိရ၍ အံ့အားသင့်ရပါသည်၊ ဤမျှထိ များပြားသော ငွေအားနှင့် ဆရာတော်များ, ဒကာ-ဒကာမများ၏ ကာယအား, ဉာဏအား, စေတနာအား, မေတ္တာအားတို့မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တိုးတက်ရာ တိုးတက်ကြောင်း မွန်မြတ်သောအားများဖြစ်ကြောင်း စဉ်းစားကာ သာဓုအကြိမ်ကြိမ် ခေါ်ရပါသည်။

စွယ်စုံ ဆရာမြတ်များ

စတုတ္ထပတ်တွင် တစ်နေ့၌ ဘုန်းကြီးဥုံးနန္ဒက ညနေ (၅)နာရီ သြဝါဒပေးရာတွင် ဤသို့ မိန့်ကြားပါသည်။

"ကိုရင်, သိက္ခာရှင်တို့... ဒီရွှေတောင်ကုန်း သာသနာ့ရိပ်သာဟာ ကိုရင်တို့, သိက္ခာရှင်တို့အတွက် ပဋိရူပဒေသ (သင့်လျော်တဲ့နေရာ)ဖြစ်တယ်၊ ဒီလိုနေရာမျိုးကို ကိုရင်, သိက္ခာရှင်တို့ ရောက်လာကြတာဟာ ရှားကံကောင်းလို့ပဲ ဖြစ်တယ်၊ ဒီနေရာမှာ ကိုရင်တို့, သိက္ခာရှင်တို့ ဆရာကောင်းတွေကို

http://www.dhammadownload.com



ရေတန်း (ဝဲမှယာ) ကျောက်တန်းဆရာတော်, ဆရာတော်ကြီး, ဇေယျဝတီဆရာတော်။

နောက်တန်း (ဝဲမှယာ) အရှင်နန္ဒ, အရှင်ပရမ(မုတ္တမ), အရှင်သီလာစာရ, အရှင်မုနိက, အရှင်ပရမ(ရန်ကုန်), အရှင်နာယက, အရှင်သံဝရ, အရှင်ဓမ္မိက, အရှင်ဉာနဇောတ။

http://www.dhammadownload.com

မှီဝဲဆည်းကပ်နေကြတယ်၊ ကိုရင်တို့, သိက္ခာရှင်တို့ရဲ့ ကိုယ်, နှုတ်, စိတ်တွေ ကောင်းမွန်အောင် ဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့လက်တွေ့ လိုက်နာကျင့်သုံးနေကြတယ်။"

"ကိုရင်, သိက္ခာရှင်တို့... ဆရာကောင်း မှီဝဲခွင့်ရဖို့ဆိုတာ မလွယ်ကူဘူး၊ ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော=ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို သိထိုက်တယ်" တဲ့။

"ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးဟာ ပရိယတ်, ပဋိပတ် စွယ်စုံပုဂ္ဂိုလ်ကြီးဖြစ်ပြီး မေတ္တာ, ကရုဏာ, အမြော်အမြင် ကြီးမားစွာနဲ့ ပြည်တွင်း, ပြည်ပမှ ယောဂီပေါင်းများစွာတို့အား သတိပဋ္ဌာန်တရားရေအေးကို တိုက်ကျွေးတော်မူကာ ပြည်တွင်း, ပြည်ပမှ ကလေးသူငယ်တို့အား ဗုဒ္ဓယဉ်ကျေးမှု နို့ချို, အာဟာရတွေကို ကျွေးမွေးပေးနေတဲ့ ဆရာတော်ကြီး ဖြစ်ပါတယ်၊ ဒီဆရာတော်ကြီးရဲ့ မေတ္တာအရိပ်မှာ လာရောက် ခိုလှုံခွင့်ရကြတဲ့ ကိုရင်တို့, သိက္ခာရှင်တို့ဟာ အင်မတန် ကံကောင်းကြပေတယ်။"

"ဆရာတော်ကြီး မွေးမြူထားတဲ့ တပည့်တွေဟာလဲ ပရိယတ်, ပဋိပတ် စွယ်စုံတွေပဲ ဖြစ်တယ်၊ နာယကဆရာတော် (၂)ပါးရှိတယ်၊ ကျောက်တန်းဆရာတော်နဲ့ ဧရယျဝတီဆရာတော်တို့ ဖြစ်တယ်၊ ကျောက်တန်းဆရာတော်ဟာ အစိုးရဓမ္မာစရိယ အောင်ပြီးဖြစ်တယ်၊ စာပေပရိယတ် ကျွမ်းကျင်တယ်၊ အကျင့်သိက္ခာနဲ့လဲ ပြည့်စုံတယ်၊ ဧရယျဝတီဆရာတော်က အစိုးရဓမ္မာစရိယ အောင်ပြီး ပါဠိပါရဂူဘွဲ့လဲ ရထားပါတယ်၊ ဒါကြောင့် ပဋိပတ်ဘက်က တော်ရုံမျှမက ပရိယတ်ဘက်ကလဲ တော်ပေတယ်။"

"ဝန်ဆောင်တွေထဲက ဥုံးသီလာစာရ၊ သူက အစိုးရဓမ္မာစရိယ၊ ပါဠိပါရဂူ, ဘီအေ အောင်ပြီးဖြစ်တယ်၊ ဉာဏ်သိပ်ကောင်းတယ်၊ အင်္ဂလိပ်စာတော်တယ်၊ (၁၀)တန်းမှာ ဆရာဝန်လိုင်း အမှတ်ရခဲ့တယ်၊ နောက်တစ်ပါးက ဥုံးဥနွေ့ဇောတာဘိဝံသ၊ သူက ဒီသင်တန်းရဲ့အတွင်းရေးမှူးပဲ၊ ဒီသင်တန်းအတွက် အထူးကြိုးစားတာကို ကိုရင်တို့, သိက္ခာရှင်တို့ တွေ့ရမှာပေါ့၊ သူက စေတိယင်္ဂဏ အဘိဝံသနဲ့ အစိုးရဓမ္မာစရိယ အောင်ခဲ့တယ်၊ နောက်တစ်ပါးက ဥုံးဓမ္မိကာလင်္ကာရာဘိဝံသ၊ သူလဲ ဒီသင်တန်းရဲ့ အတွင်းရေးမှူးပဲ၊ သူက

http://www.dhammadownload.com

သက္ကသီဟ အဘိဝံသ, အစိုးရဓမ္မာစရိယ, မန္တလေး သာမဏေကျော် စာမေးပွဲတွေကို အောင်ခဲ့တယ်။"

"နောက်တစ်ပါးက ဥုံးသံဝရာလင်္ကာရ၊ သူက အစိုးရဓမ္မာစရိယနဲ့ မန္တလေး သာမဏေကျော် အောင်ခဲ့တယ်၊ နောက်တစ်ပါးက ဥုံးနာယကာလင်္ကာရ၊ သူကလဲ ဓမ္မာစရိယနဲ့ မန္တလေး သာမဏေကျော်ပဲ၊ နောက်တစ်ပါးက ဥုံးမုနိက၊ သူက အစိုးရဓမ္မာစရိယနဲ့ ဥဘတောဝိဘင်္ဂရ စာမေးပွဲတွေ အောင်ခဲ့တယ်။"

"ဘုန်းကြီးကတော့ အစိုးရဓမ္မာစရိယမျှသာပါပဲ၊ ကိုရင်တွေကို ထိန်းသိမ်းကြတဲ့ အဆောင်မှူးများဖြစ်တဲ့ ဥုံးပရမ (၂)ပါးဟာလဲ လောကီတန်းကျောင်းမှ တက္ကသိုလ်ကျောင်းသားတွေပဲ၊ ထိန်းသိမ်းရေးမှာ အလွန်ပဲ ကျေးဇူးများလှပါတယ်၊ ဒီဝန်ဆောင်အားလုံးဟာ ဆရာတော်ကြီးရဲ့ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်၊ အကျင့်သိက္ခာလဲ ကောင်းကြပါပေတယ်၊ ဒီလို ပရိယတ်, ပဋိပတ် စွယ်စုံ အရည်အချင်းပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေထဲ သင်ယူလေ့လာကြရတဲ့ ကိုရင်တို့, သိက္ခာရှင်တို့ဟာ အင်မတန်ပဲ ကံကောင်းကြပါပေတယ်။"

ဘုန်းကြီးဥုံးနန္ဒ ပြောပြမှပဲ ကိုရင်တို့, သိက္ခာရှင်တို့ သင်တန်းဆရာများ၏ အရည်အသွေးများကို ပြည့်စုံစွာ သိခွင့်ရပါသည်၊ ဘုန်းကြီး ပြောမပြလျှင် ဤမျှထိ သိခွင့်ရမည် မဟုတ်ပါ၊ သိခွင့်ရသောအခါ ဆရာတော်အရှင်မြတ်များကို ပိုမို လေးစားမြတ်နိုးစိတ်တွေ ပေါ်လာပါသည်။

ကျောက်သွေးဆရာ သွေးနိုင်မှ
ကျောက်ဆစ်ဆရာ ထုနိုင်မှ

ဘုန်းကြီး ဥုံးနန္ဒကား အဆုံးအမများကို ဆက်လက် ပေးနေပါသည်၊ အဆုံးအမများမှာ တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် ကောင်းမွန်လှပါသည်၊ သင်တန်းပြဆရာ အရှင်မြတ်များနှင့် တပည့် ကိုရင်, သိက္ခာရှင်တို့ကို နှိုင်းယှဉ်ပြသအပ်သော ဥပမာတို့မှာ အလွန်ပင် မှတ်သားစရာ ကောင်းလှပါပေသည်၊ "အနေရိုးသော်လည်း အသိဆန်းသော ဘုန်းကြီးပါတကား" ဟု စိတ်ထဲမှ ချီးကျူးမိပါသည်။

http://www.dhammadownload.com

"ကိုရင်တို့, သိက္ခာရှင်တို့... ကိုရင်တို့, သိက္ခာရှင်တို့ဟာ အဖိုးတန် ပတ္တမြား ကျောက်မျက်ရတနာနှင့် တူလှပါတယ်၊ ပတ္တမြားရတနာ တစ်ပွင့်ရဖို့, ဖြစ်လာဖို့ဟာ မလွယ်ပါဘူး၊ အလွန် ခဲယဉ်းပါတယ်။"

"ရတနာမြေဖြစ်တဲ့ မိုးကုတ်မှာ ကျောက်တူးတဲ့ လုပ်သားတွေ ရှိကြပါတယ်၊ အဲဒီ ကျောက်တူးလုပ်သားတွေဟာ ကျောက်ကောင်း, ပတ္တမြား တစ်ပွင့် ရလာပြီလို့ ဆိုကြပါစို့၊ အဲဒီ ကျောက်ပတ္တမြားကို မည်၍မည်မျှ အဖိုးတန်တယ်ဆိုတာ သူတို့ အတိအကျ မဆုံးဖြတ်နိုင်သေးပါဘူး၊ ကျွမ်းကျင်လိမ္မာတဲ့ကျောက်ဆရာက ပုံကောင်းပုံဆန်း ဖြစ်ပေါ်လာစေရန် ကျောက်သွေးဆရာထံ သွားအပ်တယ်၊ ကျောက်သွေးဆရာက ပုံကောင်းပုံဆန်းဖော်ပြီး၊ အရောင်တင် သွေးပေးလိုက်မှ အဖိုးတန် ပတ္တမြားတစ်ပွင့် ဖြစ်လာပါတယ်။"

"ထို့အတူပါပဲ၊ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တက်ရောက်သင်ယူကြတဲ့ ကိုရင်တို့, သိက္ခာရှင်တို့ဟာ ကျောက်ကောင်းတစ်ပွင့်နဲ့ တူကြတယ်၊ သြဝါဒါစရိယ ဆရာတော်နဲ့ နာယကဆရာတော်များ, ဝန်ဆောင်အရှင်မြတ်များဟာ ကျွမ်းကျင်တဲ့ ကျောက်သွေးဆရာနဲ့ တူတယ်။"

"ကိုရင်တို့ သိက္ခာရှင်တို့ကို ဆရာသမားများက ဘယ်လိုနေ, ဘယ်လိုထိုင်, ဘယ်လိုစား, ဘယ်လိုသွားရတယ် စသည်ဖြင့် ဗုဒ္ဓအလိုတော်ကျယဉ်ကျေးသိမ်မွေ့ နူးညံ့လာအောင် သွန်သင်ဆုံးမ သြဝါဒပေးပြီးနောက်မှာ ကိုရင်တို့, သိက္ခာရှင်တို့ဟာ ယဉ်ကျေးသိမ်မွေ့လာကြတယ်၊ ကျောက်ရိုင်းတုံးအဖြစ်မှ အဖိုးတန်ပတ္တမြား ရတနာ အဖြစ်သို့ ရောက်လာသလိုပါပဲ။"

"ကိုရင်တို့, သိက္ခာရှင်တို့ဟာ ဗုဒ္ဓရဲ့အဆုံးအမကို ခံယူရလို့ လူတော်, လူကောင်း, လူမွန်ဖြစ်တဲ့ အဖိုးတန် သားရတနာ, သမီးရတနာလေးတွေ ဖြစ်လာကြပြီး နောင်တစ်ခေတ်မှာ မိမိတို့ရဲ့ တိုင်းပြည်, လူမျိုး, သာသနာရဲ့ ယဉ်ကျေးမှု မပျောက်ကွယ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။"

"ကျောက်ရိုင်းတုံးအဖြစ်မှ အမျိုးသား, အမျိုးသမီးအပေါင်း နှစ်သက်မြတ်နိုးအပ်တဲ့ အဖိုးတန် ပတ္တမြားရတနာကြီး ဖြစ်လာသလို မြင်သူတိုင်း ချစ်မြတ်နိုးအပ်, အလေးဂရပြုအပ်တဲ့ အဖိုးတန် သားရတနာ, သမီးရတနာလေးတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။"

http://www.dhammadownload.com

"ကဲ... ကိုရင်တို့, သိက္ခာရှင်တို့... အပျင်းလည်းပြေ, မှတ်လည်းမှတ်မိ လွယ်အောင် ဆောင်ပုဒ်ကလေးတွေ ဆိုကြရအောင်..."

❋ တွင်းထွက်ပတ္တမြား အဖြာဖြာ၊
အလှကိုယ်စီ ရှိကြတာ၊
ကျောက်သွေးဆရာ သွေးနှိုင်မှ၊
အရောင်တောက်ကာ ပို၍လှ။

❋ ကျောက်ဆင်းတုရုပ် အဖြာဖြာ၊
ကြည့်ညိုစရာ ကောင်းလှပါ၊
ကျောက်ဆစ်ဆရာ ထုနှိုင်မှ
အနေကဇာ တင်ခံရ။

❋ သားငယ်သမီးငယ် အလိမ္မာ၊
ကိုယ်စီကိုယ်စီ တော်ကြတာ၊
ဗုဒ္ဓဆုံးမ များများရ၊
ပို၍ပို၍ တော်မည်ပ။

"တစ်နည်း ပြောရလျှင် ကိုရင်တို့, သိက္ခာရှင်တို့ဟာ ဟို... မန္တလေးမြောက်ဘက်နားက စကျင်တောင်မှထွက်တဲ့ ဘုရားရုပ်ပွားဆင်းတု ထုလုပ်တဲ့ စကျင်ကျောက်နဲ့လည်း တူပါတယ်၊ အဲဒီစကျင်တုံးဟာ ဒီအတိုင်းထားလျှင် ကျောက်မျှသာပါပဲ၊ ဘာမှ တန်ဖိုးမရှိလှပါဘူး။"

"အဲဒီ ကျောက်တုံးကို ရုပ်ဆင်းတု အထုကောင်းတဲ့ ကျောက်ဆစ်ဆရာ, ပန်းပုဆရာတို့က သေချာစွာ ပုံကောင်းပုံသန့် ပေါ်လာအောင်, အများကြည့်ညို ဖွယ်ကို ဆောင်နိုင်အောင် ထုလုပ်မယ်ဆိုရင် ပြည့်သူအများ အပူဇော်ခံရတဲ့ ပုံတော်, ရုပ်ပွားတော်များ ဖြစ်လာကြပါတယ်။"

"ထို့အတူပါပဲ၊ ကိုရင်တို့, သိက္ခာရှင်တို့ဟာ ဆရာသမားများ ပုံစံသွင်းတဲ့ အတိုင်း ဗုဒ္ဓယဉ်ကျေးမှုတွေကို လေးနက်ရှိသေစွာ ခံယူသင်ကြားလိုက်နာ မယ်ဆိုရင် ကျောက်တုံးအဖြစ်မှ အပူဇော်ခံရတဲ့ ရုပ်ပွားဆင်းတုတော်များကဲ့သို့ အများကြည့်ညိုမှု, လေးစားမှုကို ခံရမှာ မလွဲပါဘူး၊ ဒါကြောင့် ကိုရင်တို့, သိက္ခာရှင်တို့အားလုံး ဗုဒ္ဓယဉ်ကျေးမှုတွေကို ရိုရိုသေသေ လေးလေးနက်နက်

http://www.dhammadownload.com

ခံယူကြပါ၊ သင်ယူကြပါ၊ လိုက်နာကြပါ" တဲ့။

ပွဲပြီးကာနီးမှ ရသည့်အကြံ

ဤစတုတ္ထပတ် ကောက်မှ အရှင်ဉာနဇောတာဘိဝံသမှာ အကြံကောင်းတစ်ခု ဖြစ်ပေါ်လာပုံရပါသည်၊ ထိုအကြံ ဖြစ်ပေါ်သည်မှာ ကြာမြင့်ကောင်းကြာမြင့်ပြီ ဖြစ်ပေလိမ့်မည်၊ သို့သော် ထိုအကြံအတိုင်း လက်တွေ့လုပ်ဆောင်အကောင်အထည်ဖော်သည်မှာ စတုတ္ထပတ်ရောက်မှသာ ဖြစ်ပေါ်လာပါသည်၊ သင်တန်းအစဉ်ကတည်းကသာ ဤအကြံကို အကောင်အထည်ဖော်ဖြစ်ခဲ့လျှင် အလွန်ပင် ကောင်းပေလိမ့်မည်။

ညပိုင်းအချိန် ကိုရင်တို့ကို ကျယ်ဝန်းသော သင်တန်းဆောင်တစ်နေရာ၌ စုပေါင်း စာကျက်ခိုင်းပါသည်၊ နေရာထိုင် ကိုယ်စီဖြင့် တန်းစီထိုင်ရပါသည်၊ သူကိုယ်တိုင် လာရောက်စောင့်ကြပ်နေပါသည်၊ ထိုသို့ စုပေါင်းစာကျက်စေသည့်အတွက် ကိုယ့်အခန်းထဲမှာ စာမကျက်ဘဲ အိပ်နေခြင်း, ဝိုင်းဖွဲ့စကားပြောခြင်း, သင်တန်းနှင့် မဆက်စပ်သည့် ကာတွန်း, ဝတ္ထုဖတ်ခြင်း, အခန်းတိုင်း၌ မီးဖွင့်သဖြင့် မီတာတက်ခြင်း, ဆော့ကစားခြင်း, ချောင်ခိုခြင်း စသည်တို့ မရှိနိုင်တော့ဘဲ စည်းလုံးညီညွတ်မှုလဲ ရှိလာပါသည်၊ ပိုမို၍ တိတ်ဆိတ်မှုရှိလာပါသည်၊ ထိန်းသိမ်းစောင့်ရှောက်ရေးမှာ ပိုမို၍ လွယ်ကူလာပါသည်၊ သိက္ခာရှင်တို့ကိုလည်း ထိုကဲ့သို့ စုပေါင်းစာကျက်စေလျှင် ကောင်းလိမ့်မည်ဟု တွေးမိပါသည်၊ နံနက်ပိုင်းအချိန်နှင့် ဥပုသ်နေ့ အချိန်တို့၌လည်း စုပေါင်းစာကျက်စေလျှင် အလွန်ပင် အကျိုးများပါလိမ့်မည်။

လေညာဆန်၍ မွေးပျုံ့နေသည်

ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး ဦးစီးပြီး ဖွင့်လှစ်သင်ကြားပေးသည့် ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း၏ ရန်ံသည် ရန်ကုန်မြို့ဘော်အပြင် အခြားမြို့များသို့ မည်မျှအထိ ပျံ့သင်းနေသည်ကိုမူ အတိအကျ မသိရပါ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ကား (၂)ကြိမ်မျှသာ ရှိပါသေးသည်၊ ရှေးယခင်က ပြုလုပ်ခဲ့သော အကြိမ်တို့ကိုပါ ရေတွက်လျှင် အကြိမ်(၂၀)မြောက် ရောက်နေပြီဟု သိရပါသည်၊ သင်တန်းသားတို့မှာ တချို့

http://www.dhammadownload.com

နှစ်တို့၌ (၂၀၀), တချို့.နှစ်တို့၌ (၃၀၀), တချို့.နှစ်တို့၌ (၄၀၀)ကျော်ထိ ရှိခဲ့ပါသည်–တဲ့။

တက်ရောက်သင်ယူခဲ့ကြသည့် သင်တန်းသား‌တို့မှာ (၅)ထောင်ကျော် ရှိကောင်းရှိနိုင်သည်ဟု ခန့်မှန်းမိပါသည်၊ တစ်လနီးပါး ကြာလာသောအခါ အသိမိတ်ဆွေ ကိုရင်တို့မှာ များလာပါသည်၊ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဗုဒ္ဓဃောသကျေးမွေ မဲသားစုတွင် ကိုရင်တို့, သိက္ခာရှင်တို့မှာ ညီအစ်ကို ဧ ည့်နမရင်းတွေသဖွယ် ဖြစ်ကာ ရင်းနှီးခင်မင်လာကြပါသည်၊ တစ်ပါးနှင့် တစ်ပါး သိကျွမ်းလာကြပါသည်၊ ဤဒုတိယနှစ် သင်တန်းတွင် ရန်ကုန်မြို့ မြို့နယ်ပေါင်းစုံမှ လာကြလေသည်၊ ဗဟန်း, ကမာရွတ်, လှိုင်, ကျောက်တံတား, စမ်းချောင်း, အင်းစိန်, ရန်ကင်း, မင်္ဂလာတောင်ညွန့်, ပန်းဘဲတန်း, အလုံ, မရမ်းကုန်း, ကြည့်မြင်တိုင်, မြောက်ဥက္ကလာပ, တောင်ဥက္ကလာပ, လသာ, ရွှေပြည်သာ, တာမွေ, သုဝဏ္ဏ, သာကေတ, လှိုင်သာယာတို့မှ လာကြပါသည်၊ ရန်ကုန်မြို့အပြင် အခြားမြို့နယ်တို့မှလည်း လာကြသေး၏။

မန္တလေး, မုတ္တမ, မော်လမြိုင်, ဖျာပုံ, ကော့မှူး, ဒိုက်ဦး, သံဖြူဇရပ်, ကဝ, ကျိုက်မရော, လှည်းကူး, တိုက်ကြီး, ဒဲပဲယင်းမြို့တို့မှ လာရောက် သင်ယူကြသည်ကို တွေ့ရပါ၏၊ လူမျိုးစုပေါင်းလည်း အတော်ပင် စုံပါပေသည်၊ မြန်မာ, ကရင်, ရခိုင်, မွန်, ရှမ်း, ကုလား, တရုတ် စသည်တို့ကို တွေ့ရပါသည်။

ပြည်ပမှလာ၍ တက်ရောက်ကြသည်

ပြည်တွင်းသာမက ပြည်ပကလည်း တက်ရောက်ကြပါသေး‌သည်၊ နီပေါလ်နိုင်ငံမှ ရှင်နရာမိပ, ရှင်ဇနာမိပနှင့် မဝိမလဉာနီ, မလေးရှားနိုင်ငံမှ မဝိဝေကာနန္ဒီတို့ ဖြစ်ကြပါ၏၊ နီပေါလ်ကိုရင် (၂)ပါးနှင့် နီပေါလ် သိက္ခာရှင်မှာ အငယ်တန်းတွင် သင်ယူနေကြပါသည်၊ သူတို့သည် ပြီးခဲ့သည့် စာမေးပွဲ (၃)ပတ်တွင် အောင်မြင်ကြပါသည်၊ ကိုရင်(၂)ပါးမှာ မြန်မာပြည်သို့ ရောက်တာ (၅)လကျော် မျှသာ ရှိသေး‌ကြောင်း, မြန်မာစာကိုမူ နီပေါလ်နိုင်ငံ၌ အဂ္ဂမဟာအကျော် အရှင်အာသဘာစာရထံမှ အတော်အသင့် သင်ယူခဲ့ပြီး မြန်မာနိုင်ငံရောက်မှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး၏

http://www.dhammadownload.com



(ဝဲမှယာ) မဝိမလဉာနီ (နီပေါ), ရှင်နရာဓိပ (နီပေါ),
ရှင်ဇနာဓိပ (နီပေါ), မဝိဝေကာနန္ဒီ (မလေးရှား)

http://www.dhammadownload.com

စီမံမှုဖြင့် အရှင်ဉာနုဇ္ဇောတာဘိဝံသနှင့် အရှင်ဓမ္မိကာဘိဝံသတို့ထံမှ ကောင်းကောင်း သင်ယူရကြောင်း, (၅)လကျော်မျှဖြင့် ယခုလို ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း အငယ်တန်းသို့ တက်ရောက်သင်ယူနိုင်ကြောင်းတို့ကို သိရသဖြင့် အားရမိပါသည်။

မဝိမလဉာနီကား မြန်မာပြည်သို့ ရောက်တာ (၈)လကျော်မျှသာ ရှိသေးကြောင်း, အလယ်တောရ သီလရှင်စာမေးပွဲ ပထမဆင့်တွင် ဒုတိယအဆင့်ဖြင့် အောင်မြင်ခဲ့ကြောင်း, ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း စာမေးပွဲတွင် 'သိက္ခာရှင်မွန်' မရတောင် 'သိက္ခာရှင်ကောင်း'တော့ ရနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရပါသည်၊ မဝိဝေကာနန္ဒီကား မဝိမလဉာနီကဲ့သို့ပင် အလယ်တောရ သီလရှင်စာမေးပွဲ ပထမဆင့်နှင့် ဤဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းမှ အငယ်တန်းတို့ကို အောင်မြင်ပြီး၍ ယခုနှစ် အလတ်တန်းတွင် သင်ယူနေကြောင်း, အပတ်စဉ် အောင်မြင်လျက်ရှိကြောင်း သိရပါသည်။

အမေရိက, အင်္ဂလန်, ဩစတြေးလျ, ကနေဒါ, အင်ဒိုနီးရှား, မလေးရှား, နီပေါလ်စသော နိုင်ငံများသို့တိုင် ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း၏ ရနံ့သည် သင့်ပျံ့မွှေးကြိုင်နေကြောင်း သိရှိရပါသည်၊ လေညာကိုဆန်၍ မွှေးကြိုင်နေသော ဤသင်တန်းရနံ့ကို ပြည်ပကပင် မြတ်မြတ်နိုးနိုး လိုလိုချင်ချင် နမ်းရှူနေကြလေပြီတကား။

ကိုရင် စတင်ဖြစ်ပေါ်လာချိန်

"ဒီတစ်ပတ်ဟာ နောက်ဆုံးအပတ်ဖြစ်တယ်၊ ဒီတစ်ပတ်မှာ စာမေးပွဲဖြေပြီး အောင်စာရင်း ကြည်ဖြာတဲ့အခါ ရတဲ့အမှတ်ကိုတော့ ပြောမပြတော့ဘူး၊ တချို့က တစ်ပါး၊နဲ့တစ်ပါး အမှတ်တွေ တူနေကြတယ်၊ အစွမ်းကုန် ကြိုးစားပြီး ဖြေကြရမယ်၊ မွန်, ကောင်း, တော် အဆုံးအဖြတ်ပေးမယ့် အကြိမ်ပဲလို့ ပြောရင်လဲ ပြောနိုင်တယ်၊ ရှင်ကျင့်ဝတ်ဘာသာနဲ့ပတ်သက်လို့ မသိတာရှိရင်, မရှင်းလင်းတာရှိရင်, သိချင်တာ, မေးချင်တာရှိရင် မေးနိုင်တယ်၊ ကိုရင်တွေ, သိက္ခာရှင်တွေထဲက ဘယ်သူမေးချင်သလဲ၊ မေးချင် တာရှိရင် အားမနာတမ်း ရဲရဲဝံ့ဝံ့ မေးကြပါ"ဟု ရှင်ကျင့်ဝတ်ဘာသာ သင်ပြသည့် အရှင်သံဝရာလင်္ကာရက အမိန့်ရှိလိုက်သောအခါ အကြီးတန်းမှ ရှင်ပဉ္ဉာဝုဓက မေးခွန်တစ်ခု

http://www.dhammadownload.com

ထုတ်လာပါသည်။

"ကိုရင်ဆိုတာ ဘယ်အချိန်ကစပြီး ဖြစ်ပေါ်လာပါသလဲဘုရား" တဲ့၊ အလွန်ကောင်းတဲ့ မေးခွန်းတစ်ခု ဖြစ်ပါသည်၊ ရှင်ပညာဝုဓ ထိုသို့ မေးလိုက်သောအခါ ရှင်ပညာဝုဓဆီသို့ ကိုရင်တို့, သိက္ခာရှင်တို့ မျက်လုံးတွေ ရောက်သွားကြပါသည်၊ "ငါတို့လဲ သိချင်နေတဲ့ မေးခွန်းကို သူက မေးလိုက်တာကိုး" ဟူ၍ မျက်လုံးများက ပြောပြနေကြပါသည်။

ရှင်ပညာဝုဓ၏ မေးခွန်းကို ဆရာအရှင်မြတ်က မည်သို့ အဖြေပေးလေမည်နည်း ဟူသော အတွေးဖြင့် မျက်လုံးများက ရှင်ပညာဝုဓဆီမှ ဆရာအရှင်မြတ်ဆီသို့ ရောက်သွားကြလေပြီ ဆရာအရှင်မြတ်၏ မျက်နှာကို မော်၍ ကြည့်နေကြပြီး အဖြေကို မျှော်လင့်စောင့်စားနေကြပါသည်၊ ထိုအချိန်မှာပင် ဆရာအရှင်က အဖြေစကားများကို အမိန့်ကြားလာပါသည်။

"ဘုရားရှင် ပွင့်တော်မူစက သာသနာ့ဘောင် ဝင်ရောက်လိုသူများဟာ ရှင်သာမဏေဘဝမှ ရပ်နားခြင်းမရှိဘဲ တစ်ခါတည်း ရဟန်းဘဝသို့ ရောက်ကြတယ်၊ နောက်မှသာ အသက် (၂၀)မပြည့်ရင် ရဟန်းမပြုရ"လို့ ပညတ်တော်မူလို့ ရှင်သာမဏေများ ဖြစ်ပေါ်လာကြရတယ်၊ အဲဒီအခါ ရှင်သာမဏေအရွယ်အစားစား ရှိနေပြန်ရာ အမျိုးတစ်မျိုးမှာ "အဟိဝါတ" ခေါ်တဲ့ ကူးစက်တတ်တဲ့ ပလိပ်ကပ်ရောဂါကြောင့် တစ်မျိုးလုံး သေဆုံးပြီး သားအဖ (၂) ယောက်သာ ကျန်တော့တဲ့အတွက် အဲဒီသားအဖ (၂)ယောက်လုံးပဲ ရဟန်းပြုကြတယ်။"

"အဲဒီကနောက် နံနက်အခါ ဆွမ်းခံသွားတော့ အဖရဟန်းအား ဆွမ်းလောင်းတဲ့အခါ နောက်မှာကျန်ရစ်တဲ့ ကိုရင်လေးက ပြေးလာပြီး 'အဖေ... အဖေရတဲ့ထမင်းကို ကျုပ်လဲ ပေးပါဦး'လို့ တောင်းရှာတယ်၊ အဲဒီဖြစ်ပုံကိုမြင်လို့ သနားတတ်ကြသူတွေက သနားကြမည်ဖြစ်ပေမယ့်လဲ အတွေးနက်အတွေးချော်တဲ့သူတွေကတော့ 'ဒီရဟန်းတွေဟာ မေထုန်ကို မရှောင်ကြ၊ ဒီကိုရင်လေးကလဲ ဘိက္ခုနီမ (ရဟန်းမ)က မွေးတာပဲ'လို့ အထင်လွဲပြီး ပြစ်တင်ကဲ့ရဲ့ကြတယ်၊ အဲဒီအကြောင်းကို ဘုရားရှင် ကြားသိတော်မူလို့ '(၁၅)နှစ်အသက်ပြည့်မှ ကိုရင်ဝတ်ပေးရမယ်'လို့ ပထမ ပညတ်တော်မူတယ်။"

"အဲဒီလို ပညာဉ်ပြီးတဲ့နောက် အရှင်အာနန္ဒာရဲ့ ဒါယကာအမျိုးဟာ

http://www.dhammadownload.com

အဟိဝါတ ရောဂါဆိုးကြောင့်ပဲ ပျက်စီးတယ်၊ လူမမယ် ကလေး(၂)ယောက်သာ ကျန်ရစ်တယ်၊ အဲဒီ ကလေး (၂)ယောက်ဟာ မိဘများ အသက်ထင်ရှားရှိစဉ်က ရဟန်းများနဲ့ အရောတဝင် နေလေ့ရှိခဲ့ကြတယ်၊ မိဘတွေ မရှိတော့တဲ့ အချိန်အခါမျိုးမှ ရဟန်းတော်များကို သာပြီး အားကိုးရှာကြတယ်၊ ရဟန်းတော်များကိုမြင်လျှင် ပြေးလာကြတယ်၊ ကရဏာကင်းမဲ့တဲ့ ရဟန်းတွေက ငါကင်းကြလို့ ကလေးတွေ ငိုရှာကြတယ်။"

"အဲဒီဖြစ်ပုံကို အရှင်အာနန္ဒာ မြင်ရလို့ အလွန်အကဲ သနားသွားတယ်၊ (၁၅)နှစ် မပြည့်သေးတဲ့အတွက် ရှင်ပြုပေးလိုပါလျက် မပေးသာလို့ ဘုရားရှင်ကို အကြောင်းစုံ လျှောက်ထားတယ်၊ အဲဒီအခါ ဘုရားရှင်က 'ကျိုးချောက်နိုင်ပြီလား (ကလေးရှေ့မှာ ချထားတဲ့ ဆွမ်းကို ကျိုးမနှိုက်အောင် ချောက်ပြီးစားနိုင်လောက်ပြီးလား)'လို့ မေးပါတယ်၊ 'ချောက်နိုင်လောက်ပါပြီ'လို့ လျှောက်ထားတယ်၊ ကျိုးချောက်နိုင်လောက်တဲ့ကလေးကို (၁၅)နှစ် မပြည့်သေးပေမယ့် ရှင်ပြုနိုင်တယ်'လို့ ဘုရားရှင်က ခွင့်ပြုတော်မူခဲ့တယ်။"

"ကိုရင်ဟာ ဘယ်အချိန်ကစပြီး ဖြစ်ပေါ်ခဲ့သလဲ ဆိုတဲ့ မေးခွန်းရဲ့ အဖြေကတော့ ဒီလောက်ဆို လုံလောက်ပါပြီ၊ အခြား သိချင်တဲ့အချက်တွေ ရှိရင်လဲ မေးနိုင်ပါတယ်၊ ကြိုးစားပြီး ဖြေပေးပါမယ်၊ မဖြေနိုင်တာပါရင်လဲ ဆရာတော်ကြီးကို အဖြေပေးသနားဖို့ လျှောက်ထားပေးပါ့မယ်"ဟု အမိန့်ရှိသဖြင့် အခြားကိုရင်များ, သိက္ခာရှင်များလည်း သူတို့သိလိုသော အချက်အလက်တို့ကို စာရွက်ပေါ် ရေးချမေးကြပါသည်၊ မေးခွန်းမှာ (၄၀/၅၀) လောက်ပင် ရှိအံ့ထင်ပါသည်။

သူတို့၏ လက်ရာလေးများ

နောက်ဆုံးအပတ် စာမေးပွဲ ဖြေပြီးကြပါပြီ၊ တစ်လသင်တန်း ပြီးဆုံးသည်အထိ တက်ရောက်သင်ယူခဲ့ကြပါပြီ၊ ဤသင်တန်းတစ်လတာ ကာလအတွင်း ကိုရင်တို့, သိက္ခာရှင်တို့ ဘဝတစ်သက်တာ လိုက်နာဖွယ်ရာ ဗုဒ္ဓဃောသဉ်ကျေးမှုတို့ကို စွမ်းအားရှိသမျှ ကြိုးစား၍ သင်ယူခဲ့ကြရပေပြီ၊ ကိုရင်သည် အိမ်သို့ မရောက်တာ တစ်လရှိပြီမို့ အိမ်သို့ ပြန်ချင်နေပါပြီ၊ သင်တန်းကလေးပြီးဆုံးပြီမို့ ပျော်ရွှင်နေပါသည်၊ တစ်လတာအတွင်း ခင်မင်ရင်းနှီးရသော ဗုဒ္ဓဃောသဉ်ကျေးမှု ညီအစ်ကို မောင်နှမတွေနဲ့ ခဲခွာရတော့မှာမို့ ခွဲခွာရမည့်အရေးကို

http://www.dhammadownload.com

တွေးလိုက်သောအခါ ဝမ်းနည်းသလိုလို လွမ်းဆွတ်သလိုလို ခံစားရပါသည်။

တန်ခူးလဆန်း(၁)ရက် (၃-၄-၉၂)နေ့တွင် စာမေးပွဲဖြေပြီး လဆန်း(၂)ရက်နေ့တွင် ကိုရင်တို့, သိက္ခာရှင်တို့၏ ဖြေလွှာများကို ဆရာအရှင်မြတ်တို့ စစ်ဆေးကြကာ (၃)ရက်နေ့တွင် အောင်စာရင်း ကြေညာပါသည်၊ "ဘယ်သူတွေ မွန်, ကောင်း, တော်ထဲ ပါလာမလဲ" ဟူ၍ ကိုရင်တို့, သိက္ခာရှင်တို့ မျော်လင့်စောင့်စားနေကြပါသည်၊ အောင်လက်မှတ်ကို (၃)ရက်နေ့တွင်ပင် ချီးမြှင့်မည်ဟု သိရပါသည်။

သင်တန်း ပြီးဆုံးသွားပြီမို့ သင်တန်းအတွေ့အကြုံများကို ကဗျာဝါသနာပါသည့် ကိုရင်တို့ ကဗျာဖွဲ့စပ်ကြသည်ကို တွေ့ရပါသည်၊ အကြီးတန်းမှ ရှင်ပဏ္ဍိတ၏ "စည်းကမ်းရှိစေ-သာမဏော" ဆိုတဲ့ ကဗျာလေးနဲ့ အထူးတန်းမှ ရှင်ဇနိတ, အကြီးတန်းမှ ရှင်ကုဏ္ဍာလတို့ (၂)ပါး ပေါင်းစပ် သီးကုံးထားသည့် "မွေ့မရတဲ့ ဝတ်ပြုချိန်" ဆိုတဲ့ ကဗျာလေးတို့ကို ကိုရင်၏ ဗလာစာအုပ်တွင် ကူးယူမှတ်သားထားလိုက်ပါသည်၊ ထိုကိုရင်တို့ကဲ့သို့ ကဗျာဖွဲ့စပ်နိုင်သည့် ဉာဏ် ကိုရင့်မှာ မရှိပါ၊ အသက်အရွယ်ပင် ငယ်ကြသော်လည်း ကဗျာဉာဏ်မှာ မနုငယ်ကြပါတကားဟု မှတ်ချက်ချမိပါသည်။

" စည်းကမ်းရှိစေ-သာမဏော "

❋ တစ်နေ့စာကို တစ်နေ့ကျက်လို့
မှန်မှန်ဘုရား ဝတ်တက်ကွယ်၊
အကျင့်သိက္ခာ နိုင်အောင်ထိန်းမှ
သာမဏေမွန်များ ဖြစ်လိမ့်မယ်၊

❋ စည်းကမ်းရိသေ သီလထိန်းလို့
ငယ်သူများကို စောင့်ရှောက်ကွယ်၊
တန်းတူတွေ့.လျှင် မေတ္တာပွားလို့
ကိုယ့်ထက်ကြီးရင် ရိုသေကွယ်၊

❋ ဆွမ်းစားဆောင်မှာ စကားမပြောနဲ့
မေတ္တာပို့၍ နေပါကွယ်၊
စာသင်ဆောင်သွား ဆွမ်းစားသွားလဲ
အမှတ်လေးနဲ့ သွားပါကွယ်၊

http://www.dhammadownload.com

❋ ဖိနပ်စင်မှာ တန်းစီချွတ်လို့
သင်္ကန်းညီညီ ရုံပါကွယ်၊
ခေါင်းအုံးခြင်ထောင် အိပ်ရာခင်းကို
စည်းကမ်းရှိရှိ စီပါကွယ်၊
❋ စည်းကမ်းမဲ့စွာ အမှိုက်မပစ်နဲ့
အမှိုက်ရှိရင် ရှင်းရမယ်၊
သန့်ရှင်းစွာကွယ် နေထိုင်တတ်လို့
စောင့်ရှောက်သူကို လေးစားကွယ်
အဲဒါမှ...
ဗုဒ္ဓဝါဒ ယဉ်ကျေးမှုတွေကွယ်။ ။

ရှင်ပဏ္ဍိတ
အကြီးတန်း။

❖ ❖ ❖

" မေ့မရတဲ့ ဝတ်ပြုချိန် "

❋ လက်ကန်တော့ကို သေချာတင်လို့
ငါတို့တစ်တွေ ဝတ်တက်မယ်၊
တန်းစီရာမှာ စကားပြောနဲ့
အမှတ်လေးနဲ့ နေပါကွယ်၊
❋ ဟိုဟိုဒီဒီ ငေးမနေနဲ့
မျက်လွှာချ၍ သွားပါကွယ်၊
ဖိနပ်တွေကို တန်းစီချွတ်တော့
အင်မတန်ကောင်းတဲ့ ယဉ်ကျေးဖွယ်၊
❋ နေရာထိုင်ကို သေချာခင်းလို့
ရှေ့နောက်ညီစွာ ထိုင်ရမယ်၊
ညနေရောက်တိုင်း ဘုရားဝတ်တက်လို့

http://www.dhammadownload.com

နံနက်ရောက်လည်း ဝတ်တက်ကွယ်၊
✵ သံပြိုင်ညီညီ ရွတ်ဆိုကြလို့
ဘုရားရှိခိုး ကန်တော့ကွယ်၊
စိတ်ထားဖြူစင် သန့်ရှင်းစေဖို့
နေ့စဉ်မပြတ် ဝတ်တက်ကွယ်၊
✵ သံပြိုင်ညီညာ ရွတ်ဆိုကြလို့
ကြည်ညိုဖွယ်ရာ ၊ ကောင်းလှတယ်၊
နေ့စဉ်မှန်မှန် ရွတ်ဆိုရင်းနဲ့
ပြီးဆုံးချိန်တောင် ရောက်တော့မယ်၊
✵ သို့ပါသော်လည်း အချိန်တန်လို့
အိမ်ပြန်ကြရ ပေဦးမယ်၊
အိမ်ပြန်ရောက်ရင် မမေ့ကြနဲ့
ဘုရားဝတ်ပြု ကြဖို့ကွယ်
အဲဒါမှ...
ဗုဒ္ဓညွန်ပြ ဓမ္မအမွေကွယ်။ ။

ရှင်ဇနိတ (အထူးတန်း)၊ **ရှင်ဂျုတ္တာလ** (အကြီးတန်း)

ကိုရင်တို့ဘက်မှ ကဗျာညှော် မခေကြသလို သိက္ခာရှင်တို့ဘက်မှလည်း ကဗျာညှော် မခေကြပါပေ၊ သိက္ခာရှင်များကို ထိန်းသိမ်စောင့်ရှောက်ကြသည့် သိက္ခာရှင်ကြီးများထံမှ ဘစ်ဆင့် အလတ်တန်းမှ မမဏိသောဘာ (မမျိုးပပညွန့်)၏ လက်ရာလေးကို သိရပါသည်။

ကိုရင်တို့ကို အားကျမခံ ကြိုးစားထားလေသလား မပြောတတ်ပါ၊ သူမ၏ ကဗျာလေးကလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာ ကောင်းလှပါသည်၊ သူမ ကဗျာလေးရဲ့ ခေါင်းစည်းက "မမေ့ရက်နိုင်" တဲ့၊ ခေါင်းစည်းလေးကို တွေ့လိုက်တာနဲ့ ဖတ်ရှုချင်စိတ် ဖြစ်ပေါ်လာပါသည်၊ သူမက ဘာတွေကိုများ မမေ့ရက်နိုင်တာပါလိမ့် ဟူသော အတွေးလည်း ဝင်လာမိပါသေးသည်၊ တစ်တန်းဖတ်ပြီးလျှင် ရပ်တန့်ထားချင်စိတ် ပေါ်မလာဘဲ တစ်တန်းပြီး တစ်တန်း ဆက်ပြီး ဖတ်သွားမိပါသည်၊ အနှစ်သာရပြည့်ဝပြီး ဆွဲအား

http://www.dhammadownload.com

ကောင်းလှသဖြင့် "ပြောင်မြောက်သော လက်ရာလေးပါလား"ဟု ကဗျာကို ဖတ်ပြီးသည့်အဆုံး၌ ကိုရင့်ပါးစပ်မှ ချီးကျူးသံ အလိုလို ပေါ်ထွက်လာပါသည်။

" မမေ့ရက်နိုင် "

❋ သာသနာကုန်းမြေ ရွှေတောင်ကုန်းသို့
သာသနာပြုဖို့ ရောက်ခဲ့တယ်၊
နွေဦးရာသီ ဒီလိုလမှာ
နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်တယ်၊

❋ သိက္ခာရှင်ရယ် သာမဏေဝတ်လို့
လူ့အဆင့်အတန်းကို မြင့်စေမယ်၊
ဗုဒ္ဓမြတ်စွာ ဟောဖော်ကြားတဲ့
ဓမ္မတရား သင်လို့ကွယ်၊

❋ ယဉ်ကျေးလိမ္မာ ပညာရှိအောင်
ဆရာအများက သင်ပေးတယ်၊
ထူး,ကြီး, လတ်,ငယ် တန်းတွေခွဲလို့
ဆရာအများ သင်ပြတယ်၊

❋ အပျင်းပြေဖွယ် အလိမ္မာတိုးဖို့
ပုံဝတ္ထုတွေ ဖတ်ရတယ်၊
မွန်,ကောင်း,တော်ရယ် သုံးဆင့်ခွဲလို့
အစဉ်အမြဲ ကြိုးစားမယ်၊

❋ ဗုဒ္ဓတရား ဦးထိပ်ထားလို့
သာသနာအကျိုး ထမ်းပိုးသယ်၊
အဲဒါကြောင့်...
'ရွှေတောင်ကုန်း'ကို ထာဝရ မမေ့နိုင်တယ်။ ။

မမဏီသောဘာ (မမျိုးပပညွန့်)
အလတ်တန်း-သိက္ခာရှင်မွန်

http://www.dhammadownload.com

အားရလေးစားစရာ ဟောပြောချက်အဖြာဖြာ

တန်ခူးလဆန်း (၁)ရက် (၃-၄-၉၂)နေ့ နံနက်ပိုင်းတွင် စာမေးပွဲဖြေပြီးနေ့လည် (၂)နာရီခွဲ ကိုရင်, သိက္ခာရှင်တွေအားလုံး တဲအဆောင်ကြီးထဲ၌ လာရောက်ကြပါသည်၊ စနစ်တကျ ညီညာစွာ တန်းစီထိုင်ကြရပါသည်၊ မဟာထေရ ထောမနာလင်္ကာ (၂၁)ပိုဒ်တို့ကို ရေးသားသည့် ကျောက်တန်းဆရာတော်က ထိုလင်္ကာ (၂၁)ပိုဒ်တို့ကို ဆိုပုံဆိုနည်း သင်ပြပေးပါသည်၊ သူကိုယ်တိုင် (၃/၄)ခေါက် ဆိုပြပါသည်။

ထို့နောက် ကိုရင်တွေ, သိက္ခာရှင်တွေ စုပေါင်း၍ ဆိုစေပါသည်၊ ကိုရင်တွေတစ်လှည့်, သိက္ခာရှင်တွေတစ်လှည့်လည်း ဆိုစေပါသည်၊ (၅-၄-၉၂)နေ့ ဆုနှင်းသဘင်၌ ရွတ်ဆိုကြရမည်ဖြစ်၍ အစမ်းကြိုတင် လေ့ကျင့်ခြင်း ဖြစ်ပါသည်၊ အဓိဋ္ဌာန်စာတမ်း (၃)ပိုဒ်ကိုလည်း အစမ်းရွတ်ဆိုကြပါသည်၊ ညီညီညာညာ သာယာနာပျော်ဖွယ်ဖြစ်အောင် ကျောက်တန်းဆရာတော်က ပြုပြင်သင်ပြပေးပါသည်၊ (၄-၄-၉၂)နေ့ နံနက်ပိုင်း၌လည်း (၇)နာရီမှ (၉)နာရီထိ လေ့ကျင့်ပေးပါသည်။

"မဟာထေရ ထောမနာလင်္ကာ" ဆိုသည်မှာ ပဏ္ဍိတာရာမ ဆရာတော်ကြီးကို ချီးမွမ်းထားသည့် လင်္ကာများဖြစ်ကြောင်း ကျောက်တန်းဆရာတော်က ရှင်းပြပါသည်၊ (၄-၄-၉၂)နေ့ နေ့လည်ပိုင်း (၁)နာရီတွင် ဇေယျဝတီဆရာတော် ဦးစီးသော သင်တန်းပြဆရာတို့က ကိုရင်တို့, သိက္ခာရှင်တို့ကို ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနှင့်စပ်၍ ခံစားချက်, သုံးသပ်ချက်, အကြံပေးချက်, ပြုပြင်လိုချက်တို့ကို တဲအဆောင်ကြီးထဲ၌ ဟောပြောစေပါသည်။

သိက္ခာရှင်တို့ဘက်မှ အငယ်တန်းမှ မသုခဝတီ, အလတ်တန်းမှ မမဏိသောဘာ, အငယ်တန်းမှ မကန္တိသီတာ, အကြီးတန်းမှ မသဠာရီ, မစာရဟာသီ, မဓမ္မပါလီ, မနန္ဒမာလာတို့ ဟောပြောသွားကြပါသည်။

ကိုရင်တို့, သိက္ခာရှင်တို့ အားလုံး၏ ရှေ့၌ရပ်ပြီး 'မိုက်' ဖြင့် ထိုသို့ ဟောပြောရဲဖို့ရာ မလွယ်ကူလှပါ၊ သိက္ခာရှင်တို့ တစ်ပါးပြီးတစ်ပါး ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား တက်တက်ကြွကြွ ဟောပြောသွားကြပါသည်၊ ကိုရင်တို့ဘက်မှလည်း ကိုရင် (၄)ပါး ဟောပြောသွားကြပါသေး၏။

http://www.dhammadownload.com

ကိုရင်တို့ကား ဗုဒ္ဓစာပေထဲမှ ပုံဝတ္ထုများကို ဟောပြောသွားကြပါသည်၊ သိက္ခာရှင်တို့ဘက်က ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းအပေါ် သူတို့၏ ခံစားချက်, သုံးသပ်ချက်, အကြံပေးချက်, ပြုပြင်လိုချက်, ဤသင်တန်းကြောင့် ရရှိသည့် အကျိုးတရားတို့ကို ဟောပြောသွားကြသည်မှာ အလွန်ပင် အားရစရာ ကောင်းလှပါသည်၊ ထိုသိက္ခာရှင်တို့၏ ဟောပြောချက်တို့ကို အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

မသုခဝတီ (မသက်သက်) အငယ်တန်း သိက္ခာရှင်မွန်၏ ဟောပြောချက် "သိဒ္ဓံ"ပါ ဘုရား

ဘာသာရေးတက္ကသိုလ်ကြီးလို့ပဲ သတ်မှတ်မိပါတယ်

ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှ (၈-၃-၉၂)နေ့က ဖွင့်လှစ်ခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဟာ တစ်လပြည့်ခဲ့ပါပြီဘုရား၊ တစ်နှစ်မှာ တစ်လသာ တက်ရောက်သင်ကြားခွင့် ရခဲ့ပါတယ်၊ ဒီတစ်လသာ တက်ရောက်ရတဲ့ သင်တန်းကြီးရဲ့ အတွေ့အကြုံ, ထူးခြားချက်, ခံစားချက်တွေကို တပည့်တော်အနေနဲ့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်၊ တပည့်တော်ရဲ့ ဉာဏ်မှီသလောက် တင်ပြသွားမှာ ဖြစ်သည့်အတွက် လိုတာရှိရင်လဲ ခွင့်လွှတ်တော်မူကြပါဘုရား။

သင်တန်းသား ရှင်သာမဏေများနှင့် သင်တန်းသူ သိက္ခာရှင်များဘုရား..

တပည့်တော်တို့တစ်တွေဟာ ဗုဒ္ဓသာသနာဝင်မိဘတို့မှ ဖွားမြင်လာကြတဲ့ ဗုဒ္ဓသာသနာဝင်လူငယ်တွေဖြစ်ကြပါတယ်၊ ဒီလိုဗုဒ္ဓသာသနာဝင် လူငယ်တွေ ဖြစ်သည့်အတွက် ဗုဒ္ဓမြတ်စွာရဲ့ အကြောင်းအရာ အချက် အလက်တွေ, သိထိုက်စရာတွေဟာ အများကြီးပါပဲ ဘုရား၊ ဒီလို သိထိုက်စရာတွေကို တပည့်တော်တို့အနေနဲ့ သင်ယူမှတ်သားရပါမယ်၊ လေ့လာရပါမယ်၊ ဆည်းပူးရပါမယ်၊ ဆွေးနွေးဝေဖန်ရပါမယ်၊ လက်ခံကျင့်သုံးနိုင်ရပါမယ်၊ ဒီလိုမှပဲ ဗုဒ္ဓသာသနာဝင်ရယ်လို့ ပြောဆိုခံယူနိုင်မှာ ဖြစ်ပါတယ် ဘုရား၊ ဒီလိုမှ

http://www.dhammadownload.com

မဟုတ်ရင် ဗုဒ္ဓသာသနာဝင် အမည်ခံပြီး ကျောက်တန်းဘုန်းဘုန်းပြောတဲ့, တန်ဖိုးမရှိတဲ့ လူ့ဗာလတွေဖြစ်ကုန်မှာပေါ့ ဘုရား၊ အဲဒီလို တန်ဖိုးမရှိတဲ့, လူ့ဗာလတွေ မဖြစ်ရလေအောင်, ဘာသာရေးအသိဉာဏ်တွေ ရင့်ကျက်တိုးပွားလာအောင် သင်ကြားပြသနေတဲ့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးဟာ ဘာသာရေး တက္ကသိုလ်, ဘာသာရေးပန္နက် ရိုက်ပေးတဲ့ နေရာဌာနကြီးလို့ပဲ သတ်မှတ်မိပါတယ် ဘုရား။

ဒီလိုသင်တန်းမျိုးတွေကို များများလေ့လာဖို့ လိုအပ်ပါတယ်

ဤသို့ သတ်မှတ်မိသည့်အတိုင်းလဲ တပည့်တော်ဟာ နွေရာသီ ကျောင်းပိတ်ရက်မှာ မိမိရဲ့အိမ်မှာပဲ အချိန်ကို အလဟဿ မကုန်လွန်စေဘဲ ဤသင်တန်းကို တန်ဖိုးထားပြီး လာရောက်သင်ကြားရခြင်း ဖြစ်ပါတယ်ဘုရား၊ ဒီရောက်လာတော့လဲ ဥပဇ္ဈာယ်ဆရာတော် ဘုန်းဘုန်းကြီးနဲ့ သင်တန်းပြဆရာသမားတွေ, ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့ ဆရာသမားတွေရဲ့ မေတ္တာ, စေတနာတွေဟာ တပည့်တော်တို့ရဲ့အပေါ်မှာ ကြီးမားလှပါတယ်ဘုရား၊ ထိုဆရာသမားတွေရဲ့ သင်ပြဆုံးမချက်တွေကို တပည့်တော်အနေနဲ့ လိုက်နာကျင့်သုံးတဲ့အခါ ဝမ်းမြောက်ကျေနပ်မှု ပီတိတွေ အတိုင်းထက်အလွန်ပဲ ဖြစ်ပေါ်လာပါတယ် ဘုရား။

အခုဆိုရင် ဤသင်တန်းကို တက်ရောက်သင်ယူခဲ့သည့်အတွက် အရင်ကထက် အများကြီး ထူးခြားခဲ့ပြီလို့ ဆိုရမှာပေါ့ ဘုရား၊ ဘယ်လို ထူးခြားလဲဆိုရင် ဘုရားကို ရှိခိုးတတ်ခဲ့ပါပြီ၊ ဘုန်းဘုန်းကြီးက မိန့်တော်မူနေတဲ့, မိမိတို့ရဲ့ဘဝ တိုးတက်မြင့်မားအောင် ပြုလုပ်ပေးတဲ့ တရားရှုမှတ်နည်းတွေကိုလဲ လုံးလုံးလျားလျား မသိရပေမယ့် အတော်အသင့်တော့ သိခဲ့ရပါပြီ ဘုရား၊ အပြော, အဆို, အနေ, အထိုင်, အစား, အသောက်မှအစ အစစအရာရာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာလေးတွေ ယဉ်ကျေးဖို့ရာမှာလဲ အသိဉာဏ်တွေ ရခဲ့ပါပြီ ဘုရား၊ ဒီသင်တန်း တက်ရောက်နေချိန်ကာလမှာ ညနေတိုင်း ဆရာတော်များထံမှ ဩဝါဒခံယူရလို့လဲ သာသနာရေး, လောကရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေလဲ ကြွယ်ဝပြည့်စုံခဲ့ရပါတယ် ဘုရား။

http://www.dhammadownload.com

ဤသို့ သာသနာရေး, လောကရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပြည့်စုံသည့်အတိုင်း လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ် ဘုရား၊ ဒီလိုမှ မလိုက်နာဘူးဆိုရင် တပည့်တော်တို့ဟာ အချိန်သာ ကုန်ပေမယ့် မိမိတို့ရဲ့ ဘဝမှာ ဘယ်လိုမှ တိုးတက်လာနိုင်မှာ မဟုတ်ပါဘူး ဘုရား၊ မိမိတို့ရဲ့ဘဝ မတိုးတက်ရင် ဆုတ်ယုတ်ဖို့ပဲ ဖြစ်ပါတယ်၊ ဆုတ်ယုတ်ရင်တော့ မိမိတို့ပဲ နစ်နာမှာ ဖြစ်ပါတယ်၊ ဤသို့ မဆုတ်ယုတ်ဖို့ရာ, မနစ်နာစေဖို့ရာ, တိုးတက်ဖို့ရာ တပည့်တော်အနေနဲ့ "ငယ်ရွယ်စဉ်အခါမှ စ၍ လူတော်, လူကောင်း, လူမွန်ကလေးတွေ ဖြစ်လာစေဖို့ရာ ဤလိုဌာန ဒီလိုသင်တန်းမျိုးတွေကို များများလေ့လာမှတ်သားဖို့ လိုအပ်ပါတယ်" လို့ ခံယူမိပါတယ် ဘုရား၊ ဤလို ခံယူမိသည့်အတိုင်းလဲ နောင်လာမည့်နှစ်တွေမှာ ဒီထက်မက မိမိတို့ရဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာလေးတွေ ယဉ်ကျေးပြီး တိုးတက်စေဖို့ရာ ဆက်လက်ပြီး တက်ရောက်သင်ယူမှာ ဖြစ်ပါတယ်လို့ ကတိပြုပါတယ် ဘုရား။

နိဂုံးချုပ် အနေနဲ့ကတော့ ဤလိုသင်တန်းမျိုးတွေကို တက်ရောက်သင်ကြားခြင်းဖြင့် သာသနာတော်ကြီး တိုးတက်ရာ တိုးတက်ကြောင်းတွေကို စွမ်းနိုင်ရာကနေ ဆောင်ရွက်သွားပါမယ်လို့ ကတိပြုပါတယ် ဘုရား။

တပည့်တော်တို့ရဲ့ သာသနာတော်ကြီး ကမ္ဘာကို လွှမ်းမိုးနိုင်ပါစေ..။

မသုခဝတီ

အငယ်တန်း–သိက္ခာရှင်မွန်

မသက်သက်

အသက် (၁၂)

အတန်း– (၅)တန်း

၄၅ဖ၊ ကမ်းနားလမ်း၊ အလုံ။

မိဘ–ဦးဝင်းတင်+ဒေါ်မြသန်း။

http://www.dhammadownload.com

မမဏိသောဘာ (မမျိုးပပညွန့်) အလတ်တန်း
သိက္ခာရှင်မွန်၏ ဟောပြောချက်

ရေအိုင် (၄)မျိုးနဲ့တူတဲ့ လူ(၄)မျိုး

အရှင်ဘုရားတို့ကို တပည့်တော် ဟောပြောချင်တာကတော့ ဗုဒ္ဓမြတ်စွာ ဟောထားခဲ့တဲ့ "ပုဂ္ဂိုလ်လေးဦး" (သို့မဟုတ်) "ရေအိုင်လေးမျိုး" ဆိုတဲ့ အကြောင်းပါပဲ။

(၁) တိမ်လျက် နက်ယောင်ထင်ရသော ရေအိုင်၊
(၂) နက်လျက် တိမ်ယောင်ထင်ရသော ရေအိုင်၊
(၃) တိမ်လျက် တိမ်ယောင်ထင်ရသော ရေအိုင်၊
(၄) နက်လျက် နက်ယောင်ထင်ရသော ရေအိုင်တွေပါပဲ ဘုရား။

ပထမကတော့... တိမ်လျက် နက်ယောင်ထင်ရတဲ့ ရေအိုင်ပါပဲ။

တချို့ ရှင်သာမဏေနဲ့ သိက္ခာရှင်များ၏ ကိုယ်, နှုတ်, စိတ် အမူအရာတွေဟာ ကြည်ညိုစရာရှိပေမယ့် တကယ့်တကယ်ကျတော့ ဘာသာတရား၏ အနှစ်သာရကို ဘာမှမသိပဲ အိမ်ပြန်ရမယ် ဆိုရင် ဘာမှ အဖိုးမတန်ဘဲ အသုံးမကျတဲ့ သင်တန်းကို တက်ရာရောက်သွားပါလိမ့်မယ်၊ ဒါကြောင့် တပည့်တော် သတိပေးချင်တာကတော့ တိမ်လျက် နက်ယောင်ထင်ရသော ရေအိုင်လို မကျင့်ကြပါနဲ့လို့ပါပဲဘုရား။

ဒုတိယကတော့... နက်လျက် တိမ်ယောင်ထင်ရသော ရေအိုင်ပါပဲ။

ကိုရင်, သိက္ခာရှင်တို့ရဲ့ ကိုယ်အမူအရာ, နှုတ်အမူအရာတွေဟာ ကြည်ညိုဖွယ်ရာ မရှိပါပဲ ဘာသာတရား၏ အနှစ်သာရတွေကိုသာ သိနေတယ် ဆိုရင်လဲ ကြည်ညိုစရာရှိအောင် ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ပြီး ပြုပြင်နိုင်အောင် ကြိုးစားဖို့ကို တိုက်တွန်းပါရစေဘုရား။

တတိယကတော့... တိမ်လျက် တိမ်ယောင်ထင်ရသော ရေအိုင်ပါပဲ။

ရှင်လူအများဟာ မွေးလာကတည်းက အသိဉာဏ်တွေ, အလိမ္မာတွေသာ ရှိနေမယ်ဆိုရင် ကျောင်းတွေ, ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတွေဟာ ဘာမှမလိုတော့ဘူးပေါ့။

http://www.dhammadownload.com

ဒါပေမယ့် တပည့်တော်တို့မှာ ယဉ်ကျေးလိမ္မာ, ပညာအသိရှိသူတွေ ရှိသလို မယဉ်ကျေး မလိမ္မာ ပညာအသိ မရှိသူတွေလဲ ရှိမှာပေါ့၊ ဒါကြောင့် အများအမြင်မှာ ကြည်ညိုစရာလဲ မရှိ, ဘာသာတရား၏ အနက်အဓိပ္ပာယ်, ရည်ရွယ်ချက်တွေကိုလဲ မသိရင် ဒီလိုလူဟာ တိမ်လျက်နဲ့ တိမ်ယောင်ထင်ရတဲ့ ရေအိုင်နဲ့တူတဲ့, ဘာအဓိပ္ပာယ်မှ မရှိတဲ့ လူ့လောကထဲက လူတစ်ယောက်, သာသနာ့ဘောင်ထဲက သာမဏေ, သိက္ခာရှင်တစ်ပါး ဖြစ်နေပါလိမ့်မယ် ဘုရား၊ ဒါကြောင့်မို့ ဒီလိုပညာ အသိအလိမ္မာရှိအောင် သင်ကြားပြသ သွန်သင်ပေးတဲ့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းသူ, သင်တန်းသားတွေဟာ တိမ်လျက် တိမ်ယောင်ထင်ရသောသူများ မဖြစ်အောင် ကြိုးကုတ်ကြပါလို့ ပြောချင်ပါတယ်ဘုရား။

ဒီဗုဒ္ဓယဉ်ကျေးမှုတွေကို ထပ်ဆင့် ပွားစေချင်ပါတယ်

နောက်ဆုံး တစ်ခုကတော့... နက်လျက် နက်ယောင်ထင်ရတဲ့ ရေအိုင်ပါပဲ။

အခု တပည့်တော်တို့တွေဟာ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာရဲ့ ဒုတိယအကြိမ်မြောက် ဖွင့်လှစ်တဲ့ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို တက်ရောက်နေကြတဲ့ သာမဏေ, သိက္ခာရှင်တွေဖြစ်ပါတယ်၊ တချို့ သာမဏေနဲ့ သိက္ခာရှင်တွေက သူများတွေ ဝတ်လို့ ဝတ်ချင်တယ်၊ ကျောင်းက သူငယ်ချင်းတွေပါလို့ ဝတ်သူတွေ ရှိပါတယ်၊ တချို့ သာမဏေနဲ့ သိက္ခာရှင်တွေက မိမိတို့ကလဲ ဝတ်ချင်တဲ့ဆန္ဒရှိသလို မိဘတွေကလည်း ဝတ်ခိုင်းကြပါတယ်၊ တပည့်တော်ကတော့ မိဘတွေကလည်း ဝတ်ခိုင်းတယ်၊ တပည့်တော် ကိုယ်တိုင်ကလည်း ဝတ်ချင်စိတ် ရှိပါတယ်၊ တပည့်တော်ဟာ လွန်ခဲ့တဲ့ ဝါဆိုလပြည့်နေ့မှာ ပဏ္ဍိတာရာမကို ရောက်လာပြီး ဝတ်ချင်စိတ်တွေ ပေါ်လာပါတယ်၊ ဒါကြောင့် သိက္ခာရှင်ဝတ်ဖြစ်ပါတယ်။

တချို့ဆို ဝတ်ချင်ပေမယ့်လဲ မိဘက မတတ်နိုင်တဲ့အတွက် ကံအကျိုးပေး မကောင်းလို့ မဝတ်ရတဲ့သူတွေ အများကြီး ရှိပါတယ်၊ တပည့်တော်တို့ဟာ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို တက်နေတာမို့ အများအမြင်မှာ ကြည်ညိုဖွယ်ဆောင်သော ကိုယ်အမူအရာ, နှုတ်အမူအရာတို့ကို တစ်သက်လုံး

http://www.dhammadownload.com

စွဲကိုင်စေချင်ပါတယ်၊ ထို့ပြင် ဘာသာတရား‌ရဲ့ အနက်အဓိပ္ပာယ်, ရည်ရွယ်ချက်ကိုလဲ ကိုယ့်စိတ်ထဲသိရုံနဲ့ မပြီးပါဘူး၊ ဒီလို သင်တန်းတွေ မတက်နိုင်တဲ့သူတွေကို ယဉ်ကျေးမှု အသိအလိမ္မာ ပညာတွေကို ထပ်ဆင့်ပွား‌စေချင်ပါတယ်၊ ဒါမှလဲ နက်လျက် နက်ယောင်ထင်ရသော သာမဏေ, သိက္ခာရှင်များ ဖြစ်ပေလိမ့်မယ်၊ ဒါကြောင့် တပည့်တော် တိုက်တွန်းချင်တာကတော့ တိမ်လျက် တိမ်ယောင်ထင်ရတဲ့ရေအိုင်, နက်လျက် တိမ်ယောင်ထင်ရတဲ့ ရေအိုင်, တိမ်လျက် နက်ယောင်ထင်ရတဲ့ ရေအိုင်တွေလို မကျင့်ကြံဘဲ နက်လျက် နက်ယောင်ထင်ရသော ရေအိုင်လိုပဲ ကျင့်ကြံကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည် ဘုရား။

မမဏိသောဘာ

အလတ်တန်း-သိက္ခာရှင်မွန်

မမျိုးပပညွန့်

အသက် (၁၃)၊ အတန်း (၇)

၉၁၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်၊

မိဘ- ဦးလှညွန့်+ဒေါ်ထွေးရီ။

❖ ❖ ❖

မကန္တိသီတာ (မခိုင်ဇာအောင်) အငယ်တန်း သိက္ခာရှင်မွန်၏ ဟောပြောချက် "သိဒ္ဓံ"ပါ ဘုရား

ဆရာသမား‌ကောင်း‌တွေနဲ့. မတွေ့.ဆုံခဲ့လို့.

သင်တန်းသား ရှင်သာမဏေများနှင့် သင်တန်းသူ သိက္ခာရှင်များ ဘုရား၊ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို တပည့်တော် တက်ရောက်ခွင့်ရတဲ့ အတွက် အထူးပဲ ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်လို့ ဦးစွာ ပြောကြားလိုပါတယ် ဘုရား။

http://www.dhammadownload.com

တပည့်တော်ဟာ ဗုဒ္ဓသာသနာဝင် လူငယ်တစ်ယောက် ဖြစ်ပါတယ် ဘုရား၊ ဒီလို ဗုဒ္ဓသာသနာဝင်တစ်ယောက် ဖြစ်ပေမယ့်လဲ ဗုဒ္ဓသာသနာအပေါ် ရိုသေကိုင်းရှိုင်းမှုဟာ ပေါ့ဆမှုတွေ အများကြီး ဖြစ်ခဲ့ပါတယ်၊ ဒါဟာ ဘာ့ကြောင့်ပါလဲ ဘုရား၊ တပည့်တော်တို့ဟာ စည်းစနစ်ကောင်းစွာနဲ့ ဆုံးမသွန်သင် ညွှန်ကြားပြသပေးတဲ့ ဆရာသမားကောင်းတွေနဲ့ မတွေ့ဆုံခဲ့လို့ ဖြစ်ပါတယ်။

အင်္ဂတော့ အဲဒီလို နည်းစနစ်မှန်ကန်တဲ့ ကျေးဇူးရှင် ဆရာသမားတွေနဲ့ တွေ့ခဲ့ရပါပြီ ဘုရား၊ အတိတ်ကုသိုလ်ကံက ပို့ပေးတဲ့အတွက် ကျင့်နည်းမှန်ကန်တဲ့ ကျေးဇူးရှင် ဆရာသမားတွေထံမှောက်မှာ မြတ်ဗုဒ္ဓရဲ့ သင်ခန်းစာတွေကို အခက်အခဲမရှိဘဲ အစစအရာရာ အဆင်ပြေစွာ သင်ယူခဲ့ရလို့ တပည့်တော်ရဲ့ အသိစိတ်ဓာတ်မှာ သာသနာရေး အသိဉာဏ်တွေ တိုးပွားခဲ့ရပါပြီ၊ သရဏဂုံ သုံးပါးနှင့်တကွ (၅)ပါး သီလက အစ (၈)ပါး, (၉)ပါး, (၁၀)ပါး သီလတွေကို ဘယ်ပုံဘယ်နည်း ဆောက်တည်ကျင့်သုံးရမယ်ဆိုတာနဲ့ ကိုယ်, နှုတ်, စိတ် သုံးပါး ယဉ်ကျေးလိမ္မာစေပြီး ဘဝအဆင့်အတန်းကို မြင့်မားစေတဲ့ တရားရှုမှတ်နည်းတွေကို ဘယ်ပုံဘယ်နည်း ရှုမှတ်ရမယ် ဆိုတာကိုလည်း သိခဲ့ရပါပြီ ဘုရား။

အဲဒီလို သိခဲ့ရတဲ့အတွက် တပည့်တော်အနေနဲ့ ဝမ်းမြောက်မှုတွေ ပီတိတွေ ဖြစ်ခဲ့ရသလို ကျေးဇူးရှင်ဆရာသမားများကိုလည်း ဒီသင်တန်းမှ သင်ယူတတ်မြောက်ခဲ့တဲ့ သင်ခန်းစာများကို လိုက်နာကျင့်သုံးခြင်းဖြင့် ကျေးဇူးဆပ်သွားမှာ ဖြစ်ပါတယ်လို့ ကတိပြုပါတယ် ဘုရား၊ ဤသင်တန်းကြီးဟာ တပည့်တော်တို့လို လူငယ်တွေအတွက် အထူးပဲ လိုအပ်တဲ့ သင်တန်းမျိုး ဖြစ်ပါတယ် ဘုရား၊ ဘာ့ကြောင့်လဲဆိုတော့ တပည့်တော်တို့ လူငယ်တွေဟာ မိဘများလက်အောက်မှာ နေရုံနဲ့ ဤလို ဘာသာတရားနဲ့ ပတ်သက်တဲ့ အသိထူး, ဉာဏ်ထူးတွေကို ရရှိဖို့ရာ မဖြစ်နိုင်တာကြောင့်ဘဲ ဖြစ်ပါတယ် ဘုရား၊ ဤလို သင်တန်းမျိုးကသာလျှင် တပည့်တော်တို့, အရှင်ဘုရားတို့အား ဘာသာရေး အသိဉာဏ်ထူးတွေကို ပေးစွမ်းနိုင်တာ ဖြစ်ခြင်းကြောင့် ဒီလို သင်တန်းမျိုးတွေ အချိန်အခါမရွေး တက်ရောက်သင်ယူကြပါလို့ ပြောကြားလိုပါတယ် ဘုရား။

http://www.dhammadownload.com

လူငယ်တွေက လူကြီးလူကောင်းတွေ ဖြစ်လာဖို့

တပည့်တော်တို့ လူငယ်တွေဟာ နောင်တစ်ချိန်မှာ အရည်အချင်းနဲ့ ပြည့်ဝတဲ့ လူကြီးလူကောင်း ဖြစ်လာဖို့အတွက် ငယ်ရွယ်စဉ် အခုချိန်မှစ၍ ကောင်းမြတ်တဲ့ အလေ့အကျင့်တွေ အများကြီးကို ပြုလုပ်ပေးရပါမယ် ဘုရား၊ ဒီလိုမှပဲ အရည်အချင်း ပြည့်ဝတဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်လာမှာပါ ဘုရား၊ တစ်ဦးချင်းအနေနဲ့ ပြည့်စုံလို့ မရပါဘူး ဘုရား၊ တစ်ယောက်ချင်း, တစ်ယောက်ချင်း ပြည့်စုံမှသာလျှင် အားလုံး ပြည့်စုံပြီး အားလုံး စုပေါင်း ညီညာစွာဖြင့် သဒ္ဓါ, စေတနာ ရှေ့ထားကာ လုပ်ကိုင်သွားကြမယ်ဆိုရင် တပည့်တော်တို့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီးဟာ စည်ပင်သာယာပြီး ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းမိုးနိုင်မှာ ဖြစ်ပါတယ် ဘုရား။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ဤသင်တန်းကို တက်ရောက်သင်ကြားတဲ့အတွက် မသိသေးတဲ့ ဘာသာရေး အသိဉာဏ်ထူးတွေ ရရှိခဲ့စား ရသည့်အတိုင်း ကိုယ်တတ်စွမ်းနိုင်တဲ့ နည်းနဲ့ ဗုဒ္ဓသာသနာတော်ကြီးကို ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်သွားပါမယ်လို့ အဓိဋ္ဌာန်ပြုရင်းနဲ့ နိဂုံး ချုပ်ပါတယ် ဘုရား။

ကျေးဇူးရှင် ဆရာများနဲ့ သင်တန်းသား သာမဏေများ, သင်တန်းသူ သီကျွာရှင်များ အားလုံး ကျန်းမာချမ်းသာကြပါစေ ဘုရား။

မကန္တသီတာ

အငယ်တန်း–သီကျွာရှင်မွန်

မခိုင်ဇာအောင်

အသက် (၁၁)၊ အတန်း (၄)

၅၆၈၊ ဃ/၀မ္မာရုံ ၂–လမ်း၊

၁၁–ရပ်ကွက်၊ လှိုင်၊

မိဘ– ဦးမျိုးအောင်+ဒေါ်သူဇာ

http://www.dhammadownload.com

မသဠွာရီ (မကေသီဦးငယ်) အကြီးတန်း
သိက္ခာရှင်မွန်၏ဟောပြောချက်
"သိဒ္ဓံ"ပါ ဘုရား

နောက်ထပ် အထူးတန်း, တစ်တန်း တိုးပေးစေချင်

ဩဝါဒါစရိယ ဆရာတော်ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များနှင့် ကျွေးဖခင် မွေးမိခင်တို့ကို တပည့်တော် မသဠွာရီက ဤနေရာကပင် ဂါရဝ ပြုလိုက်ပါသည် အရှင်ဘုရား၊ တပည့်တော် လူအမည်ကတော့ ကေသီဦးငယ်ဖြစ်ပြီး အ.ထ.က (၂) စမ်းချောင်းတွင် သတ္တမတန်း ဖြေကြားထားပါတယ်။

(၈၉)ခုနှစ်တွင် မြို့နယ်၌ ဖွင့်လှစ်သော ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို တက်ရောက်ခဲ့ပါတယ်၊ သင်တန်းနှင့်စပ်၍ ရလိုတာကတော့ မြတ်စွာဘုရားဟောကြားအပ်သော တရားတော်များကို အခြေခံအားဖြင့် သိမြင်နားလည်မှုပါပဲ ဘုရား၊ တပည့်တော်ဟာ (၁၉၉၀–၁၉၉၁)ခုနှစ်နဲ့ (၁၉၉၂) ခုနှစ်တို့တွင် ကျောင်းပိတ်တိုင်း သိက္ခာရှင်ဝတ်ပြီး တက်ခဲ့ပါတယ်။

(၁၉၉၁)ခုနှစ်တွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ အလတ်တန်းကို အောင်မြင်ခဲ့ပါတယ်၊ (၁၉၉၂)ခုနှစ် ယခုနှစ်တွင် အကြီးတန်းကို တက် ရောက်ခဲ့ပါတယ်၊ ဤသင်တန်းနှင့်ပတ်သက်၍ အကြံပြုချင်တာကတော့ တပည့်တော်တို့ အကြီးတန်းအောင်ပြီးလျှင် နောက်ထပ် အတန်းများ ထပ်တိုးပေးဖို့ အကြံပြုလိုပါတယ်။

ကံမကုန်ရင် ပြန်ဆုံချင်ပါသေးတယ်

သင်တန်းမတက်ခင် သိက္ခာရှင်ဝတ်ချင်တဲ့စိတ်က စိုးမိုးနေပါတယ်၊ သင်တန်းတက်ပြီး တစ်ပတ်, နှစ်ပတ် အတွင်းတွင် သင်နေတဲ့အချိန်မှာ သံဃာတော်တဖြစ်လဲ, (လောကီအရ ခေါ်ရလျှင်တော့) ဆရာတွေ သင်ပြပေးတဲ့ စာတွေကိုလဲ စိတ်ဝင်တစား သင်ယူပါတယ်၊ သင်တန်းတက်ရသည့် အတွက်ကြောင့် တပည့်တော်၏ဘဝ ပြောင်းလဲချက်ကတော့ အသိအလိမ္မာဉာဏ်ပညာတွေ ဖွံ့ဖြိုးလာတာပါပဲ ဘုရား၊ ယခုနှစ် အစပိုင်း၌ ဒေသဆင်မခြင်မှုများ ဖြစ်ပေါ်လာပြီး နောက်ပိုင်းကော အလတ်တန်းအောင်ရင် အကြီးတန်း,

http://www.dhammadownload.com

အကြီးတန်းအောင်လျှင် အထူးတန်းစသည် တက်ရောက်သင်ကြားလိုသော စိတ်များကလည်း ပေါ်ပေါက်လာပါတယ်၊ တစ်သက်လုံး သိက္ခာရှင် ဝတ်ချင်တဲ့ စိတ်တွေ ပေါ်ပေါက်လာသော်လည်း လောကီတွင် ပညာသင်ကြားရမည့် ကိစ္စများ ရှိနေသေးသောကြောင့် မဝတ်နိုင်သေးပါ ဘုရား၊ သို့အတွက် တပည့်တော် အသက်ကြီးလို့ လောကီပညာရေးအတွက် တတ်အောင်သင်ပြီး မိဘကျေးဇူးကို ဆပ်ပြီးလျှင် သိက္ခာရှင်အဖြစ်နဲ့ အသက်ထက်ဆုံး ဝတ်မယ်လို့ ဆုံးဖြတ်ထားပါတယ် ဘုရား။

ဆရာများ စာသင်ပြနေတာကို စိတ်ဝင်တစား သင်ယူနားထောင်ပြီး ခဏတာ စိတ်ဝင်စားမှုကပင် သံသရာအကျိုးအထိ ဖြစ်စေနိုင်ပါတယ်၊ အခု ဖြေကြားနေတဲ့ စာမေးပွဲတွေကို အချို့က မအောင်လဲ အရေးမကြီးဘူးလို့ ထင်မှတ်နေကြပါတယ်၊ တပည့်တော်ရဲ့ စိတ်ကတော့ တကယ်အရေးကြီးတယ်လို့ ယုံကြည်ထားပါတယ်၊ ယဉ်ကျေးမှု ရဖို့ဟာလဲ အထူးပဲ အရေးကြီးပါတယ်။

ဤကျောင်းတွင် သိက္ခာရှင်အဖြစ်နဲ့ နေထိုင်ခဲ့တဲ့ ကာလပတ်လုံး နေမှု, ထိုင်မှု, စားမှု, သောက်မှု, အစစအရာရာ အဆင်ပြေ၍ လိုလေသေးမရှိပြည့်စုံသောကြောင့် စိတ်ချမ်းသာပါတယ်၊ နောင်နှစ်တွေမှာလဲ ဆက်ဝတ်မယ်လို့ ရည်ရွယ် ဆုံးဖြတ်ထားပါတယ်။

ယခု တပည့်တော် ပြောနေတာကို နားထောင်တဲ့ ရှင်သာမဏေနဲ့ သိက္ခာရှင်ကလေးတွေကို ကံမကုန်ရင် ပြန်ဆုံချင်ပါသေးတယ်၊ နောင်နှစ်အခါလဲ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တက်ရောက်ရန် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာကို ပြန်လာခဲ့ပါလို့ တောင်းပန်ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည် အရှင်ဘုရား။

မသဥ္ဇာရီ

အကြီးတန်း–သိက္ခာရှင်မွန်

မကေသီဦးငယ်

အသက် (၁၄)၊ အတန်း (၇)

၁၄၁၊ ၃၈–လမ်း၊ ကျောက်တံတားမြို့နယ်

မိဘ– ဦးခင်မောင်သိန်း+ဒေါ်ကေခိုင်

http://www.dhammadownload.com

မစာရဟာသီ (မမြစန္ဒာစိုး) အကြီးတန်း၏ ဟောပြောချက် "သိဒ္ဓံ"ပါ ဘုရား

အရမ်းကို ကြည်နူးမိပါတယ်

တပည့်တော်ကတော့ ဒီဗုဒ္ဓယဉ်ကျေးမှုသင်တန်းမှာ တက်ရောက်နေတဲ့ အကြီးတန်းမှ သိက္ခာရှင် မစာရဟာသီ ဖြစ်ပါသည် အရှင်ဘုရား။

အရှင်ဘုရားတို့ကို တပည့်တော် ပြောပြမည့် အကြောင်းအရာလေးကတော့ "ဆေါင်းတုံးသာ အဖတ်မတင်စေချင်" လို့ အမည်ပေးထားတဲ့ အကြောင်းအရာလေးပါပဲ၊ ကြားလိုက်ရလို့ ထူးဆန်းသွားမယ်လို့ ထင်ရပေမယ့် အမြင်အားဖြင့်တော့ မထူးဆန်းသော အကြောင်းအရာလေးပါပဲဘုရား၊ အခုလို အားလပ်တဲ့ နွေရာသီမှာ နေရာအသီးသီးမှာ ရရှိတဲ့အချိန်ကို အသုံးချနေကြပါတယ်၊ သင်တန်းတွေကိုလဲ အများအပြား တက်နေကြတယ်၊ ဒီအထဲမှာတော့ အမြတ်နိုးဆုံး ကေသာကို ပယ်ပြီး လူတိုင်း မလုပ်နိုင်တဲ့ အလုပ်ကို လုပ်ခြင်းဟာ အမွန်မြတ်ဆုံးလို့ တပည့်တော် ယူဆပါတယ်၊ ဒီထက် ပိုတာကတော့ ငယ်ရွယ်သူတွေဖြစ်ပါလျက် အပြင်မှာ လှချင်တိုင်းလှ, စားချင်တိုင်း စားနေလို့ ရပါလျက် မလှမပ, မြတ်နိုးစရာ မကောင်းတဲ့ ဒီသင်္ကန်းကို ဝတ်, ပူပြင်းတဲ့ နွေရာသီရဲ့ဒဏ်ကို အံတုပြီး သီလတွေကို စောင့်ထိန်းကာ သာသနာ့ဘောင် ဝင်ခဲ့ကြခြင်းဟာ ပြောမပြနိုင်လောက်အောင်ပဲ ချီးကျူးစရာ အလွန်ကောင်းပါတယ်။

တပည့်တော်ဟာ သိတတ်တဲ့အရွယ်ကတည်းက ကျောင်းတွေ ပိတ်ပြီဆိုတာနဲ့ သီလရှင်ဝတ်ချင်စိတ်တွေ ပေါ်ပေါက်တာ အခြေအနေမပေးလို့ မဝတ်ဖြစ်ခဲ့ပါဘူး၊ ဒါကို ဝါသနာတစ်ရပ်အနေနဲ့လည်း မြင်လာခဲ့မိပါတယ်၊ လွန်ခဲ့တဲ့ သီတင်းကျွတ်လက တပည့်တော် ဒီပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကိုလဲ လေ့လာခဲ့ပါတယ်၊ အဲဒီအချိန်မှာ ဘယ်အရာနဲ့မှ မလဲနိုင်တဲ့ ငြိမ်းချမ်းမှုတွေ အပြည့်နှင့် တိတ်ဆိတ်ငြိမ်သက်ပြီး လူပ်ရှားသွားလာ တရားအားထုတ်နေတာတွေကို မြင်ရတော့ အရမ်းကို ကြည်နူးမိ

http://www.dhammadownload.com

ပါတယ်၊ သိက္ခာရှင် ဝတ်ချင်စိတ်တွေလဲ ပေါ်ပေါက်လာပါတယ်၊ စေတနာ, သဒ္ဓါတရားတွေလဲ ထက်သန်လာပါတယ်။

နောက်လိုက်တွေ ဖြစ်မနေသင့်တော့ဘူး

ပြီးတော့ နိုင်ငံခြားသားတွေကတောင် သူတို့.ယဉ်ကျေးမှုတွေကို ကျောခိုင်းပြီး သူတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒီလို ဗုဒ္ဓရဲ့ အဆုံးအမ နာယူကာ တရားဓမ္မတွေ ကျင့်နေတာ မြင်တော့ ကိုယ့်ကိုယ်ကိုတောင် ရွက်လာမိပါတယ်၊ ဒီလို ဘာသာခြားတွေကတောင် လိုက်နာကျင့်ကြံ အားထုတ် နေနိုင်ရင် တပည့်တော်တို့လို ဗုဒ္ဓသာသနာဝင် မိဘနှစ်ပါးကမွေးပြီး ဗုဒ္ဓသာသနာဝင် စစ်စစ်တွေက ဘာဖြစ်လို့ တရားအားမထုတ်နိုင်ရမှာလဲ၊ မလိုက်နာနိုင်ရမှာလဲ၊ နောက်လိုက်တွေ ဖြစ်မနေသင့်တော့ပါဘူး၊ ကိုယ့်ကိုယ်ကိုလဲ နောက်ကျတယ်လို့ ထင်မိပါတယ်။

ဗုဒ္ဓသာသနာဝင် အများစုက ဝါတွင်းဥပုသ်ရက်မှာ ဥပုသ်စောင့်, ဘုရားကျောင်းတွေ ဘွား, ဘုရားပန်းကပ်, ဆွမ်းကပ်, သောက်တော်ရေကပ်, အိပ်ရာဝင် ဘုရားရှိခိုးရုံနဲ့ တာဝန်ကျေပြီ ထင်နေကြတာ၊ အခုလို တရားတွေသိပြီး တရားထိုင်မှ, ဘာဝနာပွားနိုင်မှ မင်္ဂလာ နိဗ္ဗာန် ရမယ်ဆိုတာကို နားမလည်ခဲ့ကြဘူး၊ တပည့်တော်တော့ ကြားရုံပဲ ကြားခဲ့ဖူးပါတယ်၊ တကယ် လေ့လာခွင့်ရမှ သိက္ခာရှင်ဝတ်ချင်စိတ်, တရားအားထုတ်ချင်စိတ်တွေ ပေါ်ပေါက်လာပါတယ်၊ ဒါနဲ့ ဒီနှစ် နွေရာသီမှာ မဖြစ်ဖြစ်တဲ့နည်းနဲ့ သိက္ခာရှင်ဝတ်မယ်၊ ဗုဒ္ဓအဆုံးမ တရားတော်တွေဖြစ်တဲ့ ယဉ်ကျေးမှုသင်ခန်းစာတွေ သင်ယူမယ်လို့ သန္နိဋ္ဌာန်ချခဲ့ပါတယ် အရှင်ဘုရား။

ဆရာတော်ကြီး ဆုံးမခဲ့တာလေးတွေ

ဒီလိုနဲ့ သင်တန်းတက်ဖို့ လာ, ဆံချမင်္ဂလာပြုပြီး ဘဝကို ပြောင်းလဲခဲ့ပါတယ်၊ အေးမြတဲ့အရိပ်ကို ခိုဝင်လိုက်ပါတယ်၊ အဲဒီအချိန်မှာ လူ့ဘဝကို မေ့ပျောက်ပြီး ဗုဒ္ဓယဉ်ကျေးမှု အဆုံးအမတွေ, ဆရာသမားတွေရဲ့ အဆုံးအမတွေကို အပြည့်အဝ သင်ယူခဲ့ပါတယ်၊ လူ့ဘဝက အသုံးအနှုန်းတို့, အမူအရာတို့ကို တစ်ခါတည်း ဖျောက်သင့်သည်ဟု ယုံကြည်မိပါတယ် အရှင်ဘုရား၊

http://www.dhammadownload.com

ရိုင်းပျတဲ့ စကားတွေကိုလည်း မသုံးသင့်ပဲ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို နေထိုင် သင့်ပါတယ်၊ ဒီလို နေထိုင်မှလဲ ဆရာသမား, မိဘတွေကို ကျေးဇူး ဆပ်ရာ ရောက်ပါမယ်၊ ဆရာတော်ဘုရားကြီး ဩဝါဒပေးခဲ့သလို "ပြုတ်မနူးတဲ့ စုန်းပြူး" တွေလဲ မရှိသင့်တော့ပါဘူး၊ ဆွမ်းစားကြရာမှာလဲ တရားမှတ်ပါဆို မမှတ်ကြဘူး၊ ကျော်တက်တယ်၊ စကားများတယ်၊ ဆရာတော်တွေ ကြည့် နေတယ် ပြောလိုက်မှ ကြက်ကြီးတွေ လည်လိမ်ထားသလို သွားနေကြတာ တော့ မကောင်းဘူးလို ထင်ပါတယ်။

ရှေ့တွင်တစ်မျိုး ကွယ်ရာတစ်မျိုး ရှိမနေသင့်တော့ပါဘူး၊ ပြေးလွှား ကစားနေဖို့လဲ မသင့်တော့ပါဘူး၊ သင်္ကန်းကိုတော့ အားနာသင့်ပါတယ်၊ ဆရာသမားတွေကလည်း စည်းကမ်းရှိဖို့ စကားနှင့်တစ်မျိုး, ကဗျာနှင့်တစ်ဖုံ ပြောကြားဆုံးမပါတယ်၊ ထိန်းသိမ်းပေးတဲ့ မော်နီတာတွေကလည်း တော်ရှာ ပါတယ်၊ ဘူးတစ်ရာရဲ့ အပေါက်ကိုသာ ပိတ်လို့ရမယ်၊ ပါးစပ်တစ်ရာရဲ့ အပေါက်တွေတော့ ပိတ်လို့ဘယ်ရမလဲ၊ မိမိကိုယ်ကိုသာမိမိ ထိန်းသိမ်း ရမှာပေါ့၊ တစ်ခါ ပြောရင်လဲ သိတတ်ရမှာပေါ့၊ အိမ်မှာ ဘယ်လောက်ပဲ ဗိုလ်ကျကျ, ဒီမှာတော့ အများနဲ့ဆိုတော့ သိတတ်ရမှာပေါ့။

ခေါင်းတုံးသာ အဖတ်မတင်စေချင်

အဲဒီတော့ တပည့်တော် မှာလိုက်ချင်ပါတယ်၊ နောင်နှစ် ဆက်ပြီး ဒီ သင်တန်းကို လာတက်မယ်လို့ အကြံရှိခဲ့ရင် အိမ်မှာတည်းက မိမိကိုယ်ကို မိမိ ထိန်းသိမ်းပြီး အများကြည့်ညိုလေးစားရလောက်အောင် ပြုမူနေထိုင် အားထုတ်ပါမယ်လို့ ဆုံးဖြတ်ပြီးမှ သင်တန်းကို လာခဲ့စေချင်ပါတယ်၊ အများ ဇယောင်လို့ သာ ယောင်ခဲ့ရတယ်၊ အမောင် တောင်မှန်းမြောက်မှန်း မသိတော့ မဖြစ်သင့်ပါဘူး၊ ကဲ... အခုတစ်လသင်တန်းကြီး ပြီးဆုံးသွားပြီ ဆိုပါတော့၊ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်မှ ဆရာသမားတွေနဲ့ ငွေကုန်ခံထားခဲ့ရတဲ့ အလှူရှင်မိဘတွေကို ကျေးဇူးဆပ်ရာ ရောက်မှာဖြစ်ပါတယ်။

ယဉ်ကျေးမှုသင်တန်းသာ တက်လာတယ်၊ ဘာမှလည်း ထူးခြား မလာ ဘူး၊ "ခေါင်းတုံးသာ အဖတ်တင်တယ်" လို့ အပြောမခံရအောင် နေထိုင်သွား ကြဖို့ အကြံပြုချင်ပါတယ်၊ တိုတောင်းလှတဲ့ လူ့ဘဝ ခဏတာမှာ အနှစ်သာရ

http://www.dhammadownload.com

ရှိအောင် နေထိုင်မှ အကျိုးရှိမှာ ဖြစ်ပါတယ်၊ အကြောင်းအမျိုးမျိုးကြောင့် အပြီးတိုင် တရားအားမထုတ်နိုင်, သာသနာ့ဘောင် မဝင်နိုင်တောင်မှ လူဝတ်နဲ့ပဲ ဘုရား, တရား, သံဃာ, ရတနာသုံးပါး ဦးထိပ်ထားပြီး တရားဘာဝနာတွေ အားထုတ်ကြပါလို့လည်း တိုက်တွန်းချင်ပါတယ်၊ သင်တန်းတက်ပြီး သင်တန်းမှာပဲ ထားခဲ့တာမျိုးတော့ မဖြစ်စေချင်ပါဘူး၊ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းမှ ဗုဒ္ဓရဲ့ အဆုံးအမ အကျင့်တရားတွေကို သိအောင် လက်တွေ့သင်ပြီးကြပါပြီ၊ အကျင့်တရားတွေ သိပြီး သိသလောက်ကျင့်နိုင်, စာတွေ့နှင့်လက်တွေ့ပေါင်းပြီး ကျင့်နိုင်ရပါမယ်၊ ပြန်သွားပြီးရင် မှေးမှိန်မသွားပဲ ဆက်လက် ထိန်းသိမ်းထားဖို့လဲ အကြံပေးချင်ပါတယ်။

နိဂုံးချုပ် အနေနဲ့ အရှင်ဘုရားတို့ကို လျှောက်ထားလိုသည်မှာ အမွန်မြတ်ဆုံး လူ့ဘဝကိုရခဲ့ပြီး ဗုဒ္ဓရဲ့ အမွေအနှစ်ဖြစ်တဲ့ သင်္ကန်းတွေကို ဝတ်ပြီး ဗုဒ္ဓရဲ့ အဆုံးအမ တရားတော်တွေကို ကျင့်သုံးကာ တပည့်တော်နှင့်အတူ ပြုပြင်နေထိုင် သွားကြပါစို့လို့ တိုက်တွန်းချင်ပါတယ်၊ တပည့်တော်ရဲ့ ရင်ထဲက ဆုံးဖြတ်ချက်ကတော့ ဗုဒ္ဓသာသနာ ကမ္ဘာလွှမ်းပြီး ပြန့်ပွားဖို့ တတ်နိုင်တဲ့ဘက်က ပါဝင်မယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ကိုယ်လက်လှမ်းမီသလောက် လက်ဆင့်ကမ်း သာသနာပြုကြပါစို့လို လျှောက်ထားရင်း နှဲ့ဂုံးချုပ်လိုက်ရပါသည် အရှင်ဘုရား။

မစာရုဟာသီ

အကြီးတန်း

မမြစန္ဒာစိုး

အသက် (၁၈)၊ အတန်း (၁၀)

တိုက်ကြီးမြို့။

http://www.dhammadownload.com

မဓမ္မပါလီ (မနှင်းနှင်းရီ) အကြိုးတန်း၏ ဟောပြောချက်

ဝမ်းသာသလို ဝမ်းနည်းသလို

(၇-၃-၉၂)ရက် နေ့လည်(၁၂) နာရီအချိန်မှာ အ.ထ.က (၅) ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ပို့ပေးတဲ့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသို့ ရောက်ခဲ့ပါတယ်ဘုရား၊ ကျောင်းထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ တစ်ခါမှ မရောက်ဖူးတဲ့ နေရာကို ရောက်ရှိလာတဲ့အတွက် အမြင်ဟာ တစ်မျိုးကြီးဖြစ်နေပါတယ်၊ ဆွမ်းစား ဓမ္မာရုံကြီးပေါ်ကို ခေါင်းတုံးဘဝနဲ့ တက်လိုက်ကတည်းက ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားပါတယ်ဘုရား၊ သီလရှင်ဝတ်စုံကို ရင်မှာပိုက်ပြီး သီလရှင် ဆရာကြီးထံမှာ သက်ိန်းတောင်းခံပြီး ဝတ်ခဲ့ရတဲ့ သီလရှင်ရဲ့ ဘဝအစကို ရခဲ့ပါတယ်ဘုရား၊ ရင်ထဲက ခံစားမှုကတော့ ဝမ်းသာသလို ဝမ်းနည်းသလိုနဲ့ ဟာတာတာ ကတုန်ကယင် ဖြစ်နေပြီး ကိုယ့်ကိုယ် ကိုယ်ကြည့်၍ ကျေနပ်သလို ဖြစ်နေကာ အားလုံးဟာ လူ့ဘဝနဲ့ မတူလို့ အမြင်ဆန်းနေတာကတော့ အမှန်ပါပဲဘုရား။

ညနေဘက်ရောက်တော့ လူဘဝကနေ ချက်ချင်းကူးပြောင်းခဲ့ရတဲ့ အတွက် ဗိုက်ဆာလိုက်တာ ပြောမနေပါနဲ့ဘုရား၊ မနက်တုန်းက ဝမ်းသာလုံးဆို့ပြီး ထမင်းမစားနိုင်တာကို အပြစ်တင်ချင်သလို ဖြစ်မိပါတယ်၊ စိတ်ကို တင်းပြီး "ငါဟာ သီလပိုင်ရှင် ဖြစ်နေပြီ" လို့ စိတ်ဖြေပြီး ထိန်းခဲ့ရတာ အောင်မြင်ခဲ့ပါတယ်ဘုရား၊ ညဘက်ကို ရောက်လာတော့ ရတဲ့အခန်းက အသစ်ဖြစ်နေလို့ ဘိလပ်မြေစော်တွေ နံလိုက်တာ အသက်ရှူရတာလည်းကြပ်, မနေတတ် မထိုင်တတ်ဖြစ်ပြီး ရင်ထဲမှာ မွန်းကြပ်နေပါတယ်ဘုရား၊ တရားကလည်း မရှုတတ် မမှတ်တတ်သေးတော့ စိတ်ဒုက္ခ အရမ်းရောက်ပါတယ်၊ အိမ်ကိုလည်း ချက်ချင်းပြေးပြီး သတိရမိပါတယ်ဘုရား။

(၈)ရက်နေ့ နေ့လည်(၃)နာရီမှာ သင်တန်းစဖွင့်ပြီး ဆရာတော် ဘုရားကြီးနဲ့ လူကြီးတွေ အမှာစကား ပြောကြားကြပါတယ်ဘုရား၊ (၉)ရက်နေ့ ရောက်တော့ သင်တန်းစပြီး တက်ရပါတယ်၊ ဗုဒ္ဓစာပေတွေကို စပြီး တွေ့ကြုံရတဲ့အခါမှာ အတုမရှိတဲ့ မြတ်စွာဘုရား၏ ဟောကြားထားသော တရား

http://www.dhammadownload.com

စာပေများကို စပြီးသင်လိုက်ရလို့ ရင်ထဲမှာ အရမ်းပီတိ ဖြစ်ခဲ့ရပါတယ်ဘုရား၊ စာသင်ရက် (၃)ရက်ပဲ တက်ရသေးတယ် စာမေးပွဲ ကောက်ပြီးဖြေလိုက်ရတော့ စာမေးပွဲရက်အတွင်း ညဘက်ကို မအိပ်ဘဲနဲ့ ကျက်ပြီး ဖြေလိုက်ပါတယ်၊ တစ်ညလုံးလဲ မအိပ်တော့ ဗိုက်က တဂွိဂွိနဲ့ ဆာလိုက်တာ ပြောမနေပါနဲ့၊ ရေသောက်ပြီး နေခဲ့ရပါတယ်၊ ပထမပတ်စာမေးပွဲကိုလည်း အောင်မြင်ခဲ့ပါတယ်ဘုရား၊ ဒါတွေဟာ သီလရှင်ဘဝရဲ့ အတွေ့အကြုံ တစ်ခုပေါ့ဘုရား။

ဆွမ်းဆင်ခြင်ပုံ လက်ဟလေးကိုဖတ်ရတဲ့ အချိန်ကျမှ

နံနက်အရုဏ်ဆွမ်းရော နေ့ဆွမ်းပါ သုံးဆောင်ရတာ အလွန်အရသာရှိပါတယ်၊ ဒါပေမယ့် ကိုယ်ကြိုက်တဲ့ဟာဆိုရင် ကောင်းလိုက်တာ၊ အဲ... ကိုယ်မကြိုက်တာဆိုရင် ရှုံ့တွပြီး ရင်ထဲမှာ တော်တော်လေးကို မကျေမနပ်ဖြစ်မိပါတယ်ဘုရား၊ အရုဏ်ဆွမ်းမှာဆိုရင်ပဲပြုတ်နဲ့ ထမင်းကြော်ကို အကြိုက်ဆုံးပါဘုရား၊ ဒါဟာလဲ သီလရှင်ဘဝရဲ့ ခံစားမှုတစ်မျိုးပေါ့၊ သို့သော်တကယ်တမ်း သဘောပေါက်လာတဲ့အခါ ဆရာတော်ဥုံးသံဝရ သင်ကြားပေးခဲ့တဲ့ ဆွမ်းဆင်ခြင်ပုံ လက်ဟလေးကို ဖတ်ရတဲ့အချိန်ကျမှ တစ်ချိန်တုန်းက ငါဘာကိုမကြိုက်လိုက်တာ, ကြိုက်လိုက်တာ ဆိုတာတွေကို သတိရတွေးမိပြီး နောင်တရခဲ့ပါတယ်ဘုရား၊ ဒါကြောင့် လောဘအလို မလိုက်တော့ဘဲ ဘုရားအဆုံးအမတွေကို ကျင့်နိုင်ဖို့အတွက် သုံးဆောင်ရခြင်း ဖြစ်ပါတယ်လို့ နှလုံးသွင်း မှတ်ယူပါတယ်ဘုရား။

တပည့်တော်မရဲ့ စိတ်ထဲမှာ စွဲသွားပါတယ်

ညနေဘက် ဘုရားဝတ်တက်တဲ့အခါမှာ ဘုရားစာတွေ ဂုဏ်တော်တွေ အားလုံးကို ဖတ်ရတဲ့အတွက် အလွန်ကြည်နူးပြီး ဆရာတော် ဘုရားကြီးနှင့်တကွ သင်ကြားပေးခဲ့တဲ့ဆရာတွေအားလုံးကို ကျေးဇူး အရမ်းတင်လိုက်ပါတယ်ဘုရား၊ တပည့်တော်မရဲ့အိမ်မှာ ဘုရားရှိခိုးတာနဲ့ အခုသင်ကြားတဲ့အတိုင်းရှိခိုးတာတွေကို နှိုင်းယှဉ်ပြီး ရွှေတောင်ကုန်းက သင်ကြားပေးတာတွေဟာ ပိုပြီး လေးနက်တယ်၊ ထိရောက်တယ်လို့ တပည့်တော်မရဲ့ စိတ်ထဲမှာ စွဲသွားပါတယ်ဘုရား။

http://www.dhammadownload.com

ဘုရားဝတ်တက်တဲ့အချိန်မှာ ဆရာတော် ဥုးသာသနရဲ့ ဆုံးမ ဩဝါဒ တွေဟာ အရမ်းကို လေးနက်ပါတယ်ဘုရား၊ လူမိုက်နဲ့ ပေါင်းရင် လူမိုက်ဖြစ်မယ်၊ လူလိမ္မာနဲ့ပေါင်းရင် ဘယ်အကျိုးတွေ ရနိုင်တယ်ဆိုတဲ့ ဆုံးမဩဝါဒတွေနဲ့ ဆရာတော်ပေးခဲ့တဲ့ ဂါထာလေးတွေ, ကဗျာလေးတွေကတော့ "နိဗ္ဗာန်စကား လူမိုက်ခါးသည်", "အမှားကိုပင်, အမှန်ထင်, အသင်လူမိုက်ပဲ", "အမှန်ကိုပင်, အမှားမြင်, အသင်လူမိုက်ပဲ", "တမာခွေးတောက်, ပင်ချင်းလှောက်, ချိုရောက်သရက်, ဩဇာပျက်", "လူကောင်းဖြစ်လျက်, ဆန့်ကျင်ဘက်, မိတ်ဖွဲ့မှားက, သူလဲပျက်", "လူမိုက်တစ်သောင်း ကဲ့ရဲ့ရှောင်းလည်း လူကောင်းတစ်ယောက် ချီးမွမ်းပျောက်၏" စတာတွေပါပဲ၊ အဲဒီလက်ာလေးတွေ ကဗျာလေးတွေ သင်ကြားဆုံးမပေးတဲ့ ဆရာတော် ဥုးသာသနကို တပည့်တော်မ အလွန်ကျေးဇူးတင်ပါတယ် ဘုရား၊ အခုလို သင်ကြားဆုံးမမှုတွေကြောင့် အသိအလိမ္မာတွေ တိုးပွားပြီး မိုက်တဲ့လူတွေတောင် လိမ္မာမှာပါဘုရား၊ လိမ္မာတဲ့လူတွေဟာလည်း ပိုပြီးတော့ လိမ္မာမှာပါဘုရား။

ပွဲပြီးမီးသေ မဖြစ်စေနဲ့

တပည့်တော်မတို့ ဒီကနေ ထွက်သွားခဲ့ရင်လဲ လက်လှမ်းမီသာသနာပြုဖို့နဲ့ သူငယ်ချင်းအပေါင်းအသင်း ဆွေမျိုးတွေကို ပြန်ပြီး ပြောကြားပါ့မယ်ဘုရား၊ တပည့်တော်မ တက်ခဲ့ဖူးတဲ့ သင်တန်းပေါင်းများစွာမှာ ဒီသင်တန်းဟာ အကောင်းဆုံးပါပဲဘုရား၊ ဒီသင်တန်းကြီး ပြီးသွားမှာကိုတောင် စိုးရိမ်မိပါတယ်ဘုရား၊ နောင်နှစ်ကိုလဲ ယခုလို သာသနာပြုနိုင်ပါစေလို့ ဆုတောင်းပါတယ်ဘုရား၊ ဆရာတော်ဘုရားကြီးကလည်း "ပွဲပြီးမီးသေ, ပြီးပြီးရော, မထားပါနဲ့"ဆိုတဲ့အတိုင်း တပည့်တော် မထားပါဘူးဘုရား။

နောက်ဆုံး နိဂုံးပိုင်းကတော့ ယခုလိုယဉ်ကျေးမှုသင်တန်းကို တက်ရတဲ့အတွက် တပည့်တော်မရဲ့ အသိဉာဏ်ဟာ ပိုပြီး တိုးတက်လာပါတယ်ဘုရား၊ ကလေးတွေအားလုံး လိမ္မာကြမယ်လို့ တပည့်တော် ယူဆပါတယ်အရှင်ဘုရား၊ တပည့်တော်မရဲ့ ဘဝမှာသင်တန်းပေါင်းစုံထဲမှာ ဒီသင်တန်းမျိုးဟာ အခုတစ်ခါ ပထမဦးဆုံးအကြိမ်ပါဘုရား၊ သင်ကြားပေးခဲ့တဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားနှင့်တကွ ဆရာတော်တွေအားလုံးကို ကျေးဇူး

http://www.dhammadownload.com

ဆပ်တဲ့အနေနဲ့ တပည့်တော်ဒီသင်တန်းမှာ တက်ရောက်သင်ယူခဲ့တဲ့ ဗဟုသုတတွေကို အများကိုပြန်လည် ဖြန့်ဝေပြီး သာသနာတော် တည်တံ့ခိုင်မြဲအောင် အစဉ်အမြဲ ထိန်းသိမ်းပါမယ်လို့ ကတိပြုရင်း "ဗုဒ္ဓမြတ်စွာ, သာသနာ, ကမ္ဘာပျံ့နှံ့တည်စေသော်" လို့ ဆုတောင်းကာ နိဂုံးချုပ်ပါတယ်ဘုရား။

မဓမ္မပါလီ

(အကြီးတန်း)

မနှင်းနှင်းရီ

အသက် (၁၈)၊ အတန်း (၉)

၆၊ ရတနာလမ်း၊ ကမာရွတ်၊ လှည်းတန်း (၈)ရပ်ကွက်။

❖ ❖ ❖

မနုန္ဒမာလာ (မစုနန္ဒာအေး) အကြီးတန်း သိကၡာရှင်မွန်၏ဟောပြောချက်

ခါးစည်းတစ်လွှာပုံပြင်

အခု တပည့်တော် ပြောပြမယ့်ပုံပြင်လေးကတော့ ရာမာခရစ်ရှနာ ပုံပြင်များ စာအုပ်မှာပါတဲ့ ပုံပြင်တစ်ပုဒ်ဖြစ်ပါတယ်၊ ဒီပုံပြင်ဟာ တပည့်တော် အကြိုက်ဆုံးပုံပြင်လဲဖြစ်ပါတယ်၊ တပည့်တော်လိုပဲ ကိုရင်တို့, ဆရာလေးတို့လဲ ကြိုက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ပုံပြင်ရဲ့နာမည်ကတော့ "ခါးစည်းတစ်လွှာ" တဲ့။

ဟို... ရှေးရှေးတုန်းက လူတစ်ယောက်ဟာ တရားကျင့်ကြံ အားထုတ်လိုတဲ့အတွက် ရသေ့ကြီးတစ်ပါးဆီ သွားပြီးတပည့်ခံခဲ့ပါတယ်၊ ရသေ့ကြီးလဲအဲဒီတပည့်ကို ရွာနဲ့မနီးမဝေးမှာရှိတဲ့ သူရဲ့ကျောင်းသခ်ိမ်းကို ခေါ်သွားပါတယ်၊ ကျောင်းသခ်ိမ်းရောက်တော့ တရားအားထုတ်ပုံ အားထုတ်နည်းကို ပြောပြညွှန်ကြားပါတယ်၊ ပြီးတော့မှ ...

"တပည့်... ဒီနေရာဟာ ရွာနဲ့မနီးမဝေးဖြစ်လို့ ဆွမ်းကိစ္စ မပူရဘူး၊

http://www.dhammadownload.com

အခု ငါဟောကြားထားတဲ့ တရားတွေကို ကျင့်ကြံပြီးနေခဲ့၊ ငါကတော့ တောထဲသွားပြီး တရားကျင့်အုံးမယ်၊ သုံးနှစ်ကြာရင် ပြန်လာပြီး မင်းကို တရားတက်ပေးမယ်" လို့ မှာကြားပြီး တောထဲဝင်သွားပါတယ်။

တပည့်ဖြစ်သူဟာ ဆရာမှာထားတဲ့အတိုင်း တရားကျင့်ကြံပါတယ်၊ ကံဆိုးချင်တော့ တစ်နေ့မှာ သူ့ရဲ့ ခါးစည်းကြိုးကို လျှော်ပြီးလှန်းထားရာမှာ ကြွက်ကိုက်ပြီး စုတ်ပြဲသွားပါတယ်၊ ဒီအတွက် သူဟာ နောက်တစ်နေ့. ရွာထဲကို ဆွမ်းခံကြွတဲ့အခါ ဒကာ, ဒကာမတွေဆီက ခါးစည်းတစ်ထည် အလှူခံပါတယ်၊ ဒကာ, ဒကာမတွေကလည်း လှူလိုက်ကြပါတယ်၊ အဲဒီခါးစည်းကလဲ မကြာခင်မှာပဲ ကြွက်ကိုက်ပြီးစုတ်ပြဲပါလေရော၊ ဒီလိုနဲ့ ခါးစည်းကို အလှူခံလိုက်, ဒကာဒကာမတွေကလှူလိုက်, ကြွက်ကကိုက်လိုက်နဲ့ ဂျာအေးသူ့အမေရိုက်သလို သံသရာလည်နေတာပေါ့လေ၊ ကြာလာတော့ ဒကာ, ဒကာမတွေက 'ကိုယ်တော်... ခါးစည်းကို ဘာဖြစ်လို့ ခဏခဏ အလှူခံနေရတာလဲ' လို့ မေးတော့တာပေါ့၊ အဲဒီတော့ ရသေ့လေးကလဲ ကြွက်ကိုက်လို့ အခုလိုဖြစ်ရတဲ့အကြောင်း ပြောပါတယ်၊ ဒီတော့ ဒကာ, ဒကာမတွေက "အမယ်လေး ကိုယ်တော်ရယ်... ဒါလေးများ ကြောင်တစ်ကောင်လောက် မွေးထားရင် ပြီးရောပေါ့" လို့ ပြောပါတယ်၊ ရသေ့လေးလည်း 'ဟုတ်သားပဲ' လို့ ဆိုပြီး ကြောင်တစ်ကောင် အလှူခံပါရော တဲ့၊ ရွာသူ ရွာသားတွေကလည်း လှူလိုက်ပြန်သတဲ့။

ကြောင်ရှိလို့ ခါးစည်းကို ကြွက်ကိုက်မခံရတာတော့ မှန်ပါရဲ့၊ ဒါပေမယ့် ကြောင်ကိုတိုက်ဖို့ နွားနို့ မရှိတဲ့အတွက် ရွာထဲကိုဆွမ်းခံကြွရင်း နွားနို့ကို နေ့တိုင်း အလှူခံရပြန်သတဲ့၊ ကြာလာတော့ ရွာသူ ရွာသားတွေလည်း သည်းမခံနိုင်တော့ဘူး၊ ဒါနဲ့ ရသေ့လေးကို မေးကြပြန်ရော၊ ရသေ့လေးကလည်း ကြောင်ကိုတိုက်ဖို့ အလှူခံရကြောင်း ပြန်ပြောတာပေါ့၊ ဒီတော့ ရွာသူရွာသားတွေက နွားမတစ်ကောင် မွေးထားဖို့ အကြံပေးကြပါတယ်၊ ရသေ့လည်း 'ဟုတ်သားပဲ' လို့ ဆိုပြီး နွားမတစ်ကောင် အလှူခံပါတယ်။

ရသေ့လေးမှာ နွားနို့ညှစ်ရတဲ့အလုပ် ကြောင်ကိုနို့တိုက်ရတဲ့အလုပ်တွေ ပိုလာတာပေါ့၊ တရားအားထုတ်ချိန်လည်း နည်းသွားတာပေါ့။

http://www.dhammadownload.com

ပြဿနာက ဒီမှာတင် ရပ်ပြီလား‌ဆိုတော့ မရပ်သေးဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ နွားကိုကျွေးဖို့ ကောက်ရိုးကလည်း လိုသေးတာကိုး၊ ဒီတော့ ကောက်ရိုးကို အလှူခံပြန်ရော၊ ရွာသားတွေလဲ ကြာရှည်ကျတော့ ဘယ်လှူနိုင်ပါ့မလဲ၊ သူတို့မှာလဲ သူတို့ရဲ့ နွားကို ကျွေးဖို့လိုသေးတာကိုး၊ ဒီတော့ ရွာသားတွေက 'ကိုယ်တော်... တပည့်တော်တို့လဲ နေ့တိုင်းကောက်ရိုး မလှူနိုင်ဘူး ဒီတော့ ကောက်ရိုးရအောင် စပါးစိုက်ပါ' လို့ ပြောကြပြန်သတဲ့၊ ရသေ့ရဲ့ တပည့်လဲ 'ဟုတ်သားပဲ'လို့ ဆိုပြီး စပါးစိုက်ဖို့ မျိုးစေ့တွေကို အလှူခံသတဲ့၊ ပြီးတော့ ကိုယ်တိုင်ပဲ မြေကိုထွန်ယက်ပြီး စပါးစိုက်သတဲ့၊ အလုပ်တွေများလာတာနဲ့အမျှ တရားအားထုတ်ချိန်ကလည်း နည်းနည်းလာပြီပေါ့လေ၊ စပါးပင်တွေ ရင့်မှည့်လာတဲ့အခါကျတော့ ရိတ်သိမ်းလည်း သူ, နယ်လှေ့လည်း သူ, ကျီသွင်းပြီး ရောင်းတဲ့အထိ အလုပ်တွေရှုပ်နေပြန်ရောတဲ့၊ နွားစာအတွက် ကောက်ရိုးကတော့ မပူရတော့ဘူးပေါ့၊ စပါးတွေရောင်းပြီး ပိုက်ဆံရလာတဲ့ အခါကျတော့ သူခိုး, ဓားပြရန်ကို ကြောက်ရပြန်ရော။

ဒီတော့ တရားအားထုတ်ရတာကို စိတ်မဖြောင့်တော့ဘူး၊ ဒါကိုသိတဲ့ ဒကာ, ဒကာမတွေက 'ကိုယ်တော်... ဒီပစ္စည်းတွေ ကိုယ်တော် တစ်ယောက်တည်း ထိန်းသိမ်းနိုင်မှာ မဟုတ်ဘူး၊ ပစ္စည်းတွေကို ထိန်းသိမ်းဖို့ မိန်းမတစ်ယောက် ယူပါလို့ပြောကြတယ်တဲ့၊ ရသေ့လေးလဲ 'ဟုတ်သားပဲ'လို့ ဆိုပြီး မိန်းမယူလိုက်ပါလေရော၊ တရားတော့ လုံးဝအားမထုတ်နိုင်တော့ဘူး၊ ဒီလိုနဲ့ ရာသီတွေအလီလီ ပြောင်းပြီး သုံးနှစ်ပြည့်သွားပါသတဲ့။

သုံးနှစ်ပြည့်တော့ တောထဲမှာ တရားသွားကျင့်တဲ့ ဆရာရသေ့က ပြန်ကြွလာပါသတဲ့၊ ဒီတော့ သူ့ကျောင်းသခင်မ်းမှာ ကျွဲ, နွားတွေရဲ့အသံ, မိန်းမတွေ ကလေးတွေအသံနဲ့ ဆူညံနေတာကိုတွေ့ရသတဲ့၊ မိန်းမရတဲ့နောက်တော့ ကလေးပါ ရလာတာပေါ့လေ၊ ရသေ့ကြီးလဲ အရမ်း အံ့သြသွားသတဲ့။

မကြာခင်မှာဘဲ သူ့တပည့်ဟာ အိမ်အောက်ကို ဆင်းလာသတဲ့၊ ဆူညံနေတဲ့ သူ့ရဲ့ကလေးတွေကို အော်ဟောက် ငေါက်ငန်းလိုက်တယ်တဲ့၊ ဆရာရသေ့ကြီးလဲ လူ့အသွင်အပြင်နဲ့ ဖြစ်နေတဲ့ သူ့ရဲ့ တပည့်ကျော်ကို ကြည့်ပြီး ကြက်သေသေနေပါလေရော၊ တပည့်လုပ်သူကလဲ ဆရာရသေ့ကြီးကို

http://www.dhammadownload.com

မြင်သွားပါလေရော၊ ဒီတော့ တပည့်ဖြစ်သူဟာ နောင်တရပြီး ဝမ်းနည်းပက်လက်နဲ့ ရှိုက်ကြီးတငင် ငိုကြွေးတော့သတဲ့။

ဆရာရသေ့ကလဲ အကြောင်းစုံကို မေးမြန်းသတဲ့၊ တပည့်ဖြစ်သူကလဲ အခုလို ဖြစ်ရတာဟာ ခါးစည်းတစ်လွှာကြောင့်ပါဘုရားလို့ အစချီပြီး ဖြစ်ကြောင်းကုန်စင်ကို ယူကြုံးမရဖြစ်တဲ့ အသံနဲ့ လျှောက်ထားလိုက်ပါသတဲ့၊ ပုံပြင်လေးကတော့ ဒါပါပဲ။

ဒီပုံပြင်ကိုဖတ်ပြီး တပည့်တော်တို့ သင်ခန်းစာယူရမှာက မရောင့်ရဲ မတင်းတိမ်လို့ ရည်မှန်းချက်ပျောက်ပြီး ဘဝရှုံးရတဲ့ အကြောင်းကိုပါ၊ ဒါ့ကြောင့် မြတ်စွာဘုရားကလဲ "သန္တုဋ္ဌစ–ရောင့်ရဲတင်းတိမ်ခြင်းသည် မင်္ဂလာတစ်ပါး ဖြစ်သည်" လို့ ၃၈ ဖြာ မင်္ဂလာတရားတော်မှာ ဟောကြားထားပါတယ်။

ကိုရင်များနဲ့ ဆရာလေးများလဲ "သန္တုဋ္ဌစ" ဆိုတဲ့ မင်္ဂလာတရားတော်ကို လက်ကိုင်ထားပြီး အသစ်တဓာတ် နိဗ္ဗာန်ကို အလျင်အမြန် ရောက်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ဘုရား။

မနန္ဒမာလာ

အကြီးတန်း–သိက္ခာရှင်မွန်

မစုနန္ဒာအေး

အသက် (၁၃)၊ အတန်း (၇)

ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်း။

မိဘ– ဦးအေးကြူ+ဒေါ်ခင်စန်းဝင်း

❖ ❖ ❖

ဆရာတွေ အလုပ်ရှုပ်နေကြသည်

စာသင်ပြသည့် ဆရာအရှင်မြတ်များကား စာဖြေလွှာကို စစ်ဆေးခြင်း, အမှတ်ပေးခြင်း, အောင်စာရင်းထုတ်ရန် (၄)ပတ်ပေါင်း အမှတ်ပေါင်းခြင်း, အမှတ်နည်းများအလိုက် အောင်စဉ်ရေးခြင်း "မွန်, ကောင်း, တော်" ရမည့်

http://www.dhammadownload.com

ကိုရင်, သိက္ခာရှင်တို့ကို စာပြဆရာများ, အဆောင်မှူး, ထိန်းသိမ်း စောင့်ရှောက်သူများ အားလုံးစုပေါင်း ညှိနှိုင်းပြီး ရွေးချယ်ခြင်း အမှုတို့ကို ပြုလုပ်နေကြသဖြင့် မအားလပ်အောင် ရှိနေကြပါသည်၊ (၃၀၀) ကျော်သော ကိုရင်, သိက္ခာရှင်တို့၏ အဖြေလွှာများကို (၁/၂)ရက်အတွင်း စစ်ဆေးပြီး အောင်စာရင်းထုတ်နိုင်အောင် အတော်ပင် ကြိုးစားနေကြရပါသည်။

(၅-၄-၉၂)နေ့ ဆုနှင်းသဘင်အတွက် ရရှိသည့် ပစ္စည်းများအလိုက် အောင်မြင်သူများ, ဇွဲဆုပေးရမည့်သူများအတွက် ချီးမြှင့်မည့် ပစ္စည်းများကို ခွဲဝေနေကြပါသည်၊ အောင်လက်မှတ်ရသည့် သူတို့၏အောင်လက်မှတ်တိုင်း၌ ရှင် (သိက္ခာရှင်)အမည်, လူအမည်, အသက်, မိဘ, နေရပ်လိပ်စာ, အတန်း, အောင်စဉ်, သာသနာတော်နှစ်, မြန်မာနှစ်တို့ကို ရေးသားကြရာ၌လည်း အတော်ပင် ကြိုးစားကြရပါသည်၊ (၄) ပတ်လုံး စာမေးပွဲ ဖြေပြီးပြီဖြစ်၍ အိမ်သို့ဆွမ်းစားသွားလိုသည့် ကိုရင်တို့, သိက္ခာရှင်တို့ သွားကြပါသည်၊ ကိုရင်များ သင်္ကန်းရုံ၍ သွားကြရပြီး ပြန်လာလျှင်လည်း သင်္ကန်းရုံလျက် ပြန်လာကြရပါသည်၊ နံနက်(၉)နာရီမှာ သွားကြရပြီး နေ့(၁၂)နာရီအတွင်း ပြန်လာကြရပါသည်။

အသည်းတထိတ်ထိတ် ရင်တဖိုဖို

(၅-၄-၉၂)နေ့ နံနက် ဘုရားဝတ်တက်အပြီးတွင် အရှင်ဉာနဇောတာဘိဝံသက ကိုရင်တို့အတွက် အောင်စာရင်း ကြေညာပါသည်၊ "သာမဏေမွန်, သာမဏေကောင်း, သာမဏေတော် မည်သူရလေမည်နည်း၊ အောင်စဉ်အဆင့် ဘယ်လောက်မှာပါလိမ့်၊ အောင်လေသလား၊ ကျလေသလား" စသည်ဖြင့် အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်ကာ သိလိုဇောပြင်းပြစွာ နားထောင်နေကြပါသည်၊ အောင်မြင်သူတွေ များပါသည်၊ ဇွဲဆုရသူတွေကား နည်းပါသည်၊ ကိုရင်၏ အလတ်တန်းတွင် "သာမဏေမွန်" မှာ ရှင်ဉာဏဗလဖြစ်ပြီး ကိုရင်ကား "သာမဏေကောင်း" ရပါသည်၊ "သာမဏေတော်" ကား ရှင်သူရိယဖြစ်ပါသည်၊ ကိုရင်၏ အိပ်ရာဘေးမှ ရှင်ပညာဝုဓကား အကြီးတန်း "သာမဏေမွန်" ရပြီး ရှင်ဝဏ္ဏကိတ္တိကား အငယ်တန်းတွင် "သာမဏေမွန်" ရပါသည်၊ အတန်း(၄)တန်း၌ တစ်တန်းတစ်တန်းတွင် "သာမဏေမွန်,

http://www.dhammadownload.com

ကောင်း, တော်" (၃)ပါးစီ ရပါသည်။

သိက္ခာရှင်တို့အတွက် အောင်စာရင်းကိုမူ အရှင်ဓမ္မိကာဘိဝံသက သိက္ခာရှင်တို့ ဘုရားဝတ်တက်အပြီးမှာ ကြည်ညာသည်ဟု သိရပါသည်၊ ကိုရင်တို့၏ အလတ်တန်း "သိက္ခာရှင်မွန်" မှာ မမဏိသောဘာ, "သိက္ခာရှင်ကောင်း"မှာ မစန္ဒမာလာ, "သိက္ခာရှင်တော်"မှာ မသိရီမာ ရသည်ဟု သိရပါသည်၊ ဟော ပြောပွဲ၌ တက်ရောက်ဟောပြောသွားသည့် သိက္ခာရှင်တို့ထဲမှ မသုခဝတီကား အငယ်တန်း "သိက္ခာရှင်မွန်", မနန္ဒမာလာကား အကြီးတန်း "သိက္ခာရှင်မွန်", မမဏိသောဘာကား အလတ်တန်း "သိက္ခာရှင်မွန်" ရကြပါသည်... တဲ့။

သင်တန်းသားတို့၏ အမေးများနှင့် ဆရာတော်ကြီး၏အဖြေများ

ဆရာတော်ဘုရားကြီးသည် ကိုရင်တို့, သိက္ခာရှင်တို့ မေးထားအပ်သော မေးခွန်း(၄၀/၅၀)လောက်ထဲမှ (၄)ခုမျှသာ (၃/၄-၄-၉၂)နေ့တို့၌ ညနေ ဩဝါဒပေးချိန်တွင် အဖြေပေးခဲ့ပါသည်၊ အချိန်မရတော့သဖြင့် အဖြေမပေးနိုင် သေးသော မေးခွန်းများကို စာဖြင့်ရေး၍ဖြစ်စေ, အခွင့်သာသော နောင် တစ်ချိန်မှာ နှုတ်ဖြင့်ပြော၍ဖြစ်စေ ဖြေပေးမည်ဟု အမိန့်ရှိပါသည်၊ ကိုရင်တို့, သိက္ခာရှင်တို့မှာ ဗုဒ္ဓသာသနာနှင့် စပ်၍ထိုက်တန်သမျှ ဗဟုသုတ ရှိထား ကြပါသည်၊ သိလိုသောအချက်, မရှင်းလင်းသော အချက်လေးများလည်း ရှိကြပါသည်၊ ထိုအချက်လေးများကို မေးခွန်းရသဖြင့် အလွန်ပင် အားရ ကျေနပ်ဖွယ်ကောင်းပါသည်၊ ဆရာတော်ကြီးကလည်း မေးခွန်းများကို လေးလေးစားစား မြတ်မြတ်နိုးနိုး ဖတ်ရှုပြီး ကြိုးကြိုးစားစား ဖြေကြားပေး ပါသည်၊ ပြည့်ပဋ္ဌေလည်း နိုင်ငံပေါင်းစွာမှ ဗုဒ္ဓသာသနာဝင် ဟုတ်သူ, မဟုတ်သူ လူပေါင်းများစွာတို့၏ ဗုဒ္ဓသာသနာနှင့်စပ်၍ သိလိုသည့် မေးခွန်းပေါင်း များစွာတို့ကို ဖြေကြားပေးခဲ့သော ဆရာတော်ကြီးကို မေးခွင့်ရသော ကိုရင်တို့, သိက္ခာရှင်တို့အဖို့ ကံကောင်းခြင်းတစ်ရပ်ဟု ဆိုချင်ပါသည်။

ဆရာတော်ကြီးက မေးခွန်းများကို မဖြေကြားခင် မိန့်ကြားသည်မှာ...

"ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း သင်ကြားရေးအဖွဲ့ဆီ သင်တန်းသား များက သိလိုတဲ့ မေးခွန်းများကို ပို့ပေးတယ်လို့ ဆိုပါတယ်၊ သင်တန်း ပထမပတ်တုန်းက ဩဝါဒပေးတာဝန် ပြီးသွားလို့ ဘုန်းကြီးတာဝန်တော့

http://www.dhammadownload.com

ပြီးသွားပြီလို့ ယူဆခဲ့ပါတယ်၊ ဆုပေးပွဲနေ့မှပဲ ဩဝါဒပေးရတော့မယ်လို့ အောက်မေ့ခဲ့ပါတယ်၊ အခုတော့ ကိုရင်တို့, သီကျောရှင်တို့ သိလိုတဲ့ အချက်တွေကို မေးထားလို့ ဖြေကြားပေးပါမယ်၊ သူတို့ မေးခွန်းမေးတတ်ကြတယ်၊ တော်ကြပါတယ်၊ သိလိုတဲ့ သဘောနဲ့ မေးတယ်ဆိုရင်တော့ ပိုပြီးချီးကျူးစရာပါပဲ၊ မေးပုံလေးတွေက အဆင်မြင့်ပါတယ်၊ "အမေးနွားကျောင်းသား, အဖြေဘုရားလောင်း" ဆိုတာလို ရုတ်တရက် ဖြေဖို့ ခက်တာလေးတွေလဲ ပါပါတယ်၊ စာကိုအချိန်ယူလေ့လာပြီး, ဆင်ခြင်စဉ်းစားပြီး, ကြောင်းကျိုးသုံးသပ်ပြီးမှ အဖြေပေးရမယ့် မေးခွန်းတွေလဲ ပါပါတယ်။"

"မေးခွန်းတွေထဲက ပထမဖတ်ကြည့်မိတဲ့ မေးခွန်းရဲ့ မေးခွန်းရှင်ကတော့ မကေသသောဘာ (မကေသီလွင်) အလတ်တန်း-တဲ့။"

(၁) မေး။ ။"အရှင်ဘုရား... ဘိက္ခုနီ သာသနာ ကွယ်ပျောက် ပြီးနောက် သီလရှင်သာသနာ ဘယ်အချိန်မှာ, ဘယ်ဒေသမှာ, စတင် ဖြစ်ပေါ်လာပါသလဲ" တဲ့။

ဖြေ။ ။သူခံယူထားတဲ့ ဘဝက သီလရှင်ဘဝဆိုတော့ သူ့ဘဝ ဘယ်အချိန်, ဘယ်နေရာမှာ စတင်ဖြစ်ပေါ်ခဲ့တယ်ဆိုတာကို သိချင်ပေလိမ့်မယ်၊ မေးထိုက်ပါတယ်။

ကုန်းဘောင်ခေတ် အစပိုင်းမှာတော့ "သီလရှင်" ဆိုတဲ့ အမည်မျိုး မဟုတ်ပါဘူး၊ "သီတင်းသည်" လို့ ခေါ်ပါတယ်၊ ဟိုခေတ်က ဒီလိုအရောင်မဟုတ်ဘူး၊ အဖြူရောင်အဝတ် ဝတ်ကြတယ်၊ အမျိုးသားဖြစ်ရင် "ပဏ္ဍာရင်" (သီတင်းသည်), အမျိုးသမီးဖြစ်ရင် "ပဏ္ဍာရီကို" (သီတင်းသည်မ)လို့ ပါဠိလို ခေါ်တယ်၊ အနည်းဆုံး(၈)ပါး သီလဆောက်တည်ကြတယ်၊ ပြည့်ပြည့်စုံစုံ သိချင်ရင် "ရဝေထွန်း"ရေးတဲ့ "သီလရှင်သာသနာသမိုင်း" စာအုပ်ကို ကြည့်ပါလို့ ဘုန်းကြီးက ညွှန်းချင်ပါတယ်။

ကုန်းဘောင်ခေတ် အလယ်ပိုင်း နောက်ပိုင်းမှာ "သီတင်းသည်" မှ "သီလရှင်" ဖြစ်လာတယ်၊ သီလရှင်မယ်ကင်း စသည်တို့ပေါ့၊ ကုန်းဘောင်ခေတ်အလယ်ပိုင်း နောက်ပိုင်း တောင်ဖီလာဆရာတော်လက်ထက်မှာ သီလရှင်တွေ တော်တော် ပေါများလာပါတယ်၊ (၈)ပါး သီလရဲ့ ပိုင်ရှင်မို့ "သီလရှင်" လို့ ခေါ်ကြပါတယ်၊ သီလရှင်ဟာ ကုန်းဘောင်ခေတ်လယ်

http://www.dhammadownload.com

လောက်မှာ စတင်ဖြစ်ပေါ်လာတယ်လို့မှတ်ပါ၊ မြန်မာပြည်အထက်ပိုင်းမှာ စတင်ဖြစ်ပေါ်ခဲ့တယ်လို့လဲ မှတ်ပါ၊ ခပ်ဖြန်းဖြန်းလေးပဲ ဖြေလိုက်ပါတယ်။

(၂) မေး။ ။သေခိယသိက္ခာပုဒ်၌ ကျန်းမာပါလျက် ဓားကိုင်ထားသူအား တရားမဟောရဟု ပါရှိပါသည်၊ ဘုရားလက်ထက်တော်က ဓားကိုင်ထားသော အင်္ဂုလိမာလအား ဘုရားက အဘယ့်ကြောင့် တရားဟောပါသနည်း-တဲ့၊ မကေသသောဘာကပဲ မေးထားပါတယ်။

ဖြေ။ ။ဘုရားက တပည့်တွေကို တရားမဟောဖို့ ပညတ်ထားပြီး သူကိုယ်တိုင်တော့ ဟောတယ်၊ သူကိုယ်တိုင်တော့ အဲဒီဥပဒေကို မလိုက်နာဘဲ တပည့်တွေကို လိုက်နာစေတယ်လို့ ဆိုချင်ပုံရပါတယ်။

အကျဉ်းချုပ်ဖြေရင် အင်္ဂုလိမာလ ဓားကိုင်ထားတုန်း တရားမဟောဘူးလို့ မှတ်ပါ၊ အင်္ဂုလိမာလချွတ်ခန်းမှာ ပန်းချီ, ပန်းပုဆရာတွေက လုပ်လို့ ဓားကိုင်နေတုန်း တရားဟောတယ်လို့ ထင်နေကြတယ်။

ဓားကိုင်ပြီး နောက်မှလိုက်နေတဲ့ အင်္ဂုလိမာလက သူ့ရှေ့မှ ပုံမှန်ကြွနေတဲ့ ဘုရားရှင်ကို "အလွန်လျင်မြန်စွာ သွားနိုင်တဲ့သူပင် မလိုက်နိုင်အောင် အလွန့်အလွန် လျင်မြန်စွာ သွားနေတယ်" ထင်လို့ (မောလဲ မောလာလို့) "ရဟန်းကြီး... ရပ်ပါဦး၊ ရဟန်းကြီး... ရပ်ပါဦး"လို့ ပြောတဲ့အခါ ဘုရားရှင်က "ငါက ရပ်နေတယ်၊ သင်ကသာ မရပ်တာ"လို့ မိန့်တော်မူတယ်၊ ဘုရားရှင်က အဲဒီလို ပြောတော့ "ရဟန်းကြီး... သင် မုသားစကား ပြောတယ်" လို့ အင်္ဂုလိမာလက စွပ်စွဲတယ်၊ "ငါရပ်နေတယ်" ဆိုတာဟာ ဘဝသံသရာကို လည်စေနိုင်တဲ့ ကိလေသာတွေကို ပယ်သတ်ပြီးလို့ "ရပ်နေတယ်"လို့ ပြောတယ်၊ သင်ကတော့ အဲဒီကိလေသာတွေကို မပယ်သတ်ရသေးလို့ "သင်ကသာ မရပ်တာ"လို့ အမိန့်ရှိတယ်၊ ဒါက တရားဟောတာတော့ မဟုတ်ပါဘူး၊ အချီ-အချ, အမေး-အဖြေ သဘောမျိုးပါပဲ၊ ငါရပ်နေတယ်၊ သင်ကသာ မရပ်တာ" ဆိုတာကို ရှင်းပြတာပါပဲ၊ ဒါကြောင့် ဘုရားရှင်က အင်္ဂုလိမာလအား ဓားကိုင်ထားတုန်း တရားဟောတာ မဟုတ်ဘူး၊ (တရားမဟောဘူး)လို့ မှတ်ပါ။

http://www.dhammadownload.com

(၃) မေး။ ။(၁၀)ပါးသီလထဲမှာ ဝိကာလဘောဇန စတဲ့နောက် သိက္ခာပုဒ် (၅) ခုကို စောင့်ထိန်းလျှင် မနောင်ဘဝ၌ မည်ကဲ့သို့သော ကောင်းကျိုးတို့ကို ရနိုင်၍ မစောင့်ထိန်းလျှင် မည်ကဲ့သို့သော ဆိုးကျိုးတို့.ကို ရနိုင်ပါသနည်း၊ မကေသသောဘာကပဲ မေးထားပြန်ပါတယ်။

ဖြေ။ ။ဝိကာလဘောဇန စတဲ့ နောက်(၅)ပါးထဲက နောက်ဆုံး ဏာတရူပရဇတ သိက္ခာပုဒ်ကို စပြီးပြောပါမယ်၊ အဲဒီသိက္ခာပုဒ်က ရွှေငွေကို မကိုင်ရဘူး၊ မခံယူရဘူး-တဲ့။

ငွေရှိရင် အကုန်ပြီးစီးပါတယ်၊ လှပတဲ့အဆင်း, သာယာချိုအေးတဲ့အသံ, သင်းပျံ့တဲ့အနံ့, ချိုချဉ်တဲ့အရသာ, ကောင်းတဲ့အတွေ့.အထိ, ဒီကာမဂုဏ် အာရုံတွေထဲက ဘာကိုလိုချင်သလဲ၊ ငွေရှိရင် အကုန်ရတယ်။

ရှင်ရဟန်းတွေက ကာမဂုဏ်တွေကို ကျောခိုင်းလာကြတယ်၊ ကာမဂုဏ်ကို ပြီးစီးစေနိုင်တဲ့ ငွေကို လက်ခံရင် ကိုယ်ခံယူထားတဲ့ ရှင်ရဟန်းဘဝနဲ့ မအပ်စပ်ဘူး၊ မဟပ်မိဘူး၊ အဓိပ္ပာယ်မရှိဘူး။

ရွှေ,ငွေကို လက်ခံရင် ကာမဂုဏ်ကို လက်ခံရာရောက်ပါတယ်၊ ကာမဂုဏ်ကို စွန့်လာခဲ့သူတွေက ကာမဂုဏ်ကို ပြန်လက်ခံရာရောက်တယ်။

နောက်တစ်ခုက- ဝိကာလဘောဇန သိက္ခာပုဒ်၊ နေ့လွဲညစာ စားခြင်းမှ ရှောင်ရမယ်-တဲ့၊ ကမ္ဘာပေါ်ရှိ လူတွေဟာ နံနက်စာနဲ့ နေ့လယ်စာကို တော်သလို စားကြတယ်၊ ညစာကိုတော့ ကောင်းကောင်းမွန်မွန် ချက်ပြုတ်စားသောက်ကြပြီး ညအခါမှာ ကာမဂုဏ် ခံစားကြတယ်၊ နေ့ပိုင်းမှာ အလုပ်လုပ်နေကြလို့ နံနက်စာနဲ့ နေ့လယ်စာကို ကောင်းကောင်း မစားနိုင်ကြဘူး။

ညစာကို လက်ခံရင် ကာမဂုဏ်ကို အားပေးရာရောက်ပါတယ်၊ ကာမဂုဏ်သာယာမှု အားနည်းအောင် လုပ်သူတို့.အဖို့ ညစာစားခြင်းက အနှောင့်အယှက် ဖြစ်စေပါတယ်။

ကာမဂုဏ်ချမ်းသာဟာ ဘေးသင့်အောင် ကောင်းတဲ့, သေလောက်အောင် ကောင်းတဲ့ ချမ်းသာဖြစ်တယ်၊ ပျားရည်သောက်တဲ့ ပုရွက်ဆိတ်ဟာ ပျားရည်ပုလင်းထဲမှာ နစ်မြုပ်ပြီး သေဘေးသင့်ရတယ်။

http://www.dhammadownload.com

ကာမဂုဏ်အပြစ် မြင်လို့ သာယာမှု နည်းပါးအောင်လုပ်ရာမှာ ညစာမစားမှု အားပေးရာရောက်ပါတယ်။

နောက်တစ်ခုက– နစ္စဂီတ သိက္ခာပုဒ်၊ အက, အခုန်, အတီး, အမှုတ်, သီဆိုမှုဆိုတဲ့ အပျော်အပါးတွေက လူရဲ့ စိတ်ကို ရိုးတိုးရွတ ဖြစ်စေပါတယ်၊ အဲဒီ အပျော်တွေဟာ အပြစ်မကင်းတဲ့, ညစ်ညမ်းတဲ့, မသန့်ရှင်းတဲ့, အောက်တန်းကျတဲ့ အပျော်တွေ ဖြစ်တယ်။

ကာမဂုဏ်ကို အားပေးတဲ့ဟာကို တိုက်ရိုက်နည်းနဲ့ ဖြစ်စေ, သွယ်ဝိုက်နည်းနဲ့ဖြစ်စေ ပယ်ရမယ်။

နောက်တစ်ခုက– မာလာဂန္ဓ သိက္ခာပုဒ်၊ ပန်းပန်တာ, အလှပြင်တာ မလုပ်ရဘူး–တဲ့၊ ပန်းပန်တာ, အလှပြင်တာဟာ လောဘပဲ၊ ကာမဂုဏ် ခံစားတာပဲ၊ မှန်ထဲမှာ တည့်တည့်ကြည့်လိုက် ဆေးတိုက်စောင်းကြည့်လိုက်, မျက်ခုံးမွေးဆွဲလိုက်, နှုတ်ခမ်းနီဆိုးလိုက် လုပ်နေတာတွေဟာ လောဘတွေပဲ၊ ကာမဂုဏ် ခံစားနေတာပဲ။

အလှပြင်တာဟာ ကာမဂုဏ်အားပေးရာ ရောက်ပါတယ်၊ ရိုးရိုးလေးနဲ့ လှတဲ့အလှ, ခန့်ချောချောပြီး လှတဲ့အလှ, မိတ်ကပ်မပါဘဲ လှတဲ့အလှနဲ့ လှအောင် လုပ်တတ်ဖို့ လိုပါတယ်၊ သီလသိက္ခာပုဒ်တွေ ထိန်းနေရင် ကိုယ်နဲ့နှုတ် ချောနေပါတယ်၊ လှနေပါတယ်၊ သမာဓိရှိလာရင် စိတ်လဲ ချောလာပါတယ်၊ ပညာဖြစ်လာရင် စိတ်ဟာ ခန့်ချော ချောလာပါတယ်၊ လှလာပါတယ်၊ အာမခံရှိတဲ့ အချော, အလှမပျက်တဲ့ အချောနဲ့ ချောစေနိုင်ဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက– ဥစ္စာသယန မဟာသယန သိက္ခာပုဒ်၊ (၂)တောင့်တစ်ထွာထက် မြင့်တဲ့နေရာ, ဖဲမွေ့ရာနဲ့ ချောချောညက်ညက် အိပ်ရာတွေမှာ မအိပ်ရ, မထိုင်ရဘူး–တဲ့။

အဲဒီအိပ်ရာ, နေရာတွေမှာ အိပ်တာ, ထိုင်တာဟာလဲ ကာမဂုဏ်ကို အားပေးရာရောက်ပါတယ်၊ နောက်ဘဝကို မကြည့်ပါနဲ့ဦး၊ ဒါတွေကို ရှောင်ရင် ဒီဘဝမှာပဲ ဘယ်လောက်ချမ်းသာသလဲ စဉ်းစား။

လူတွေကို ဒုက္ခပေးနေတာဟာ ဒီကာမဂုဏ်တွေပဲ၊ ဘေးမကင်းတဲ့

http://www.dhammadownload.com

အပျော်, သေလောက်တဲ့ အပျော်ကို မရယူမိကြစေဘဲ ဘေးကင်းတဲ့ အပျော်ကို ရယူနိုင်ကြဖို့ လိုအပ်ပါတယ်။

ရိုးရိုးပျော်ရုံမျှမက မတရားမှုတွေပါ လုပ်မယ်ဆိုရင်တော့ အပါယ်ကို ကျစေနိုင်ပါတယ်။

ညစာစား‌တာ, ကခုန်ပျော်ပါး‌တာ, အလှပြင်တာ, ကြီး‌ကျယ်ခမ်း‌နား‌တဲ့ အိပ်ရာနေရာမှာ အိပ်တာ, ထိုင်တာ, ရွှေငွေကို ခံယူတာတွေဟာ ဒုစရိုက် (၁၀)ပါး‌ထဲမှာ မပါဝင်ဘူး၊ စာရိတ္တ, ဝါရိတ္တ, သီလ(၂)မျိုး‌ထဲက စာရိတ္တသီလ တွေ ဖြစ်တယ်၊ ဝါရိတ္တသီလတွေ မဟုတ်ဘူး၊ ဒါ့‌ကြောင့် သူတို့.ချည်း သက်သက်ကတော့ အပါယ်မကျစေနိုင်ပါဘူး၊ အချိန်အဆတွေ လွန်ပြီး မတရား‌တာတွေ လုပ်ရင်တော့ အပါယ်ကျစေနိုင်ပါတယ်၊ အဲဒါတွေနဲ့ အချိန် ကုန်များရင် တရား‌နဲ့ ဝေးသွား‌လို့ ဘဝအဆင့်အတန်း‌ကို နိမ့်‌ကျသွား စေနိုင်ပါတယ်။

ကာမဂုဏ်ကို ကျော်ခိုင်း‌ခဲ့တဲ့ ရှင်ရဟန်း‌ဘဝ, ကာမဂုဏ်သာယာမှုကို နည်း‌ပါး‌အောင် လုပ်တဲ့ ရှင်ရဟန်း‌ဘဝနဲ့ အပ်စပ်အောင်, ဟပ်မိအောင် ကာမဂုဏ်ကို အား‌နည်း‌စေတဲ့ နောက်သိက္ခာပုဒ်(၅)ခုကိုလိုက်နာရတယ်လို့ မှတ်ပါ။

(၄) မေး။ ။သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိ ဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓရုပ်ပွား‌တော်၏ ဦး‌ခေါင်း‌တော်ပေါ်၌ ရှိနေသည့် အဖုသည် သျှောင်ထုံး‌ပါလား၊ ဆံတော်ပါလား။

ဘုရား‌လောင်း တောထွက်တော်မူပြီး‌နောက် ဆံပင်ကိုပယ်ထား‌သည်ဟု သိထား‌ပါသည်၊ ရွှေတိဂုံ, ဆူး‌လေတို့.သို့ ဘုရား‌ဖူး‌သွား‌လို့ ကြည့်လိုက်ရာ ရုပ်ပွား‌တော်၏ ဦး‌ခေါင်း‌တော်ပေါ် တင်ထား‌သည့် အရာကို သိလိုပါသည် ဘုရား၊ ဖြေကြား‌ပေး‌တော်မူပါအရှင်ဘုရား့-တဲ့။

ဖြေ။ ။ဒီမေး‌ခွန်း‌ကိုတော့ မခေမာနန္ဒာ(မကြူကြူဝင်း) အလတ်တန်း က မေး‌ထား‌ပါတယ်။

မေး‌စရာပါပဲ၊ ဘုရား‌ရုပ်ပွား‌တော်ရဲ့ ဦး‌ခေါင်း‌တော်ပေါ်မှာ ပန်း‌ရံ, ပန်း‌ပု

http://www.dhammadownload.com

တွေ လုပ်ထားလို့ ဖုနေတာပါပဲ၊ ဘုရားလောင်း တောထွက်၍ ဆံပင်ကို ပယ်ပြီးနောက် တစ်လက်သစ်လောက် ကျန်ပါတယ်၊ ပန်းချီ, ပန်းပုဆရာတွေ လုပ်တာကို အတည်ယူလို့ မရပါဘူး။

ဘုရားရှင်မှာ "ကေတုမာလာ" ဆိုတာရှိပါတယ်၊ မြန်မာလိုတော့ "ရောင်လျှံတော်" ခေါ်ပါတယ်၊ ဦးခေါင်းတော်ရဲ့ ထိပ်မှာ အစုလေးဖြစ်ပြီး ထင်ရှားနေပါတယ်၊ မြန်မာနိုင်ငံမှ ရုပ်ပွားတော်တွေရဲ့ ဦးထိပ်မှာ အဲဒီရောင်လျှံတော်ဟာ မထင်ရှားဘူး၊ သီရိလင်္ကာနိုင်ငံ ရုပ်ပွားတော်တွေရဲ့ ဦးထိပ်မှာတော့ ခက်ရင်းခွဲချန်လေးလို သုံးခုရှိတယ်၊ (၃)ခုထဲက အလယ်က မြင့်တယ်၊ ဘေးနှစ်ခုက နည်းနည်းနိမ့်တယ်၊ ခပ်ကျဲကျဲပဲ၊ အရောင်ထွက်နေဟန် ပြထားတယ်၊ ရောင်လျှံတော်ပုံ ပြထားတယ်၊ မြန်မာပုံတွေက ဆံထုံးကြီးလို သဘောထားပုံရတယ်၊ မြန်မာရောင်လျှံတော်ကို ရောင်ထုံးပုံလို့ ထင်မှားကြတယ်၊ အရောင်အဝါစုပုံ ထင်ရှားပြရင် သာပြီး သဘာဝကျပါတယ်။

အမှားကြာတော့ အမှန်ဖြစ်
အမှန်စင်စစ် အမှားထင်
ဘုရားရှင်ပင် ချွတ်၍မရ–တဲ့။

ကျမ်းဂန်အရှိအတိုင်း ပြောပြပေမယ့် ခုခေတ် ယုံချင်မှ ယုံကြမယ်၊ ရောင်ထုံးပုံမဟုတ်၊ ရောင်လျှံပုံလို့မှတ်ထားပါ။

ရဖို့မလွယ်တဲ့ အခွင့်အရေး

ယနေ့ (၅-၄-၉၂) သည် တစ်လသင်တန်း၏ နောက်ဆုံးနေ့ ဖြစ်ပါသည်၊ ဆုနှင်းသဘင် ဆင်ယင်ကျင်းပမည့်နေ့လည်း ဖြစ်ပါသည်၊ ဒီနေ့ညနေ ဆိုလျှင် တစ်လတာအတွင်း ဆုံဆည်းခင်မင်ခဲ့ကြရသော သူငယ်ချင်းများသည် ဤရွှေတောင်ကုန်း သာသနာ့ရိပ်သာမှ ထွက်ခွာကြရပေတော့မည်၊ ဒီလို ကိုရင်ဘဝ, သိက္ခာရှင်ဘဝတွေနဲ့ ဒီနေရာမှာ ပြန်လည်ဆုံဆည်းကြဖို့ရာ (၁)နှစ်တာကာလထိ စောင့်စားနေကြရပေဦးမည်၊ နောက်နှစ်ခါ သင်တန်းချိန်ရောက်မှ ဒီသူငယ်ချင်းတစ်စု ပြန်လည်ဆုံတွေ့နိုင်ကြပေတော့မည်၊ နံနက်, ညနေတို့၌ (၃၀၀)ကျော်သော ကိုရင်, သိက္ခာရှင်တို့၏ သံပြိုင်ညီညာစွာဖြင့်

http://www.dhammadownload.com

ရွှတ်ဆိုအပ်သော ကြည်နူးဖွယ်ရာ ဘုရားဝတ်တက်သံ, မေတ္တာပို့သံ, အမျှဝေသံတို့ကို ကြားချင်လို့မှ ကြားရတော့မည် မဟုတ်ပေ။

ရှေ့နောက်ဝဲယာ ညီညာစွာတန်းစီလျက် လက်အုပ်ချီမိုးကာ ထိုင်နေသည့် ကိုရင်, သိက္ခာရှင်တို့အား ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် နာယကဆရာတော်များ၏ ညနေတိုင်း ပေးအပ်သော ဩဝါဒသံတော်တို့ကိုလည်း ကြားချင်လှပါပေတယ်ဆိုပေမယ့် ထိုဆန္ဒပြည့်ဝဖို့ အခွင့်မသာတော့ပါပေ၊ နံနက်, ညနေ ဘုရားဝတ်တက်အပြီး ညီညာစွာ တန်းစီကာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် စုပေါင်းတရားရှုမှတ်နေကြသော (၃၀၀)ကျော်သော ကိုရင်, သိက္ခာရှင်တို့မြင်ကွင်းကို ယနေ့မှစ၍ နောက်နှစ် ဤသင်တန်းပြန်၍ မဖွင့်လှစ်မချင်း မမြင်တွေ့နိုင်ကြတော့ပေ၊ တစ်နေ့လျှင် သင်ခန်းစာသင်ယူချိန် (၄)ချိန်, ဗုဒ္ဓဘာသာသမိုင်း နာယူချိန် (၁)ချိန်အားဖြင့် (၅)ချိန်တို့၌ ဤဗုဒ္ဓယဉ်ကျေးမှု သင်ခန်းစာတို့ကို သင်ယူရွတ်ဆိုသံ, သင်ကြားပြသ ဟောပြောသံတို့ကို ဤရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ နောက်(၁)နှစ်ကြာမှ ပြန်လည် ကြားနိုင်ကြပေတော့မည်။

ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ ဆွမ်းခံ, ဆွမ်းစားနေကြသည့် (၃၀၀)ကျော်သော ကိုရင်, သိက္ခာရှင်တို့ကို ကြည်ညိုသဒ္ဓါပွားလို့ အရက်ဆွမ်း, နေ့ဆွမ်းကပ်လိုသည့် ဒကာ, ဒကာမတို့များ ရှိခဲ့လျှင် နောင်နှစ်ခါ ဤသင်တန်းပြန်ဖွင့်မှသာ ဆွမ်းအလှူဒါန ပြုကြရပေတော့မည်၊ ကိုရင်နေထိုင်ရာ တဲအဆောင်ကြီးကို နောင်နှစ်ခါတွင် မြင်တွေ့ရတော့မည် မဟုတ်ပေ၊ တဲအဆောင်ကြီးနေရာ၌ အလျား၁၀(၇၀), အနံ(၂၇)ပေရှိ (၃)ထပ် သင်တန်းကျောင်းကြီးနေရာက အစားထိုးပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါသည်၊ ထိုသင်တန်းကျောင်းဆောင်ကြီး ဖြစ်ပေါ်လာဖို့ရာ သင်တန်းသားများက (၆၀၇၈)ကျပ် ကုသိုလ်ပါဝင်ကြပါသည်၊ အလျား၁၀(၁၀၀), အနံ၁၀(၅၀)ရှိ ၃-ထပ်ဓမ္မာရုံကြီးနှင့် အလျား၁၀(၇၀), အနံ၁၀(၅၀)ရှိ ၃-ထပ်သိမ်အဆောက်အဦတို့ကိုလည်း ဆောက်လုပ်ဖို့ အစီအစဉ်ရှိသည်ဟု သိရစမဝေးတော့သော ကာလမှာ ထိုအဆောက်အဦးကြီး(၂)ခုလည်း ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

http://www.dhammadownload.com

ဆုနှင်းသဘင်နေ့

(၅-၄-၉၂)နေ့ နံနက်ပိုင်းတွင် (၇)နာရီမှ (၈)နာရီထိ မဟာထေရ ထောမနာလင်္ကာများနှင့် အဓိဋ္ဌာန်စာတမ်းတို့ကို (၃)ကြိမ်မြောက် ကျောက်တန်း ဆရာတော်ထံမှောက်တွင် အစမ်းရွတ်ဆိုလေ့ကျင့်ကြရပြန်ပါသည်၊ လေ့ကျင့်ပြီးသောအခါ တချို့ ကိုရင်,သိက္ခာရှင်တို့က အိမ်သို့ဆွမ်းစားပြန်ကြပါသည်၊ တချို့က ခင်မင်ရင်းနှီးသူတိုနှင့်, တချို့က အတန်းတူသင်တန်းသားတို့နှင့်, တချို့က ဆရာသမားတို့နှင့် တချို့က ဆရာတော်ကြီးနှင့် အတူတွဲ၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပါသည်၊ တချို့ကား ဆရာတော်ကြီး, နာယကဆရာတော်များ, သင်တန်းပြဆရာများကို စုပေါင်း၍ ဓာတ်ပုံရိုက်ယူကြလေသည်၊ တချို့ကမူ ဝစ္ဆကုဋ္ဌသန်.ရှင်းရေး, ကျောင်းသန့်ရှင်းရေးတို့ကို ပြုလုပ်ကြလေ၏၊ ကိုရင်တို့, သိက္ခာရှင်တို့အားလုံး ကိုယ့်အိပ်ရာနေရာ, ကိုယ့်ပစ္စည်းတို့ကို သိမ်းဆည်းကာ ကြိုတင်၍ အထုတ်ပြင်နေကြလေပြီ။

ဆရာအရှင်မြတ်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်တို့မှာ ဆုနှင်းသဘင် အခမ်းအနား အပြင်အဆင်, ဆုပစ္စည်း အပြင်အဆင်တို့ကို ပြုလုပ်နေကြသဖြင့် မအား‌လပ်အောင် ရှိနေကြပါသည်။ နေ့ဆွမ်းစားပြီးချိန်တွင် ကိုရင်, သိက္ခာရှင်တို့၏ မိဘဆွေမျိုးတို့ တဖွဲဖွဲ လာရောက်နေကြပါသည်၊ မွန်းလွဲ (၁)နာရီလောက်မှာ ဆုပေးပွဲ အခမ်းအနားသွားဖို့ ပြင်ဆင်ကြရပါပြီ၊ သင်္ကန်းလက်ကန်တော့တင်, နေရာထိုင်ယူ၍ မဟာထေရထောမနာ လင်္ကာများနှင့် အဓိဋ္ဌာန်စာတမ်း စာရွက်လေးကိုလည်း ယူကြရပါသည်။

ကိုရင်တို့ တန်းစီကြရာတွင် အတန်း(၄)တန်းမှ သာမဏေမွန်, သာမဏေကောင်း, သာမဏေတော် ကိုရင်တို့နောက်မှ အထူးတန်း, အကြီးတန်း, အလတ်တန်း, အငယ်တန်း ရိုးရိုးအောင်ကိုရင်တို့ သွားကြရပါသည်၊ ထို့နောက်မှ ဇွဲဆု(နှစ်သိမ့်ဆု)ရ ကိုရင်များ လိုက်ကြရပါသည်၊ ထိုကိုရင်တို့နောက်မှ အတန်းစုံမှ ကျောင်းသားများ လိုက်ကြရပါသည်၊ ကိုရင်, ကျောင်းသားတို့နောက်မှ သိက္ခာရှင်တို့နှင့် ကျောင်းသူများက ကိုရင်တို့, ကျောင်းသားတို့နည်းတူ သွားကြရပါသည်၊ ကျောင်းသူများ၏ နောက်တွင် လူပရိသတ်များကို နေရာယူစေပါသည်။

http://www.dhammadownload.com

ဆုနှင်းသဘင် အဆောင်ရှေ့တွင်

လူပရိသတ်မှာ ဆွမ်းစားကျောင်းပေါ်တွင် မဆန့်တော့သဖြင့် ဆွမ်းကျောင်းရှေ့၌ ထိုးထားသော မဏ္ဍပ်တွင် ကုလားထိုင်ကိုယ်စီဖြင့် နေရာယူကြရပါသည်၊ ဆွမ်းကျောင်းရှေ့တွင် ချိတ်ဆွဲထားသည့် "ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း ဆုနှင်းသဘင် အခမ်းအနား" ဟူ၍ ကြီးမားသော စာလုံးကြီးများဖြင့် ပိတ်သားပေါ်တွင် ရေးသားထားအပ်သော စာတမ်းကြီးနှင့် သာသနာ့အလံတို့က လာလာသမျှ ပရိသတ်တို့ကို နှုတ်ဆက်နေသယောင် ရှိနေပါသည်၊ "ဒီကိုကြွပါ၊ ကြွပါ" ဟု ဖိတ်ခေါ်နေသည့်အလား ထင်ရှားစွာ တည်ရှိနေပါသည်။

အဖြူရောင် ပိတ်သားပေါ်တွင် အစိမ်းရောင် စာသားတို့ကား သစ်လွင်တောက်ပ လှနေပါပေသည်၊ စိုက်ထူထားအပ်သော သာသနာ့အလံတို့သည် သင်တန်းအောင်ပွဲတွင် အောင်ပွဲရ သင်တန်းသူ, သင်တန်းသားများနှင့် သူတို့၏ မိဘဆွေမျိုးများကို အားကျ၍ ဝမ်းသာရွှင်မြူးကာ တက်ကြွနေရှာ့သလားဟု ထင်မှားရပါပေသည်၊ သာသနာ့အလံတို့မှာ လေထဲမှာ တလူလူလွင့်ကာ လှုပ်ရှားနေပါတော့သည်။

အဆောင်တွင်းမှ သာသနာ့ဥယျာဉ်မှူးများ

ဆုချီးမြှင့်မည့် ဆုပစ္စည်းများနှင့် အောင်လက်မှတ်များကား ကိုရင်, သိက္ခာရှင်တို့အရင် ကြိုတင်၍ နေရာယူထားနှင့်ကြလေပြီ၊ ကိုရင်တို့၏ရှေ့မှ ဆရာတော်ကြီးထိုင်မည့် ပလ္လင်၏ လက်ဝဲ, လက်ယာရှိ ဗီရိုကြီး(၂)ခုအပေါ်မှာ အခုံသား ရောက်နေကြလေပြီ၊ ဘုရားရုပ်ပွားတော်ရှေ့မှ ပန်းပွင့်မျိုးစုံ ပါဝင်သည့် ငွေဖလားအိုးကြီးတို့ကလည်း လာလာသမျှ ပရိသတ်တို့၏ စိတ်ကြည်လင်မှု, ကြည်ညိုမှုသဒ္ဓါကို နှိုးဆွပေးနေပါတော့သည်၊ (၂)နာရီတိတိမှာ ဆရာတော်ဘုရားကြီး ပလ္လင်ပေါ် ရောက်ရှိလာပါပြီ၊ ဆရာတော်ကြီး၏ လက်ဝဲ, လက်ယာဘက်တွင် နာယကဆရာတော် အရှင်(၂)ပါးက လက်ဝဲတော်ရံ, လက်ယာတော်ရံအဖြစ် တည်ရှိနေသည်ကို ကြည်ညိုရပါသည်။

သင်တန်းဆရာ အရှင်မြတ်များကမူ ဆရာတော်ကြီးနှင့် နာယက

http://www.dhammadownload.com

ဆရာတော်တို့နောက်တွင် တည်ကြည်ခံညားစွာဖြင့် တပည့်များအား ရှုစားနေသည်ကို ဖူးတွေ့ရပါသည်၊ ဆရာတော်ကြီးအပါအဝင် ဆရာအရှင်မြတ်တို့ကား ကိုယ်တိုင်စိုက်ပျိုးလို့ အရွက်, အခက်, အသီး, အပွင့်တို့ဖြင့် ခိုင်ဖြီးစည်ပင်နေသည့် ဥယျာဉ်ကြီးကို ရှုစားကာ ကြည်နူးနေကြသည့် ဥယျာဉ်မှူးတို့အလား ခစားနေကြရပုံ ပေါ်ပါသည်၊ ကြည်နူးရိပ်တို့သည် ဆရာမြတ်တို့မျက်နှာတွင် တလိပ်လိပ် ပေါ်ထွက်နေသည်ဟု ထင်မိပါသည်။

ဆုနှင်းသဘင် အစီအစဉ်

ဆရာတော်ကြီး ပလ္လင်ပေါ်ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် အခမ်းအနားမှူး အရှင်ဉာနဇောတာဘိဝံသက အခမ်းအနား အစီအစဉ်တို့ကို ကြေညာပါတော့သည်၊ ထိုအခမ်းအနား အစီအစဉ်အရ လာသမျှ ပရိသတ်အပေါင်းကနမော တဿ (၃)ကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ကြပြီး ဆရာတော်ကြီးကို သြကာသဖြင့် ညီညာစွာ ကန်တော့ကြပါသည်၊ ထို့နောက် အခမ်းအနားမှူးက အောင်မြင်သူများ စာရင်းအကျဉ်းကို ကြေညာပြီး ကိုရင်, သိက္ခာရှင်တို့က မဟာထေရ ထောမနာ လင်္ကာများနှင့် အဓိဋ္ဌာန်စာတမ်းကို ရွတ်ဆို၍ အဓိဋ္ဌာန်ပြုကြပါသည်။

အခမ်းအနားမှူးက သင်တန်းစီစဉ်ရေးအဖွဲ့ကိုယ်စား စာမေးပွဲ ကျင်းပရခြင်းအကြောင်းနှင့် အစီရင်ခံစာကို ဖတ်ကြား၍ ဇထရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေး အဖွဲ့ဥက္ကဋ္ဌက လျှောက်ထားလိုသည်များကို လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာကို နာယူကြပါသည်၊ အရှင်သီလာစာရက အတန်း(၄)တန်းမှ "မွန်, ကောင်း, တော်" (၂၄) ပါးနှင့် ရိုးရိုးအောင်သူများ၏ အမည်များကို အမှတ်စဉ်အလိုက် ခေါ်သွားပါသည်၊ ကိုရင်များနှင့် ကျောင်းသားများကို အရင်ခေါ်ပြီး သိက္ခာရှင်များနှင့် ကျောင်းသူများကို နောက်မှ ခေါ်ပါသည်။

ဆရာတော်ကြီးက မွန်, ကောင်း, တော် (၂၄) ပါးအား အောင်လက်မှတ်နှင့်ဆုများ ချီးမြှင့်ပါသည်၊ ချီးမြှင့်ပြီး၍ စံမကျောင်းတော်သို့ ပြန်ကြွသွားသောအခါ ကျောက်တန်းဆရာတော်က အထူးတန်း, အကြီးတန်း, အလတ်တန်း, ရိုးရိုးအောင်များအား, ဇေယျဝတီဆရာတော်က အငယ်တန်း

http://www.dhammadownload.com



ဆရာတော်ကြီးက သာမဏေမွန်တစ်ပါးအား

ဆုချီးမြှင့်နေစဉ်

http://www.dhammadownload.com

ရိုးရိုးအောင်များအား အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ပါသည်၊ ဇွဲဆုရသူတို့အားလည်း ဇွဲဆုချီးမြှင့်ပါသည်၊ ဆုနှင်းသဘင် အခမ်းအနား အစီအစဉ်ကို 'သာသနာသ စ လောကာသ" ဂါထာရွတ်ဆို၍ ရပ်သိမ်းလိုက်ပါသည်။

မြည်ဟိန်းလှသည့် အဓိဋ္ဌာန်အသံ

ဤဆုနှင်းသဘင်သို့ တက်ရောက်ကြသည့် သင်တန်းသူ, သင်တန်းသား (၃၄၁)ယောက်တို့၏ ရင်ထဲမှာ လှိုက်လှိုက်လဲလဲဖြင့် အဓိဋ္ဌာန်ပြုကြသည့် အသံတို့ကား မြည်ဟိန်းလှပါပေသည်၊ ကြားကြားသမျှ လူအပေါင်းကို ဖိမ့်ဖိမ့်တုန်, သိမ့်သိမ့်တုန်စေလိမ့်မည်ဟု ထင်မိပါသည်၊ ကိုရင်မှာမူ အဓိဋ္ဌာန်စာတမ်း၏ အဓိပ္ပာယ်၌ ဉာဏ်သက်ဝင်ကာ ရွတ်ဆိုရမှုနှင့် ကျန် (၃၄၀)သော ကိုရင်, သိက္ခာရှင်တို့၏ ညီညီညာညာ ပီပီပြင်ပြင် ကြည်ကြည်လင်လင်ဖြင့် ဟိန်းလျက်ထွက်လာသော အသံလှိုင်းကြီး၏ ရိုက်ခတ်ခံရမှုကြောင့် ဖော်မပြနိုင်လောက်အောင်သော ကြည်နူးမှုကို ခံစားရပါသည်၊ အဓိဋ္ဌာန်စာတမ်းကို ရွတ်ဆိုကြသောကိုရင်, သိက္ခာရှင်တို့၏ အသံတို့ကား အရှိန်ရလာသည်နှင့်အမျှ ပို၍ပို၍ မြည်ဟိန်းလာပါတော့သည်၊ အဓိဋ္ဌာန်စာတမ်း၏ အဓိပ္ပာယ်တို့က သူတို့၏ နှလုံးသားကို ဆွဲဆောင်၍ အသံရှိန်ကို မြင့်တက်လာစေသည်ဟု ယူဆမိပါသည်၊ အဓိဋ္ဌာန်စာတမ်းမှာ (၃)ပိုဒ် ရှိပါသည်။

"ဩဝါဒါစရိယ ဆရာတော်ဘုရား အမျှူးပြုသော နာယကဆရာတော်, သံဃာတော်, အရှင်မြတ်တို့ ဘုရား၊ ဘုရားတပည့်တော်, တပည့်တော်မတို့သည် ...

၁။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို လေးလေး နက်နက် သက်ဝင်ယုံကြည်ကြပါကုန်၏ အရှင်ဘုရား။

၂။ ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးကို ရာသက်ပန် ရိုသေလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ကြပါကုန်၏ အရှင်ဘုရား။

http://www.dhammadownload.com

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အန္တရာယ်ရန်စွယ်များကို ဖယ်ရှားပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သက်စွန့်ကြိုးပမ်း ထမ်းရွက်ကြပါမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုကြပါကုန်၏ အရှင်ဘုရား။

လိုရာခရီးသို့ ရောက်အောင်

အခမ်းအနားမှူး အရှင်ဉာနုဇ္ဇောတာဘိဝံသက စာမေးပွဲကျင်းပရခြင်း၏ အကြောင်းကို ဤသို့ ပြောပြသွားပါသည်။

"ဤဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း၌ ကိုယ်, နှုတ်, စိတ် ယဉ်ကျေးသိမ်မွေ့ဖို့က အဓိက နံပါတ်(၁) ဖြစ်ပါတယ်၊ အောင်လက်မှတ်နဲ့ဆုတို့ကို ရဖို့ကတော့ ဒုတိယဖြစ်ပါတယ်၊ ကလေးတွေဆိုတော့ အပြိုင်အဆိုင် သဘောလေးတွေ ရှိတတ်ပါတယ်၊ ဒါကြောင့် အားတက်သရော ကြိုးစားနိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာမေးပွဲ ပြုလုပ်ပေးပါတယ်။"

အခမ်းအနားမှူး အရှင်မြတ်က ကလေးသူငယ်တို့အပေါ် ထားရှိသည့် သူ၏ဆန္ဒကို ဖွင့်ဟသွားပါသည်။

အရှင်မြတ်က– အနာဂတ်ကလေးများကို ခေတ်သစ် အဇာတသတ်တွေ ဖြစ်မှာစိုးရိမ်ပါသည်၊ သူစိမ်းပြင်ပဝါဒရှင်တို့၏ မြှုဆွယ်ခေါ်ဆောင်သွားခြင်းခံရတာကို မြင်တွေ့ကြားသိနေရသဖြင့် ရင်နာပါသည်၊ ယစ်ထုပ်ဘဝ ရောက်နေကြသည့် လူငယ်တို့အရေးကို တွေး၍လည်း ရင်လေးမိပါသည်–တဲ့၊ ကလေးသူငယ်များကို ငယ်စဉ်ကပင် ထိုကဲသို့သော လမ်းမှားပေါ် မလျှောက်လှမ်းမိစေလိုပါ၊ လမ်းမှန်ပေါ် လျှောက်လှမ်းစေလိုပါသည်–တဲ့။

အရှင်မြတ်က– ကလေးသူငယ်များကို ပျိုးပင်ငယ် ကလေးများနှင့် နှိုင်းယှဉ် ပြသသွားပါသည်၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကို စိုက်ပျိုးရေးဌာနတွေမှာ သီးသန့်ဖွင့်လှစ်ထားသည့် (ကိုယ် စိုက်ပျိုးလိုသည့် ပျိုးပင်ငယ်များကို စိုက်ပျိုးနိုင်သည့်) စိုက်ပျိုးရေး ဥယျာဉ်နှင့် ပုံခိုင်းထားပါသည်၊ ကလေးသူငယ်များ ဤသာသနာ့ရိပ်သာနှင့် ရင်းနှီးခွင့်, ဗုဒ္ဓယဉ်ကျေးမှုတို့ကို လက်တွေ့ကျင့်သုံးခွင့်, သတိပဋ္ဌာန်လုပ်ငန်းနှင့် ထိတွေ့ခွင့်, သတိပဋ္ဌာန်တရားအရသာကို ခံစားခွင့် ရရှိနေမှုတို့သည် ကလေးသူငယ်တို့ကို လမ်းမှန်,

http://www.dhammadownload.com

လမ်းကောင်းပေါ်သို့ စောစီးစွာ ရောက်ရှိစေခြင်း ဖြစ်ကြောင်း သုံးသပ်ပြသွားပါသည်။

အရှင်မြတ်က ကလေးသူငယ်တို့၏ အခန်းကဏ္ဍ အရေးကြီးပုံကို ဤသို့ လှစ်ပြသွားပါသည်။

"အသက်ကြီးမှ ဘဝလမ်းမှန်ပေါ် ရောက်လာသော သူတစ်ယောက်သည် ဘဝသက်တမ်း မကျန်တော့၍ အနည်းငယ်သော ပတ်ဝန်းကျင်ကိုသာ စည်းရုံးခွင့် ရနိုင်ပါမည်၊ ငယ်ရွယ်စဉ်ကပင် ဘဝလမ်းမှန်ပေါ်သို့ ရောက်ထားသူ တစ်ယောက်သည်မူကား ထိုထက် အဆ(၁၀), အဆ(၁၀၀), အဆ(၁၀၀၀) ထိအောင်ပင် စည်းရုံးသိမ်းသွင်းသွားနိုင်ရပေမည်" တဲ့။

အရှင်မြတ်က ပရိယတ်+ပဋိပတ် ပေါင်းစပ်ဖို့ လိုအပ်ကြောင်းကိုလည်း စိစစ်ပြသွားပါသေး၏။

"ပရိယတ်သည် ပဋိပတ်နှင့်ကင်း၍ မဖြစ်သလို ပဋိပတ်လည်း ပရိယတ်နှင့်ကင်း၍ မဖြစ်ပါ၊ သို့မှသာ သာသနာ့လုပ်ငန်းသည် ထိရောက်အောင်မြင်နိုင်ပါမည်၊ လောကတွင် (၂)ခု ပေါင်းစပ်မှ ဖြစ်မည့်အရာ များစွာ ရှိပါသည်၊ ထိုအရာတို့သည် တစ်ခုတည်း စခန်းသွားပါက လိုရာခရီး မရောက်ဘဲ အန္တရာယ်နှင့် တွေ့ကြုံရစမြဲပင် ဖြစ်ပါသည်၊ ဥပမာ "ငါးထန်းရွက်" ဟု ခေါ်အပ်သော ငါးတို့သည် တစ်ကောင်တည်း သွားလျှင် လိုရာခရီးသို့ မရောက်ဘဲ (၂)ကောင်ပေါင်းသွားမှ လိုရာခရီးသို့ ရောက်နိုင်သကဲ့သို့ ဖြစ်ပါသည်။"

ဆုရသူများနှင့် ဆုများ

ယခုနှစ်သင်တန်း၌ တက်ရောက်သည့် ကိုရင် (၁၅၄)ပါး, သိက္ခာရှင် (၁၈၅)ပါးရှိ၍ နှစ်ရပ်ပေါင်း (၃၃၉)ပါး ရှိပါသည်၊ အပြင်မှ တက်ရောက်ကြသည့် ကျောင်းသား, ကျောင်းသူ(၂၈)ယောက် ရှိပါသည်၊ ဆုပေးပွဲသို့ တက်ရောက်သည့်ဦးရေမှာ (၃၄၁)ယောက် ရှိပါသည်၊ အောင်လက်မှတ်ရောဆုပါရသည့် ဦးရေမှာ (၂၉၇)ပါးရှိပြီး အောင်လက်မှတ်မပါဘဲ နှစ်သိမ့်ဆုရသူကား (၄၄)ပါး ရှိပါသည်–တဲ့။

"ဆုအဖြစ်ချီးမြှင့်သည့် နဝကမ္မဝတ္ထုငွေမှာ (၃၆၂၁၅)ကျပ် ဖြစ်ပါသည်၊

http://www.dhammadownload.com

အထူးတန်း မွန်(၂)ပါးအတွက် (၄၀၀)ကျပ်စီ, အကြီးတန်းမွန် (၂)ပါးအတွက် (၃၂၅)ကျပ်စီ, အလတ်တန်းမွန် (၂)ပါးအတွက် (၂၅၀)ကျပ်စီ, အငယ်တန်းမွန် (၂)ပါးအတွက် (၁၇၅)ကျပ်စီ ချီးမြှင့်ပြီး "ကောင်း"တို့အတွက် "မွန်"တို့အောက် (၂၅)ကျပ်စီ လျော့၍ "တော်"တို့အတွက် "မွန်"တို့အောက် (၅၀) ကျပ်စီ လျော့၍ ချီးမြှင့်ပါသည်၊ မွန်, ကောင်း, တော် (၂၄)ပါးအတွက် (၆၃၀၀)ကျပ် ချီးမြှင့်ပြီး ရိုးရိုးအောင် အထူးတန်း (၁၅၀)ကျပ်, အကြီးတန်း (၁၂၅)ကျပ်, အလတ်တန်း (၁၀၀)ကျပ်, အငယ်တန်း(၇၅)ကျပ်စီဖြင့် (၂၈၃၇၅)ကျပ် ချီးမြှင့်ပါသည်၊ နှစ်သိမ့်ဆုအဖြစ် (၃၅)ကျပ်စီ ချီးမြှင့်ပါသည်ဟု အရှင်မြတ်က တင်ပြသွားပါသည်။

လိုက်နာဖွယ်ရာ အဆုံးအမ အဖြာဖြာ

"လေဟာပြင်သဖွယ် သာသနာနှင့်ဆက်စပ် ကွက်လပ်တစ်ခုကို ဖြည့်စွက်ခြင်း" ဟူသော ခေါင်းစဉ်ဖြင့် ဆရာတော်ကြီးက ဩဝါဒ ပေးသနား တော်မူသွားပါသည်၊ အနာဂတ် ဗုဒ္ဓသာသနာတော်အတွက် ကိုယ်စီကိုယ်စီ ကာကွယ်ရေး ကောင်းအောင် ကြိုးစားထားကြဖို့ သတိပေး တိုက်တွန်းသွား သည်မှာ အလွန်ပင် မှတ်သားဖွယ်, လိုက်နာဖွယ် ကောင်းလှပါသည်၊ ဆရာ တော်ကြီး ပေးသွားသော ဥပမာလေးသည် ကိုရင်၏ အသိဉာဏ်ကို ပို၍ ရှင်းလင်းစေပါသည်။

"အိမ်တစ်အိမ်မှာ အကာအရံ လုံခြုံဖို့ လိုအပ်တယ်၊ ရွာတစ်ရွာ, မြို့တစ်မြို့, နိုင်ငံတစ်နိုင်ငံမှာလဲ ထိုနည်းတူပဲ အကာအရံ လုံခြုံဖို့လိုအပ်တယ်၊ အကာအရံ မရှိလျှင်ဖြစ်စေ, ရှိလျှင်လဲ ပွင့်လင်းနေလျှင်ဖြစ်စေ, မလုံမခြုံ ဖြစ်နေလျှင်ဖြစ်စေ အနှောင့်အယှက်ပေးလိုတဲ့ အန္တရာယ်တွေကို လက်ယပ် ခေါ်နေသလို ဖြစ်နေတယ်၊ အန္တရာယ်တွေကလဲ အဲဒီအခွင့်အရေးကို ချောင်းမြောင်းနေကြတယ်၊ လုံခြုံရေးအတွက် အိမ်သူအိမ်သား, ရွာသူရွာသား, မြို့သူမြို့သား, နိုင်ငံသူနိုင်ငံသားတို့ နိုးကြားမှု မရှိကြရင် အဲဒီအိမ်, အဲဒီရွာ, အဲဒီမြို့, အဲဒီနိုင်ငံမှာ နေကြသူတွေအားလုံး ဒုက္ခရောက်ဖို့အရေးဟာ ဝေးလှ မယ်မဟုတ်ဘူး၊ နိုးကြားမှုမရှိလေ ဒုက္ခရောက်ဖို့ နီးလေဖြစ်တယ်။"

"မြန်မာနိုင်ငံရှိ အိမ်အများစု, ရွာအများစုနဲ့ မြို့တိုင်းမှာ ဗုဒ္ဓမြတ်စွာ

http://www.dhammadownload.com

ယဉ်ကျေးမှုအကာအရံ အနည်းနဲ့အများ ကာရံလို့ထားကြတယ်၊ အဲဒီ အိမ်များ, ရွာများ, မြို့များမှာရှိတဲ့ အဲဒီဗုဒ္ဓယဉ်ကျေးမှု အကာအရံတွေကို လုံလုံခြုံခြုံ ရှိမရှိ သတိပြုကြရပေလိမ့်မယ်၊ အဲဒီ ဗုဒ္ဓယဉ်ကျေးမှု အကာအရံတွေ ပွင့်နေလျှင်ဖြစ်စေ, သို့မဟုတ် မလုံမခြုံဖြစ်နေလျှင် ဖြစ်စေ, ရန်မှုမယှဉ်တစ်ဖက်မှ အန္တရာယ်တွေ အလွယ်တကူ ဝင်ရောက်လာကြပေလိမ့်မယ်၊ အဲဒီလို တစ်ဖက်က အန္တရာယ်တွေ မလာရောက်နိုင်ဖို့ရာ ဗုဒ္ဓသာသနာဝင်တို့အဖို့ ကာကွယ်ရေးကောင်းလေလေ လုံခြုံလေလေ၊ လုံခြုံလေလေ လွတ်လပ်လေလေ၊ လွတ်လပ်လေလေ အေးချမ်းလေလေ၊ အေးချမ်းလေလေ ငြိမ်းချမ်းမှု ရလေလေဖြစ်တယ်၊ အဲဒါတွေဟာ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရခြင်း၏ အဆင့်ဆင့် အရင်းခံတွေပဲ။"

"ဗုဒ္ဓသာသနာနဲ့ ငြိမ်းချမ်းသာယာတဲ့ အိမ်, ငြိမ်းချမ်းသာယာတဲ့ ရွာ, ငြိမ်းချမ်းသာယာတဲ့ မြို့, ငြိမ်းချမ်းသာယာတဲ့ နိုင်ငံဖြစ်အောင် ကြိုးပမ်းကြလိုသူ ဗုဒ္ဓသာသနာဝင်တိုင်းအဖို့ ဗုဒ္ဓယဉ်ကျေးမှု ကာကွယ်ရေး တောင့်တင်းခိုင်မာအောင် လုပ်ကြဖို့ အရေးဟာ အသေးအမွှား အရေးမထားလောက်တဲ့ ကိစ္စလေးပဲလို့ သဘောမထားသင့်ကြပါဘူး။"

ကိုရင်, သိက္ခာရှင်တို့ အားလုံးမှာ ဆရာတော်ကြီး၏ ဩဝါဒအာရုံ၌ နစ်မြုပ်နေကြလေသည်၊ တိတ်ဆိတ်ငြိမ်သက်စွာ စူးစူးစိုက်စိုက် နာယူနေကြပါသည်၊ ကိုရင်, သိက္ခာရှင်တို့ ဦးခေါင်းလေးတွေအားလုံး ခေါင်းတုံးပြောင်လေးတွေ ဖြစ်နေကြပါသည်၊ ကိုရင်, သိက္ခာရှင်တို့ဘဝမှ ဆံပင်ကို လူဘဝသို့ ယူသွားလိုကြပုံမပေါ်ပါ၊ ကိုရင်များက ပိန္နဲရောင် သင်္ကန်းကိုဝတ်၍ လက်ကန်တော့တင်ကာ ပုဆစ်တုပ် လက်အုပ်ချီလျက်, သိက္ခာရှင်များက ပန်းနုရောင်ဝတ်စုံကို ဝတ်ပြီး ကျောင်းသား, ကျောင်းသူများက ကျောင်းဝတ်စုံဝတ်ဆင်ပြီး ပုဆစ်တုပ် လက်အုပ်ချီလျက် ဣန္ဒြေရှိစွာဖြင့် ဆရာတော်ကြီး၏ ဩဝါဒတော်ကို ခံယူနေကြသည်ကို ဤလို အောင်ပွဲဆုနှင်းသဘင်၌ တွေ့ရသည်မှာ အလွန်တရာ ကျက်သရေရှိလှပါပေသည်၊ ဆယ်ကျော်သက်ရွယ် ကိုရင်, သိက္ခာရှင်တို့၏ နုပျိုလန်းဆန်းမှု, လှပမှုတို့အပေါ် ဗုဒ္ဓယဉ်ကျေးမှုတွေ ဆင့်လောင်းထားသဖြင့် "အလှပေါ်အယဉ်ဆင့် တင့်သထက်တင့်" နေကြပါတော့သည်၊ ဆရာတော်ကြီးသည် သတိပေး ဆုံးမစကားများကို ဆက်လက်

http://www.dhammadownload.com

မိန့်ကြားတော်မူနေပါသည်။

"မြန်မာနိုင်ငံမှာ လူဦးရေ သန်း (၄၀)ရှိရာ ဘာသာခြားဦးရေမှာ (၆)သန်းလောက်ရှိသဖြင့် ဗုဒ္ဓသာသနာဝင် ဦးရေမှာ (၃၄)သန်းရှိတယ်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် 'ဒီဘုရားမှ ဒီဘုရား', 'ဒီတရားမှ ဒီတရား', 'ဒီသံဃာမှ ဒီသံဃာ' လို့ ရတနာသုံးပါးအပေါ် မတုန်မလှုပ် သက်ဝင်နိုင်အောင် ယုံကြည်မှုခိုင်မာတဲ့ မိရိုးဖလာလွန် ဗုဒ္ဓသာသနာဝင် ဦးရေမှာ ကိန်းဂဏန်း များချင်မှများပေလိမ့်မယ်၊ (၃)သန်းလောက်ပဲ ရှိလိမ့်မယ်ထင်တယ်၊ ကျန် (၃၁)သန်းမှာ ဗုဒ္ဓသာသနာဝင်တွေလို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီ ဗုဒ္ဓသာသနာဝင်တွေဟာ မှုန်ဝါးဝါး, ချိန့်နဲ့ မိရိုးဖလာအမည်ခံ ဗုဒ္ဓသာသနာဝင်တို့မျှသာ ဖြစ်ကြတယ်၊ သူတို့သန္တာန်မှာ ဗုဒ္ဓယဉ်ကျေးမှု အားမကောင်းတဲ့အတွက် လေဟာပြင်ကြီးသဖွယ် ဖြစ်နေတော့တယ်။"

"ဗုဒ္ဓယဉ်ကျေးမှု ဟာလာဟင်းလင်း ဖြစ်နေတဲ့ အဲဒီကွက်လပ်ကြီးမှာ ဘာသာခြား အယူဝါဒတွေ, ပြည်ပမှယဉ်ကျေးမှုတွေ, မဟာယာနရဲ့ အငွေ့အသက်ဖြစ်တဲ့ ဂါထာမန္တရား အစွမ်းကို အားကိုးမှု, ဘိုးတော်ကို ကိုးကွယ်မှု, နတ်တို့ကို ကိုးကွယ်မှု, ဘာသာမဲ့အယူဝါဒ, မူးယစ်ဆေးဝါးရဲ့ ကျေးကျွန်ဘဝရောက်မှုစတဲ့ မလိုလားအပ်တဲ့အရာတို့ တစ်ဟုန်ထိုး ဝင်ရောက်လာတာဟာ အံ့အားသင့်စရာ မကောင်းလှတော့ပါဘူး၊ ဒီဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း တစ်လဖွင့်လှစ်ပြီး ဒီဗုဒ္ဓယဉ်ကျေးမှုတွေကို စာတွေ့လက်တွေ့ လိုက်နာကျင့်သုံးစေတာဟာ ဒီကလေးများရဲ့ သန္တာန်မှာ ဘာသာခြားအယူဝါဒ, ပြည်ပမှယဉ်ကျေးမှု, ဂါထာမန္တရားအစွမ်းကို အားကိုးမှု, ဘိုးတော်နဲ့ နတ်ကိုးကွယ်မှု, ဘာသာမဲ့ဝါဒ, မူးယစ်ဆေးဝါး ကျေးကျွန်ဘဝရောက်မှု စသည်တို့ မခိုဝင်ဖို့ရာ ဖြစ်တယ်။"

"ဗုဒ္ဓသာသနာအကျိုး, နိုင်ငံအကျိုးကို သယ်ပိုးကြမယ့်, နောင်ဝယ် လူကြီးများ ဖြစ်လာမယ့် ယနေ့ ဒီလူငယ်လေးများရဲ့ ဗုဒ္ဓယဉ်ကျေးမှု လေဟာပြင်မှာ ဗုဒ္ဓအဆုံးအမနှင့်အညီ ကိုယ်ယဉ်ကျေးမှု, နှုတ်ယဉ်ကျေးမှု, စိတ်ယဉ်ကျေးမှုတွေ စိမ့်ဝင်နေဖို့ရာ စာတွေ့ လက်တွေ့ ပေါင်းစပ်သင်ကြားပေးတဲ့ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများဟာ မလုပ်မဖြစ်လုပ်ရမယ့် သင်တန်းများ ဖြစ်နေပါတယ်။"

http://www.dhammadownload.com

"တောကြိုတောကြားပါမကျန် မြန်မာနိုင်ငံတစ်ဝှမ်းလုံး ဒီယဉ်ကျေးမှု သင်တန်းတွေ ဖွင့်လှစ်ကာ ဗုဒ္ဓယဉ်ကျေးမှုတွေ စာတွေ့, လက်တွေ့ သင်ကြားပြသပေးကြဖို့ အနာဂတ် မြန်မာနိုင်ငံအတွက် အမြော်အမြင်ကြီးမားတဲ့ ဆရာ, ဒကာတို့ နိုးနိုးကြားကြား ကြိုးစားကြရန် လေဟာပြင် ကွက်လပ်မှာ ဗုဒ္ဓယဉ်ကျေးမှုတွေကို ဖြည့်စွက်ပေးဖို့ရာ အရေးတကြီး လိုအပ်နေပါပြီ။"

"မြန်မာနိုင်ငံရှိ အိမ်တိုင်း, ရွာတိုင်း, မြို့တိုင်းမှာ ဗုဒ္ဓယဉ်ကျေးမှု လေဟာပြင်ကွက်လပ်ဟာ ကျယ်သထက်ကျယ်, ကြီးသထက်ကြီးမလာစေဘဲ ကျဉ်းသထက်ကျဉ်း, ငယ်သထက် ငယ်ရာမှ လေဟာပြင်ကွက်လပ်ကြီး လုံးဝ ကွယ်ပျောက်ကာ ဗုဒ္ဓယဉ်ကျေးမှုတွေ ပြည့်လျှံနေစေဖို့ ကြိုးပမ်းကြရပါမယ်။"

"ကိုရင်တို့, သိက္ခာရှင်တို့ ဒီသင်တန်းပြီးလို့ အိမ်ပြန်ရောက်တဲ့အခါမှာလဲ တစ်လတိုင်တိုင် စာတွေ့, လက်တွေ့ သင်ယူခဲ့တဲ့ ဗုဒ္ဓယဉ်ကျေးမှုတွေကို မေ့ပျောက်မသွားကြစေဘဲ ခုဘဝတစ်လျှောက်လုံးမှာရော, ဘဝသံသရာ အဆက်ဆက်မှာပါ ကလေးတို့ရဲ့ နှလုံးသားထဲမှာ စွဲမြဲတည်ရှိနေအောင် ကြိုးစားကြရပါမယ်။"

"ကလေးတို့ရဲ့ နှလုံးသားထဲမှာ ဗုဒ္ဓယဉ်ကျေးမှုတွေ ခိုင်ခိုင်မြဲမြဲ တည်ရှိနေပြီး ကိုယ်အမူအရာ ယဉ်ကျေးသူ, နှုတ်အပြောအဆို ယဉ်ကျေးသူ, စိတ်နေသဘောထား ယဉ်ကျေးသူလေးတွေ ဖြစ်နိုင်ကြပါစေ၊ ကိုရင်တို့, သိက္ခာရှင်တို့ ယခုပိုင်ဆိုင်ထားတဲ့ ဗုဒ္ဓယဉ်ကျေးမှု မျိုးစေ့တို့သည် အညွှန့်, အခက်, အတက်တွေထွက်ကာ ဗုဒ္ဓယဉ်ကျေးမှု ထွားကျိုင်းဖွံ့ဖြိုးသည့် ပင်စည်ကြီးတွေအထိ ဖြစ်နိုင်ကြပါစေ၊ လက်လှမ်းမီရာတွေမှာလဲ ဗုဒ္ဓယဉ်ကျေးမှု မျိုးစေ့တွေ ကြဲချပေးနိုင်ကြပါစေ၊ အညွှန့်, အခက်, အတက်, အရွက်တွေ ဝေဆာ ထွားကျိုင်းဖွံ့ဖြိုးသည့် ပင်စည်ကြီးတွေ များသထက် များလာပြီး အဆက်မပြတ် တိုးပွားလာအောင် စိုက်ပျိုးပေးနိုင်ကြပါစေ။"

အထုပ်ကိုယ်စီဖြင့် လာလမ်းဆီသို့

ဆရာတော်ကြီး ကိုယ်တော်တိုင် ချီးမြှင့်အပ်သော အောင်လက်မှတ်နှင့် ဆုပစ္စည်းများကို ခံယူရရှိပြီးပါပြီ၊ ကိုရင်၏ အောင်လက်မှတ်မှာ "သာမဏေကောင်း" ဟူ၍ မှင်ဖြင့်နှိပ်ထားအပ်သော စာလုံးကြီးတို့ကား

http://www.dhammadownload.com

ဆင်ရှားလှပါပေသည်၊ ထို "သာမဏေကောင်း" နေရာ၌ "သာမဏေမွန်" ဟူသော စာလုံးများကိုမြင်ရအောင် ကြိုးစားခဲ့ပါသည်၊ သို့သော် ကိုရင်၏ အားနည်းချက်ရှိမှုနှင့် ရှင်ဉာဏဗလ၏ စေ့စပ်သေချာပြီး တော်မှုတို့ကြောင့် "သာမဏေမွန်"နှင့် လွဲခဲ့ရလေပြီ၊ ကိုရင်၏အားနည်းချက်ကို ကိုယ်ကိုယ်တိုင်လည်း သင်ခန်းစာယူပါသည်၊ နောင်နှစ်တို့တွင် ထိုအားနည်းချက်ကို ပြည့်အောင်ဖြည့်မည်ဟု စိတ်ဆုံးဖြတ်ထားပါသည်၊ အခြားကိုရင်, သိက္ခာရှင်တို့လည်း ကိုရင်ကဲ့သို့ မဖြစ်ရအောင် ကိုရင့်ကို သင်ခန်းစာယူ၍ ကြိုးစားကြစေချင်ပါသည်။

ဆုပစ္စည်းအဖြစ် မျက်နှာသုတ်ပုဝါ, တဘက်အင်္ကျီ, ခွေးသုတ်ပုဝါ, ဆပ်ပြာအမွှေး, သွားတိုက်ဆေး, ဝိပဿနာရှုနည်း အကျဉ်းချုပ်စာအုပ်, ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်၏ ပြည်ပ ဓမ္မဂုဏ်ရည်ပြ ဓမ္မခရီးစာအုပ်, အင်္ဂလိပ်လိုဆရာတော်ကြီးဘွဲ့နှင့် ရိပ်သာလိပ်စာ ရိုက်ထားသည့် ဘောလ်ပင်တစ်ချောင်းတို့ကို ရရှိပါသည်၊ နဝကမ္မ ဝတ္ထုဌေတို့ကိုမူ ကိုရင်တို့ မကိုင်ရ၍ ကိုရင်ဘွဲ့, လူအမည်, အတန်း, အောင်စဉ်အဆင့်တို့ကို ရေးထားသည့် စာအိပ်ဖြင့် ကိုရင်တို့နေရာအဆောင်၌ ဒကာကြီးတစ်ဦးထံမှ လူဝတ်လဲပြီးသောအခါ ထုတ်ယူကြပါသည်၊ သိက္ခာရှင်တို့ကလည်း သူတို့နေရာအဆောင်မှာ ထိုနည်းတူပင် ထုတ်ယူကြပါသည်။

ဆုပေးပွဲပြီး၍ ကိုယ့်အဆောင် ကိုယ်ပြန်ကြရပါပြီ၊ အမေ, အဖေ, ညီမလေးနှင့် အဘွားတို့ကား အဆင်သင့် စောင့်နေကြပါပြီ၊ သူတို့ကား လူဝတ်လဲတော့မည့် အောင်ပွဲရ ကိုရင့်ကို အပြုံးကိုယ်စီဖြင့် ကြိုဆိုနေကြလေပြီ၊ အမေ, အဖေ, အဘွားတို့ကား တစ်လသင်တန်း ပြီးဆုံးသည်အထိ သင်ယူပြီး ဗုဒ္ဓယဉ်ကျေးမှုတို့ဖြင့် လွှမ်းခြုံထားသည့် အောင်ပွဲရ ကိုရင့်အဖြစ်ကို ကြည့်၍ ကြည်နူးမဆုံး ရှိနေကြလေပြီ၊ "သားလိမ္မာလေး, မြေးလိမ္မာလေးတစ်ယောက် ထွန်းပေါက်ခဲ့လေပြီ"ဟု အားရကျေနပ်ကာ သူတို့၏ မျက်နှာမှာ ပြုံးပန်းတွေ ပွင့်နေကြလေပြီ၊ ကိုရင့်ညီမလေးကား သိက္ခာရှင်တွေကို မြင်ရတိုင်း အားကျကာ နောင်နှစ်တွင် သိက္ခာရှင်ဝတ်ပြီး ကိုရင်နှင့်အတူ ဤဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းသို့ တက်ရောက် သင်ယူရန် ဆုံးဖြတ်ထားလေပြီ၊ အခြားအခြား ကိုရင်, သိက္ခာရှင်တို့၏ မိဘဆွေမျိုးများ မျက်နှာတို့၌လည်း ပြုံးပန်း

http://www.dhammadownload.com

တွေဝေလျက် ရှိနေကြလေပြီ။

ကိုရင်အဆောင်သို့ ရောက်သောအခါ ကိုယ့်ဘာသာ လူဝတ်လဲ လိုက်ပါသည်၊ လူဝတ်လဲခါနီးတွင် "အဝတ်ဝတ်တဲ့အခါ မြန်မာ့ယဉ်ကျေးမှုနဲ့အညီ ဝတ်ဆင်ကြရမယ်" ဟု ဆုံးမခဲ့သော ဇေယျဝတီဆရာတော်၏ စကားသည် နားထဲတွင် ဝင်ရောက်လာပေသေးသည်၊ လူဝတ်လဲကာ နေရာထိုင်ကို သင်တန်းအတွင်းရေးမှူး အရှင်မြတ်တို့ထံ ပြန်လည်အပ်နှံပြီး ဆရာအရှင်မြတ်များကို ကန်တော့ခဲ့ပါသည်၊ အခြားအခြား ကိုရင်, သီကျောရှင်များလည်း လူဝတ်လဲကြကာ အထုပ်ကိုယ်စီဖြင့် လာလမ်းဆီသို့ ပြန်ကြပါတော့မည်၊ မခွဲခွာကြခင် သင်တန်းသားကိုရင်များ စုပေါင်းဖွဲ့နွဲ့ထားသည့် "မှာတမ်းစကားဖြင့် နှုတ်ဆက်ခြင်း" ဆိုသည့် ကဗျာလေးဖြင့် အားလုံးကို နှုတ်ဆက်ချင်ပါသည်၊ နှုတ်ဆက်ခဲ့ပါသည်။

" မှာတမ်းစကားဖြင့် နှုတ်ဆက်ခြင်း "

ကိုရင်အားလုံး
နှုတ်ဆက်သည်၊
ခွဲခွါချိန်ရောက်ပြီ၊
နောက်တစ်နှစ်သို့

ရောက်ဖို့ရယ်
လက်ချိုးရေတွက်မယ်၊

အိမ်ပြန်ရောက်ရင်
မမေ့နဲ့ကွယ်၊
သတိရစေချင်တယ်၊

ဆရာတော်ဘုရားက
မှာလိုက်တယ်၊
ဘာသာတရားကို
မမေ့နဲ့ကွယ်။

http://www.dhammadownload.com

သင်တန်းပြီးကာ
အိမ်ပြန်ရောက်
ယဉ်ကျေးမှုတွေ
မမေ့ပျောက်။
ကိုရင်အားလုံး နှုတ်ဆက်သည်၊
ခွဲခွါချိန်ရောက်ပြီ၊
နောင်နှစ်အခါ ပြန်ဆုံဖို့
တို့တွေ ကြိုးစားစို့။ ။

သာမဏေကျော်

၁၃၅၄-ခု၊ နယုန်လပြည့်ကျော် (၃)ရက်။
(၁၈-၆-၉၂)

http://www.dhammadownload.com

သုံးချောင်းထောက် စားပွဲဟာ ခြေတစ်ချောင်း ကျိုးပျက်သွားရင် ပုံမှန် မရပ်တည်နိုင်တော့ဘူး၊ နှစ်ချောင်း, သုံးချောင်း ကျိုးပြီဆိုရင်တော့ အထူး ပြောစရာ မလိုတော့ဘူး။ အဲဒီလိုပါပဲ ဗုဒ္ဓယဉ်ကျေးမှု ရရှိထားတဲ့ ကလေးတစ်ယောက် ဖြစ်လာဖို့ရာ ကလေးရယ်, မိဘရယ်, ဆရာရယ် ဒီသုံးဦးလုံး အရေးကြီးတယ်။

ဗုဒ္ဓယဉ်ကျေးမှု အငွေ့ငွေတ်, အလေ့ငွေတ်, အတွေ့ငွေတ် ပါတဲ့ မျိုးဆက်သစ်တစ်ခု တည်ထောင်နိုင်အောင် ဗုဒ္ဓသာသနာဝင် မိခင် ဖခင်တိုင်း ကြိုးစားကြရမယ်။

ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်

